မောင်ခုင်းဆွေ

စားနန်းတော်သခင်မ



မောင်နှင်းဆွေ

စားနှုန်းတော်သခင်မ



(ပ+ဒု ပေါင်းချုပ်)

စီစဉ်သူ

စိုးမြတ်ဌေး

ဖြန့်ချိရေး

ညိုညိုစာပေ
အခန်း(၁)၊ တိုက် (၃၇)
ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

အပိုင်း (တစ်)

ကျုံကင်းပြည်နယ်ကြီးမှာကား တရုတ်ပြည်မြောက်ဖျား အရှေ့ဘက်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် ရေနက်ပိုင်း ပင်လယ်အောက်ကြီးတစ်ခုက ကာဆီးနေလျက် မြောက်ပိုင်း တွင်မူ တစ်နှစ်ပတ်လုံးနီးပါး နှင်းရည်နှင်းခဲများ အစဉ် သဖြင့် ဖုံးလွှမ်းဖြူဖွေးနေတတ်သော ရေခဲနှင်းတောင်ကြီး များက တဖန်ကာရံတားဆီးသကဲ့သို့ ရှိနေလေ၏။

ထို့ကြောင့် ကျုံကင်းပြည်နယ်ကြီးမှာ ပြည်မနှင့် လွန်စွာ ငေးကွာလှမ်းသည့်အလျောက် ဤအရမ်ဒေသရှိ နယ်စား ပယ်စားကြီး၏ အရှိန်အဝါ ဩဇာအာဏာစက်ပေါ်တွင် သာ တည်ရှိပြီး၊ ဤနယ်စားပယ်စားကြီးများ ဘုန်းတန်ခိုး ကြီးလျှင် ကြီးသည့်အလျောက် တရားဥပဒေစိုးမိုးရေးနှင့်

အညီ အုပ်ချုပ်လျှင် အုပ်ချုပ်သည့်အလျောက် ပြည်နယ်ကြီး၏ စည်ပင်တိုးတက်မှု အတက်အကျကို တွေ့ရှိနေရလေ၏။ ယခုအချိန်တွင်မူ ကျုံကင်းနယ်စားကြီး တိန့်ဟန်ချန်မှာ တရားဥပဒေစိုးမိုးရေးနှင့်အညီ အုပ်ချုပ်ကာ သူကိုယ်တိုင်လည်း နယ်သူနယ်သားများအား ရင်ဝယ်သားကဲ့သို့ ချစ်ခင်ကြင်နာခဲ့သည့်အတွက် နယ်ကြီးတစ်ခုလုံး စည်ပင်သာယာ၍ အဘက်ဘက်တွင် တိုးတက်လာခဲ့ပါသော်ငြားလည်း သေခြင်းတရားကိုကား သူသည်လည်း မလွှဲဆန့်နိုင် ရှိလေရကား အရာရာကို စွန့်လွှတ်၍ ကွယ်လွန်ခဲ့ချေပြီတကား။

ကျုံကင်းနယ်စားကြီး၏ အရိုက်အရာကို ၎င်း၏သား မင်းသားကြီး ဟိန်ရှေဟုန် သည်သာ အစဉ်အလာအရဆက်ခံရမည်ဖြစ်သော်လည်း၊ နယ်စားကြီး တိန့်ဟန်ချန် မမာမကျန်းဖြစ်နေစဉ် ထိုသို့သော အခြေအနေကို အကြောင်းပြု၍ စီချန်မြို့စား တုချင်းက နယ်မှ တောပုန်းကြီး ကွာလျှ ရှိ ပုန်ကန်ခြား နား သည်ကို မင်းသားကြီး ဟိန်ရှေဟုန် သွားရောက်နှိမ်နင်းနေသည့်အခိုက် နယ်စားကြီး ကွယ်လွန်သွားလေရကား၊ မင်းသားငယ် တိန့်ယုမိန်က နယ်စားကြီး၏အရိုက်အရာကို ဆက်ခံလိုက်ခြင်းဖြစ်၏။

စီချမ်မြို့စား တုချင်းနှင့်လည်း မူလပထမကတည်းက အကောက်ဗိတ်ဖြင့် အချိတ်အဆက် အပေးအယူရှိပြီးဖြစ်နေသဖြင့် အတွင်းသားများအား လိုအပ်သည့်အရာများ ပေးလျက် မင်းသားကြီး တိန့်ရှေဟုန်အား တောပုန်း ကွာလျှ

ရှိနှင့် ဆက်သွယ်သည်ဟုဆိုကာ တော့ပုန်းဘဝသို့ ပို့လိုက်လေတော့၏။

နေပြည်တော် ဘုရင်ခံကိုလည်း ဖန်တီး စီစဉ်ထားသည့်အတိုင်း တင်သွင်းလိုက်လေရကား နေပြည်တော်က တိန့်ယုမိန်ကိုသာလျှင် အသိအမှတ်ပြုထားလိုက်လေ၏။ ဤသို့ ညီဖြစ်သူ တိန့်ယုမိန်၏ ပြုမူမှုမျိုးကို မြို့စားများကမူ ကျေနပ်လှသည်တော့ ဖြစ်မည်မဟုတ်ပေ။ သို့သော်လည်း အခါအခွင့်ကို ကြည့်ကာ မကြေနပ်သည်ဖြစ်စေ၊ ကျေနပ်သည်ဖြစ်စေ၊ လောလောဆယ်တွင်မူ ဆိတ်ဆိတ်နေသည်သာ အကောင်းဆုံးလမ်းဟု ရွေးချယ် နေခဲ့ကြလေ၏။

ထိုအခါတောပုန်းကြီး ကွာလျှ ရှိက နောက်လိုက်တပည့်ငယ်သားများနှင့် တစ်စခန်းကြမ်းတမ်း၍ လာလေတော့၏။ ကွာလျှ ရှိက တစ်မိုးလုံး ဖြောက်စိတ်ဖြစ်လာပြန်တော့လည်း ကြုံစီ၊ ဘုကျူ၊ ကွာရှိုး စသော ခားပြများက ငြိမ်ငြိမ်မနေတော့ ဦးထောင်ခေါင်းမော့လာလေ၏။ တောမီးလောင်သော အချိန်မျိုးတွင် တောကြောင်များသာမက တောခွေးအား၊ စံပူလေနှင့် မြေခွေးများပါ လက်ခမောင်းခတ်တတ်ကြသည်ကား ဓမ္မတာပင်မဟုတ်ပါလား။

တစ်နေ့သောညတွင်ကား ကောင်းကင်တွင် တိမ်တို့သည် အထပ်ထပ်ဆိုင်းကာ လခြမ်းသည်ပင် ခပ်မှိုင်းမှိုင်း သာနိုင်တော့သည် ရှိနေလေရာ ညသည် အမှောင်မိုင်း အမှောင်ရိပ်များ ကြီးစိုးလျက် ကြောက်မက်ဖွယ်အဖြစ်ကို ဆောင်၍ နေပါလေတော့၏။

တစ်ချက်တစ်ခါအူလိုက်သော တောခွေးအူသံကလည်း ချောက်ချားစေသော အသွင်ကို ဆောင်နေစေပြန်၏။ ထို အချိန် ကျုံကင်းမြို့နှင့် မဝေးကွာလှသော ရွာတစ်ရွာသို့ တူရှုပြုနေသော မြေနီလမ်းမပေါ်တွင် ကြည့်လိုက်ပါမူ....

'ခလောက်ခွပ်....ခလောက်ခွပ်'

'ခလောက်ခွပ်....'

မြင်းခွာသံများပေးလျက် မြင်းစီးသမား သုံးဦးသား မြင်းများကိုစိုင်း၍ သွားနေကြလေ၏။ သူတို့သည် တာရိုးလမ်းမအတိုင်း သွားရာမှ ခင်တန်းကျိုတစ်ခုကိုဖြတ်ကာ၊ ချောင်းကူးတံတားအလယ်သို့ အရောက်တွင် ခဏရပ်ကာ ရွာဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်လေ၏။

သူတို့သုံးဦးစလုံးသည်ဝတ်စုံနက်များကိုဝတ်လျက် ဆောင်ဝေးရှည်များကို နောက်ကျောတွင် ချိတ်လွယ်ထားကြလေသည်။

ခေါင်းတွင် ဆံပင်ရှည်ကြီးများကို အဝတ်အနီအပြာများဖြင့် စည်းနှောင်ထားလေ၏။ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများကား သူတို့အားလုံး၏ မျက်နှာကြီးများတွင်တွေ့နေရသဖြင့် သူတို့သည် ဒုစရိုက်လောကသားများ ဖြစ်ကြောင်း သူတို့၏ ရုပ်သွင်များက ဖော်ပြနေသကဲ့သို့ ရှိနေလေ၏။

'ခလောက်ခွပ်'

'ခလောက်ခွပ်'

မြင်းစီးသမားသုံးဦးတို့သည် တံတားပေါ်တွင် ခေတ္တခဏ ရပ်နားသည့်အခိုက် တစ်ယောက်နှင့် တစ်ယောက် တိုးတိတ်စကားကို ပြောကြလေ၏။

ထို့နောက် သုံးဦးအနက် ခေါင်းဆောင်ဖြစ်ဟန်တူသော နဖူးမောက်မောက်လူကြီးက ရွာအဝင်ခပ်လှမ်းလှမ်းရှိ အိမ်တစ်လုံးကို လက်ညှိုးညွှန်ပြလိုက်ပြီးနောက် မြင်းများကို ရွာဆီသို့ဦးတည်ကာ ဒုန်းစိုင်းသွားကြလေတော့၏။

ညွှန်ပြသည့်အိမ်ရှေ့သို့ ရောက်သောအခါ မြင်းများပေါ်က တဖုတ်ဖုတ်အောက်သို့ ခုန်ဆင်းကြပြီး အိမ်ပေါ်သို့ ပြေးဘက်သွားကြလေသည်။

အိမ်သားများကား အိဝ်မောကျလျက်ရှိ၏။အိမ်မှာ ခြေတံရှည်အိမ်ဖြစ်လေရကား လူတစ်ယောက်က လှေကားအောက်တွင် ရပ်စောင့်နေရစ်၏။

ထို့နောက် နောက်ကျောတွင် ချိတ်လွယ် ထားသော ဆောင်ဝေးရှည်ကြီးများကို ရှမ်းခနဲ ရှမ်းခနဲ ဆွဲထုတ်လိုက်ကြလေသည်။

ဆောင်ဝေးရှည်ကြီးများ ကိုင်ထားသော ဝတ်စုံနက်တို့ကား ဝေးပြအုပ်စုများမှကွာရှိုးတို့ အဖွဲ့ပင်ဖြစ်ပေ၏။ နဖူးမောက်မောက်နှင့်ကွာရှိုးသည် အိမ်ရှေ့တွင် ပက်လက်ကြီး အိပ်မောကျနေသော အသက်ငါးဆယ်ခန့်ရှိ လူကြီး၏ရင်ဘတ်

ကို ခြေထောက်နှင့် တက်နင်းလိုက်ကာ ဓားကို မိုးထားလိုက်လေ၏။

လူကြီးသည် ဝူးဝါးဝူးဝါးနှင့် လန့်ဖျပ်နိုးလာသော်လည်း ရင်ဘတ်ပေါ်တွင် ကွာရှိုးက ခြေထောက်ဖြင့် တက်နင်းထားသဖြင့် မထနိုင်ရှိလေ၏။

'မအော်နဲ့ မလှုပ်နဲ့ သေသွားမယ်၊ ခေါ်စမ်း အိမ်သားတွေ'ဟု ကွာရှိုးက အသံကိုအုပ်၍ ပြောလိုက်လေ၏။

ထို့နောက် နင်းထားသောခြေထောက်ကို ဖယ်ပေးလိုက်သည်။

လူကြီးက ကြောက်ကြောက်လန့်လန့်နှင့်....

'ရှိုးတေ ရှိုးတေ'ဟု ခေါ်၏။

ထိုအခါ ကွာရှိုးရှေ့ ရောက်နေသောဓားပြက လူကြီးအား မျက်လုံးပြူး၍ကြည့်ကာ....

'ဒီလူကြီး သေတော့မှာပဲ၊ တိုးတိုးခေါ်တာ မဟုတ်ဘူး' ဟုပြောကာ ဆဲလေ၏။ ထိုအခိုက် အိမ်ထဲမှ မိန်းမကြီးတစ်ဦး အိပ်မှုန်စုံမှားနှင့်ထွက်လာကာ ကွာရှိုးတို့ကို တွေ့သည်နှင့်....

'အမယ်လေးတော့'ဟုအော်ကာ မျက်လုံးပြူးကာ ပါးစပ်ကြီးလည်းဟလျက် ဖြစ်နေပါတော့၏။

'အော်မယ် မကြံနဲ့နော်၊ ဒီမှာတွေ့လား'

ကွာရှိုးက ဓားကို ပို၍မြောက်တင်ပြလိုက်လေရာ မိန်းမကြီးမှာ အသံပင် ထွက်မလာတော့ဘဲ လက်ဖြင့် တားကာတောင်းပန်နေလေတော့၏။

ထိုစဉ် အိမ်ခန်းထဲက လူရွယ်တစ်ဦး ပြေးထွက်လာပြန်ရာ၊ ကွာရှိုးတပည့်က လူရွယ်၏အရှိုက်သို့ ဆီးကန်ထည့်လိုက်လေ၏။ ကန်ချက်မှာပြင်း၏။

'အ့ဝန့်....'

ထို့နောက် ဓားရိုးဖြင့် လူရွယ်၏ကုပ်ပိုးကို ထုချလိုက်ပြန်သောအခါ လူရွယ်သည်လည်း ကြမ်းပြင်ပေါ် မှောက်သွားပါလေတော့၏။ လူကြီးက....

'ကျုပ်သား....ကျုပ်သားကို ချမ်းသာပေးပါ'ဟုအော်၍ ထမည်အလုပ်....

'ဟိတ်....မလှုပ်နဲ့နော်၊ ကျုပ်ခါးကြားမှာ တွေ့လား၊ ဆင်ငွယ်ရိုးနဲ့ဓားမြောင်၊ နောက်ကျော စိုက်သွားချင်သလား'ဟု ကွာရှိုးက ပြောလိုက်လေ၏။

ထို့နောက် သူကပင်ဆက်လက်၍....

'ကဲ....နယ်စားကြီး တိန်ဟန်ချန် မရှိတော့လို့ ခင်ဗျားတို့အားကိုးရမယ့်လူ မရှိတော့ဘူး၊ တိန်ယုမိန်က ကျုပ်တို့လူ ဟား ဟား ဟား၊ ဒီတော့ခင်ဗျားရှာထားတဲ့ ရွှေတွေ ငွေတွေ အခုထုတ်စမ်း'

'ထုတ်....ထုတ်၊ မြန်မြန်ထုတ်'ဟု ပြောလေ၏၊

လူကြီးက ကြောက်ကြောက်ရွံရွံဖြင့်....

'မရှိပါဘူးကွယ်၊ မရှိတာအမှန်ပါ၊ ဟိုတစ်လောကပဲ ဘုကျူအဖွဲက ကျုပ်တို့ကိုပဲလာတိုက်သွားလို့ ပါသွားပါ ပကောလား၊ မယုံရင် ရွာထဲလိုက်မေးကြည့်ပါကွယ်'

ဟု ပြောလေလျှင်....

ဓိန်းမကြီးကပါ....

'ဟုတ်ပါတယ်....ဟုတ်ပါတယ်'

ဟု အားပါးတရဝင်ပြော၏။

ထိုအခါ ကွာရှိုးတပည့်က စိတ်တိုတိုနှင့် ရှေ့ထွက်လာပြီး....

'ဟာ....ဒီမိန်းမကြီး လျာရှည်ရန်ကော'

ဟု ပြောကာ နှောက်ခကျောကိုခေးပြားနှင့် လှမ်းရိုက်လိုက်တော့ရာ မိန်းမကြီးမှာ သူ့အား ဓားနှင့်ခုတ်လိုက်သည်ထင်ပြီး အသံပြဲကြီး ဖြင့်....

'အောင်မယ်လေး....သေပါပြီတော်'

ဟုအော်ပါလေတော့၏။

ထိုသို့အော်လိုက်သဖြင့် လှေကားအောက်ခြေရင်းတွင် ကျန်ခဲ့သော ဓားပြသည် ပြေးတက်လာကာ နှာဖူးမောက်မောက်အား....

'ဟေ့....သိပ်မဆူစေနဲ့လေ၊ ရွာသားတွေ ဝိုင်းလာရင် ခက်မယ်'

ဟု အသိပေးလေ၏။

ကွာရှိုးကပြုံးကာ....

'မှုပ်ပနဲ့၊ ခုလိုအချိန်မျိုးမှာ ဒင်းတို့ရွာသားတွေ တို့ကို မယှဉ်ရဲပါဘူး'

ဟု ပြောလိုက်လေ၏။

ထို့နောက် လူကြီးဘက်လှည့်ကာ....

'ဒီမှာ အဘိုးကြီး၊ တောင်တောင်ပြောက်မြောက်တွေ လျောက်ပြောမနေနဲ့၊ ရှိတာထုတ်၊ မရှိလဲရှာပြီးသာထုတ်ပေတော့'

ဟု ပြောနေသည့်အခိုက် လူရွယ်က ကွာရှိုးနောက်မှ ကုပ်ပိုးကိုဆွဲရှဖမ်းချုပ်လေရာ သို့ဝင်းပညာအတန်အသင့်တတ်ထားသော ကွာရှိုးက လူရွယ်၏ လက်ကောက်ဝတ်များကို ခြောင်းခနဲရိုက်ချပြီး ဆွဲလှည့်၍ နှောက်ကျောကို ကန်ထုတ်လိုက်လေတော့၏။

'အင့်'

လူရွယ်မှာ ခုံစောင်းနှင့်မျက်နှာရိုက်ပြီး ထွေးများရဲဆွားလေ၏။

ထိုအခါတွင် မိန်းမကြီးက သူမ၏သား လူရွယ်ကလေးအား မသတ်ပစ်ရန် ကိုယ်ဖြင့်ကာလျက်....

'အဒေါ်သားလေးကို မသတ်ကြပါနဲ့ကွယ်၊ နော် နော် အဒေါ်တို့မှာရှိတာလေးတွေ အကုန်ပေးပါ့မယ်'

ဟု တောင်းပန်၍ သူမ၏ခင်ပွန်းသည်လူကြီးအား ရှာထားသမျှ မစားရက်မသောက်ရက် စုဆောင်းထားသမျှ ရွှေအထုပ်ကလေးကို သူမ၏ခေါင်းအုံးအောက်မှယူပြီး ပေးရန် ပြောလေ၏။

လူကြီးလည်း သူ၏သားနှင့်ဇနီးအဖြစ်ကို မျက်မြင်ဒီဃဖြစ်နေသဖြင့် သက်ပြင်းချကာ လူတွင် - အသက်ရှင်သန်ရန်သာ အရေးကြီး၏။ ပစ္စည်းဥစ္စာဟူသည် ရှာလျှင်ရနိုင်သားပဲ ဟူသော သဘောပိုက်ကာ ရွှေအထုပ်ကလေးကိုယူ၍ ပေးလိုက်လေတော့၏။

ကွာရှီးက လူကြီးထံမှအထုပ်ကိုယူပြီး လူကြီး၏ပါးချိတ်ကို တစ်ချက်ရိုက်ချလိုက်၏။

'ဖြောင်း....အား'

လူကြီးလဲကျသွားလျှင် ကွာရှီးက....

'အဲဒါ ကျုပ်ကို လိမ်ပြောလို့ ဆုချလိုက်တာပဲ၊ အသက်နှုတ်ယူတဲ့ဆုမျိုးမချတာ ကံကောင်းတယ်မှတ်၊ မှတ်ထား ခေးပြကွာရှီးတဲ့'

ဟု ပြောပြီးနောက် သူ၏တပည့်များဘက် လှည့်ကာ....

'ကဲ သွားမယ်၊ လာကြဟေ့'

ဟု ပြောလိုက်လေ၏။

ရွှေအထုပ်ကလေးကိုဆွဲကြည့်လိုက်ပြီး ရင်ဘတ်အင်္ကျီကြားထည့်ကာ ရွှေ့မှဆင်းလာလေ၏။

ထို့နောက်တွင်ကား....

'ခလောက်ခွပ် ခလောက်ခွပ်'

ခလောက်ခွပ်နှင့် မြင်းများကို စိုင်းကြလေတော့၏။

အခန်း [၂]

'မနေ့ညက ကျုပ်တို့အပိုင် ရိုးယဲကရွာမှာ ကွာရှိုးတို့အဖွဲ့ ဓားပြဝင်တိုက်သွားပြန်ပြီ သခင်လေးချင်း'

ဟု ပြောလာသော လူယုံတော်တွာဖောင်၏ စကားကို ကြားလိုက်ရသော မြို့စားတုချင်းမှာ ယခင်ကာလမဖြစ်ဖူးသော အဖြစ်တွေ ဆက်တိုက်လိုဖြစ်နေသဖြင့် စိတ်ထဲတွင်မူ စိုးရိမ်ပူပန်သွားရပါလေတော့၏။

ထို့ကြောင့် ကွက်ခနဲ-ပျက်သွားသောမျက်နှာကို ဣန္ဒြေမပျက်ရလေအောင် အတတ်နိုင်ဆုံးထိန်း၍....

'ဟုတ်လား....ဘယ်သူ့အိမ်လဲ၊ ဘယ်လောက်ပါသွားသလဲ၊ လူတွေကိုသတ်သွားသေးသလား'

ဟု ဆက်တိုက် မေးလိုက်လေ၏။

'ဆန်ကုန်သည် ကွမ်းသီလျှ အိမ်လို့ပြောတယ်၊ ရှိသမျှ အတွင်းပစ္စည်း အကုန်ပေးလိုက်ရတယ်တဲ့၊ ရိုက်နှက်သွားတာမှ မှသေရုံပဲလို့ပြောသံကြားပါတယ်'

လူယုံတော်တွာဖောင်က သူကြားသိခဲ့ရသော အဖြစ်အပျက်ကို ကြားသိခဲ့သည့်အတိုင်း ပြောလိုက်လေ၏။

တုချင်းသည် ယခုတစ်လော ဤကဲ့သို့သော အနိဌာရုံ အဖြစ်အပျက် သတင်းတွေကိုကြားနေရသည်မှာ ထပ်နေ၍ အရည်ကတော့ဖြင့် ထူစပြုလာပြီဖြစ်၏။

ယခု အဖြစ်အပျက်သတင်းကို မကြားရမီတစ်ရက်ကလည်း တွာဖောင်သည် အခြားရွာတစ်ရွာက အဖြစ်အပျက် သတင်းတစ်ခုကို သယ်ဆောင်လာခဲ့ပြီဖြစ်၏။

ထိုသတင်းမှာ ထိုရွာမှအိမ်တစ်အိမ်သို့ ထိုအိမ်ရှင်လူကြီး၏ တူမမိန်းကလေးတစ်ယောက် တစ်ရပ်တစ်ကျေးမှ အလည်အပတ် ရောက်ရှိခဲ့လေ၏။

ထိုမိန်းကလေးမှာ အိမ်ထောင်ရှိသူ မိန်းကလေးတစ်ဦးဖြစ်သော်လည်း သူမ၏လင်ယောကျ်ားမှာ ပအားလပ်သည့်အတွက် မိန်းကလေးတစ်ယောက်တည်း ဦးလေးထံသို့ရောက်လာခဲ့ခြင်းပင်။

မိန်းကလေးမှာ အသက်ကလည်းငယ်ရွယ်သူဖြစ်ပြီး ရုပ်ရည်ကလေးကလည်း မိန်းမအချင်းချင်းပင်လျှင် ချစ်ခင်စွဲမက်စရာကောင်းသော မိန်းကလေးတစ်ဦးဖြစ်လေ၏။

ဤသို့ ထိုမိန်းကလေး အသက်ငယ်ရွယ်ခြင်း ရုပ်ရည်ရူပကာလုပခြင်းသည် သူမအတွက် အန္တရာယ်ဟု ဆိုစရာအကြောင်းမရှိပေ။

သို့သော်လည်း ယခုလို တရားဥပဒေစိုးမိုးခြင်းကင်းလွတ်နေသော အချိန်တွင်ကား ထိုရွာသူကြီးကပင်လျှင် ဓားပြကြုံစီတို့အဖွဲ့နှင့်ပေါင်းကာ သူကိုယ်တိုင် ထိုမိန်းကလေးအား စစ်ဆေးစရာရှိသည်ဟုဆိုကာ မိန်းကလေး၏ ဦးလေးထံမှ မိန်းကလေးကိုခေါ်ကာ သူကြီးအိမ်သို့မရောက်မီ လမ်းတစ်ဝက်တွင် ဓားပြကြုံစီတို့အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသည်ဟူသော အကြောင်းပြချက်ဖြင့် မိန်းကလေးအား ကာမဓားပြတိုက်ခိုက်ခဲ့ကြပါ၏။

ထိုကိစ္စတွင် သူကြီးက သူမပါလေဟန်ဆောင်နေသော်လည်း ဤအဖြစ်အပျက်တွင် အဓိကမှာ ရွာသူကြီးဖြစ်နေကြောင်း ထိုသတင်း ကြခးလျှင်ကြားခြင်း မြို့စားမင်း တုချင်း သိရှိထားပါသည်။ သို့သော်လည်း သူကြီးကိုခေါ်ပြီး စစ်ဆေးမေးမြန်းရန်မှာ တုချင်းအနေနှင့်ခက်နေသည်။ မင်းသားကြီးအဝေးရောက်ရှိရေးကိစ္စတွင် သူကြီး၏ အကူအညီများကိုလည်း တုချင်း မယူမဖြစ် ယူခဲ့ရသည်။ မဟုတ်ပါလား၊ မကင်းရာမကင်းကြောင်းက ရှိခဲ့ပြီ။

ထို့ကြောင့် အခုတစ်ဖန် ဓားပြကွာရှိုးတို့အဖွဲ့ တိုက်ခိုက်သွားသော ဓားပြမှုကို ကြားလိုက်ရသောအခါ တုချင်းသည် ရုတ်တရက် ဘာပြောရမည်မသိဘဲ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်၏။

'ဒီလိုမဖြစ်ရအောင် တစ်ခုခုတော့ လုပ်ရမှာပဲပေါ့၊ ဒါပေမယ့် ကျုပ်ဦးရီးတော် နန်စီမြို့စား ဝမ်ပို့ကိစ္စ အရေးအကြီး ဆောင်ရွက်စရာရှိနေသေးတယ် မဟုတ်လား'

ဟု ပြောပြီး ဧည့်ခန်းဆောင်တွင်းရှိ ကတ္တီပါဖုံး ထိုင်ခုံတင်လုံးတွင် ဝင်ထိုင်လိုက်လေသည်။

ထိုစဉ် အိမ်တော်၏အစေအပါးတစ်ဦးက စပျစ်သီးများအပြည့်အမောက် ထည့်ထားသော ပန်းကန်ကို လာချလေ၏။

မြို့စားမင်း တုချင်းက လူယုံတော် တွာဖောင်အား အရက်စားပွဲတွင် ထိုင်စေကာ အရက်ကို သူနှင့်အတူ သောက်စေ၏။

မြို့စားမင်း တုချင်းသည် အရက်ခွက်ကိုကိုင်၍ မော့သောက်ချလိုက်ပြီး၊ နီရဲနေအောင်ကင်ထားသည့်အသားကင်ကင်ဖဲ့ကို ဖဲ့၍ကိုက်စားနေရာမှ....

'နန်စီမြို့စား ဝမ်ပိုက ကျုပ်တို့အတွက် အနှောက်အယှက်ဖြစ်နေတယ်၊ သူက နယ်စားကြီး တိန်ဟန်ချန် ရှိနေတုန်းက နယ်စားကြီး သူ့ကိုဦးစားပေးတယ်ဆိုတဲ့ အရှိန်

အဝါနဲ့ အခုကျုပ်တို့က မင်းသားငယ် တိန်ယုမိန်ကို နယ်စားကြီး အရိုက်အရာပေးလိုက်တဲ့ကိစ္စမှာ အတော်လေး မကျေမနပ်ဖြစ်နေတယ်လို့ ကြားတယ်

ဟု ပြောလေ၏။

ထိုအခါ တွာဖေဒင်က....

'ဒီကိစ္စကို သူကမကျေနပ်ဘူးဆိုရင် မင်းသားကြီး တို့ ရှေ့ဟုန်ရဲ့ ဘက်တော်သားမှန်း သိသာလွန်းပါတယ်၊ ဒီလို ဆိုဖေဒွဲလဲ ကျုပ်တို့အတွက် ကြောက်စရာပဲပေါ့'

ဟု ပြောလိုက်သဖြင့် မြို့စားမင်း တုချင်းက အစပျိုးသော ဒေါသကို ပိုမိုထွက်လာကာ လက်ထဲက အရက်ခွက်ကို ပစ်ပဲ့ပေါက်သို့ ဒေါက်ခနဲချလိုက်လေသည်။ ပြီးလျှင် သူက

'ကြောက်စရာဆိုတဲ့စကားကို ထည့်ပြီးပြောစရာမလိုပဘူး တွာဖေဒင်ရယ်၊ ဘာကို ကြောက်ရမှာလဲ၊ မင်းသားကြီး တိန်ရှေဟုန်ကိုတောင် ကျုပ်တို့က မကြောက်လို့ အခုလုပ်ခဲ့ကြသေးတာပဲ' ဟု ပြော၏။

တွာဖေဒင်သည် သူ့စကား အမှားပါသွားမှန်း သိလို့ သည်နှင့်....

'ဒီလိုသဘောနဲ့ ပြောလိုက်တာမဟုတ်ပါဘူးမြို့စားမင်း ကျုပ်ဆိုလိုတဲ့သဘောက အမှိုက်ကစ ပြဿဒါမီးလေ

ဆိုတာမျိုးလို ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စကလေးတစ်ခုကို အစသိမ်းမိရင်း ဒီအစကို အမှတ်မထင် နှင်းမိမှာစိုးလို့ပါ။

ဒီသဘောပြောရတာပါ'ဟု မြန်မြန်သုတ်သုတ်ပြောလိုက်လေ၏။

ခန်းဆောင်ထဲတွင် အိမ်တော် အစေအပါးများလည်း အပြင်ဘက်တွင်သာ ခေါ်လျှင် အချိန်မီ ရောက်လာရန် အသင့်ရှိနေဘဖြင့် မြို့စားမင်း တုချင်းနှင့် သူ၏လူယုံတော် တွာဖေဒင်တို့နှစ်ယောက်သာ ရှိလေ၏။

တွာဖေဒင်မှာ လူယုံတော်ဟုဆိုသော်လည်း အတွင်းရေးအပြင်ရေးကိစ္စမှန်သမျှ အခုလို ဆွေးနွေးတိုင်ပင်မြဲ ဖြစ်လေရကား ရှေ့ယခင်ကတည်းက မြို့စားမင်းတုချင်း လုပ်သမျှ တွာဖေဒင်၏အကြံအစည် စိတ်ကူးများသာ အများဆုံး ဖြစ်ခဲ့ရပါလေ၏။

အခုလည်း မင်းသားကြီး တိန်ရှေဟုန်ကို တောပုန်းဘဝသို့ရောက်သွားသည်အထိ မိမိတို့ဖန်တီးပြီး ဖြစ်သော်လည်း မင်းသားကြီး တိန်ရှေဟုန်၏ အဆက်အနွယ် ဦးဦးဖျားနှစ်စီမြို့စား ဝမ်ပို့ကို တနည်းနည်းနှင့် ဖယ်ရှားရန်အရေးမှာ အရေးကြီးလာပြန်ပါ၏။

ထို့ကြောင့် တွာဖေဒင်ထံမှ အကြံအစည်စိတ်ကူးများကို

နှိုက်ထုတ်ရတော့မည်ဟု မြို့စားမင်းတုချင်း တွက်ထားပြီးဖြစ်သည်။

တွာဖောင်က အရက်ခွက်ထဲကအရက်လက်သုံးလုံးလောက်ကို သုံးကြိမ်လောက်နှင့် အကုန်သောက်လိုက်ပြီးနောက်....

'မြို့စားမင်းကို ကျုပ်အကောင်းဆုံး အကြံကို ပေးရမယ်ဆိုရင် ဒီကိစ္စမှာ သွေးသားပဲဆိုတဲ့စိတ်နဲ့ ညှာမနေဖို့ပါပဲ' ဟု ပြောလေသူ၊ မြို့စားမင်းတုချင်းက...

'တွာဖောင် တာကိုဆိုလိုတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ အခုလောက်အရေးကြီးတဲ့ကိစ္စမှာ မင်းက ဘာကြောင့် စကားကို ချိန်ပြောနေရတာလဲ'

ဟု ပြောလိုက်သည့်တိုင်အောင် တွာဖောင်မှာ သူဆိုလိုသည့်စကားကို ဘာယ်တမ်းကျတော့လည်း ထုတ်ပြောရန် မဝံ့မရဲ ဖြစ်နေပြန်လေ၏။

တွာဖောင်မှာ မည်သို့ ပြောရမည်မသိ ဖြစ်နေသည်ကို မြို့စားမင်းတုချင်းက စူးစူးစိုက်စိုက် ကြည့်ပြီး နောက် တွင်ကား....

'ဒီမှာ တွာဖောင်၊ မင်းကိုကျုပ်က တမင်ဝမ်းကြည့်နေတာပါ၊ ကျုပ် သတောပေါက်ပြီးသားပါ ဟုတ်ပါတယ်၊ ကျုပ်ခုတ်တဲ့အခါမှာ ကျုပ်ဒုတ်ဆိုတာ ထားခဲ့လို့ ရတာမှ မဟုတ်တာပဲကလား....။

'ဒီတော့ ဦးရီးတော်ဝမ်ပို့ကို အပြတ်ရှင်းရမယ်၊ ကျုပ် နောင်တော်တိန်ယူမိန်ကလဲ ညီဝမ်းကွဲဆိုပေမယ့် ကျုပ်ပြီးခဲ့ပြီးနေတဲ့အချိန်ဆိုတော့ ဒီအချိန်ချိုးမှာ ဒီအလုပ်ကိုလုပ်ရမှာအမှန်ပဲ' ဟု ပြောလေ၏။

ထို့နောက်....

အရက်ခွက်ကို မော့သောက်ချလိုက်လေ၏။ ထိုညက တွာဖောင်ပြန်သွားသောအခါ မြို့စားမင်းတုချင်း၏ဇနီး မြို့စားတော် ကျင်ပို့လူက....

'စောစောက ဆရာတွာဖောင်နဲ့ ပြောနေကြတဲ့ စကားကို ကျွန်မနည်းနည်းပါးပါး ကြားလိုက်မိပါတယ်၊ နှုန်စီမြို့စားဦးရီးတော်ဝမ်ပို့ကို အပြတ်ရှင်းရမယ်ဆိုတာ အဲဒါ ဘယ်လို အပြတ်ရှင်းမှာလဲ၊ ကျွန်မကိုလဲ အသိမပေးတော့ဘူးလား ရှင်' ဟု မေးလေ၏။

မြို့စားမင်း တုချင်းက စပျစ်သီး တစ်လုံးကို ကိုက်မှစားသောအဲ ကလေးတစ်ယောက်လို ပါးစပ်ထဲတုံထားရာက ထုတ်လိုက်ငုံလိုက်လုပ်နေရာမှ ကျင်ပို့လူအား....

'ဩော်....မင်းက တို့ပြောနေတဲ့စကားတွေကို ကြားတယ်ဟုတ်လား၊ နည်းနည်းပဲကြားတယ်ဆိုတော့ များများမကြားဘူးဆိုပါတော့၊ ဒါပေမယ့် ဒီစကားဟာ ဒီစကားပါပဲ၊ ဟုတ်

ပြည်နယ်မှာ ကျုပ်တစ်ယောက်တည်းပဲရှိတယ်၊ နှစ်ယောက်မရှိဘူး၊ မင်းလဲသိသားနဲ့ကွာ၊ တိန့်ယုမိန်ဟာ ဦးနှောက်ရှိတာမှမဟုတ်ဘဲ၊ သူ့နားရွက်တွေကို ကျုပ်ကဘယ်ဘက်က နားရွက်ညာဘက်မှာတပ်ပြီး ညာဘက်က နားရွက်ကို ဘယ်ဘက်မှာတပ်မယ်ဆိုရင်တောင် ရပါတယ်' ဟုပြောပြီး အသားကင်ဖို့ကိုယူထားလိုက်လေ၏။

ဇနီးဖြစ်သူ မြို့စားကတော်ကလေး ကျင်ပို့လူမှာကားယခုထက်ပို၍ ပြောချင်ပါသော်လည်း မပြောနိုင်ခဲ့တော့ပေ။ အမှန်စင်စင်တော့ သူမသည် ဤကိစ္စကို လင်တော်မောင် မြို့စားမင်းတုန်းနှင့် အကျိတ်အနယ်ပြောဆိုလိုသည်။

သို့သော် မပြောနိုင်ပေ။ ပြောလျှင် ဝမ်ပို့တို့ မိသားစု၏ ကျေးဇူးမျှားကို ပြောရပေလိမ့်မည်။ ယခု အချိန်တွင်ကား ပြောရှိမဖြစ်တော့ပြီ။

* * *

စီချန်မြို့စားမင်း တုန်းသည် ညီဝမ်းကွဲတော်စပ်သူ လက်ရှိ ကျုံကင်းနယ်စားကြီး ဖြစ်နေသူ တိန့်ယုမိန့်အား နှစ်စဉ်

တယ် ဦးရီးတော် ဝမ်ပို့ကနောင်တော်ကြီး တိန်ရှေဟုန်ကို အားပေးချင်နေတဲ့လူ ဖြစ်နေတာကို သိလာရတယ်၊ ဒီတော့သူ့ကိုစိတ်မချရဘူး ရှင်းပစ်ရလိမ့်မယ်၊ ဒီအကြောင်းပြောတာပါပဲ၊ အပြတ်ရှင်းမယ်ဆိုတာက ညီတော်တိန့်ယုမိန့်ရဲ့ သတော်ဆန္ဒပဲပေါ့ကွာ' ဟု ပြောလေ၏။

ကျင်ပို့လူက....

'သတ်ပစ်မှာလား' ဟု စိုးရိမ်တကြီး မေးလေ၏။

'အင်း....ဒါလဲ သူတို့ညီအစ်ကို ကိစ္စပဲပေါ့၊ ဘာဖြစ်လို့မှင်းကမေးရတာလဲ၊ မင်းကပါနောင်တော်ကြီး တိန်ရှေဟုန်လူပဲလား' ဟု လှည့်၍မေးလေတော့လည်း....။

'ဒီစကားကိုပြောလို့ ကျန်မအဲဒီလိုရန်လူအားပေး သူခိုးခားရိုးကမ်းတဲ့အလုပ်မျိုး လုပ်လိမ့်မယ်လို့ မထင်စမ်းပါနဲ့မောင်တော်ရယ်၊ ဒီကမေးနေရတာက ကိုယ့်ဘက်ကစကားတွေလွှဲပြီး နောက်မှာ သူ့အလုပ်ကိုယ့်အလုပ် ဖြစ်သွားမှာစိုးလို့ပါ'

ဟုပြောသောအခါ မြို့စားမင်းတုန်းက ကျင်ပို့လူကို ကြည့်ကာ တဟားဟား ရယ်ပါလေတော့သည်။

ထို့နောက် သူက....

'အိုကွာ မင်းနှယ်၊ ကျုပ်နာမည် တုန်းပါ၊ ကျုံကင်း

စား ဝမ်ပို့ နှင့် ပတ်သက်၍ တင်ပြရာတွင်ကား အထောက်
အထား ခိုင်ခိုင်လုံလုံရှိလေဟန် ဖန်တီးခိုင်းပြီးမှ တင်ပြလေ၏။

ထိုအထောက်အထားများမှာ နန်စီမြို့စား ဝမ်ပို့သည် နောင်
တော်မင်းသားကြီး တိန်ရှေဟုန် ယခု ခိုအောင်း နေသော
အရှေ့ဘက် တောင်စဉ်ခုနစ်ထပ်စခန်းသို့ သုံးကြိမ် တိုင်တိုင်
ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး တိန်ရှေဟုန်နှင့် တိုင်ပင်
ဆွေးနွေးခဲ့သည်ဆိုသောအကြောင်းပင် ဖြစ်ပေ၏။

ထိုအကြောင်းကို သိလိုက်ရသောအခါ နှယ်စားကြီး တိန်
ယုမိန် ထိတ်သိတ်ပျာပျာ ဖြစ်သွားလေ၏။

ဤကဲ့သို့သောအဖြစ်မျိုးကို ကြားရလိမ့်မည်ဟု သူ လုံးဝ
မျှော်လင့်သောကြောင့်ပင် ဖြစ်၏။
ထို့ကြောင့်လည်း တိန်ယုမိန်က....

'ဟုတ်ရဲ့လား တုချင်းရယ်၊ ဦးရီးတော်ဝမ်ပို့ အခုလိုလုပ်
သ်ထဲ့လား' ဟု မေးလိုက်လေ၏။ တုချင်းက....

'သြော်....ကလေး ကစားနေကြတာမှ မဟုတ်တာပဲ၊ ညီ
ာ်ကိုယ်တိုင် ဦးရီးကော်ကို မယုံသင်္ကာဖြစ်နေလို့ စောင့်
ကြည့်နေတာပါ၊ တောင်စဉ်ခုနစ်ထပ်ကို ပထမတစ်ကြိမ်နဲ့
ဒုတိယတစ်ကြိမ်သွားစဉ်ကတည်းက ညီတော် သိလိုက်တာပါ၊
ဘို့ခြောဘယ်လောက် ပြေးနိုင်မလဲဆိုတာသိရအောင် ညီတော်
စောင့်ကြည့်နေတာပါ' ဟု ပြောလေ၏။

အမှန်စင်စစ်တော့ တုချင်းသည် ဝမ်ပို့ တောင်စဉ်ခုနစ်
ထပ်သို့ သွားမသွားကို သိရှိထားသူ မဟုတ်ပေ။ တပည့်လက်
သားများ ပြောဆိုဝေဖန်ချက်ပေါ်တွင်သာ တည်ရှိပြီးပြော
နေခြင်းဖြစ်ပေသည်။

တိန်ယုမိန်က တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်
ကာ....

'ဒီသတင်မှန်ကန်နေလို့ကတော့ ဦးရီးတော်ဟာ ကျုပ်တို့
အတွက်သစ္စာဖောက်ပဲ၊ အကြီးဆုံးရန်သူပဲ အခုသူ တောင်စဉ်
ခုနှစ်ထပ်သွားတယ်ဆိုတာဟာ သာမှစဉ်းစားစရာ မလိုဘူး
ဟိုမှာ ဒီကအခြေအနေတွေကို သွားပြောတာ အစီရင်ခံတာပဲ
မဟုတ်လား'

ဟု ပြောလိုက်လေရာ တုချင်းက ဘာမှပြန်မပြောဘဲ
ခေါင်းတညိတ်ညိတ်သာ လုပ်ဧနပါတော့၏။

တိန်ယုမိန်မှာကား အကြောင်းအရာတစ်ခုကို ဟုတ်မဟုတ်
မှန်မမှန် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ပေ သူ့ဘက်က
အောင်နိုင်သွားပြီ မဟုတ်ပါလား။

'ကဲ....တုချင်း လာ ငါနဲ့လိုက်ခဲ့ သူ့ဆီကိုသွားပြီး ပြတ်
ပြတ် သားသားမေးမယ်၊ အပြတ်ရှင်းမယ်'

ဟုပြောလေ၏။ ထိုစကားကြောင့် တုချင်း မျက်နှာပျက်
သွားရလေ၏။ သူ့ဘက်က အလိမ်ပေါ်သွားလျှင် မည်သို့
ဆက်လက်ဆောင်ရွက်ရပါမည်နည်း၊ သူမတွေးတတ်တော့ပေ။

သို့သော်လည်း မတတ်သာတော့ သူတင်ပြသိုက်သော လုပ်ကြံထားသည့် အကြောင်းအရာကို ဘာပဲပြောပြော ဘူးတစ်လုံးအားကိုးကာ ကြည့်ကခဲ့ရပေတော့မည်ဟု တုချင်း စဉ်းစားထားပြီး ဖြစ်သည်။

နန်စီနှင့် ကျုံကင်းမှာ ဝေးကွာလှသည် မဟုတ်ပေ။ သို့သော် တစ်နေ့တာ၏ မနက်ပိုင်းတစ်ပိုင်းလုံးကိုတော့ဖြင့် အဆုံးရှုံးခံရလေသည်။

နယ်စားကြီး ကြွချီသည်ဆိုတော့လည်း မြင်းလေးကောင်ကသော မြင်းရထားကြီးကို မစီးမဖြစ်စီးရဝလ၏။ ရှေ့နောက်ဝဲယာတို့တွင်လည်း မြင်းကောင်းမြင်းသန့်ကြီးများကို စီးလျက် လိုက်ပါလာကြရသော မြင်းစီးသမားများ။

ပြီးတော့ သူတို့က သာမန် မြင်းစီးသမားတွေ မဟုတ်၊ ဓားသမား၊ လုံသမားနှင့် လေးသမားများတွေချည်း ဖြစ်ကြပါ၏။ အချို့က နယ်စားကြီး နန်စီမြို့ဘက်သို့ တူရှုပြုလျက် ခရီးထွက်သွားသည်ဆိုတဲ့ နောင်တော်ကြီး တိန်ရှေဟုန်၏ တောပုန်းများအား သွားရောက်တိုက်ခိုက်နှိမ်နင်းလေရော့သလား အတွေးရောက်ကြလေ၏။

နေ့ခင်းပိုင်းသို့ ရောက်သောအခါ နန်စီမြို့ အရှေ့ဘက် တောင်ကုန်းလျှောတွင် မြို့စား ဝမ်ပို့၏ စံအိမ်သို့ ရောက်ရှိ

လေသည်။ ဦးရီးတော်ဝမ်ပို့မှာ လူကြီးပိုင်းလည်းရောက်နေပြီဖြစ်၍ ရှေးယခင်ကာလသမယ ကတည်းက အနေအထိုင်ကျစ်လစ်သည်။ ထို့ကြောင့် မြို့စားတစ်ယောက်၏ စံအိမ်တော်ကို မြို့စားတစ်ယောက်၏ အဆင့်အတန်းနှင့် တူညီသော အဆောင်အယောင်များဖြင့် နေထိုင်ခဲ့လေသည်။

စံအိမ်အဝတွင် ကျွန်းသစ်သား ခြံတံခါးကြီးများကို ပြုလုပ်လျက် ခြံတွင်းသို့ ဝင်ရောက်လိုသူများသည် တံခါးမှူး စံအိမ်မှူးများအား အဆင့်ဆင့်အသိပေး၍ အဆင့်ဆင့်မှ အတွင်းသို့အကြောင်းကြားကာ ပြန်လည်၍ အဆင့်ဆင့်ခွင့်ပြုမှသာ အတွင်းသို့ဝင်ကြရသည်ရှိ၏။

နယ်စားကြီး တိန်ယုမိန်၏ မြင်းရထားကြီးကတော့ ရှေ့နောက်ဝဲယာ အချေအရံအစောင့်အရှောက်လုံလောက်စွာနှင့် ဝင်၏။မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွင့်ပန်တိုင်ကြားခြင်း မပြုပေ။

ထိုအခါ စံအိမ်တွင်းသို့ ရောက်သည်နှင့် နန်စီမြို့စား ဝမ်ပို့က....

'တူတော်မောင် ကျုပ်စံအိမ်ဝင်းအတွင်းကို အခုဝင်လာတာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ အသိပေးပြောကြားခြင်းမရှိဘူးဆိုတာ သိရပါတယ်၊ ဒီအပြုအမူကတော့ မပြုကောင်းဘူးထင်ပါတယ်' ဟုပြောလေ၏။

ယခင် မိမိ၏နောင်တော်ဝမ်းကွဲတော်စပ်သူနယ်စားကြီး တိန်ဟုန်ချန် ဖြစ်ပါမူ ဝမ်ပို့သည် ကျဲကဲ့သို့သော စကား ကို ပြောဖြစ်လိမ့်မည် မဟုတ်ပေ။

ယခုမူ တူတော် တိန်ယုမိန်အပေါ် တွင် မူလက ဘည်းက မကျေနပ်သော စိတ်အခံ၊ ဒေါသအခံတွေကလည်းရှိနေသဖြင့် အခုလိုပြောလိုက်မိခြင်းဖြစ်၏။

ထိုစကားကို ကြားလိုက်ရသောအခါ တိန်ယုမိန်က ညီတော်ဝမ်းကွဲ တော်စပ်သူ စီချမ်မြို့စား တုချင်းပြောကြား ထားသောအချက်များကို ပြန်လည် တွေးတောစဉ်းစားစရာ မလိုယုံကြည်စိတ် ချလိုက်လေတော့၏။ ထို့ကြောင့် တစ်ချက် ပြုံးလိုက်ကာ....

'ဘယ်လိုမျှားပြောလိုက်ပါလိမ့် ဦးရီးတော်၊ အခု ဦးရီး တော်ဝင်းခြံပိုင်နက် အတွင်းကို ဝင်လာသူဟာ တောပုန်း ခားပြတွေမျှား မှတ်နေပါသလား' ဟုမေးလေ၏။

ဝမ်ပို့က...

တူတော်မောင် တိန်ယုမိန်က ထိုင်ခုံကစ်လုံးတွင် ဝင်ထိုင် လိုက်ကာ....

'ကဲ ဒီအကြောင်း ဒီကိစ္စထားလိုက်စမ်းပါဦး၊ ကျုပ် အခု ဒီကိုလာရတဲ့ကိစ္စက အလွန်အရေးကြီးတဲ့ ကိစ္စကြောင့်ပါပဲ' ဟု ပြောလိုက်လေရာ ဝမ်ပို့မှာ စဉ်းစားမရ ဖြစ်သွားရလေတော့သည်။

ထို့ကြောင့်လည်း သူက....

'ဘယ်လိုအကြောင်းကိစ္စများပါလိမ့် တူတော်မောင်' ဟု မေးလိုက်လေ၏။ ထိုသို့ဝမ်ပို့က မေးလိုက်သော အချိန်တွင် တုချင်းသည် မျက်စိမျက်နှာပျက်၍နေလေ၏။ တမင်ကြံဖန်၍ ပြောပြထားသော အကြောင်းအရာ တစ်ရပ် ဖြစ်နေခြင်း ကြောင့် အကြောင်း တစ်ခုခုကြောင့် တစ်စုံ တစ်ခုသော အကြောင်းကြောင့် မိမိ၏အလိမ်အညာ ဘွားခနဲ ပေါ်လာလေမလားဟု တုချင်းရင်တထိတ်ထိတ်နှင့် တွေးပူနေရပါလေတော့၏။

တိန်ယုမိန်က ထိုင်နေရာမှ ပြန်လည်ထကာ...

'တခြားမဟုတ်ပါဘူး၊ အခုလောလောဆယ် အခြေအနေမှာ ဦးရီးတော်ဟာ ဘယ်လို အနေအထားမျိုး ရှိနေတယ်ဆိုတာ သိပါတယ်နော်၊ နောင်တော်ကြီး တိန်ရှေဟုန်ဟာ တောပုန်းကွာလျှံ ရှိတို့ အဖွဲ့နဲ့ပေါင်းပြီး အကောက် ကြံနေကြတဲ့ အကြောင်းကိုလဲ ဦးရီးတော်အသိပါပဲ'

ဟု ပြောလိုက်သောအခါ ဝမ်ပို့သည် စိတ်ထဲမှ တောက် ဘစ်ချက်ခေါက်ကာ တတ်လည်းတတ်နိုင်တဲ့ တိန်ယုမိန်ပါပဲ သား၊ ဘယ်လိုလူတွေကများ အနားကပ်ပြီး ဘယ်လိုပြော ဘားလို့ ဒီလိုစိတ်သဘောထားတွေ သူ့ခေါင်းထဲ ဆောက်နေ ခတာလဲ' ဟု တွေးတော စဉ်းစားမိလိုက်ပါသေးတော့၏။

'ဦးရီးတော်၊ ကျုပ်ပြောတာကိုသဘောပေါက်ပါရဲ့နော်' ဟု ထပ်ဆင့် မေးလိုက်သောအခါတွင်မူ ဝမ်ပို့မှာ စိတ်ထဲမှ....

'မင်းက မဟုတ်မမှန်တာတွေ ပြောနေပါလျက်နဲ့ ကျုပ်က ဘာ့ကြောင့် နားလည်သဘောပေါက်ရမှာလဲ' ဟုပြောလိုက်မိလေ၏။

သို့သော် တကယ် လက်တွေ့အနေမှာကတော့ ခေါင်းတစ်ချက်ညိတ်ပြလိုက်လေ၏။

'အဲဒီလိုအခြေအနေမျိုးတွေ ရှိနေပါလျက်နဲ့ ဦးရိုးတော်ဟာ တောင်စဉ် ခုနစ်ထပ်မှာ ပုန်းအောင်းထောင်ထားတဲ့ နောင်တော် တိန်ရွှေဟုန် စခန်းကိုသွားခဲ့တာ သုံးကြိမ်သုံးခါ တောင်ရှိနေပြီဆိုတော့ ကျုပ်ဦးရိုးတော်ကို ဘယ်လို သဘောထားရတော့မှာလဲ' ဟု မေးလိုက်လေ၏။

ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်ပို့မှာ တကယ်ပဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါလေတော့၏။ ဒေါသလည်း လွန်စွာထွက်၍သွားလေ၏။ ဤသည်မှာ တူတော်မောင် ဘိန်ယုမိန်က မိမိအား မလိုလားတော့သည့်အတွက် တမင်အကွက်ဆင်ကာ အခုလိုပြောလာသည်ဟု ထင်၏။

သို့မဟုတ် သူ၏အနီးတွင် ပင့်မြောက်နေသူများ၏ လိုအပ်ချက်တစ်ခုကို သူကိုယ်တိုင်ကလည်း ထိုလိုချင်ချင် ဖြစ်နေသည့်နှင့် ဖန်တီးအကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်ဟု ဝမ်ပို့ထင်လေ၏။

မည်သို့ဆိုစေ ဤကိစ္စသည် ယခုလိုအခြေအနေမျိုးတွင် မိမိဘက်မှ မည်ကဲ့သို့ ဖြေရှင်းရမည်ကို မစဉ်းစားတတ်အောင် ဖြစ်သွားပါလေတော့၏။ ထိုစကားကို ကြားလိုက်ရသော ဇနီးသည်လင်းသည်ပင် မူးမေ့မတတ်ယိုင်လဲသွား၍ အဖော်အမျိုး

သမီးကြီးတစ်ဦးက ဖေးမထားလိုက်ရသည်ကို ဝမ်ပို့ တွေ့မြင်လိုက်လေ၏။

တိန်ယုမိန်က ခန့်တဲ့တဲ့ပြုံးကာ....

'ဘယ်လိုလဲ ဦးရိုးတော်၊ ကျုပ်မေးတဲ့အမေးကိုမဖြေတတ် တော့ဘူးမဟုတ်လား' ဟု ထပ်ပြီမေးလေ၏။

ထိုအခါတွင်မှ ဝမ်ပို့က....

'ကျုပ်တစ်ခု ပြောချင်ပါတယ် ကူမောင်၊ တစ်ခါတစ်ခါ ကျတော့ အမှန်တရားပဝါ ဖြစ်သော်ငြားလည်း အဲဒီ အမှန်ကရားကိုပြောလို့ ဘယ်လိုမှယုံကြည်နိုင်စရာမရှိကဲ့ အခြေအနေမျိုးတွေ ရှိပါတယ်' ဟုပြောလေရာ တိန်ယုမိန်က မျက်မှောင်ကြုတ်လျက်....

'ဆင်စွယ်ညှပ်မနေပါနဲ့တော့ ဦးရိုးတော်၊ အခုလိုအချိန်မျိုးမှာ ကျုပ်ကြားချင်တာ အဲဒီစကားမျိုး မဟုတ်ပါဘူး၊ ကျုပ်မေးတာမှန်သလား၊ မှန်ဘူးလား ဒါပါပဲ'

ဟု ပြော၏။

ပြီး ခပ်စိမ်းစိမ်းစိုက်ကြည့်နေလေ၏။

ဝမ်ပို့က မျက်နှာကိုမော့လိုက်ကာ....

'ကျုပ် ပြောရမယ်ဆိုရင်တော့ အဲဒါမျိုး အစဉ်အလာမှရှိတဲ့ လူတစ်ယောက်ဟာ အဲဒီလိုအလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူးဆိုဘာပဲ'

ဟု ပြောလေ၏။

တိန်ယုမိန်မှာ ဝမ်ပို့ပြောလိုက်သော စကားကြောင့် ဒေါသမျှား စုန်းခနဲထွက်ရှိကာ....

'ဘာဗျ...ကျုပ်ပြောတာ မဟုတ်ဘူးပေါ့၊ ဟား ဟား ဟား၊ ဒါဆိုရင် ကျုပ်က မဟုတ်မဟပ်စကားကို ယူဆောင်လာပြီး ဦးရိုးတော်ကိုပြောတာပေါ့'

ဟု ပြောလေ၏။

ထိုအခါ ဝမ်မို့က...

'ဟူမောင် ဒီကိစ္စကို အပြန်ပြန်စဉ်းစားပါဦးလေ၊ ကျုပ်ဆိုတာက တူမောင်တို့ ညီအစ်ကိုနှစ်ယောက်စလုံးအပေါ်မှာ တူတော်မောင်တွေပဲဆိုတဲ့ အသိစိတ်နဲ့အတူတူပဲ ချစ်ခင်တွယ်တာခဲ့တာပါ၊ သံယောဇဉ်ရှိခဲ့တာပါ၊ ဒီအချက်ပေါ်မှာ မူတည်ပြီး ကျုပ်ဟာ တူမောင်တိန်ရှေဟုန်အပေါ်မှာ ချစ်ခင်မှု ရှိနေဦးမယ်၊ သံယောဇဉ်မပြတ် ဖြစ်နေဦးမယ်လို့တွက်ပြီး ကျုပ်ကို ပယ်ထုတ်ချင်သဖြင့်ရင်တော့လဲ တူမောင်ရယ်၊ ကျုပ်ဟာ အခုအနေမှာ ဘာကိုပြောလို့ရော ရတော့မှာလဲကွယ်'

ဟု ပြောလိုက်သောအခါတွင်ကား တိန်ယုမိန်သည် စုန်းခနဲ ဒေါ်ခန်းဆောင်ထဲက ထွက်သွားပါလေတော့၏။

မြင်းဟည်သံများ၊ မြင်းရထားဘီးကြိတ်သံများနှင့် မြင်းခွာသံများ တဖြည်းဖြည်းဝေးသွားသောအခါ ဇနီးဖြစ်သူလင်းက....

'မောင်မောင် ကျွန်မတို့ ဘာလုပ်ကြမလဲဟင်'

ဟု မေးလေ၏။

'ဒီအခြေအနေ ရောက်လာမှတော့ သူတို့ လာမဖမ်းခင် ထွက်ပြေးကြရုံပဲပေါ့၊ သားလေး ဝမ်လင်းရဲ့ အဝေးရောက်နေလို့ တော်သေးတာပေါ့ကွယ်'

ဟု ပြောလိုက်ပါလေတော့၏။

ထို့ကြောင့်လည်း ဝမ်ပို့က ဇနီးသည်လင်းအား....
'တို့လင်မယားရဲ့ကံကြမ္မာကို မြင်သာလောက်ပါပြီ၊ သူတို့ဘို့ကိုလာပြီး ဖမ်းခဲ့ငင်ဖမ်းမယ်၊ ဒါမှမဟုတ် လာသတ်ဖို့မျှားတယ်၊ ဒီတော့ သူတို့အဖမ်းလဲမခံဘူး။ အသတ်လဲမခံဘူး။ ထွက်ပြေးကြမယ်'
ဟု ပြော၏။

ဇနီးသည်လင်းမှာကား ဤအဖြစ်မျိုး ကြုံရလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးထင်ဖူးသည် မဟုတ်ပါ။ အကြောက်ကြီး ကြောက်ကာ စကားပင်ပြောမထွက်တော့ပေ။
ဝမ်ပို့အား စံအိမ်ရှိအလုပ်သမားများအားလုံးကို မိမိနှင့် ဆက်နွယ်ပြီး ဘေးတွေ့နိုင်သည်ဖြစ်၍ အမြန်ဆုံးထွက်ခွာသွားကြရန် ပြောလိုက်လေ၏။

အခြို့ကတော့လည်း ဝမ်ပို့အား....
'သခင်ကြီးရယ်၊ ကျုပ်တို့အတူနေလာကြတာ သံယောဇဉ်တွေ တွယ်နေပါပြီ၊ အခုလို သခင်ကြီးက အဝေးကိုသွားကြဖို့ ပြောပေမယ့်လဲ ကျုပ်တို့ မသွားလိုတော့ပါဘူး၊ သေလဲအတူသေပါစေတော့၊ အဝေးကိုမသွားပါရစေနဲ့'
ဟု ပြောကြ၏။
ဝမ်ပို့က...
'မဟုတ်သေးဘူးကွယ်၊ အခုကိစ္စက တို့အတွက် အသေခံလဲသေရုံပဲရှိမယ် ကိစ္စ ဖြစ်နေလို့ပါ၊ သွားကြပါကွယ်'
ဟု တောင်းတောင်းပန်ပန် ပြောလိုက်ရလေ၏။

အခန်း [၄]

ဤညမျိုးရောက်ကာမှ ကောင်းကင်ဟုံပေါ်တွင် ငွေလခြမ်းက ခပ်စောင်းစောင်းချိတ်လျက် အလင်းရောင်ဖျော့ဖျော့ကို ဖြန့်ကျက်ပေးနေလေ၏။
နန်စီမြို့စား၏စံအိမ်မှာကား ဤညဦးပိုင်းတွင် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေ၏။
အကြောင်းမူကား ဝမ်ပို့သည် မိမိတို့လိင်မယားဘဝကံကြမ္မာကို သိရှိနေပြီဖြစ်သည်။
မှန်ကပိုင်းက တိန့်ယုမိန်ကိုယ်တိုင် လာရောက်မေးမြန်းသွားသည်မှာ စင်စစ် မိမိ၏အခြေအနေနှင့် မိမိ၏သဘောထားအမှန်ကိုဆိုလို၍ စစ်ဆေးစမ်းသပ်လိုက်ခြင်းသာ ဖြစ်၏။

သို့သော်လည်း ယော်ကျွန်ကြီးရန်ဝေကား ဝမ်ပို့ ရောလင်း ပါ မည်ဆို့ပြောသော်မှလည်းမရပေ။

'ကျုပ်ဟာ သခင်ကြီးနဲ့အတူ ကြီးပြင်းလာခဲ့ရတဲ့လူပါ၊ သခင်ကြီးမိဘများက ကျုပ်အား မွေးစားခဲ့တယ် ဆိုရစ်လဲ မမှားပါဘူး၊ ကျုပ်နဲ့သခင်ကြီးဟာ ညီရင်းအစ်ကိုတွေလို ဖြစ်နေပါပြီ၊ ဒါကြောင့် သခင်ကြီးလဲ သခင်ကြီးရဲ့အစ်ကိုကြီး ဆိုရင်လဲ အစ်ကိုကြီးပါပဲ၊ ကျုပ် ဘယ်ကိုမှမသွားပါရစေနဲ့၊ ကျုပ်သခင်ကြီးအတွက် အသက်သေခံဝံ့ပါတယ်'

ဟု ပြောလေကာ ဝမ်ပို့မှာ ရန်ဝေးကိုမခေါ်မဖြစ်ခေါ်ရမည့် အခြေအနေသို့ ရောက်ရှိလာပါလေတော့၏။

အခုတော့လည်း နန်စီမြို့စား မင်း ဝမ်ပို့၏စံအိမ်သည် အရင်ကလို မီးအလင်းရောင်တွေဖြာကာ လူသံဆူသံတွေပျံ့လွင့်ကာ မှုရှိတော့ဘဲ သုဿာန်တစ်စဖြင်နှ့ မှောင်မည်းခြောက်ကပ်လျက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပါပကောလား။

ဝမ်ပို့သည် စံအိမ်ကြီးကိုလှည့်ကြည့်ကာ သက်ပြင်းချလိုက်လေ၏။

အမှန်တော့ ဝမ်ပို့သည် ညဉ်းပိုင်း လူခြေတိတ်စအချိန် ရောက်ကာမှ မြင်းသုံးစီးဖြင့် တိတ်တဆိတ်တက်ခွာသွား ကြရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

တိန်ယုမိန်က သူတို့လင်မယားအား ဖမ်းဆီးမည်၊ သတ်မည်ဆိုလျှင်လည်း ယနေ့ညတော့ဖြင့် ရှက်ခြည်း ပြန်လည် ရောက်ရှိလာလိမ့်မည် မထင်ခဲ့ပေ။

ထိုအခိုက် ရန်ဝေက....

'သခင်ကြီး ဒီအချိန်အတော်ပါပဲ၊ ဒီထက် မိုးချုပ်သွားခင်လဲ မကောင်းဘူး'

ဟု ပြောဆိုပြီးဆက်မေးမှ ဝမ်ပို့သည် အတွေးစိတ်ကူးများ ဖြတ်ကာ....

'အေး....ဟုတ်တယ် ဟုတ်တယ်၊ လင်းရေ တို့သွားကြစို့၊ ညြောင် ဆောင်ခေးတွေကို မြင်းကုန်းခြံမှာ မချိတ်နဲ့နေခဲ့၊ ကိုယ်မှာပဲလွယ်ထား၊ လမ်းမှာ တောပုန်း ခေးပြတွေကလဲ နေရာအနှံ့ရှိနေတာကွယ်'

ဟုပြောပြီး သူ့ဆောင်ခေးကို နောက်ကျောတွင်ချိတ်လွယ်လိုက်လေ၏။

ပြီးလျှင် မြင်းပေါ်သို့တက်လိုက်လေ၏။

စံအိမ်ဝင်းခြံအတွင်းကို မြင်းသုံးစီး 'ခလောက်ခွပ်.... ခလောက်ခွပ်' ဟူသော လေးတက်ခြေချပုံမှန် အနေအထား မြင်းများကိုစီးလျက် ထွက်ခွာလာကြသည်အထိမရပ်။ မည်သူကမျှ သူတို့ကိုသတိမထားမိ၊ မစူးစမ်းမိကြပေ။

တိန်ယုမိန်က စေလွှတ်လိုက်မည်ထင်နေမိသော ရဲမက်မြင်းစီးသမားများလည်း ခုချိန်အထိ တစ်ယောက်တစ်လေမျှ မရောက်ရှိခြင်းကြောင့် ဝမ်ပို့မှာ အတော်လေး စိတ်ထဲအေးသွားရလေ၏။

နန်စီမြို့မှထွက်ကာ ချောင်းကူးတံတားကို အဖြတ် ဘွင်ကား ဝမ်ပို့သည် မြင်းကိုရပ်လိုက်လေ၏။ သူမြင်းရပ်သော အခါ ဇနီးသည် လင်းနှင့် ရန်ဝေးတို့၏ မြင်းများလည်း ရပ်သွားလေ၏။ ဝမ်ပို့သည် နန်စီမြို့ဆီသို့ သမင်လည်ပြန်လှည့်၍

ကြည့်လိုက်လေ၏။ သူ့နည်းတူပင် ဇနီးသည်လင်းနှင့် ရန်ဝေးတို့လည်း လှည့်ကြည့်လိုက်ကြလေ၏။

မဝေးကွာသေးသော နန်စီမြို့မှာ မကြာမီ ဝေးကွာရတော့မည်ဖြစ်၍ ကြည့်လိုက်ကြလေ၏။ ထိုအခါ သူတို့၏ အကြည့်မျက်လုံးများမှာ သူတို့ရင်ထဲတွင် ခံစားနေရသော ရင်တွင်းခံစားချက်အပူတို့ကို ဖော်ပြလိုက်သလိုရှိ၏။

ဝမ်ပို့ကမူ ဤမြို့ဤရွာတွင် နေလော၊ ဤမြို့ဤရွာမှ အခွန်အကောက်များကို စားလော့ ဟူသောစေတနာဖြင့် အပိုင်စား စားခဲ့သောသူ၏ ဝမ်းကွဲအစ်ကိုတော် ဖြစ်ခဲ့သော ကျုံကင်းနယ်စားကြီး တိန်ဟုန်ချန် အပိုင်းစားစေခဲ့သော နန်စီမြို့ကိုကား မကြာမီ ဝေးကွာရတော့မည် မဟူတ်ပါလား။

ဝမ်ပို့သည် စိတ်ကို ချုပ်ထိန်းပြီးနောက် ဆတ်ခနဲပြန် လှည့်လိုက်ကာ မြင်းဇက်ကြိုးကိုဆကာ ရှေ့မှ ဦးဆောင်ကာ ပြေးတွက်သွားလေတော့၏။ ထိုအခါမြင်းသုံးစီးသည် ကန်လန့်စီ၍မသွားပေ။ အရှေ့အနောက် စီတန်း၍သွားလျက်ရှိ၏။ ရှေ့ဆုံးတွင် ဝမ်ပို့အလယ်တွင် လင်းနောက်ဆုံးမှာကား ငယ်ကျွန်ကြီး ရန်ဝေးတို့ဖြစ်လေ၏။

လရောင် မှုန်ပြတ်ပြတ်အောက်တွင် မြင်းသုံးစီးသည် တောလမ်းတစ်လျှောက် လမ်းအနိမ့်အမြင့်ကို လိုက်၍ နိမ့်ချေမြင့်ချေနှင့် လရောင်ကိုပဲ ညမီးအိမ်သဘောထားကာ တလှုပ်လှုပ် သွားနေလေ၏။

'ခလောက်ခွပ်'

မြို့မှာ တစ်မောင်းလောက် ကြာသည်အထိ လာခဲ့ကြပြီးသောအခါတွင်ကား....

'ဟေး'

'ဟေး'

ဟူသောအသံ တစ်သံကို ဝမ်ပို့ကြားလိုက်ရလေ၏။

ဇနီးသည်လင်းကလည်း....

'မောင် မောင် နောက်က ဘာသံလဲ' ဟူမေး၏။ ရန်ဝေကမူ နားပါး၏။

'သခင်[illegible]း တိန်ယုမိန်ရဲ့ ရဲမက်တွေနဲ့တူတယ်၊ သူတို့နဲ့လွတ်အောင်ပြေးမှ ဖြစ်မယ်' ဟုပြောလေ၏။

သို့နှင့်ဝမ်ပို့က....

'ဟုတ်တယ် ကျုပ်တို့ မြင်းတွေကို ဒုန်းစိုင်းကြစို့' ဟုပြောကာ ဇနီးသည်လင်းကို ရှေ့ဆုံးကထားလျက် ရန်ဝေးကိုမူ အလယ်မှထားကာ မြင်းများကို တရှိန်ထိုး ဒုန်းစိုင်းပါလေတော့၏။

'ဝေး ဝေး'

'ခွပ် ခွပ် ခွပ်'

မြင်းများ၏ ဗိုက်ကို ခြေနင်းကွင်းနှင့် ဆောင့်ကာ မြင်းဇက်ကြိုးစကို နှင်တံသဖွယ် ခါးနှင့်ကိုယ်ကို တဖြမ်းဖြမ်း ရိုက်ပုတ်ကာ မြင်းများကို ဒုန်စိုင်း၏။ မြင်းတွေက ထွက်လာကတည်းက အခုလို မပြေးရသေး၍ အပြေးကတော့ သန်ပါဘိ။

မူန်ပြတ်ပြတ် လရောင်ရိပ်တွင် မြင်းစီးသမား ၃ ဦးသည် အရိပ်မည်းများ အဖြစ်ဖြင့် တရိပ်ရိပ်ပြေးလျက်ရှိနေလေ၏။

'ဟေး'

'ဟေး'

နောက်မှ 'ဟေး ဟေး ဟေး' နှင့် သူတို့မြင်းများကို ညာသံပေးနေသော အသံကမူ ပျောက်သွားလိုက်ချေ၊ ပြန်ပေါ်လိုက်ချေရှိနေ၏။

သို့သော်လည်း....

'ဟား ဟား ဟား ယား'

ဟူသော အားရှိမာရှိ ရယ်မော ဟားတိုက်သော အသံတစ်သံမှာ သူတို့ရှေ့မှ ဆီးကြိုအော်မြည် ပေါ်ပေါက်လာသောအခါ ဝမ်ပို့မြင်းဇက်ကြိုးကို ဆောင့်ဆွဲလိုက်ကာ မြင်းရပ်လိုက်လေ၏။

ဤခရီးလမ်းတွင် လမ်းမဟုတ်သော တောင်ကုန်းလမ်းကို ဖြတ်ကျော်ကာ ရှေ့မှ တားဆီးပိတ်ဆို့ထားနိုင်သော ဖြတ်လမ်းရှိနေသည်ကို ဝမ်ပို့သတိမမူ ဖြစ်သွားခြင်းပင်။

ထိုအခါ ဝမ်ပို့သည် နောက်ကျောတွင် ချိတ်လွယ်ထားသောဓားကို ရှမ်းခန့်ဆဲထုတ်လိုက်၏။ နောက်မှ မြင်းပေါ်မှ ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်၏။

ရှေ့ဘက်တောင်ကုန်းမြို့ပေါ်မှ အရိပ်မည်းသုံးရိပ် ဦးနှင်းခန့်ခုန်ချကာ ဝမ်ပို့ကိုဝိုင်းဝန်းတိုက်ခိုက်၏။ နောက်ဘက်မှ လိုက်လာသော မြင်းစီးသမားများကမူ ရန်ဝေနှင့်လင်းတို့ကို ဝိုင်းတိုက်ကြလေ၏။

'ဟိတ် ယား ယား'

'ခွစ် ခွစ်'

ရန်သူရဲမက်တို့မှာ ငါးယောက်ဖြစ်သည်။ သုံးယောက်က ဝမ်ပို့ကို တရစပ်ပြေးဝင်တိုက်ခိုက်ကာ နှစ်ဦးက ရန်ဝေနှင့် လင်းတို့ကို တစ်ယောက်တစ်ယောက်ချင်း တိုက်ခိုက်ကြသည်။ ခဏခဏသံများ ပေါ်ထွက်လာလေ၏။

လင်းမှာ ကြာရှည်မှတိုက်ခိုက်နိုင်ပေ။ သူမလည်း မဖြစ်၍ သာ ဝင်ရောက်တိုက်ခိုက်နေရခြင်းသာ ဖြစ်သည်။ သို့ပင်ဘာဘဲ ကျွမ်းဝင်လှသည်မဟုတ်ပေ။ ထို့ကြောင့်လည်း ရဲမက်တစ်ယောက်၏....

'ဟား' ဟူ အော်ဟစ် ခုတ်ဖြတ်ခွါလိုက်သော ဓားချက်က ရင်ဘတ်ဖြတ်ထိသွားသည်နှင့် ခွေခနဲ ကျသွားလေသည်။ ထို့မြင်ကွင်းကို ဝမ်ပို့သိလိုက်သည်နှင့် ရဲမက်တစ်ယောက်ကို ဝိုက်ဖောက်လိုက်ပြီးနောက် ရန်ဝေအနီးသို့ ခုန်ဝင်ကာ....

'ရန်ဝေ၊ မင်း လင်းကို မြင်းပေါ်တင်ပြီး ရှေ့ကပြေးနှင့်' ဟု ပြောလေရာ၊ ရန်ဝေလည်း ခေါင်းညိတ်၍တိုက်ကွင်းထဲမှ ခုန်ထွက်လိုက်၏။ ထို့နောက်....

'သခင်မလေး လာ လာ'

ဟု ခေါ်၍ သူ၏မြင်းပေါ်ကိုပင့်တင်ပြီး ထိုနေရာမှ ရှေ့ဘက်အမှောင်ထဲသို့ မြင်းကိုဒုန်းစိုင်း ပြေးဝင် သွားပါလေတော့၏။

နောက်တွင်ကား ဝမ်ပို့သည် ရဲမက်လေးယောက်အကြိတ်အနယ် တိုက်ခိုက်နေရင်း ငေးကျန်ရစ်၏။ ဝမ်ပို့အား တိုက်

ခိုက်နေသော ရဲမက်လေးယောက်အနက် ရဲမက်နှစ်ဦးမှာ သာမန်ရဲမက်မဟုတ်ဘဲ သိုင်းပညာတွင် ကျွမ်းကျင်သော သိုင်းပညာရှင် ရဲမက်နှစ်ဦးဖြစ်နေကြောင်း ဝမ်ပို့တိုက်ခိုက်ရင်းမှ သိရှိလိုက်လေသည်။

'ချင် ချင် ထန်'

'ယား'

'ဝှစ် ချင် ထန်'

'ယား'

သည်တစ်ကြိမ်တွင်မူ သိုင်းသမားကြီးတစ်ဦးက အမြင့်ခုန် ခုန်ပြီး ဝမ်ပို့၏ရင်ဘတ်တည့်တည့်သို့သူ၏ခေါင်းကိုထိုးချလိုက်ပါလေတော့သည်။

'အွန်'

ဝမ်ပို့မှာကား ဒူးညွှတ်၍ ခွေကျ သွားပါလေတော့၏။

မည်မျှဝေးလံနေပြီကိုကား ရန်ဝေသည် မသိတော့ပေ။ ရန်သူတို့နှင့်ဝေးရာသို့ အမြန်ဆုံးရောက်ရန် ကိုသာ စိတ်ဆန္ဒပြင်းစွာဖြင့် မြင်းကိုဒုန်းစိုင်းရှသာ လာခဲ့ရလေသည်။

သို့သော်ငြားလည်း စီးတော်မြင်းမှာ မူလကဘည်းက ခရီးညခရီးကြမ်းကို ဖြတ်သန်း ကျော်လွှမ်းခဲ့ရသည့်အပြင် ယခုဘစ်ဖန် မနားတမ်း ပြေးရသည့်ခရီးတွင် တစ်ကိုယ်တည်းလည်းဟုတ်ဘဲ နှစ်ကိုယ်နှစ်ယောက် လမ်းလျှောက်လို့လာခဲ့ရသည်ဖြစ်၍ အခုတော့မပြေးနိုင်တော့ပြီ။

ပါးစပ်မှအမြဲပ်မျှားပင်ထွက်ကာ တဟောဟော တဟဲဟဲ ဖြစ်၍နေလေ၏။

ထို့ကြောင့် ယေကျွန်ကြီးရန်ဝေက မြင်းကို ဇက်သတ်ရှိရပ်လိုက်ရလေ၏။ ထိုအခါ မိမိရှေ့တွင် သခင်ကြီး ဝမ်ပို့၏ ချစ်လှစွာသော ဇနီးလင်းကိုတင်ဆောင်ရှိလာသော တာဝန်စာစရပ်ကား ရှိပါသေးကလား ဟူသောအတွေး ဖျတ်ခနဲ ဝင်လာသည်နှင့် ငုံ့ရှိအံကြည့် ခြေထောက်များပေါ်သို့ စေးကပ်သော သွေးရည်သွေးစက်တို့စီးကျနေသည်ကို သတိထားလိုက်မိပါလေတော့သည်။

'အိုး....ဟုတ်ပါရဲ့၊ ရန်သူတွေဘေးကလွတ်မှလွတ်ပါ့မလား ဇော်နဲ့ ဒုန်းစိုင်းလို ပြေးလာလိုက်ရတာ၊ ကြည့်စမ်း ငါ့သခင်ကြီးရဲ့ဇနီး ဘယ်လိုများရှိသလဲ မသိဘူး'

ဟု တွေးကာ မြင်းပေါ်က အမြန်ဆုံး ခုန်ချဆင်းလိုက်ပြီး သခင်မလေးလင်းကို ကြည့်လိုက်သောအခါတွင်ကား ရန်ဝေ၏ မျက်လုံးများပြူးကျယ်ကာ ပါးစပ်မှာကား ဟ၍ ဒွေးပါလေတော့၏။

အကြောင်းမူကား မြင်းပေါ်တွင် တင်ဆောင်လာခဲ့သော သမင်မလေးလင်းမှာ မလှုပ်တော့ရုံမက ခန္ဓာကိုယ်ကြီးမှာ တောင့်တင်းနေပြီဖြစ်သောကြောင့် ပါပေ။

'အို....သခင်မလေး လင်း မလှုပ်တော့ပါအား၊ အသက်မှ ရှိသေးရဲ့လား'

တွေးကာ ရန်ဝေသည် သခင်မလေး ဦးခေါင်းပိုင်း ရှိရာ တက်ဆို မြင်းရှေ့မှကျော်၍ကြည့်ရပြန်လေ၏။

လရောင်အားဖြင့်ပင် တွေ့မြင်လိုက်သော သခင်မလေးလင်း၏မျက်နှာမှာ မျက်လုံးများ အထက်သို့ လှန်လျက်ရှိ၏။ မျက်နှာတွင်လည်း သွေးများမရှိတော့ပြီ၊ ညိုမြဲပြာဖြင့် သေသူတို့တွင် တွေ့မြင်ရတတ်သောအသွင်သဏ္ဌာန်သို့ ကေန်အမှုန် ရောက်ရှိခဲ့ပါပကောလား၊ ဤသည်ပင် ရန်ဝေက မကျေနပ်သေးသည်နှင့် အောက်သို့ တွဲဆိုင်းလျက်ရှိသော လက်နှစ်ဖက်မှ လက်တစ်ဖက်ကို ကိုင်ကြည့်လိုက်၏။

'အမယ်လေးလေး.... အေးစက်နေလိုက်တာ ရေခဲကုံးကြီး အတိုင်းပါပေါ့လား၊ ဩော်....သခ်ါရ၊ သခ်ါရတရားရဖို့ ကောင်းလိုက်တာ စောစောတုန်းကပဲ မောဟတွေကပ်ပြီး သောကအပူမီးတွေ တောက်လောင်လို့ ပြေးလိုက် လွှားသွားလိုက်နဲ့ ရှိခဲ့တဲ့လူတစ်ယောက်။ အခုတော့လဲ ကြည့်စမ်း ပါဦး၊ ငှက်ပျောတုံးကြီး တစ်တုံးပါပဲကလား'

ရန်ဝေမှာ ရုတ်တရက် ကြောင်လျက် အတန်ကြာငြိမ်သက်စွာ ရပ်တည်နေမိလေ၏။ သို့သော်လည်း အတွေးများကမူ သူ၏အသိစိတ်အာရုံတွင် တွေးတောဆင်ခြင်နေမိလေ၏။

သို့လော်လည်မူ သူ၏အသိစိတ်အာရုံတွင် တွေးတောအမှုန်တော့လည်း ဤသို့သော တရားသဘောနှင့် သုံးသပ်ဆင်ခြင်မိသည်ကတစ်ကြောင်း၊ သေဆုံးသွားသူ ပုဂ္ဂိုလ်သည် သူစိမ်းတဘောကြီးက သူ၏စိတ်ကို ချောက်ချား ကြောက်လန့်စေခြင်း မဖြစ်စေခဲ့ခြင်း ဖြစ်ပေ၏။

ဤကဲ့သို့သော လကလေး ခပ်မှန်မှန်နှင့်အကာလ ညအခါဘေလမ်းကလည်းဖြစ်ပြန် အဖော်ဆို၍လည်း ယခုဆိုလျှင်

မောပန်းလွန်းသဖြင့် ပါးစပ်မှ အမြှုပ်တွေထွက်ပြီး အသက်ရှူ မမှန်သေးသော မြင်းကြီးသာရှိကာ လူသားဆိုရှိ မိမိ သာလျှင် ရှိနေသည်မဟုတ်ပါလား။

ခုတော့လည်း ဟို အဝေးတောစပ်လောက်က တော ခွေးအ တစ်ကောင် အရှည်ဆွဲ၍အူနေသည့်အသံ ကြားရ သည်ပင် ရန်ဝေသည် လုံးဝတုန်လှုပ် ချောက်ချားခြင်း မရှိပေ။

'ဩော့...ဖြစ်မှဖြစ်ရလေ သခင်မလေးရယ်၊သခင်မလေးရဲ အဖြစ်ကလဲ ဆိုးလှရန်ကော' ဟုသာ ရန်ဝေသည် တတွတ် တွတ် ရေရွတ်ရင်း စီးသွယ်ကျလာသော မျက်ရည်များကို လက်ဖမိုးနှင့် သုတ်လည်းမရ၊ လက်မောင်းနှင့် ပွတ်သပ်ပါ သော်လည်း စီးကျပြဲ၊ နောက်ဆုံး အင်္ကျီဝတ်စုံစဖြင့် ဆွဲယူ သုတ်ယူခဲ့သည်ပင် မျက်ရည်တို့ကမူ မခမ်းင်နိုရှိ၏။

လူပုဂ္ဂိုလ်တစ်ယောက် အမှန်တကယ်ပဲ ဤကမ္ဘာမြေ လောက မိမိတို့ လူ့ဘာ၊ လူ့ပတ်ဝန်းကျင်က အပြီးအပိုင် ထွက်ခွာသွားပြီဆိုသောအခါ တစ်နည်း ဤလူ၊ဤပုဂ္ဂိုလ် မိမိ၏ အမိအဖ ညီအစ်ကိုမောင်နှမ ချစ်သူ အဆွေခင်ပွန်း အရှင်သခင် မည်သူမဆို နောက်ကာလ ဘယ်သောအခါမှ ပြန်လည်မတွေ့ရတော့ဟု ဆိုသောအခါ ထိုပုဂ္ဂိုလ်နှင့် မိမိ ပတ်သက်ဆက်နွယ်သမျှကို အတိတ်ထဲမှ ရွေးထုတ်ကာ စိတ် ဝယ်ထိခိုက် နာကြည်းရသည်အထိ ခံစားရပါသေ၏။

'ဒီအတိုင်းနေလို့တော့ မဖြစ်သေးဘူး သခင်ကြီးဝမ်ပို့ ရန်သူတွေကို တိုက်ခိုက်ပြီး နောက်က အမှိလိုက်လာမယ်လို့ ပြောတာပဲ၊ သူနောက်က လိုက်များ လိုက်လာပြီလား'

တွေးနေမိကာမှ ဟိုအဝေးက မြင်းတစ်ကောင်ပြေး၍လာ နေသည်ကို တွေ့လိုက်ရသဖြင့် ရန်ဝေ အလွန်ပင်ဝမ်းမြောက် ဝမ်းသာ ဖြစ်နေ၏။

အချိန်မှာလည်း မိုးသောက်အာရုဏ် ကျင်းပြီးဖြစ်၍ အလင်းများသည် အရှေ့မိုးကောင်းကင်ကြီးကစ၍ ဖြူမွေးစ ပြုလာ၏။

နေရောင်ခြည်တော့ဖြင့် မဟုတ်သေးပေ။ အမှောင်၏ အရိပ်အခြည်များသည်လည်း ခပ်ရေးရေး ခပ်ပါးပါးကျန်ရှိ နေပါသေး၏။

ရန်ဝေသည် အခြားဘာကိုမှ စိတ်မဝင်စား၊ အခြား ဘာကိုမျှ မတွေး၊ ဟိုအဝေးက ပြေးလာနေသောမြင်းကို သာ စိတ်အာရုံမပျံ့မူဘဲ စူးစူးနစ်နစ် စိုက်ကြည့်နေလေ၏။

'မြင်းပေါ်မှာ လူတစ်ယောက်ပါလား၊ ဒါပေမယ့် သူက ဘာဖြစ်လို့ မြင်းကို ခါးတင်မှတ်သားပြီး စီးမလာရ တာလဲ'

ဟု ရန်ဝေက တွေးတောစဉ်းစားရင်း ရှေ့ထွက်၍ပင် ကြည့်နေ၏။

သူတစ်ယောက်နှင့် မြင်းတစ်ကောင်သည် တဖြည်းဖြည်း နှင့် ဟိုအဝေးမှ အနီးသို့ ရောက်မှန်းမသိ။ ရောက်၍လာ လေ၏။

မြင်းသည် ဒုန်းစိုင်းသည့်အခါ ဒုန်းစိုင်း၍ ဖြည်းဖြည်း မှန်မှန် လာသည့်အခါ ဖြည်းဖြည်းမှန်မှန်လာနေ၏။

ရန်ဝေရပ်နေသော တောင်ကမူအထက်သို့ ထိုးတက် ယောက်နှင့် မြင်းတစ်ကောင် ရောက်လာသောအခါတွင် ကား။

'အိုး....သခင်ကြီး ဝမ်ပို့လား'

ဟု အော်ဟစ်ရေရွတ်ရင်း ရန်ဝေသည် မြင်းရှိရာသို့ တက် ဟုန်ထိုးနှင့် ပြေးဆင်းသွားလေ၏။

'ရန်ဝေ....လင်းလင်းရော ဟင်'

ဟုနှစ်စိမ့်စိမ့်စား မင်းဝမ်ပို့ ပေးလာသော အသံမှာကား အရင်ကလိုမဟုတ် ခပ်ပျော့ပျော့မျှသာ ရှိပေ၏။

ပြီး....ဝမ်ပို့သည် သူ၏ရင်ဘတ်ကို လက်ဖြင့် ဖိကပ်ထား သည်ကို တွေ့၏။ သူသည် မြင်း၏ပည်ဆံမွေးမျှားပေါ်တွင် ရစ်ဘတ်ကိုအပ်လျက် မြင်းကျောပေါ်မှ အောက်သို့ မက အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ရဟန်တူ၏။

ရင်ဘတ်ဘ ဒဏ်ရာမှာ ရန်သူမျှား၏ လက်ချင်ပင် ဖြစ် ပေလိမ့်မည်။

ထိရှခံရသော ဓားဒဏ်ရာမှ ရင်ဘတ်ခြမ်း ဖြစ်နေသ ဖြင့် လည်း ကျိမဒဏ်ရာကို ဖြစ်စေခဲ့သူသည် သိုင်းပညာရှင် တစ်ဦးတစ်ယောက်တည်းသာလျှင် ဖြစ်ပေမည်ဟု ရန်ဝေ တွေးလိုက်မိ၏။

'ဟင်....ရန်ဝေ....လင်းရော'

ဝမ်ပို့က ဇနီးသည်လင်းကိုသာ တဖွဖွ မေးနေသ ဖြင့်

ရန်ဝေမှာ မတတ်သာသည့်အဆုံး ဟိုမှာသည် တောင်ကမူ သို့ လက်ညှိုးထိုးတာ....

'ဟိုမှာပါ သခင်ကြီး'ဟု ပြောလိုက်လေ၏။

ထိုအခါ ဝမ်ပို့က ရန်ဝေလက်ညှိုးညွှန်ရာ တောင်ကမူ ကား သို့ လိုက်ကြည့်ရှာ၏။

'ဟင်....သခင်ကြီးလဲ ဒဏ်ကြီးနဲ့ပါပဲလား'

'ရန်ဝေ အဲ့ဒီကိစ္စ နေ့ခင်းထားပြီး ငါ့ကိုမြင်းပေါ်က ဆွဲပြီး အောက်ကိုချပေးပါလားကွာ'

'ဟုတ်ကဲ့ပါသခင်ကြီး ခင်ဗျာ၊ ဟုတ်ကဲ့ပါ'

ရန်ဝေက ပြောပြောဆိုဆို ဝမ်ပို့အား ထိန်းမကာ မြင်း ပေါ်က မြင်းအောက်ကို ချလိုက်လေ၏။

ထိုအခါ သူ၏တစ်ကိုယ်လုံး သွေးတွေ ချင်းချင်းနီနေ သည်ကို သတိရရုံမက ထိုသွေးမျှားကို ရန်ဝေကိုင်လိုက်မိ သောသား ဖြစ်နေ၏။

ရန်ဝေတာ စိုးရိမ်တကြီး ပြောလိုက်သော်လည်း ဝမ်ပို့ ကမူ....

ရန်ဝေ မင်း ငါ့ဒဏ်ရာအတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ အခု ငါ့ကိုသာ တွဲပြီး လင်းရှိနေတဲ့ နေရာကို အရောက်ပို့ပေးပါ' ဟုသာ တောင်းဆိုလာလေ၏။

ထိုစကားကို ကြားလိုက်ရသောအခါ ရန်ဝေသည် ဘာ ဆက်လုပ်ရမည်မသိ ဖြစ်နေ၏။

သို့သော် သူက....

'သခင်ကြီးကို သခင်မလေးက စောင့်နေတာရှိပါတယ်၊

သခင်ကြီး ဒဏ်ရာကသွေးတိတ်သွားအောင် အရင်လုပ်ရင် မကောင်းဘူးလား သခင်ကြီး'ဟု ပြော၏။

ထို့အခါတွင်မူ ဝမ်ပို့က ရန်ဝေအား စူးစူးစိုက်စိုက် ကြည့်ကာ....

ရန်ဝေ ငါအမှန်အတိုင်းပဲ ပြောမယ်ကွာ၊ ယခု ငါ့မျက် လုံးတွေဟာ မကြည်လင်တော့ဘူး၊ ဝါးလာပြီ ငါဟာ မကြာတဲ့ အချိန်မှာ သေရတော့မှာပါ၊ ငါ့အကြောင်း ငါ သိပါတယ်၊ ဒါကြောင့် မသေခင် လင်းဆီကို ပို့ပေးပါကွာ

ဟု စကားကို လေးလံစွာ ပြောလာတော့မှ ရန်ဝေသည် လည်း သူ့သခင်ကြီး ဝမ်ပို့အား တွဲ၍ပင် မခေါ်တော့ ခါးမှပင့်ချီ၍ ပခုံးပေါ် တင်လိုက်ကာ သခင်မလေးရှိရာ တောင်ကုန်းကမူဘက်ပေါ်သို့ ပြေးတက်သွားလေ၏။

အမှန်မှာ လူတစ်ယောက်လုံးကို ချီပိုး၍ တောင်ကုန်းက အထက်သို့ တက်ရန်မှာ မလွယ်လှပေ။

အခုတော့လည်း ရန်ဝေမှာ သူ့သခင်ကြီး ဝမ်ပို့ အ ဆန္ဒကို ပြည့်စေလိုသောကြောင့် ဝုန်းခနဲ ချီပိုးတက်သွား လိုက်သည်မှာ လျှပ်တစ်ပြက်မျှပင် ကြာအံ့မထင် ရှိပေ၏။

ထို့နောက် မြင်းပေါ်၌ပင် ရှိနေသေးသောသခင်မလေး၏ ရုပ်အလောင်းဘေးတွင် ဝမ်ပို့ကို ရန်ဝေက အသာအယာ လျှောချ၍ ချပေးလိုက်လေ၏။

ဝမ်ပို့သည် ရင်ဘတ်ကဒဏ်ရာကိုပင် မေ့သွားဟန်၏။

ထိုဒဏ်ရာတွင် ဖိကပ်ထားသော လက်များကို ခွာလိုက် ကာ လင်း၏မျက်နှာကို ပင့်မြှောက်၍ ကြည့်နေလေ၏။

အတန်ကြာ မင်သက်မိသကဲ့သို့ ငြိမ်သက်စွာ စူးစူးစိုက်စိုက် ကြီး ကြည့်နေပြီးနောက် မြန်လှည့် လှုပ်ရှားလာကာ....

'လင်း မရှိတော့ပါကလား'

ဟု ကြေကွဲကသစ္စာ ရေရွတ် ပြောဆိုပြီးနောက် ခါင်း ငိုက်စိုက်ကျသွားသဖြင့် သတိထား၍ ကြည့်နေသော ရန်ဝေ က ဝမ်ပို့ကို နောက်မှ ပြေးဖက်ထားလိုက်လေ၏။

သို့သော်လည်း ဝမ်ပို့ကား သူ၏ဇနီးလင်းအား ဆုပ်ကိုင် သားခဲ့သော လက်တို့သည် ပြုတ်ပြေလွတ်ကျသွားကြပြီး လုံးဝ မှိန်သက်သွားပါလေတော့သည်။

စောစောက အနီးကပ် ကြားနေရသော ခပ်ပြင်းပြင်း အသက်ရှူသံဆိုးကိုလည်း ရန်ဝေမကြားရတော့ပြီ။

ဤကဲ့သို့သော အဖြစ်မျိုးကိုကား ရန်ဝေ နောင်ဘယ် သောခါမျှ မဘွေ့ရလိုကြောင်း ဆန္ဒပြုလိုက်ရချေပြီတကား။

ထို့အခါ ဝမ်လင်းလီသည် မျက်လုံးသူငယ်အိမ်တွင် မျက်ရည်များလည်ကာ မျက်ရည်စမျှား တစ်စချင်းစီးသွယ်ကျလာသော ရန်ဝေကိုကြည့်နေရာမှ သူကိုယ်တိုင်လည်း ရင်ထဲ အလျှံညီးညီး ပြင်းပြင်းပျပျ လှုပ်ရှားတောက်လောင် လာသော ဝေဒနာမီးကို မငြိမ်းနိုင်တော့ပြီ။

မျက်လုံးအိမ်များတွင် ချက်ချင်းပင် မျက်ရည်များ ပိတ်ဖုံးသွားကာ ပါးပြင်များပေါ်သို့ စီးချစီးချ ကျလာလေ၏။

ပြီး တစ်ချက်ရှိုက်လိုက်မိ၏။

ချုပ်တီးထားရာမှ ရှိုက်လိုက်မိသောရှိုက်သံဖြစ်၏။

ထို့နောက်တော့ ဝမ်လင်းလီသည် သူ၏ဆရာကြီး ချုပ်ဟုန်ရှေ့တွင် ငြိမ်သက်စွာထိုင်နေရာမှ ရုတ်တရက် အော်သို့ခုန်းခနဲခုန်ချကာ လူသွားလမ်းကလေးအတိုင်း တစ်ဟုန်ထိုးပြေးထွက်ခဲ့လေ၏။

မိမိကိုယ်မိမိ မည်သို့သောစိတ်ခံစားမှုတွေဖြစ်ပြီး အခုလို အရှိန်အဟုန်ပြင်းပြင်း ထွက်ပြေးမည်ဟု တွေးတောခဏ်းစားဆင်းခဲသည်လည်း မဟုတ်သောကြောင့် အခုလို ထပြေးမိသောအခါကျတော့လည်း မိမိဘယ်ကိုဦးတည်၍ ပြေးနေသည်မသိ။

တောင်တွတ်စွန်းတစ်ခုကို ရောက်လာတော့မှပဲ....

'ဩော်... ငါ တောင်ထိပ်စွန်းကို ရောက်လာပါပေါ့လား'

ဟု တွေးကာ တောင်ထိပ်စွန်းတွင် မားမားမတ်မတ်ရပ်နေလိုက်လေ၏။

ငယ်ကျွန်ကြီးရန်ဝေသည် အထက်ပါအဖြစ်အပျက်များကို အစမှသည်အဆုံး အသေးအချာ အသေးစိတ် ပြောပြပြီးသောအခါ သူသည် သူ၏ရှေ့ ကွပ်ပျစ်ပေါ်တွင် ထိုင်လျက်ရှိနေကြသော နဂါးငွေ့ခေါင်းသိုင်းပညာရှင်ကြီး ချုပ်ဟုန်နှင့် ဝမ်လင်းလီတို့ နှစ်ဦးအနက် ဝမ်လင်းလီကို ရှေ့၍ ကြည့်လိုက်လေ၏။

ပြီးလျှင်....

ရန်ဝေက....

'မင်းအဖေနဲ့အမေတို့ရဲ့ အဖြစ်အပျက်ကတော့ဖြင့် အဲဒါဟာ အကုန်ပါပဲကွယ်'

ဟု ပြောဆိုအဆုံးသတ်လိုက်လေ၏။

[illegible] ကုန်မြင့်တွင် တဟူးဟူးနှင့် အဆက်မပြတ် [illegible] နေလေ၏။

[illegible] တစ်ဆောက်တည်းသို့ မျော်၍ကြည့်လိုက်သောအခါ စိမ်းလန်းစိုပြေသော တောအုပ်များသည် မြေအပြန့်တွင် အကွက်လိုက် အကွက်လိုက် ပြားပြား၀ပ်ရှိနေလေ၏။

တိုမှာတက် အဝေးကြီးမှာကတော့ မိုးကောင်းကင် နှစ်တိမ်လွှာများ နှောက်မြင့်ကွင်းကို အနားသပ်ပေးထား သော တောင်ဘုံးတောင်စွယ်များ....

အောက်ခြေမြေပြင်နှင့် မီမိရောက်ရှိနေသော တောင်ကုန်း ပြင့်အကြား ဇလဟာပြင်တွင် နွေတိမ်စများလွင့်ကာ နဂါး ငွေ့တန်းကြီးသည် ဖြူဖွေးသောနဂါးတစ်ကောင် ရစ်ပတ် နေ၁င်ဖွဲ့ ထားသကဲ့သို့ရှိ၏။

၀မ်လင်းလီက လက်အစုံကို ဟိုအထက် မိုးကောင်းကင်ဆီ သို့ မြှောက်ကာ...

'ဟေး'

'ဟေး'

'ဟေး'

ဟု တစ်ဘစ်ချင်းချင်း တစ်အားကုန်းအော်ဟစ် လိုက်လေ ၏။

၀မ်လင်းလီ အော်ဟစ်လိုက်ပြီးနောက် ဟိုမှာ သည်မှာ အရှေ့အနောက်၀ဲယာ အရပ်လေးမျက်နှာမှာ....

'ဟေး'

'ဟေး'

'ဟေး'

ဟူသော ပဲ့တင်ထပ်သံလို့ငှ်းများက မိမိထံ ပြန်လည်လွှင့် ပါး ရောက်ရှိလာပါလေတော့၏။

အမှန်ကတော့ အခုလို မိမိပြုလုပ်လိုက်သော ပြုမူချက်သည် အလွန်ပင် ကလေးဆန်လှပေ၏။

သို့သော်လည်း ကလေးတစ်ယောက်လို အဓိမ္မာယ်မဲ့ပြုမူ ခြင်းမျိုးမကုတိသလို ပျော်ရွှင်ရွှင် ပြုမူခြင်းမျိုးလည်း မဟုတ် ပေ။

မိမိ၏ရင်ဝဲတွင် ပိတ်ဆို့ပြည့်ကျပ်နေသော ခံစားချက် စိတ်သောက ဝေဒနာများကို ဖော်ထုတ်လိုက်ခြင်းသာဖြစ် ဖြစ်၏။

သို့တိုင်အောင် ရင်ထဲမှာကား တလှပ်လှပ်လှပ်ရှားနေဆဲ ပင် ရှိနေပါသေး၏။

ထို့ကြောင့် ၀မ်လင်းလီသည် တောင်ထိပ်စွန်းတွင် ထိုင် လိုက်ကာ ဒူးနှစ်လုံးကြားတွင် မျက်နှာကိုဝှက်၍ အပ်ကာ လက်အစုံကိုလည်း ဒူးနှစ်လုံးကိုပိုက်ဖက်လျက်ထားကာ ငြိမ် သက် နေပါလေတော့၏။

လေသည် ၀မ်လင်းလီအား တောင်ထိပ်စွန်းကလွှင့်ပွား မတတ် ဘဟူးဟူး တိုက်ခတ်နေလေ၏။

လေများ အဆက်မပြတ် တွန်းတိုက်လေသဖြင့် သူ၏ ခန္ဓာ ကိုယ်ပေါ်သို့ ဝတ်စုံစတို့သည် တဖျပ်ဖျပ် တလှပ်လှပ် လှုပ်ခတ် နေကြကုန်၏။

'ဝူး ဝူး'

လေတိုးသံတို့ကား ဝမ်လင်းလီ၏နားအတွင်းသို့ တဝူးဝူး မြည်ဟည်းသောအော်မြည်သံမျိုးကို ဖြစ်ပေါ်စေလျက် ရှိပေ၏။

ဤကဲ့သို့ဖြင့် မည်မျှသော အချိန်အတိုင်းအတာသို့ ကြာမြင့်သွားခဲ့သည်ကိုကား ဝမ်လင်းလီ လုံး၀ သတိမထားလိုက်မိပေ။

အနီးသို့ တဖြည်းဖြည်း နီးကပ်လာသော ခြေသံတစ်သံကို ကြားလိုက်တော့မှပဲ အဝေးသို့လွှင့်ထုတ်ထားသော အတွေးစမျှားကိုပျက်ဖြယ်စေမြီး ဤပတ်ဝန်းကျင်ကိုပြန်လည်သတိထားလိုက်လေ၏။

ကြားရသောခြေသံကိုကား ဝမ်လင်းလီကောင်းစွာ မှတ်သားထားပြီး ဖြစ်၏။

ဆရာကြီး နဂါးငွေ့ခားချင်းဟုန်၏ခြေသံပင် မဟုတ်ပါလား။

ဆရာကြီးသည် တစ်လှမ်းချင်း လျှောက်လာပြီးနောက် ဝမ်လင်းလီအနီးသို့ ရောက်သောအခါ ဝမ်လင်းလီကိုမကြည့်ဘဲ ဟိုအဝေး မိုးကောင်းကင်ပြင်ကြီးနှင့် တောရိပ်တောင်ရိပ်များကို ငေးမောမျှော်တွေးနေဟန် ရှိနေလေ၏။

ထိုအခါတွင်မှ ဝမ်လင်းလီသည်လည်း ဆရာကြီးကိုမော့၍ ကြည့်လိုက်လေ၏။

မျက်ရည်စများကား နှစ်ဖက်ပါးပြင်ဝယ် အသွယ်သွယ် ကျလျက်ပင် ရှိနေပါသေး၏။

ဆရာကြီးသည် ဟိုအဝေးသို့ လှမ်းမျှော်ကြည့်နေလျက်ကပင်....

'လောကမှာ တို့တစ်တွေ့ လူသားအားလုံးဟာ လောကကြီးရဲ့ည့်သည်တော်တွေချည်းပါပဲကွယ်၊ အေးလေ ည့်သည်တွေဆိုတော့လဲ အရင်လာတဲ့ ည့်သည်တွေရှိသလို နောက်မှ ရောက်လာတဲ့ ည့်သည်တွေလဲ ရှိမယ်....။

'အရင်ပဲရောက်ရောက်၊ နောက်ပဲရောက်ရောက်၊ လောကကြီးနဲ့ ဆက်ဆံရင်းနှီးမှုကတော့အတူတူချည်းပါပဲ၊ အဲ....ဒီလိုရင်းနှီးမှုတွေရပြီးတဲ့ နောက်ဆုံး တစ်နေ့မှာ လောကကြီးကဟို့မျှားည့်သည်တွေဟာ ပြန်ကြရမှာ ဓမ္မတာပဲလေ'

'အင်း ဒီမှာလဲပဲ တို့မျှားဟာ ဘယ်လာမှန်းမသိသလို ပြန်သွားတော့လဲ ဘယ်ကိုပြန်သွားရမှန်း ဘယ်သူမှ မသိကြပါဘူး၊ လာခဲ့ကြတဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက် တူညီမှုတစ်ခုရှိတယ်လို့ ပြောနိုင်ပေမယ့် လဲ ပြန်တဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်နည်းနဲ့မှ မတူညီနိုင်ကြတော့ဘူးပေါ့ကွယ်....။

'ကံဆိုတဲ့အကြောင်းရဲ့ အကျိုးဆက်တွေပါပဲ၊ ဒါတွေ့ကို ဆရာကြီး မင်းတို့ကို ပြောခဲ့ဖူးပါတယ်၊ ဒီတော့ စိတ်ကိုဖြေပါ၊ စိတ်ကိုဖြေတဲ့နေရာမှာ ထွက်ပေါက်ပေးရပါတယ်၊ စိတ်ဆိုတာ မသိကြလို့သာ၊ မြစ်ရေလိုပဲကွယ့် အမြဲစီးဆင်းနေတာပါ၊ ဒီမှာကတော့ ခံစားမှုဆိုတဲ့ အာရုံမြစ်ကြီးပေါ့ကွယ်....။

'ဒါကြောင့် မြစ်ရေကိုတားဆီးပိတ်ဆို့လို့ မရသလို၊ စိတ်အာရုံမြစ်ကြီးကိုလဲ တားဆီးပိတ်ဆို့လို့ မရဘူးပေါ့၊ ဒါ

ကြောင့် သူ့ကို လမ်းကြောင်းဖွင့်ပေးရပါတယ်၊ တိကျမှန်ကန်တဲ့ လမ်းကြောင်းပေါ့ကွယ်'

'အခုနေမှာပင်းလုပ်ရမှာကမင်းသားကြီးတို့ရှေ့ဟုန်ရဲ့စီစဉ်ဆောင်ရွက်မှုတွေမှာ ဆရာကြီးသင်ကြားပေးလိုက်တဲ့ နဂါးငွေမောင်းသိုင်း လျှို့ဝှက်ချက်တွေကို အသုံးချပြီး ပါဝင်ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်....။

'ဒါဟာ လူဘစ်ယောက်ရဲ့တန်ဖိုးကို မြင့်ယူတာပါပဲ၊ လူတိုင်းဟာ သူ့တန်ဖိုး နဲ့သူ ရှိနေတာ မဟုတ်ပါဘူး၊ ကိုယ်တိုင်လုပ်ယူကြရတာပါ၊ ကဲ ဝမ်းလင်းလီ မင်း ဆရာကြီးပြောနေတဲ့စကားတွေကို နားလည် သဘောပေါက်ရဲ့လား'

ဆရာကြီးသည် ဘို အဝေး မိုးကောင်းကင်သို့ လှမ်းမျှော်ကြည့်နေလျက်က ပြောဆို မေးမြန်းလိုက်လေရာ၊ ဝမ်းလင်းလီသည်လည်း ငြိမ်သက်ရှိနားထောင်မှတ်သားနေရာမှ....

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီး ပြောဆိုညွှန်ကြားချက်များကို တပည့်ကျွန်တော် နားလည် သဘောပေါက်ပါတယ်ခင်ဗျာ' ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာကြီးက ဝမ်းလင်းလီတက်သို့ လှည့်ကြည့်လိုက်လေ၏။ ဝမ်းလင်းလီသည်လည်း မျက်နှာပေါ်တွင် ကျန်ရှိနေသေးသော မျက်ရည်စများကို လက်ဖမိုးဖြင့်သုတ်သင် ဖယ်ရှားကာ ထရပ်လိုက်လေသည်။ ပြီး ဆရာကြီးကို ကြည့်လိုက်လေ၏။

ဆရာကြီးနဂါးငွေ့ခေးခွင်းဟုန်ကား တစ်ခေါင်းလုံးရှိ ဆံပင်များသည် ဖွေးဖွေးဖြူကာ မျက်ခုံးမွေး၊ ပါးမြိုင်းမွေးနှင့် တံဆိပ်မွေးနှင့် နှုတ်ခမ်းမွေးလိုသည်လည်း အနက်ဆောင်ဟူ၍

ရှိတော့ဘဲ ငွေဆောင် တောက်နေလေ၏။ ဝတ်ထားသော ဝတ်ရုံဖြူကြီးမှာကား လေတွင်တလူးလူးတလွန့်လွန့် လွင့်နေလေသည်။

တောင်ဝှေးရှည်ကြီးကို ထောက်၍ ကိုင်ထားသည်မှာဆရာကြီးသည် တောင်ထိပ်စွန်းတွင် တည့်မတ်စွာ စိုက်ထူထားသော တံခွန်တိုင်တစ်တိုင်ကို ဆုပ်ကိုင်ထားဘိသကဲ့သို့ ရှိလေ၏။

ထို့နောက် ဆရာကြီးက....

'ကဲ မနက်ဖြန် ခရီးထွက်ရမယ် မဟုတ်လဲ၊ 'ဟုမေးလေရာ ဝမ်းလင်းလီက....

'ဟုတ်ကဲ့ပါ ဆရာကြီး' ဟု ပြောလိုက်လေသည်။ ထိုအခါ ဆရာကြီးက တောင်ဝှေးရှည်ကြီးကို မလိုက်ကာ.....

'ခရီးထွက်မှပေးအပ်မယ် ဆရာကြီးရဲ့လက်ဆောင်ပစ္စည်းတစ်ခုကို ဆရာကြီး ပေးစရာရှိသေးတယ်ကွယ် လာ လာ'

ဟု ပြောပြီး တောင်ကုန်းအောက် ဆရာကြီး၏ အိမ်ဂေဟာသို့ ရှေ့ရှည်လျောက်လှမ်းသွားလေသည်။ ဝမ်းလင်းလီသည် ဆရာကြီး၏နောက်မှ လိုက်ပါသွားလေ၏။

အိမ်ဂေဟာရှေ့ကုပ်ပျစ်တွင် ရှန်ဝေသည် ယခုတိုင် ထိုင်စောင့်နေမိ၏။ သူသည် ဆရာကြီးနှင့်ဝမ်းလင်းလီတို့ လျှောက်လာသည်ကို တွေ့လိုက်ရသောအခါ ထိုခရာမှထသည်။

ဆရာကြီးနှင့် ဝမ်းလင်းလီ ရှန်ဝေရှေ့မှ ဖြတ်ကျော်သွားခါမှ သူလည်း ဝမ်းလင်းလီနောက်မှ ကပ်ရှလိုက်ခဲ့လေ၏။ ဤသို့ဖြင့် ဆရာကြီးသည် သူ၏အိမ်ဂေဟာ အတွင်းသို့ဝင်၏။ ဤဉာဏ်ခန်းဆောင်ကို ဖြတ်ကျော်၏။

ထို့နောက် ရှေးဟောင်း စာပေပုရပိုက်များ ထားသို့ရာ အခန်းကြီးတစ်ခန်းသို့ ရောက်လာခဲ့သည်။

ဤစာပေပုရပိုက်ခန်းကြီးအတွင်းသို့ ဝမ်လင်းလီရောက်ဖူးသည်ရှိသော်လည်း ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်၊ လုပ်ခွင့်ရှိသော အခန်းတော့ဖြင့် မဟုတ်ပေ။

ဆရာကြီးသည် တစ်နေရာတွင်ရှိသော အံဝှက်တံခါးတစ်ချပ်ကိုဖွင့်လိုက်ပြီးနောက် အစိမ်းရောင်ကတ္တီပါစဖြင့် ရစ်ပတ်စည်းနှောင်ထားသော အရာတစ်ခုကို ဆွဲထုတ်လိုက်လေ၏။

ဝမ်လင်းလီနှင့် ရန်ဝေသည် ဆရာကြီးလက်ပေါ်ကအစိမ်းရောင်ကတ္တီပါစ အထုပ်ရှည်ကို တွေ့လိုက်ရသည်နှင့် ထူးခြားသောခံစားတစ်လက်ဖြစ်ကြောင်း သိလိုက်ကြလေ၏။ မည်သည့်ခံားမှုရှိလာ မသိပေ။

ဆရာကြီးက ကတ္တီပါအုပ်ကို စားပွဲပေါ်တင်ကာ စည်းနှောင်ထားသော ပိုးကြိုးသုံးစကိုဖြေကာ ကတ္တီပါစကို ဖြန့်ချလိုက်လေ၏။

ထိုအခါ အလင်းဖြင့်ထိတွေ့ကာ ဝင်းခနဲ လက်ဖြာသွားသော အလင်းရောင်ခြည်တန်းကို စတင်သည့်အရာဖြစ်နေသည့် ဆောင်ခားကြီးတစ်လက်ကို တွေ့ရလေ၏။

ပြီးပြက်သောအရောင်တန်းများမှာကား ခားအိမ်နှင့် ခားရိုးပေါ်တွင် မြုပ်နှံစီခြယ်ထားသော စိန်ပွင့် ကလေးများမှ အလင်းရောင်ပြန်လာခြင်းပါပေ။

'ဒီခားဟာ နဂါးငွေခားလို့ ခေါ်တယ်၊ အရှေးတော်ပုံဝတ္ထုရှိမှ ထုတ်သုံးရတယ်၊ ကဲ ဒီခားကို ဝမ်လင်းလီ ဒီအချိန်ပြီး ပိုင်စေဆိုင်ခေ ဆိုပါတော့'

ဟု ဆရာကြီးက ပြောလိုက်သောအခါကား ဝမ်လင်းလီ၏မျက်နှာပေါ်တွင် ဝမ်းမြောက်ရွှင်လန်းသော စိတ်လှိုင်းများ လွှမ်းသွားပါလေတော့သတည်း။

အခန်း [၇]

မှိုင်းပြာသော တောင်တန်းရှည်ကြီးပေါ်တွင် အနိ
ကဲသော ရောင်ပြင်ကြီး တစ်ခုကား တစ်လောကလုံးကို
ဆောင်နေဘီသကဲ့သို့ ရှိလေ၏။

လုံးဝန်းနီမြန်းသော နေလုံးသည် တောင်တန်းရှည်ကြီ
နောက်ကွယ်သို့ ငုံလျှိုးဆင်းသက်ကာ တစ်နေ့တာ ဟူသော
အချိန်ကာလတစ်ခုကို အနားသတ်ချေတော့မည် မဟုတ်
လား။

ဤသည်ကား ဆည်းဆာနှစ်မျိုးအနက် ညခင်းဆည်း
တည်း။ ရောင်စင်တို့၏သဘာဝမှာ ဤကဲ့သို့သော ဆည်း
(၀၇) စပ်ကြားကာလတို့တွင် သူတို့၏သဘာဝ အလှအပ
ထုတ်လှစ်ဖော်ပြတတ်သည် ဟူ၏။

ကခုလည်း ညခင်းဆည်းဆာသည် တောက်ပသော၊ ဝင်း
သက်သော၊ ဖြူလွင်သော ရောင်စုံကားချပ်ကြီး တစ်ခုနှယ်
ဖြန့်ချ၍ ထားပါပကောလား။

မြူခိုးမြူငွေ့တို့သည်လည်း တောင်တန်းရှည်ကြီး ရှေ့
ဝယ် ဝေ့ဝိုက်လွင့်မျောခြင်းဖြင့် ဆိုင်းထင်၍ မှောင်ဝေနေ
စေပါ၏။

ထိုအခါ တောအုပ်ကလေးများနှယ် အစိမ်းရင့်ရောင်
အပြာရင့်ရောင်တို့ဖြင့် သူ့အစုကလေးများဖြင့် ရှိနေသော
နေရာများမှ၊ တစ်သွယ်တည်းထွက်လာသော မီးခိုးငွေ့
တလေးသည်ပင်လျှင် အထက်မိုးကောင်းကင်သို့ ဆက်လက်
မတက်ဘဲ မြူမှုန်မြူငွေ့များဖြင့် ရောယှက်ကာ ရုတ်တရက်
ပျက်ပြယ်ခြင်းမရှိ တည်ငြိမ် ဆိုင်းထင်း၍နေလေ၏။

ကျောက်ခက် ကျောက်ပန်းကလေးများဖြင့် တည်ကျန်
ရစ်သည်အထိ ကျောက်ဖြစ်ရပ်ကြွင်းနှယ်ရှိစေသော ကျောက်
သားခံ စမ်းရေစီးကြောင်းကလေးများမှာ တလွင်လွင်၊
တသွင်သွင် စီးဆင်းနေလေ၏။ တောကြွက် တောငှက်တို့သည်
အစာရှာကပြန်လာကြဆဲရှိသလို၊ အချို့သည်လည်း မိမိတို့
အသိုက်မြုံထဲသို့ ရောက်ရှိခိုဝင်နေကြပြီဖြစ်၏။

ချုံနှယ် စေးပြစ်များဖြင့် ပင်ချင်းယှက် တောအုပ်
ခင်တန်းများတွင် မျောက်ကလေးများ အော်ဖြည်ဆော့
ကစားနေကြသလို အမြီးဖွားဖွားနှင့် လွန်စွာ ကစားခုန်စား
လုပ်တတ်သော ဖြူ၀၊ ၀၇ ရှဉ်ပေါက်ကလေးများ ကတော့

ဖြင့် သည်နေရာ သည်စခန်းတွင် အခုန်ပုံ ဝိဇ္ဇာကလေးများ ဟုပင် ဆိုရမလောက်ဖြစ်ပါ၏။

ထိုသို့သောအချိန်၊ ထိုပတ်ဝန်းကျင်တွင် မြင်ကွင်းထဲ ထိုးဝင်လာသော ပေါ်ပေါက်လာသော အရာနှစ်ခုမှာကား ခပ်စောစောက လာနေသော မြင်းစီးသမားနှစ်ဦးပင် ဖြစ်ပေ၏။

တစ်ဦးမှာ အသက် နှစ်ဆယ် ကျော်ရုံပင် ရှိမည်။

ကျေးတောသား အဝတ်အစားမျိုးကိုပင် ဝတ်ဆင်ထား ပါသော်လည်း လျှောင်တစောင်းတွဲလောင်းချသော ဆံပင် ဖားလျားကား လူရွယ်၏ ယောကျ်ားပီသသော အလှ ကျက်သရေကို ဆောင်နေလေ၏။

လူရွယ်နှင့်အတူ မြင်းညိုကြီးစီးလျက် လိုက်ပါလာသူ လူကြီးမှာ အသက် ငါးဆယ်ကျော် လူကြီးပိုင်းဝင်နေပြီဖြစ်သည်။

သူသည်လည်း လူငယ်တဲ့သို့ပင် ကျေးတောသား ဝတ်စုံကိုပင်ဝတ်ဆင်ထားလေ၏။ သူတို့သည်ကား ဆောင်ဝေးများကိုမှီစီးပါရှိသော်လည်း ကျောပေါ်တွင် ချိတ်လွယ်ထားကြသည် မဟုတ်ပဲ ခါးတွင်ချိတ်ထားကြလေ၏။

သူတို့သည် ခရီးတစ်ခုကို ဖြတ်ကျော်ခဲ့ရသည့်အတွက် လူတွေရော မြင်းတွေပါ မောပမ်းနေကြဟန်တူလေ၏။ အရိပ်ကောင်းသော ဝက်သစ်ချပင်ကြီး တစ်ပင်အောက်သို့ ရောက်သည်နှင့် ဆက်မသွားတော့ပဲ မြင်းများကိုရပ်ကာ မြင်းများပေါ်က ခုန်ဆင်းလိုက်ကြလေ၏။

သူတို့ကား ဝမ်လင်းလီနှင့် ရန်ဝေ ဦးလေးကြီးတို့ပင်ဖြစ်ပါ၏။

ဝမ်လင်းလီက မျက်နှာပေါ်ရှိချွေးများကို လည်ပင်းတွင် သိုင်းနှောင်လာသော ပဝါတစ်ထည်ဖြင့် သုတ်လိုက်ပြီး ရန်ဝေအား....

'နီးပြီလား ဦးလေးရန်ဝေ' ဟု မြေလိုက်လေ၏။

ထို့နောက် ရှေ့ဆက်ရဦးမည့် ခရီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ကာ....

'အင်း.... နီးပါပြီ ဆိုတာတောင်၊ စိတ်ထင် နှစ်တောင်လောက် ကျော်ရဦးမယ်ထင်တယ်'

ဟု မှုမြောချင်ဖြောချင်ပြောနေရာမှ ရေဘူးကို မြင်းကုန်းမှ ဖြုတ်၍ ရေကိုမော့သောက်၏။ ပြီးလျှင် ရေအနည်းငယ် လက်ဖမိုးထဲထည့်၍ မျက်နှာနှင့် ဂုတ်ပိုးကို ပုတ်လိုက်လေ၏။

ထိုအချိန်ကွင် ဝမ်လင်းရိလည်း 'ရေဘူးမှရေကို မော့သောက်နေလေ၏။

ဝမ်လင်းယုက ရေဘူးကိုပြန်ပိုးရင်း....

'ဦးလေးရန်ဝေ ကျွန်တော်တို့ ရေရှာဦးမှဖြစ်မယ်၊ ခြင်းတွေလဲ အတော်ပင်ပမ်းနေကြပြီ'

ဟု မြေလိုက်သောအခါ ရန်ဝေးက....

'ရှေ့နားက၊ အောက်ဘက်မှာ စမ်းချောင်းအစကို တွေ့ကိုက်တယ်၊ အဲဒီဆီရောက်မှ ရေတိုက်ပြီး ခဏလောက်လှန့်ထားကြတာပေါ့'

ဟု ပြောလေ၏။

ဦးလေးကြီး ရန်ဝေ ပြောသည့်အတိုင်းပင် ရှေ့ဘက် တောင်ကုန်းအဆင်းသို့ ဆက်သွားကြသည်နှင့် စမ်းချောင်း ငယ်တစ်ခုကို တွေ့ရလေ၏။

စမ်းချောင်းငယ်မှာ ကျောက်ချပ်ကြား တလျှောက် က စီးဆင်းလာသော စမ်းချောင်းဖြစ်သဖြင့် ရှုတ်တရက် ပြင်ရန် မလွယ်လှပေ။

ရေခြောင်းတစ်ခုနှင့်ပင်တူ၏။ ရေမြောင်းမှာ ရေပုတ် ရေနုံများ စီဆင်းတတ်သေပ်လည်း ယခုလို တောလမ်း တောင်ကြား ကျောက်ကြို ကျောက်ကြားမှ စီးဆင်းလာ သော စမ်းချောင်းမှ ရေမှဲ့ကား မှန်သားပြင်နှင့် မခြား ကြည်လင်အောမြနေတတ်ပါ၏။

ထိုစမ်းချောင်းတွင် မြင်းမျှားကို ရေတိုက်ရသည်မှာလည်း အလုပ်တစ်ခုဖြစ်၏။

သာမန်ချောင်းမျှားတွင် ရေစပ်ကို မြင်းမျှား မောင်းခွ လိုက်ရုံနှင့် မြင်းရေတိုက်သော အလုပ်ကို ပြီးမြောက်လေ့ ရှိပါ၏။

ဤကျောက်ချပ်ကြား စမ်းချောင်းတွင် မြင်းရေတိုက်ရ သည်မှာ မြင်းမျှား ဆင်းနိုင်သောနေရာကို တပင်တပန်းလိုက် ရှာရတတ်ပါ၏။

မြင်းမျှားကို ရေတိုက်ပြီး အစာစိမ်းစားရန် ခဏလွှတ် ထားလိုက်သည်။

မြင်းတွေကလည်း သဘောမေါက်သည်။ သခင်နှင့်ဝေး သည့် သွားခဲ့သည်။

အနီးရှိ မြက်နုမျှားကိုသာ ရှာစားကြလေ၏။ ဝမ်လင်းရှိ သည် သစ်ပင်တစ်ပင်ကိုမှီ၍ ထိုင်ကာ ငေးငိုင်နေတဲ့ရန်ဝေက လေးလောင့် အံစာတုံးနှစ်ခုကို ယူလာပြီး မှုန့်တစ်ခုကို ဝမ်လင်းရှိအား ပေးလေ၏။

ဝမ်လင်းလက် လေးထောင့်မှုန့်ကို လှမ်းယူရင်း အဖေနဲ့ အမေတို့ရဲ့ မြေပုံရှိတဲ့ နေရာကို ဆောက်ရတော့မယ်ဆိုတော့လဲ ကျန်တဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ ဦးလေး ရန်ဝေရယ်' ဟု ပြောလေ၏။

ဦးလေးကြီး ရန်ဝေသည် ဝမ်လင်းရှိအနီးတွင် ဝင်ထိုင် လိုက်ကာ....

'ဒါပေါ့ကွာ၊ မင်းမှာကသားတစ်ယောက် မဟုတ်လား၊ ငါ နားလည်ပါတယ်။

'မင်းလိုသားတစ်ယောက် မပြောနဲ့ ငါလို လူတစ်ယောက် တောင် တွေးမိတိုင်း ရင်နာလို့ မဆုံးပါဘူး၊ တိန့်ယုမိန်ဟာ ဘော်တော် စိတ်ထားကျဉ်းမြောင်းတဲ့ လူတစ်ယောက်ပါ ကွာ၊ တကယ်ဆိုရင် သခင်ကြီး ဝမ်ပိုဟာ တစ်ဇမ်းသာ ကဲ့သေးတဲ့ ဦးလေးတော် တစ်ယောက်ပဲ မဟုတ်လား၊ အခုလောက် ရက်ရက်စက်စက် စိတ်ထားမျိုး မထားသင့် ပါဘူးကွယ်' ဟု ပြော၏။

ဝမ်လင်းရှိက....

'သူ့မှာက ဘေးမှာ သူ့ကို ပင့်တင်မြှောက်မနေကြတဲ့

လူတွေများလာပြီလေ၊ တစ်ခါတစ်ခါတော့လဲ သူ့စိတ်သူ့သဘော ရှိချင်မှ ရှိတော့မှာပေါ့'

ဟု မှတ်ချက်ချလေ၏။

ထိုညက ဝမ်လင်းရိတို့ မောမောနှင့် အိပ်ပျော်သွားသဖြင့် ရှေ့မဆက်ဖြစ်တော့ပေ။

သို့နှင့် ကျေးရွာကလေး တစ်ရွာအထွက် ထမင်းဆိုင်ကလေး တစ်ဆိုင်ဆိုင် ညစာ ဝင်စားကြရင်း ဦးလေးကြီး ရန်ဝေက ထမင်းဆိုင်ရှင် လူကြီးအား....

'ဒီကနေ တွင်ချင်ယင်တောင်ကုန်းကို သွားရင် အခုညရောက်နိုင်ပါ့မလား'

ဟု မေးကြည့်သောအခါ လူကြီးက....

'သွားမယ်ဆိုရင်တော့ ရောက်တာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့မသွားစေချင်ဘူး ဒီလမ်းတွေကအရင်နယ်စားကြီး တိန့်ဟန်ချန် အုပ်ချုပ်တုန်းကလို မဟုတ်ဘူး၊ တိန့်ယုမိန် အုပ်ချုပ်ကတည်းက တောပုန်းဓားပြတွေ အလွန်ပေါတာ'

ဟု ပြောလေ၏။

သို့နှင့် ခရီးမဆက်ဖြစ်ဘဲ ထမင်းဆိုင်ကလေး နောက်ဘက် ထင်းများထားသိုသော တဲ့ကလေးတွင်တည်းခိုခွင်ရခဲ့လေ၏။

ဆိုင်ရှင်လူကြီးက နောက်ဘက် ထင်းတဲတွပ် နေရာပေးရှိ ထင်းတဲဘက်သို့ ကူးမည်အပြု ထမင်းဆိုင်ကလေးသို့ မြင်းစီးသမား သုံးယောက် ရောက်လာကြလေ၏။ သူတို့သုံးမယာက်ကို တွေမြင်လိုက်ခြင်းအားဖြင့် တိန့်ယုမိန်၏ရဲမက်များ ဖြစ်သည်ဟု ဦးလေးကြီး ရန်ဝေက သိရှိလိုက်လေ၏။

ထို့ကြောင့် ရန်ဝေသည် ဝမ်လင်းရိ၏လက်ကို ဆတ်ခနဲဆွဲခေါ်ကာ ထမင်းဆိုင်အပြင်သို့ အမြန်ဆုံး ရောက်စေလိုက်လေ၏။

ဝမ်လင်းရိကလည်း ရိပ်မိလိုက်လေ၏။

'သူတို့ဟာ တိန်ယုမိန်ရဲ့ ရဲမက်တွေ မဟုတ်လား' ဟုမေး၏။

ဦးလေးကြီး ရန်ဝေက....

'ဟုတ်တယ်လေ ဒါကြောင့် တို့ကိုမြင်မှာစိုးလို့ မင်းကို ဆွဲခေါ်လိုက်ရတာ တွေ့သွားပုံတော့ရတယ်'

ဟု စိတ်ပျက်လေဟန် ပြော၏။

ဝမ်လင်းရိက....

'မှုမနေစမ်းပါနဲ့ ဦးလေးရန်ဝေ ရယ်၊ ကျွန်တော်တို့ဟာ ဟိုအရင်ကလို အခြေအနေမျိုးမှမဟုတ်ဘဲ ဦးလေးရန်ဝေ ဆိုရင်လဲ အခုလို ရဲမက်သုံးယောက်မပြောနဲ့ ခြောက်ယောက်လာဦး မမှုတော့ဘူးမဟုတ်လား'

ဟု ပြောလိုက်လေ၏။

ထိုအခိုက် ထမင်းဆိုင်ကလေးထဲမှ စကားသံကို ဝမ်လင်းရိတို့ ကြားလိုက်ရလေ၏။

'ဘယ်ကရောက်လာတဲ့ လူစိမ်းတွေလဲ အဘိုးကြီး လူဘိုင်းကိုလဲ အရမ်းလက်သင့်မှခံနဲ့နော်'

ဟူသော စကားဖြစ်၏။

ဝမ်လင်းရိက ရင်ထဲ ဖျတ်ခနဲခံစားလိုက်သဖြင့် ဆောင်ရားပေါ် လက်တင်လိုက်လေရာ ထိုလူပ်ရှားမှုကို မြင်လိုက်သော ဦးလေးကြီး ရန်ဝေက....

'အချိန်မတန်သေးပါဘူး ဝမ်လင်းရီ အချိန်တွေစောပါသေးတယ်'

ဟု သတီပေးလိုက်၍ ဝမ်လင်းရီ ဒေါသစိတ်ကို ဖြေချလိုက်ပါလေတော့၏။

နောက်နေ့နံနက် အရုဏ်တတ်အချိန်တွင်ကား ဝမ်လင်းရီနှင့် ရန်ဝေတို့သည် တွင်ချင်ယေ တောင်ကုန်းသို့ ခပ်စောစောပင် ရောက်ကြလေ၏။

တွင်ချင်ယေတောင်ကုန်းဟူသောအမည်ကပင်လျှင်အစီမိုးရင့်ရောင် ဟူသော အဓိပ္ပာယ်ကို ထွက်လေရာ နာမည်နှင့်လိုက်လျောသည်ထွေ၍ ဤနေရာဤတောင်းကုန်းပေါ်သို့ ရောက်လာသည်နှင့်မောလာသမျှ ပင်ပမ်းလာသမျှပိန်းကြာဖက်ပေါ် ရေတင်ဘိသကဲ့သို့ လျှောပြေဆင်းသက်သွားဘိသကဲ့သို့ ရင်မှအမောများသည်လည်း လွှင့်မျောပျောက်ကွယ် သွားပါလေတော့၏။

ဦးလေးကြီး ရန်ဝေက ဝမ်လင်းရီအား ရှေ့ကခေါ်လာကာ တစ်နေရာရှိ မြေစာမိုမိုနှစ်ခုကို တွေ့ရသော အခါ...

'ဒီမြေပုံနှစ်ခု ပါပဲ ဝမ်လင်းရီ၊ ယာဘက်က မင်းအမေမြေပုံ ဘယ်ဘက်ကတော့ မင်းအဖေရဲ့ မြေပုံပါပဲကွယ်'

ဟု ပြောလေ၏။ ထိုနောက် ဦးလေးကြီး ရန်ဝေသည် အတိတ်က အဖြစ်ဟောင်း ပုံရိပ်များကို မနေ့တစ်နေ့က ဖြစ်ခဲ့ရသော ဖြစ်စဉ်များမှတ်ကာ ဝမ်းနည်းလာကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာတော့၏။

ဝမ်လင်းရီကား စကားကိုပင် မပြောတော့ပေ။ မြေပုံနှစ်ခု ခြေရင်းတွင် ဒူးထောက်၍ ထိုင်ချလိုက်ကာ ကန်တော့နေပါလေတော့၏။

'အဖေနဲ့အမေကို လာကန်တော့ပါတယ်၊ အခုလို လာကန်တော့ရင်း အဖေတို့အမေတို့ကို ကျွန်တော် သက်သေတည်ပြီး အဓိဌာန်ပြုပါတယ်။

'ကျွန်တော်ဟာ တရားဥပဒေစိုးမိုးရေးနဲ့ အမှန်တရားတက်မှာ အစဉ်ထာဝရ ရပ်တည်နိုင်ပါစေလို့ တိုင်တည်ပါတယ်'

ဟူသောစကားကို သုံးကြိမ်တိုင်တိုင် ပြောကြားလိုက်ပါလေတော့၏။

ထိုအခိုက်....

ဦးလေးကြီးရန်ဝေက ဝုန်းခနဲ့ ထရပ်လိုက်ကာ ခါးတွင် ချိတ်ထားသော ဆောင်ဓားကို ရှမ်းခနဲ့ ဆွဲထွတ်လိုက်လေသည်။

ထိုအခါ....

ဝမ်လင်းရီကပါ ဆောင်ဓားကိုဆွဲထုတ်ရင်း ထရပ်လိုက်ပါ၏။

အခန်း [၀]

သို့သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး လေက တဟူးဟူး တိုက်ခတ်ကာ သစ်ရွက်များကြား လေတိုးနေသံမျှသာ လွှပ်ရှားမှုဟူ၍ ရှိလေ၏။

ဦးလေးကြီးရန်ဝေနှင့် ဝမ်လင်းရိတို့သည် ခေးလှတ်ကိုယ်စီကိုင်လျက် ပတ်ဝန်းကျင် တစ်ခုလုံးကို နား မျက်စိ နှံ့ခဲ့ခြင်းအားလုံးကို အသုံးချကာ လေ့လာရချေပြီ။

စောစောပိုင်းက ဦးလေးကြီးရန်ဝေ သတိထားမိလိုက်ရှိ မက ဝမ်လင်းရိလည်း သတိထားလိုက်မိလေ၏။

လူတစ်ယောက် မိမိတို့အနီးမှ ဖြတ်ပြေးသွားသော ခြေသံ တစ်သံဖြစ်သည်။

ယခု မိမိတို့က သိသိချင်းနှင့်ဆိုင်လိုက်သောအခါ ရန်သူက ပျောက်ကွယ်သွားလေ၏။

ယခုလို ရုတ်ခြည်း ကိုယ်ရောင်ဖျောက်နိုင်သည့် အတတ်ပညာမှာလည်း သိုင်းပညာတွင် အထူး လိုအပ်သောပညာ တစ်ရပ် ဖြစ်ပေ၏။

ယခုလိုအချိန်မျိုးတွင် မိမိတို့မမြင်ရသော ရန်သူကသာ လက်နက်ပုန်းတစ်ခု ပစ်သွင်းလိုက်ခဲ့သည်ရှိသော် မိမိတို့သည်သာ ခံရတော့မည် မဟုတ်လား။

ဝမ်လင်းရိ မကျေနပ်တော့ပေ။

မိမိတို့အနားတွင် ကြားလိုက်ပါလျက် ယခု လုံးဝ အရိပ် အယောင်မျှ မရှိတော့ဟုဆိုသည်မှာ စဉ်းစားစရာ မလိုပေ။ ရန်သူသည် မြေကြီးပေါ်တွင်သော်လည်းကောင်း၊ အထက် ဘက်တွင် သော်လည်းကောင်း ရှိရပေမည်။

အထက်ဘက်ဟူသော အတွေးဝင်လိုက်သည်နှင့် ဝမ်လင်း သည် ရန်သူ၏ ပုန်းခိုနေသောနေရာတို့ သိလိုက်၏။

ထို့ကြောင့် ဝမ်လင်းရိက ရန်သူအားမရှိတော့ ဟူသော အတွေးအထင်ရှိနေဟန်ဆောင်ကာ ဆောင်ခေးကို ခေးအိမ် တွင် ပြန်လည်ထည့်သွင်း၍ သိမ်းဆည်းနေရာမှ ခေးမြှောင် ဆုံထုတ်ပစ်လိုက်၏။

'ဟိတ်'

'ဝုန်'

'ဒုတ်'

'အား'

ရန်ဝေသည် ဝမ်လင်းရိ၏လှုပ်ရှားမှုကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေလေ၏။

ဝမ်လင်းရိပစ်လွှတ်လိုက်သော ၁၁းမြောင်သည် သစ်ပင်နှစ်ပင်ကြားမှ နောက်ဘက်ရှိသစ်ပင်သို့ ပြေးဝင်သွားကာ ထိုသစ်ပင်ထက်တွင် ပုန်းကွယ်လျက်ရှိသော ရန်သူအား ထိမှန်သွားလေ၏။

ထို့နောက်....

ရန်သူသည် 'အား'ဟူအော်ကာ အောက်သို့ပြုတ်ကျသွားလေ၏။

ထိုသစ်ပင်မှာ မြေညီတွင် ပေါက်နေသော သစ်ပင်မဟုတ်၍ တောင်စောင်းဆင်ခြေလျောတွင် ပေါက်နေသော သစ်ပင်တစ်ပင်ဖြစ်လေရာ ရန်သူကို ချတ်တရက် ပြေးကြည့်ရန် မလွယ်ပေ။

သို့သော်....

ရန်ဝေတ ပြေးကြည့်မည့်ဟန် ဖြင့်လိုက်ပါသေး၏။

ဝမ်လင်းရိက ရန်ဝေ၏လက်တစ်ဘက်ကို 'ဖျတ်ခနဲ' လှမ်းဆွဲလိုက်ကာ....

'ဦးလေး မသွားနဲ့၊ ကျွန်တော့် အသေ ပစ်ချလိုက်တာ မဟုတ်ဘူး'ဟု ပြောလိုက်လေ၏။

ရန်ဝေက ဝမ်လင်းရိအား ပြန်လှည့်ကြည့်ကာ မေးခွန်းထုတ်မည်အလုပ် ဝမ်လင်းရိက....

'ဘယ်သူ့လက်ချက်လဲ သိရအောင် အသေမပစ်တာပါ'ဟု ဖြည့်စွက်ပြောလိုက်၏။

ထိုအခိုက် တောင်အောက်ဘက် တစ်နေရာမှ မြင်းခွာသံ တစ်သံ ပေါ်ထွက်လာလေ၏။

'ခွပ် ခွပ်'

'ခွပ် ခွပ်'

မြင်းခွာသံမှာ အဝေးသို့ လွှင့်ပါးပျောက်ကွယ်သွားလေတော့သည်။

ရန်ဝေက....

'အေး ဟုတ်သားပဲ၊ နေသား ဒဏ်ရာကြီးနဲ့ ယွက်ပြေးသွားတာပဲဖြစ်မယ်'ဟု ပြောလေ၏။ ဝမ်လင်းရိက....

'ဟုတ်တယ်၊ ဒဏ်ရာနဲ့ထွက်ပြေးသွားတာ အမှန်ပဲ'

ဟု ပြောလိုက်သည်တွင် ရန်ဝေက ပို၍ သေချာချင်ဟန်ထင်၏။ ရန်သူ ပြုတ်ကျသွားသောနေရာသို့ ပြေးဆင်းသွားလေသည်။ မကြာလုပေ။ ရန်ဝေသည် သွေးစွန်းနေသော ဝမ်လင်းရိ၏ ၁းမြောင်ကို ပြန်လည် ကောက်ယူလာလေ၏။

ရန်ဝေက....

'အေးကွ၊ ဒီကောင် ၁းမြောင်ကိုတောင် ယူသွားဖို့ မေ့သွားပုံရတယ်'

ဟု ပြောပြီး ၁းမြောင်ကို ဝမ်လင်းရိအား လှမ်းပေးလိုက်လေသည်။ ဝမ်လင်းရိက ၁းမြောင်ထိမ်ဖျားတွင်စွန်းနေသော သွေးစကို ကြည့်ကာ....

'ကျွန်တော်က ဘယ်တက်နုံကြားကို ဝစ်သွင်းလိုက်တာပါ၊

စိုက်တာကတော့ အတော်ကလေးစိုက်သွားပုံရတယ်၊ ဒီရန်သူဟာ ကျွန်တော်တို့ကို ထမင်းဆိုင်ကလေးမှာ ဧည့်ခံခဲ့တဲ့ လူသုံးယောက်ထဲက အငယ်ဆုံးလူပဲ ဖြစ်ရမှယ်'ဟု ပြောသည်။

ဦးလေးကြီး ရန်ဝေက....

'ဖြစ်နိုင်တယ်၊ တို့ကိုမသက်ဘဲလို့ လိုက်ချောင်းတာပဲ ဖြစ်မယ်၊ အခုလိုလုတ်သွားတာက တို့အတွက်နဲ့တာပေါ့'ဟုပြော ပြီး သူ့လက်ထဲက ခေးလွှတ်ကိုလည်း ခေးအိမ်ထဲ ပြန်ထည့်လိုက်လေ၏။

ဝမ်လင်းရိုက....

'ဒီမြေပုံတွေကို ကျွန်တော် လာကန်တော့နေတာကို တွေ့သွားတဲ့အကြောင်း နယ်စားကြီးတိန့်သုမိန်ကို အစီရင်ခံခဲ့ရင် ထော့ ဒီကမ္ဘာလောကမှာ သူ့ခေါင်း ရိုက်ခွဲမယ့် လူတစ်ယောက်တိုးလာပါလားလို့ နားလည်လိုက်မှာပေါ့ ဦးလေးရန်ဝေရယ်'ဟုပြောကာ ရယ်မောနေလေသည်။

တို့နောက် ဝမ်လင်းရိုသည် မိအနှစ်ပါး၏ မြေပုံနှစ်ပုံကို ပြန်လည်ကန်တော့ပြီးနောက် မြင်းများကိုစီးကာ ခရီးဆက်ခဲ့ကြပြန်လေ၏။

နှစ်ခင်းပိုင်းသို့ ရောက်သောအခါတွင်မူ မိတ်ဆွေဟောင်း စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။ ဝမ်လင်းရိုက မြင်းကို ဇက်သတ်ရပ်လိုက်ကာ၊

'ဦးလေးရန်ဝေ ဆာနေတာနဲ့တော့ အံကိုက်ပဲ၊ ကျွန်တော် ဖြင့် ဒီခရီးမှာ စားသောက်ဆိုင် ရှိတော့မယ်တောင် မထင်မိဘူး' ဟုပြောပြီး မြင်းပေါ်ကဆင်းသည်။

ရန်ဝေကတော့ ဘာမျှမပြောဘဲ မြင်းပေါ်က ဆင်းကာ ဝမ်လင်းရိုအမြင်းကိုပါ ဆွဲခေါ်သွားလေသည်။

ဦးလေးကြီးရန်ဝေမှာ ဝမ်လင်းရိုမိဘများ လက်ထက်ကတည်းက ငယ်ကျွန်ဘဝမျိုး နေလာခဲ့သူ ဖြစ်သဖြင့် ယခုသည်း ဝမ်လင်းရိုကို မိဘများအရှိန်ဖြင့် အသက်ကြီးသူ မှန်သော်လည်း ဝမ်လင်းရိုကိုမူကျိုးကျိုးနွံနွံဆက်ဆံမြဲ ဖြစ်ပေ၏။

ဝမ်လင်းရိုနှင့် ရန်ဝေးတို့နှစ်ယောက်သည် ခရီးဝေးဥည့်သည်များပုံစံဖြင့်ပင် အိတ်တွေအိတ်ရာလိပ်တွေကိုဆွဲကာ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့လေ၏။ စားသောက်ဆိုင်မှာ 'မိတ်ဆွေဟောင်း'ဟူသောနာမည်ပေးထားသဖြင့် စိတ်ဝင်စားစရာတော့ဖြင့် ကောင်းနေသည်။

စားသောက်ဆိုင်ထဲသို့ရောက်သောအခါ ဝမ်လင်းရိတို့သည် တောင်ဘက်ပြတင်းပေါက်မျှားအနီးရှိ စားပွဲတွင်နေရာယူလိုက်ကြလေ၏။

သူတို့နေရာယူလိုက်သော စားပွဲဘေးတွင်ရှိသော စားပွဲတွင်ကား ဆံမင်မွေးအုတ်ဆိုက်၊ မေးရိုးကြီးကြီး၊ မုတ်ဆိတ်မွေး ဗလပျစ်နှင့်လူကြီးတစ်ယောက် တစ်ယောက်တည်း အရက်သိုင်သောက်နေသည်ကို တွေ့၏။

ပထမတော့ ဝမ်လင်းရိုက ထိုလူကြီးကို စားပွဲနီးချင်းဖြစ်နေသဖြင့် မိတ်ဆွေပွဲမည် စိတ်ကူးမိသေးသည်။

သို့သော် လူကြီးက မိမိတို့ကိုသာမက စားသောက်ဆိုင်တွင်းရှိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဂရုမစိုက်လေဟန်ရှိနေသဖြင့် ဝမ်လင်းရိုလည်း ခဖ်မှဆိတ်နေလိုက်လေ၏။

စိတ်ထဲတွင်လည်း လူကြီးကို မကျေမနပ် ဖြစ်နေမိလေ၏။

ဘာကြောင့် မကျေမနပ်ဖြစ်နေမိသည်ကိုတော့ ဝမ်လင်းရိလည်း မဝေခွဲတတ်သေးပေ။

ဦးလေးကြီး ရန်ဝေက....

'တို့ မနက်စာကို တစ်ခါတည်းစားမှလား'

ဟု မေး၏။

သူမေးသည်မှာ သူချားတွေလို ထမင်းမစား၊ မီ အရက်ကို တစ်ခွက်တစ်ဖလား သောက်လိုသောက်ငြား မေးလိုက်ခြင်း ဖြစ်သည်။

ထမင်းဆိုင်မဟုတ်တော့လည်း စားသောက်ဆိုင် လာရောက် စားသောက်သူတွေအား လုံးလိုလို အရက်ကလေးကို ထမင်း မစား မီသာ သောက်တတ်ကြသည်။

တချို့ကဆိုလျှင် ထမင်းကိုပင် မစားတော့ပေ။ အရက်ကိုသာ သောက်ကြ၊ အမြီးစားကြနှင့် ဖြစ်ကြတာ များသည်။

မည်သို့ဆိုစေ ဝမ်လင်းရိကတော့ အရက်ကို မသောက်ပေ။

ထို့ကြောင့်လည်း ရန်ဝေအား....

'ထမင်းပဲစားကြတော့ပေါ့ ဦးလေးရဲ့ ဝေရယ်၊ ကျွန်တော် သဘောပြောရတာပါ၊ ဦးလေးရန်ဝေ အရက်သောက်ခွင့် တယ် ဆိုရင်တော့ သောက်မါ'

ဟု ပြောလေ၏။

ရန်ဝေကလည်း အရက်ကိုစွဲစွဲမြဲမြဲ သောက်တတ်သူမဟုတ်၍....

'ငါလဲ အရက်မသောက်ပါဘူးကွယ်၊ ထမင်းပဲစားမှာပါ'

ပြော၍ ထမင်းပွဲပြင်ခိုင်းလိုက်လေ၏။

ဟင်းကိုလည်း သူတို့နှစ်ယောက်လုံးကြိုက်သော ဝက်သားချဉ်ဟင်းနှင့် ကြံမဆိုင်ဟင်းရည်ကိုမှာ၏။

ထမင်းစားနေစဉ်တွင် ဆိုင်ရှေ့ သို့မြင်းမျှားစီးလျက် ရဲမက်ဘချို့ ရောက်လာကြလေ၏၊

ဆိုင်ထဲသို့ ရဲမက်သုံးဦး ဝင်လာသဖြင့် ဆိုင်ထဲတွင် စားသောက်နေကြသူများ အသံတိတ်သွားကာ ရဲမက်သုံးဦးကို လှမ်းကြည့်၍ အကဲခတ်လိုက်ကြလေ၏။

ရဲမက်သုံးဦးတို့ကမူ စားသောက်နေကြသူများ ကြားမှ တစ်ဖက်ဘေးနံရံသို့သွားကာ သူတို့လိပ်၍ ယူဆောင်လာသော ဝါလိပ်တစ်လိပ်ကို ဖြန့်ချလိုက်၏။

ထို့နောက် နံရံတွင်ချိတ်တစ်ခုပြူလုမ်းကာ ချိတ်လိုက်လေ၏။

အားလုံးက ထိုစာချုပ်ပြားပေါ်ရှိ စာတန်းစာလုံးများကို သူ့ထက်ငါ ဖတ်လိုက်ကြလေ၏။

အကြောင်းမူကား ဝမ်လင်းရိုက လူကြီးကို မကြာခဏ လှည့်ကြည့်ပြီး အကဲခတ်နေလေတိုင်း လူကြီးက ဝမ်လင်းရိုတို့ ပြောနေကြသည့် အကြောင်းအရာကို နားထောင်နေတတ် သောကြောင့် ဖြစ်လေ၏။

ထို့နောက် အရက်သမားတစ်ယောက်က ထိုလူကြီးကို ဝင်တိုက်လေ၏။

လူကြီးက မော့ကြည့်လေ၏။

သို့သော် သူသည် သူ့အား ဝင်တိုက်သူ အရက်သမားကို တမင်ဝင်တိုက်တာလား သို့မဟုတ် မတော်တဆ ဝင်တိုက်မိ တာလား ကိုသာ လေ့လာနေပုံရ၏။

အရက်မူးသမားက လူကြီးအား ထိုင်၍ရှိခိုးဦးချမတတ် တောင်းပန်၏။

လူကြီးသည် အရက်သမားကြီးအား ဘာမျှမပြောဘဲ သွားဆိုးသည့်သဘော ခေါင်းယမ်းပြလိုက်လေ၏။

ထို့နောက် စားပွဲပေါ်တင်ထားသော သူ၏ အထုပ်တစ် ထုပ်ကို ဆွဲမလိုက်လေ၏။

ငွေရှင်းပေးရန်အတွက် ဆိုင်ကအလုပ်သမား လူရွယ်တစ် ယောက်အား ခေါ်ပြီး ကျသင့်ငွေရှင်းပြီး ဆိုင်ထဲမှ လမ်း လျှောက် ထွက်သွားလေတော့၏။

ဦးလေးကြီးရန်ဝေက....

'ဒီလူကြီးကြည့်ရတာတစ်မျိုးပဲ၊ ကြည့်ရတာ အတော်ကို ကျကျနိုင်မယ့် လူစားပဲ'

'ကျုံကင်းမြို့တွင် ကျင်းပတော့မည်ဖြစ်သော သူရဲကောင်း သိုင်းသမားများပြိုင်ပွဲကြီး' ဟူသော ခေါင်းစည်းစာတန်း အောက်တွင် သိုင်းပြိုင်ပွဲနှင့်ပတ်သက်သော စာတန်းများဖော် ပြထားလေ၏။

'ဟာ....သူရဲကောင်း သိုင်းသမားများပြိုင်ပွဲတဲ့ဟေ့၊ ဝမ်လင်းရိ ဘယ်လိုလဲ၊ လမ်းစရိတ်နည်းနတာနဲ့တော့ အတော်ပဲ'

ဟု ဦးလေးကြီးရန်ဝေက ထမင်းစားရင်း ဝမ်လင်းရိကို ပြောလိုက်လေ၏။

ဝမ်လင်းရိက....

'ရိုးရိုးသားသားပြိုင်ပွဲဆိုရင် အကြောင်းမဟုတ်ဘူး ဦးလေး ရန်ဝေရေ၊ တော်တော်ကြာ သိုင်းသမားတွေကို ခေါ်ပြီး အသုံးချရင်မလွယ်ဘူး'

ဟု ပြောလေ၏။

ရန်ဝေက....

'အဲဒီတော့လဲ အလုပ်တောင်ရတာပေါ့ကွာ'

ဟု ပြောကာ ဟက်ခနဲ ရယ်မောလိုက်လေ၏။

ဝမ်လင်းရိတို့ပြောနေသည့်စကားသံတို့ ဘေးမှ မေးမှိုး ကားကားနှင့် လူကြီးကြားသော်လည်း လုံးဝ ဝင်မပြောပေ။

နားထောင် နေကြောင်းကိုကား ဝမ်လင်းရိ သိလိုက် သည်။

ဟု မှတ်ချက်ချလိုက်လေ၏။

မိတ်ဆွေဟောင်းစားသောက်ဆိုင်က ထွက်လာသောအခါ ရန်ဝေနှင့်ဝမ်လင်းရိတို့နှစ်ယောက်မှာ ကြည်လင်ပေါ့ပါးလာလေ၏။

ထို့နောက် ကျုံကင်းမြို့သို့ မြင်းများကို ဆက်၍ စိုင်းလာရလေ၏။

အခန်း [၉]

'မိတ်ဆွေဟောင်း စားသောက်ဆိုင်'က ထွက်လာကြပြီးနောက် မကြာမီ တောအုပ်ကလေးတစ်အုပ်ကို ဖြတ်ကြရလေသည်။

တောအုပ်ကလေးမှာ အရိပ်အာဝါသ ကောင်းလှသော်သည်း လမ်းကြောင်းမှာကျဉ်းသည်။ ခရီးသွားများအဖို့ မြင်းများဖြင့်သွားရန် မလွယ်ပေ။

အချို့နေရာများတွင် အပေါ်ပိုင်း သစ်ကိုင်း သစ်ခက်များမလွတ်၍ ခေါင်းငုံ့ရှောင်ရသည်များပင် ရှိလေသည်။

ထို့ကြောင့်လည်း ဝမ်လင်းရိက လွင်တီးခေါင်များ မြက်ခင်းပြင်များကို ပို၍သွားချင်သည်။ ထိုနေရာ ဒေသမျိုးတွင်

မိမိကိုလည်းကောင်း၊ မိမိက အခြားတစ်စုံ တစ်ယောက်ကို လည်းကောင်း ကြိုတင်သိမြင်နိုင်သော အခြေအနေမျိုးရှိ၏။ ထို့ကြောင့် ရန်သူမိတ်ဆွေခွဲခြားသိနိုင်စွမ်း၏။

ဤကဲ့သို့သော တောအုပ်များတွင်မူ တစ်ယောက်ကို တစ်ယောက် အနီးရောက်မှသာ တွေ့ကြုံရခြင်းဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် ကြိုတင် တွေ့မြင်နိုင်စွမ်းကား အခြေအနေမျိုး မရှိပေ။

ထို့ကြောင့် ဤသို့သော တောအုပ် လျှိမြောင် တောင်ကြားစသော နေရာများတွင် လူဆိုးသူခိုးများ၊ တောပုန်းဓားပြများ ပုန်းလျှိုး ခိုအောင်းနေတတ်ကြသည် မဟုတ်ပါလော။

ထိုသို့သော အခြေအနေ အကြောင်းအချက်များကို တွေးလိုက်မိသည်နှင့် ဝမ်လင်းရိက သူ့ရှေ့သို့ ရောက်နေသော ဦးလေးကြီးရန်ဝေအား....

'ဦးလေးရန်ဝေ သတိလဲ ထားသွားဦးနော်၊ ဒီလို တောအုပ်တွေကိုဖြတ်ရတာ အန္တရာယ်တွေ့နိုင်တယ်'ဟု ပြောချလိုက်လေသည်။

ဦးလေးကြီး ရန်ဝေက၊

'အေး ဟုတ်တယ်၊ ငါလဲ့အဲဒီအကြောင်း တွေးနေမိတာ၊ နောက်ပြီး တွင်ချင်ယေတောင်ကုန်းမှာ တို့ကိုလာချောင်းတဲ့

အဖွဲ့ကိုလဲ ငါစိတ်မူချဘူး၊ တို့ကိုဘယ်သူတွေလဲဆိုတာ သိတာနဲ့ မိအောင်လာတိုက်ခိုက်ကြမှာ သေချာတယ်'ဟု ပြောလေ၏။

ဝမ်လင်းရိက ရန်ဝေပြောလိုက်သော စကားကိုကြားသော အခါ တဟားဟား ရယ်ပါလေတော့၏။ ရယ်၍ ကျေနပ်လောက်တော့မှ၊

'ဦးလေးရန်ဝေကလဲ လာစမ်းပါစေ၊ ပွဲဦးထွက်လှလှပပ ကလေး တွေ့လိုက်ရတာပေါ့၊ ကျွန်တော်ကတော့ လက်ယားနေလားမသိပါဘူး ဦးလေးရန်ဝေရယ်၊ နည်းနည်းလေးမှ ကိုမကြောက်ဘူး၊ သတိတော့ထားရသေးတာပေါ့၊ ဒီလောက်ပါပဲ'ဟု ပြောလေ၏။

ရန်ဝေသည် ဝမ်လင်းရိ ပြောလိုက်သော စကားကြောင့် အနည်းငယ်ကျောချမ်းသွားရလေ၏။ သူက၊

'မင်းကတော့ဆရာကြီး နဂါးငွေ့ဓားချင်းဟုန်ရဲ့ တကယ့်နက်နဲ သိမ်မွေ့တဲ့ သိုင်းပညာ လျှိုဝှက်ချက်တွေ ရလာရုံမကဘူး၊ ဆရာကြီး ကိုယ်တိုင်က နဂါးငွေ့ဓားကြီးကိုပါ တစ်ပါတည်း ပေးအပ်ခြင်းခံရတာမဟုတ်လား၊ ဘယ်ကြောက်မှာလဲကွာ၊ ငါ့မှာကတော့ မတောက်တခေါက်သာ တတ်ထားတာကွ'ဟု ပြော၏။

ထိုအခါ ဝမ်လင်းရိက၊

'ဒါဆိုလဲ ဒီနဂါးငွေ့ဓားကြီးကိုဦးလေးရန်ဝေ ယူထား

မုလား ယူထားလေ'ဟု ပြောကာ သူ၏ခေါင်းတွင် ချိတ်ထား သော နဂါးငွေ့ခေါင်းကို ဖြုတ်မည်အပြု ရန်ဝေက လှည့် ၍....

'မလုပ်စမ်းပါနဲ့ ဝမ်လင်းရိရာ ရှိပါစေတော့၊ငါကစကား အဖြစ်ပြောတာပါ၊ ပစ္စည်းကောင်းဆိုတာကလဲ ဒီလိုပစ္စည်း ကောင်းတဲ့ ထိုက်တန်တဲ့ပညာကို တတ်ထားဦးမှ မဟုတ်လား၊ အခုပဲကြည့်လေ ဆရာကြီးက မင်းကိုမှရွေးပြီး ပေးအပ်လိုက် တာ'ဟု ပြောနေလေ၏။

တောလမ်းမှာ မြင်းမျိုးကိုစီးသွားရန်ပင် မရတော့သော အခြေအနေဖြစ်လာသဖြင့် ဝမ်လင်းရိနှင့်ရန်ဝေတို့ နှစ်ယောက် သည် အောက်သို့ဆင်းကာ မြင်းမျိုးကို ဆွဲလာလေတော့၏။

ထိုသို့ ခြေလျင်သွားကြရင်း ဝမ်လင်းရိက၊

'ဒါထက် ဦးလေးရန်ဝေ....ကျွန်တော်တို့မိတ်ဆွေဟောင်း စားသောက်ဆိုင်မှာ တွေ့လိုက်ရတဲ့ လူကြီး တစ်ယောက်ကို ဦးလေးရန်ဝေ သတိထားလိုက်မိသေးလား'

ဟု မေးလိုက်လေရာ ရန်ဝေက ချက်တရက်တော့ စဉ်းစား မှုရဖြစ်သွားလေ၏။

နောက်မှ တစ်ချက်ပြုံးလိုက်ကာ၊

'ဩော် ဩော်၊ တို့နှာမှာထိုင်သွားတဲ့ခေါင်းထဲငှက်သိုက် လုပ်မလား မှတ်ရလောက်အောင်ကို ပွစာကြဲနေတဲ့ ခေါင်း

ထော်ဖွားကြီးနဲ့လူကြီးကို ပြောတာ မဟုတ်လားကွ၊ ဒီလူကြီး ကလဲ တစ်မျိုးပဲ၊ တစ်လောကလုံးကို လုပ်ကျွေးနေရတဲ့ပုံမျိုး နဲ့ကွာ'ဟု ပြောလိုက်၏။

ဝမ်လင်းရိက၊

'ဟုတ်တာပေါ့၊ အဲ့ဒီလူကြီးကိုပြောတာ တော်တော် မျက် နှာပေါက်ဆိုးတဲ့ လူကြီးပဲနော်'ဟု ဝေဖန်လိုက်လေ၏။

ထို့နောက် စမ်းချောင်းကလေးကို ဖြတ်၍ လျှောက်လာ သဖြင့် ပြောလက်စစကားများ မြတ်သွားရလေ၏။ သို့သော် ဝမ်လင်းရိက သူ့စကားကို ပြန်လည်၍ဆက်ပြန်သည်။

သို့သော်လည်း၊

'သူ့ကိုကြည့်ရတာ လူဆိုးလူမိုက်ကြီးပုံတော့လဲ မဟုတ်ဘူး နော်'

ဟု ဆိုလေရာ၊ ရန်ဝေမှာ စောစောကစကားကို ပြန်ဆက် နေသည်ကို သိထားသည်နှင့်....

'မင်းပြောတာလဲ ဟုတ်မှာပဲ၊ လူဆိုးလူမိုက်တွေ ဆိုတာက များသောအားဖြင့် သတ္တိရှိတာမဟုတ်ဘူး၊အစုအဝေးနဲ့ အဖွဲ့ တွေ အုပ်စုတွေနဲ့ နေတတ်ကြတာ မဟုတ်လား' ဟု ပြော လေ၏။

'ဟာ ဦးလေးရန်ဝေကလဲ၊ လူဆိုတာမျိုးကတော့ အစုနဲ့ အဖွဲ့နဲ့နေကြတာပဲ မဟုတ်လား'

ဟု ဝမ်းလင်းရိုက မေးလိုက်သော အခါတွင်ကား ရန်ဝေက....

'မဟုတ်ဘူးကွ၊ လူဆိုးလူမိုက်တွေကျတော့ တစ်ယောက်တည်းကို မနေရဲတာ'

ဟု ပြောလေ၏။

ထိုအခါ ဝမ်းလင်းရိုက....

'ဒီလိုဆိုရင် ကျွန်တော်တို့ တွေ့ခဲ့တဲ့ လူကြီးဟာ လူဆိုးလူမိုက် ဟန်ဆောင်ထားတဲ့ လူကြီးတစ်ယောက် မျှားလားမပြောနိုင်ဘူး'

ဟု ပြောလေ၏။

ရန်ဝေလည်း....

'ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ'

ဟု ပြောလေ၏။

ထိုသို့နှစ်ယောက်သား မြင်းများကို ဆွဲ၍ သွားနေစဉ် တောအုပ်အတွင်း သစ်ပင်ဝါးပင်များ ဆက်စပ် အုပ်မိုးနေခြင်းကြောင့် နေရောင် နေပြောက်များပင် နည်းလှသည်။ အရိပ်တွေကား ဆက်နေလေ၏။

နေရိပ်များ ကောင်းလှသောအခါ ကျေးငှက်များမှာ ပို၍ပင် များပြားစွာ တွေ့ရလေ၏။

သူတို့သည် အော်မြည်ကျူးရင့်သော အသံများ မတူကြသလို သူထိုပုံစံ သူတို့အရောင်အဆင်း များမှာလည်း တစ်ကောင်နှင့်တစ်တောင် များစွာ ကွဲပြား ခြားနားနေကြပါတော့၏။

လေပြေလေညင်းကား တစ်ချက်တစ်ချက် ဝေခန့် ဝေခန့် ဝင်ရောက်တိုက်ခတ်လာလေ၏။

သစ်ရွက်များကြား လေတိုးသော အသံမှာ တစ်နေရာတည်းက ပေါ်ထွက်ခြင်း မဟုတ်ဘဲ တစ်တောလုံးက ပေါ်ထွက်လာသောအခါ လေတိုးသံသည် ကြောက်စရာပင် ကောင်းလာလေတော့၏။

လေတိုးသံနှင့်အတူ ကြားလာရသော အသံမှာကား။

'ဟား ဟား ဟား ဟား'

'ဝါး ဟား ဟား ဟား'

ဟူသော ရယ်မောသံများပင် ဖြစ်လေ၏။ ရယ်မောသံသည် တစ်နေရာတည်းက ပေါ်ထွက်လာခြင်း မဟုတ်ဘဲ သုံးဘက်သုံးတန်မှ ပေါ်ထွက်လာခြင်းပင် ဖြစ်ပေ၏။

အောက်ဘက်က စလာသော အသံမျိုးလည်း မဟုတ်။ အပေါ်ဘက်ကလာခြင်း ဖြစ်လေရာ သစ်ပင်ကြီးများပေါ်က ပေါ်ထွက်လာသော အသံများ ဖြစ်ကြောင်းထင်ရှား၏။

ဝမ်လင်းရိက....

'ဦးလေး ရန်ဝေ ရှေ့သိပ်မထွက်နဲ့နော်၊ လက်နက်ပုန်း တစ်ခုခု ဝင်လာနိုင်တယ်'

ဟု သတိပေးလိုက်လေ၏။

'ဟား ဟား ဟား ဟား'

ရယ်သံများသည် နေ့ဘက်ကြားရ၍သာ တော်ရော့၏ ညဘက်သာ ဤကဲ့သို့သော ရယ်မောသံများကို ကြားရပါ သွေးပျက်သွားနိုင်လောက်ပါ၏။

ရန်ဝေက သစ်ပင်များပေါ်သို့ မော့ကြည့်ကာ....

'ဒီကောင်တွေ အတော်ကို တောကျွမ်းတယ်လို့ ပြောရ တော့မှာပဲ၊ ငါရှာကြည့်တာ ဘယ်နေရာမှ မတွေ့ဘူး'

ဟု ပြောလေ၏။ ဝမ်လင်းရိကမူ တစ်နေရာသို့ မော့ကြည့် ကာ....

'ဟေ့....ကွယ်ရာမှာနေပြီး အသံပေးမနေနဲ့၊ သတ္တိရှိရင် ထွက်ခဲ့ကွ၊ နဂါးငွေ့ဓားဆိုတာ ငါပဲ့'

ဟု အော်၍ ပြောလိုက်လေ၏။

ထိုသို့ဝမ်လင်းရိက အော်ပြောလိုက်သောအခါတွင်ကား ရယ်မောသံများမှာ မပေါ်လာတော့ဘဲ တိတ်ဆိတ် ငြိမ်သက် သွားလေရာ ဝမ်လင်းရိနှင့် ရန်ဝေမှာ မစဉ်းစားတက် အောင် ဖြစ်သွားရလေတော့၏။

ထိုအခါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက် ကြလေ၏။

'နဂါးငွေ့ဓားလို့ ပြောလိုက်လို့ အခုလို ရယ်သံ တိတ် သွားတာပဲ ဖြစ်ရမယ်'

ဟု ရန်ဝေက ပြောလေ၏။

ဝမ်လင်းရိက....

'စဉ်းစားစရာပဲ ဦးလေး ရန်ဝေရဲ့၊ ဒီကောင်တွေ ထွက် ပြေးသွားသလား မသိဘူး၊ ထွက်ပြေးသွားရင်လဲ ထွက်ပြေး သွားတဲ့ အသံကို ကျွန်တော်တို့ ကြားရမှာပေါ့၊ ဆန်းတော့ ဆန်းတာပဲ'

ဟု ပြောရင်း ဆက်လျှောက်ခဲ့လေ၏။

ရန်ဝေမှာ ဆက်လျှောက်နေရသော်လည်း မလုံတော့ ပေ။

အပေါ်ဘက် ဘယ်ဉာဘက်တို့ကိုကြည့်ရှုနေရင်း ဆက် လျှောက်၏။

'ထို့နောက် မည်သည့် အန္တရာယ်မှ မပေါ်ပေါက်သည့် အတွက် ရန်ဝေက သက်မချကာ....

'တို့ကိုတောခြောက်တာများလား မသိဘူး၊ ဒီတော တွေ မှာ နာနာဘာဝတွေ ရှိတယ်လို့ပြောသံ ကြားဖူးတယ်နောက် ပြီး ကြပ်တွေလဲ ဖြစ်နိုင်တယ်၊ ကြပ်ဆိုတဲ့ တစ္ဆေသရဲတွေဟာ

လူယောင်ဆောင်တတ်တယ်၊ လူတွေအသံလိုလဲ အော်တတ်တယ်လို့ ပြောတာပဲ'

ဟု ပြောလိုက်သောအခါတွင်ကား ဝမ်လင်းရီက....

'ဦးလေး ရန်ဝေကလဲ မဖြစ်နိုင်တာတွေကို ပြောနေပြန်ပါပြီ၊ နေ့ခင်းကြီးကြောင်တောင် ဘင်္ဂေါသရဲခြောက်ရတယ်လို့' ဟု ပြောလေ၏။

'ဒါဖြင့်ရင် ဘာဖြစ်မလဲ'

'လူတွေမကျန်တော်တို့ မမြင်နိုင်တဲ့ နေရာက ကျန်တော်တို့ကို တိုက်ခိုက်မလို့လာတဲ့ ရှေ့ပြေးအဖွဲ့ ဖြစ်ရမယ်'

'မင်းက ဒီလိုဘာကြောင့် ပြောနိုင်ရတာလဲ'

'ဦးလေး ရန်ဝေ ကြားလိုက်တယ် မဟုတ်လား၊ ကျန်တော်က နဂါးငွေ့ခားလို့ ပြောလိုက်တာကို'

'အေး....အဲဒါတော့ ကြားသားပဲ'

တို့အခါ ဝမ်လင်းရီက....

'အဲဒါပဲလို့ ကျန်တော် ထင်တယ်၊ အမှုလာတဲ့ လူတွေထဲမှာ ဆရာကြီး နဂါးငွေ့ခား ချင်းဟုန်ရဲ့ သိုင်းပညာ

အကြောင်းကို ကောင်းကောင်း သိထားတဲ့လူ ပါနေလိမ့်မယ်'

ဟု ပြောလိုက်တော့မှ ရန်ဝေလဲ၊ အေး....ဟုတ်တယ်၊ ဟုတ်တယ် မင်းပြောတာ ဖြစ်နိုင်တယ်၊ ဆရာကြီး နဂါးငွေ့ခားတချိန်က သိုင်းလောကမှာ နယ်နယ်ရရ ခေးအကျော်အမော်တစ်ယောက်ပဲယူ ထောက်ခံပြောပါလေတော့၏။

ဝမ်လင်းရီကပင် ဆက်၍....

'ဆရာကြီး စိတ်လိုတဲ့အခါ ဟိုတုန်းက အကြောင်းတွေကျန်တော်တို့ကိုပြောပြဖူးတယ်၊ အဲဒီတုန်းတ သိုင်းလောကမှာ ခုလို ကိုယ့်နာမည်ကိုယ်ပေးလို့ ရတာမဟုတ်ဘူးတဲ့၊ သိုင်းလောကမှာ ကိုယ်ပိုင်နိုင်ကျမ်းကျင်တဲ့ သိုင်းပညာရပ်တစ်ရပ်ကို ပေါ်ထွက်ပြနိုင်မှသာ အဲဒီသိုင်းပညာစွမ်းရည်ကို မူတည်ပြီး သိုင်းလောကမှာ နာမည်တစ်လုံးရယူကြရတယ်လို့ ပြောပါတယ်'

ဟု ပြောလေ၏။

ရန်ဝေက....

'ဆရာကြီးက နဂါးငွေ့ခား၊ ဆိုတော့ နဂါးငွေ့ခားသိုင်းဂျာမှာ ထူးခြားလို့ပဲပေါ့နော်'

ဟု မေးသောအခါ ဝမ်လင်းရီက....

'ဟုတ်တယ်လေ၊ ဆရာကြီးမှာ ဘယ်သူမှလိုက်မမီတာ ဒီ နဂါးငွေ့ခေး သိုင်းကွက်တွေပဲပေါ့'

ဟု ပြောလိုက်လေ၏။

စကားတပြောပြောနှင့် တောအုပ်ထူရာမှ တောအုပ်ဖြစ်သော နေရာဘက်သို့ ရောက်ရှိလာလေ၏။

တောပါးသော နေရာရောက်ကာမှ ဝမ်လင်းရိတို့ရှေ့ သစ်ပင်မှုန်းပေါ်မှ စတ်စုံနက်သိုင်းသမား ၅ ဦး ကိုယ်ဖော သိုင်းပညာကိုအသုံးပြု၍ ပျံလွှားငှက်များကဲ့သို့ လေဟုန်ပျံ ဝဲကာ...

'ဝှစ်'

'ဝှစ်'

ဟူသောအသံမျှလောက်သာ ပေါ်ထွက်စေလျက် ရှေ့ဆင့် နောက်ဆင့် ကျဆင်းရောက်ရှိလာပါလေတော့သည်။

သိုင်းသမား ၂ ဦးတို့သည် ဝမ်လင်းရိတို့အား ဝိုင်းထား လိုက်၏။

ဝမ်လင်းရိက ခေးကိုမထုတ်။

ပြန်လည်တိုက်ခိုက်မည်ဆိုသော အရိပ်လက္ခဏာမျိုးကိုလည်း ထုတ်မပြပေ။

ခေါင်းဆောင်ဖြစ်ဟန်တူသော နှုတ်ခမ်းမွေးကားကားနှင့် လူဆိုးကြီးက ရှေ့ထွက်လာကာ....

'နဂါးငွေ့ဓားဆိုတာ မင်းလား'

ဟု ဝမ်လင်းရိအား လက်ညှိုးထိုး၍ မေးလိုက်လေသည်။

ဝမ်လင်းရိတ....

'ဟုတ်တယ်....ကျုပ်ပဲ'

ဟု ဖြေ၏။

ထိုအခါ နှုတ်ခမ်းမွေးကားကားနှင့်လူကြီးက ခွက်ထိုး ခွက်လန် ရယ်မောဟားတိုက် ရယ်ပါလေတော့၏။

ဝမ်လင်းရိကမူ နှုတ်ခမ်းမွေးဘယ်လိုပဲ ခွက်ထိုးခွက်လန် ရယ်ပါစေ၊ ခပ်မဆိတ်နေလေ၏။

နှုတ်ခမ်းမွေးကြီးသည် ရယ်မော၍ ကျေနပ်လောက်သော အခါ....

'ဒီမှာ....ချာတိတ်၊ မိခင်နို့မစင်သေးတဲ့ချာတိတ်၊ နဂါး ငွေ့ဓားကို ငါတို့က မမြင်ဖူးဘူးလို့မှတ်နေသလား၊ ငါတို့က သိပ်မြင်ဖူးတာပေါ့၊ ဒီတော့ မင်း တို့ကိုလာပြီး လိမ်ညာ လှည့်စားလို့ မရဘူး'

ဟု ပြောလေဘည်။

သူ၏စကားကိုကြားလိုက်ရသည်နှင့် ကျွန်တော်စောစော ပိုင်းက တွေးထင်ထားသောအတွေးမှာ နီးစပ်မှုရှိနေကြောင်း သိလိုက်ရလေ၏။

ဝမ်လင်းရိကလည်း တားဆီးပိတ်ဆို့နေသော လူဆိုးများ ကို လုံးဝကြောက်စိတ်မရှိ၊ သူငယ်ချင်းပြောပြော၍ ရင်းနှီး ကျွမ်းဝင်နေသူများနှယ် ဆက်ဆံနေသည်ဟု ဆိုရပေလိမ့် မည်။

သူသည် တစ်ချက် ဟက်ခနဲရယ်လိုက်ကာ....

'နေစမ်းပါဦး၊ ခင်ဗျားကဘယ်သူလဲ၊ ကျုပ်ကို နဂါး ငွေ့ဓား ဟုတ်တယ်မဟုတ်ဘူးမေးရအောင် ခင်ဗျားနဲ့ဘာဆိုင် နေလို့လဲ၊ ခင်ဗျားက ဘယ်သူတွေရဲ့အဖွဲ့ကလဲ၊ နယ်စားကြီး လူတွေပဲလား'

ဟု မေးပြောပြောလိုက်လေ၏။

ဝတ်စုံနက်များအနက်မှ နှုတ်ခမ်းမွေးနှင့်လူကြီးက....

'ကျုပ်နာမည်ကိုမေးလို့ ပြောရမယ်ဆိုရင်တော့ 'တိမ်ညွှန့် စားတဲ့ ငှက်ခါး'တဲ့၊ ကြားဖူးတယ်မဟုတ်လား'

ဟု ပြောပြီး မေးခွန်းထုတ်လေ၏။

ထိုအခါ ဝမ်လင်းရိက တဟားဟား ရယ်ပါလေတော့ ၏။

ဝမ်လင်းရိ ရယ်မောဟားတိုက်နေသော်လည်း ရန်ဝေက တော့ ပြုံးသာပြုံးနိုင်သည်။

မရယ်ဝံ့သေးပေ။

ဝမ်လင်းရိက အရယ်ကိုရပ်ကာ....

'တိမ်ညွှန့်စားတဲ့ငှက်ခါးတဲ့လား၊ ဟား ဟား ဟား၊ ဒီနာမည် နာမည်ကြီးသလား၊ မကြီးသလားတော့ မပြောတတ်ဘူး၊ ကျုပ်ကတော့ဖြင့် ဒီနာမည်ကို ခင်ဗျားအခုပြော မှပဲ သိရတာအမှန်ပဲ'

ဟု ပြောလေ၏။

နှုတ်ခမ်းမွေးနှင့်ငှက်ခါးသည် ဝမ်လင်းရီ ခနဲ့လိုက်သော စကားကြောင့် အမျက်ဒေါသ ထောင်းခနဲ ထသွားလေတော့၏။

သို့သော် သူသည် ဝမ်လင်းရီအား တိုက်ခိုက်ခြင်းမပြုသေးပဲ...

'တိတ်စမ်း...မင်းဟာ အကောင်သေးသလောက် အသံက အတော်ကျယ်ပါလား၊ အမှန်က မင်းကသာ ကလေကချေ၊ နဂါးငွေ့ဓားဆိုတဲ့ သိုင်းအကျော်အမော်တစ်ယောက် ဟန်ဆောင်လာတဲ့ ကလိမ်ခြုံပဲ'

ဟု ဝမ်လင်းရီမခံချင်အောင် တမင် ကြံဖန်ပြောလိုက်လေ၏။

ထိုအခါ ဝမ်လင်းရီလည်း ဒေါသတောင်းခနဲထွက်သွားပြီး ခါးကွင်ချိတ်ထားသော နဂါးငွေ့ဓားကိုဖြုတ်၍ မြှောက်ပြရင်း...

'တွေ့သား...ကိုငှက်ခါး ဒီမှာ နဂါးငွေ့ဓား၊ ဒီဓားကို ရော ခင်ဗျား အသေအချာ မြင်ဖူးရဲ့လား'

ဟု မေးလိုက်လေ၏။

ငှက်ခါးနှင့် သူ၏နောက်လိုက် သိုင်းသမားလေးယောက်

ကိုး ဝမ်လင်းရီလက်ထဲက နဂါးငွေ့ဓားကို အသေအချာ ရုတစိုက် ကြည့်လိုက်ကြလေ၏။

ငှက်ခါးနှင့်အဖွဲ့သည် နဂါးငွေ့ဓားကို တွေ့မြင်လိုက်ရသောအခါ မယုံရအခက်၊ ယုံရအခက် ဖြစ်သွားလေတော့၏။

နဂါးငွေ့ဓားကြီးကိုကြည့်လိုက်ကြ၊ ဝမ်လင်းရီကိုကြည့်လိုက်ကြ လုပ်နေကြလေ၏။

ဝမ်လင်းရီကမူ ဓားလွတ်ကိုပင်ဆွဲထုတ်မပြတော့ဘဲ ခါးတွင်ပြန်ချိတ်ထားလိုက်လေ၏။

ငှက်ခါးက...

'ဒီလိုဓားမျိုးကို နောက်တပ် မင်းဘယ်လောက်ယူချင်သေးသဲ၊ ကျုံ့ကင်းက ပန်းပဲဆရာကြီး ဟိုကျောက်ကျိဆီမှာ မှာပေးမယ်'

ဟု ပြောကာရယ်၏။

ထိုအခါ သူ့လူလေးဦးပါ ရယ်နေကြလေ၏။

ဝမ်လင်းရီက၊

'စကားမရှည်နဲ့တော့၊ မင်းတို့ ငါတို့ကိုလိုက်ချောင်းနေတဲ့လူတွေ မဟုတ်လား၊ မှန်မှန်ပြော၊ ငါ့ကိုသတ်ဖို့ တာဝန်ကျတဲ့လူတွေ မဟုတ်လား' ဟု မေး၏။

ငှက်ခါးမှာ မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေ၏။ ရုတ်တရက် ဘာပြန်ပြောရမည်မသိ ဖြစ်သွား၏။ ဝမ်လင်းရီကို အသေအချာ စိုက်ကြည့်သည်။

'မင်းကို လိုက်ချောင်းရလောက်အောင် မင်းက ဘာ

ကောင်မို့လဲ၊ မင်းကိုသတ်ရအောင်ကလဲ ငါတို့က ကြေးစား လူသတ်သမား မဟုတ်ဘူး၊ တို့က အပျော်တမ်းလူသတ်သမား ကုန်ဟု ပြောပြီးနောက် ခါးတွင်ချိတ်ထားသောခေါင်းကို ရှမ်းခန့်ဆွဲထုတ်လိုက်လေ၏။

ထို့နောက် ဌက်ခါးနောက်လိုက် လေးဦးတို့ကလည်း သူတို့၏ခေါင်းများကို ဝင်းခနဲလက်ခနဲ ဆွဲထုတ်လိုက်ကြလေသည်။

ဝမ်လင်းရိက အားလုံးကိုမြားခေါင်သွားမှသာလျှင် ရန်ဝေအဖို့ အန္တရာယ်နည်းပေမည်ဟု တွက်လိုက်ပြီး တောင်ကုန်းထိပ်သို့ တဖောက်ဖောက်ခြေလှမ်းသန်စွမ်းအတူ ပြေးတက်သွားလေသည်။ တောင်ထိပ်ကွင် လေတိုက်နေ၏။

ဌက်ခါးနှင့်လေးဦး၊ ပေါင်းငါးဦးတို့သည် ရန်ဝေကို ဂရုမထားတော့ဘဲ ဝမ်လင်းရိနောက်ကိုသာ ထပ်ချပ်မကွာ လိုက်သွားကြလေသည်။

တောင်ထိပ်သို့ ရောက်သည်အထိ ဝမ်လင်းရိက ခေါင်းကို မထုတ်သေးပေ။ သို့သော် ငါးဦးတို့ကမူ ဝမ်လင်းရိအား ထုတ်ပေါက်ပိတ်ဝိုင်းထားလိုက်ကြလေသည်။

ထုတ်ပေါက်ဝိုင်းသည့်သဘောမှာ စင်စစ် အဝိုင်းခံရသော သို့သမားအား အလွတ်မပေး။ အသေသတ်တော့မည် ဆိုသောအချက်ကို ဖော်ပြလိုက်ခြင်း ဖြစ်မေသည်။

ဝမ်လင်းရိသည် အမြင့်ဆုံးနေရာကို ရွေးချယ်လိုက်သည်နှင့် ဌက်ခါးတို့သို့သမားငါးဦးက ရှေ့နောက်ဝဲယာ ဝိုင်းထားရာမှ ပထမဆုံးသို့သမားနှစ်ယောက်က အလျင်ဆုံးပြေး

ထွက်ကာ ဝမ်လင်းရိ မိုးခေါင်းတစ်ချက်၊ ဝိုက်ခေါင်းတစ်ချက်ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်ခုတ်၏။

ဝမ်လင်းရိက လက်နက်မဲ့အနေအထားကပင် ရှေ့ဆုံးက ဝင်လာသော မိုးခေါင်းသမားလက်ကို အမိဖမ်းပြီး ဆတ်ခနဲ ချပ်တည့်မှတည့်နေရာကို ရွှေ့လိုက်ပြီး ဝိုက်ခေါင်းသမား၏ လက်ဆံကခေါင်းကို 'ချမ်' ခနဲလွှင့်သွားစေသည်။

ထို့ပြင် ခေါင်းသူအား ဆောင့်ကန်ထုတ်လိုက်ကာ သူ့ရှေ့ရောက်ရှိနေသော သိုင်းသမားကိုမူ နောက်ကျောသို့ ဖောက်ခနဲ ပြင်းထန်လှသော ကန်ချက်တစ်ချက် ပစ်သွင်းလိုက်လေသည်။

'အင့်'

'အား'

'ဖောင်း ဘုန်း'

သိုင်းသမားနှစ်ဦးစလုံး မရှုမလှ ခံလိုက်ရသည်တို့ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသော ဌက်ခါးသည် အနည်းငယ် တုန်လှုပ်သွားလေသည်။

အမှန်စင်စစ် သူထင်မြင်ယူထားသည့် အတိုင်း ဖြစ်မလာသောကြောင့် ယခုကဲ့သို့ လန့်သွားခြင်းပင်။

ဌက်ခါးက၊

'လက်နက်မဲ့ တိုက်ခိုက်လာတဲ့ လူတစ်ယောက်ကို ခေါင်းနဲ့ တိုတ်ခိုက်တာကိုးကွ၊ ခေါ ခေါင်းပဲကောင်းသလို လက်လက် ချင်းပဲ ကောင်းတယ်'

ဟု ငှက်ခါးက သူ့လူနှစ်ယောက်ကို လှမ်းပြောလိုက်လေသည်။

ထိုအခါ သိုင်းသမားနှစ်ယောက်က ကိုင်ထားသော ဓားများကို ဓားအိမ်ထဲ ပြန်လည်သိမ်းသွင်းလိုက်ကြလေသည်။

ထို့နောက် ဝမ်လင်းရိကိုရှေ့ဖက်ကချည်း ရင်ဆိုင်ခြင်းမပြုဘဲ ရှေ့ဘက်ကတစ်ယောက် နောက်ကတစ်ယောက် ရင်ဆိုင်သည်။ သူတို့သည်လည်း အတွင်းအားများကို စုစည်းလိုက်လေ၏။

သိုင်းသမား နှစ်ယောက်တို့သည်အတွင်းအားများ စုစည်းလိုက်သည်နှင့် တစ်ပြိုင်နက်ဘည်း ကျောက်ဆစ်ရုပ် များနှင့်မခြား မာကျော တောင့်တင်းသွားပါလေတော့၏။

သူတို့သည် ဝမ်လင်းရိ၏ အနေအထားကို ရှာဖွေကြည့်နေကြ၏။ မည်သည့်သိုင်းကွက်ကို သုံးမည်နည်း။ မည်သည့်အားနည်းချက် ရှိမည်နည်း။

ဝမ်လင်းရိကမူ မိမိအားရင်ဆိုင်လာသည့် သိုင်းသမား နှစ်ယောက်၏ အခြေအနေနှင့် သိုင်းပညာအဆင့်သို့ ပထမ နှစ်ယောက်နှင့် တိုက်ခိုက်လိုက်ကတည်းက သိလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့် ရှေ့သက်က သိုင်းသမားအား တိုက်ခိုက်မည့်ဟန် ပြုကာ...

'ယား'

ဟု အားပြုသံပေးပြီး ပြေးဝင် လာသော ရိုက်ချက်ကို ခေါင်းငုံ့ရှောင်တိမ်းကာ ထိုရိုက်ချက်နှင့် အနောက်မှပြေးဝင်လာသောရိုက်ချက်ကို ပေါင်းစည်းစေလျက် အတွင်းအ

စုစည်းထားသော လက်နှစ်ဖက်ဖြင့် တန်ပြန်ရိုက် ထုတ်လိုက်လေတော့၏။

'ယား'

သိုင်းသမားနှစ်ယောက်မှာ သူတို့၏ စုစည်းထားသော အတွင်းအား အတိုင်းအတာအရ အချင်းချင်းခေါင်းချင်းဆိုင်ရိုက်မိရုံမှကဘဲ ဝမ်လင်းရိက တစ်ဖန်အတွင်းအား စုစည်းထားသော ရိုက်ချက်ကို ရင်ဘတ်များတွင် ခံလိုက်ရသဖြင့် နောက်သို့ လွင့်စဉ် လန်လဲကျကာ ငြိမ်သက်သွားလေတော့သည်။

နောက်လိုက် တပည့်လေးယောက်ကို ဝမ်လင်းရိက သိုင်းကွက်နှစ်ကွက်ဖြင့် အစွမ်းပြလိုက်သောအခါ တိမ်ညွှန့်စား ငှက်ခါး ဟူသော သိုင်းသမားကြီးသည် ဝမ်လင်းရိကို ဆက်လက်တိုက်ခိုက်ရန်ပင် စဉ်းစားသွားရပါလေတော့သည်။

ဝမ်လင်းရိက လက်နှစ်ဖက်ကို ရိုက်ပုတ်၍ခါရင်း...

'ခင်ဗျာ လူတွေကို ကျုပ်က အသေသတ်လိုက်တာ မဟုတ်ပါဘူး၊ သူတို့ခဏမောလို့ အိပ်နေကြတာပါ'ဟု ပြောလိုက်လေသည်။

ငှက်ခါးသည် မျက်မှောင်ကြုတ်၍ကြည့်ကာ...

'တိုကောင်တွေ ထ ထ၊ တောက်....အသုံး မကျလိုက်တာ သွန်ပါရော'ဟု ပြောလေ၏။

ထို့နောက် သိုင်းသမား ငါးဦးသည်လည်း တောင်ကုန်းတစ်ဖက်သို့ ပြေးဆင်းသွားကြလေတော့သည်။ သိုင်းသမား ငါးဦးသား ပြေးလွှားထွက်ခွာသွားသောအခါတွင်မှ ဦးလေး

ကြီးရုန်ဝေသည် မြင်းနှစ်ကောင်ကို ဆွဲလျက် တောင်ထိပ်သို့ ရောက်လာခဲ့လေ၏။

ရန်ဝေက၊

'မင်းရဲ့သိုင်းပညာကိုတော့ ဦးလေး အတော် ကို သဘော ကျသွားပြီကွာ' ဟု အားရပါးရပြောလိုက်လေ၏။

ဝမ်လင်းရိုက....

'ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးတွေပါပဲ၊ ဦးလေး ရန်ဝေရယ်' ဟု ပြန်၍ပြောလေ၏။

●

အခန်း [၁၃]

မိုးမချုပ်မီ တောမြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသဖြင့် ဝမ်လင်းရိနှင့် ရန်ဝေတို့ လှိုင်းတောကြုံရာ အိပ်ရမည့် အခြေအနေမှ ကင်းလွတ်ခဲ့ရလေ၏။

ဤတောမြို့ကလေးကို အဝေးက မြင်ရစဉ်က မည်သည့်မြို့မြို့ပင်သည်ကိုပင် မသိပေ။

ခရီးသည် တစ်ဦး ပြောပြသွားမှသာ ပန်းစမ်မြို့ကလေး ဖြစ်ကြောင်း သိလိုက်ရသည်။

သို့သော်လည်း ဤလမ်း၊ ဤခရီးကို ရောက်ဖူးခဲ့သည် မဟုတ်၍ ဤမြို့သို့လည်း နှစ်ယောက်စလုံး ရောက်ဖူးခြင်း မရှိခဲ့ပေ။

မြို့ထဲသို့ ဝင်ဝင်ခြင်း ဆင်ခြေဖုံး အရပ်ကို ကျော်ဖြတ်

သည်နှင့် စားသောက်ဆိုင် တစ်ဆိုင်ကိုတွေ့သည်နှင့် ဝမ်လင်းရှိတို့က မြင်းများကို ရပ်လိုက်ကြလေသည်။

'ဦးလေး ရန်ဝေ၊ စားသောက်ဆိုင်ရဲ့ ဆိုင်းဘုတ်ကို ကြည့်လိုက်စမ်းပါဦး'

ဟု ဝမ်လင်းရိုက ပြောလိုက်သဖြင့် ရန်ဝေက စားသောက်ဆိုင် ဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်လေရာအတော်ပင် အံ့သြသွားရလေတော့၏။

'မိတ်ဆွေသစ် စားသောက်ဆိုင်'

ရန်ဝေက ရယ်မောကာ....

'ဟုတ်ပါရဲ့ကွာ၊ လမ်းမှာ တို့ တွေ့ခဲ့တဲ့ စားသောက်ဆိုင်နာမည်က မိတ်ဆွေဟောင်း စားသောက်ဆိုင်တဲ့၊ အခုတွေ့ရတဲ့ဆိုင် ကျတော့ မိတ်ဆွေသစ် စားသောက်ဆိုင်တဲ့၊ မိတ်ဆွေဟောင်းနဲ့ မိတ်ဆွေသစ် တွေ့ကြတာပေါ့ကွာ'

ဟု ပြောပြီး မြင်းပေါ်က ဆင်းလိုက်လေ၏။

ဝမ်လင်းရိုက်လည်း သူ၏မြင်းပေါ်က ဆင်းလေ၏။ မြင်းနှစ်ကောင်ကို စားသောက်ဆိုင်ရှေ့ မြင်းချည်တန်းတစ်ခုတွင်မူလရှိပြီးသား မြင်းသုံးကောင်နှင့်အတူကြိုးချည်ပြီး ထားခဲ့လေ၏။

အိပ်ရာလိပ်နှင့် အိတ်တစ်အိတ်ကိုဆွဲကိုင်ကာ စားသောက်ဆိုင်ခန်းထဲသို့ ဝင်ရောက်လာကြလေ၏။

ဝမ်လင်းရိုက လူငယ်ဖြစ်သော်လည်း ရှေ့ကဦးဆောင်၏။ ကျန်သုံးဦးဆောင်စေရန်လည်း ရန်ဝေကလိုလိုလားလား ဦးဆောင်ပေးထားခြင်းဖြစ်၏။

အချို့နှုန်းမှာ ညချမ်းမိုးချုပ်စအချိန် ဖြစ်နေသဖြင့် စားသောက်ဆိုင်ကလေး အတွင်းတွင် ဖောက်သည်များနှင့်ပင် ၁၁းပွဲတိုင်း လူမလပ်ဘဲ ရှိနေလေ၏။

စား၁ပွဲတစ်လုံးတည်း ဖြစ်ပါလျက် လူတစ်ယောက် ရှိနေသည်ကိုကား ဝမ်လင်းရိ တွေ့လိုက်၏။

ထို့စား၁ပွဲရှိ ထိုင်ခုံတွင် လူကြီးတစ်ယောက် နောက်ကြောပေးလျက် ထိုင်နေလေ၏။

ဝမ်လင်းရိုက ရန်ဝေအား....

'လာလာ....ဦးလေး ရန်ဝေ၊ ဟိုမှာလူတစ်ယောက်တည်း ရှိတာ၊ တောင်းပန်ပြီး ငှင်ထိုင်ကြတာပေါ့'

ဟု ပြောကာ ရှေ့က လျှောက်သွားလေ၏။

ထို့နောက် ဝမ်လင်းရိုက တစ်ယောက်တည်းထိုင် အရက်သောက်နေသော လူကြီးအား....

'ဒီမှာ၊ နောင်ကြီး'

ဟု ပြောလိုက်စဉ်မှာတော့ စကား၁ စပြတ်သွားရလေ၏။ အကြောင်းမူကား၊ တစ်ယောက်တည်း ထိုင်၍အရက်သောက်နေသူ လူကြီးမှာ အခြားသူ မဟုတ်မူပဲ၊ မိတ်ဆွေဟောင်း စားသောက်ဆိုင်တွင် တွေ့ခဲ့ရသော မေးရိုးကားကားနှင့် လူကြီးဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

လူကြီးက ဝမ်လင်းရိ စကားပြတ်သွားရသည့် အကြောင်းရင်းကို သိလိုက်ဟန်တူ၏။

ဝမ်လင်းရိ စကားမှဆက်မီ....

'ဒီစားပွဲမှာ နေရာယူချင်လို မဟုတ်လား၊ ထိုင်ခုံသုံးခုံတောင် လွှတ်နေသေးတာပဲ၊ ထိုင်ပေါ့'

ခတ်တိုတို ခတ်ပြတ်ပြတ် ပြောလိုက်ပြီးနောက် အရက်ကို ဆက်သောက်နေလေ၏။

ဝမ်လင်းရိသည် နောက်မှ ကပ်ပါလာသော ရန်ဝေအား မျက်ရိပ်ပြလိုက်သဖြင့် ရန်ဝေသည်၊ မိတ်ဘွေဟောင်း စားသောက်ဆိုင်မှာ ဘွေခဲ့ရသော လူကြီးဖြစ်နေသဖြင့်....

'ဒီလူကြီးနဲ့မှ ပြန်ပြီး ဆုံဘတ်ပလေ'

ဟု စိတ်ထဲက တွေးလိုက်မိလေ၏။

ဝမ်လင်းရိသည် ဤအကြိမ်ဘွင်မှု အပြိုင်အဆိုင် ရှိလာပြီဖြစ်၍ ဆိုင်ဝန်ထမ်း ကောင်ကလေးအား ခေါ်၍ အရက်တစ်အိုးနှင့် အမြီးအသားကင်ကို မှာလိုက်လေ၏။

ထိုအခါ လူကြီးက အသားသုတ် ပန်းကန်ထဲက အသားတစ်ဖွဲ့ကို တူနှစ်ချောင်းဖြင့် ညှပ်ယူ၍ ပါးစပ်ထဲ ပစ်ထည့်လိုက်ရာမှ ပြုံးလိုက်လေ၏။

ပြုံးလိုက်သော အပြုံးမှာ အခိပ္ပာယ်တစ်ခုကို ဆောင်နေကြောင်း ဝမ်လင်းရိသိလိုက်လေရကား စိတ်ထဲက မကျေမနပ်ဖြစ်သွားရလေတော့၏။

ထိုအခါ ဝမ်လင်းရိက လူကြီးအား....

'နောင်ကြီး ဘာကိုသဘောကျလို ပြုံးရတာလဲ'

ဟု တဲ့တိုးပဲ မေးလိုက်လေ၏။ ဝမ်လင်းရိ အခုလို မေးလိုက်ခြင်းကြောင့် ရန်ဝေက ဝမ်လင်းရိတော့ ပြဿနာရှာပြီအသင်နှင့် တွေးပူနေ၏။

လူကြီးက အရက်ခွက်ကို ပြန်ကောက်ကိုင်ရင်းမှ....

'ကျုပ်နာမည်က ရဲ့ရိဖိုပါ'

ဟုသာ ပြော၏။

သူပြုံးသည့်အကြောင်းကိုမှ မပြောပေ။

ထိုအခါ ဝမ်လင်းရိကလည်း မလျှော့သောဇွဲလုံ့လဖြင့်

'ကျွန်တော်က နောင်ကြီးနာမည်ကိုမေးတာ မဟုတ်ပါဘူး'

ဟု ထပ်ပြော၏။

ရဲ့ရိဖုဆိုသူလူကြီးက....

'ကျုပ်ပြုံးလိုက်တာကို မင်းမေးတာ ကျုပ်မသိဘဲနေပါ့မလား၊ သိပါတယ်၊ ဒါပေယော့ မင်းက နောင်ကြီးလို့ ခေါ်နေလို့ ကျုပ်နာမည်သိထားရင် ပိုကောင်းမလားလို့ပါ'

ဟု ပြောလေ၏။

ထိုအခါ ဝမ်လင်းရိကပါ မိမိတို့နာမည်များကို ပြောပြလိုက်လေ၏။

ထိုစဉ် ဆိုင်ဝန်ထမ်းကောင်ကလေး အရက်တစ်အိုးနှင့် အမြီးအသားကင်တစ်ပန်းကန်ကို ချပေးလေ၏။

ထို့နောက် ဖန်ခွက်များနှင့်ရေခရားတို့ကို အပြည့်အစုံချပေး၏။

အခုလို သူစိမ်းညည်းသည်တွေအချင်းချင်း စကားပြော
ခန့်မသင့်ဖြစ်နေသည်ကို အနီးရှိ စားသောက်နေသူများ
ကြည့် သိ၏။

ထို့ကြောင့် သူတို့ ပြောလက်စစကားများကိုပင် ဆက်
ပြောဘဲ နားစွင့်နေကြလေ၏။

ရိဖုကမူ ဘာကိုမျှမပြောဘဲ အရက်ကိုသောက်လိုက်ချေ
ညည်းလေးဝါးလိုက်ချေ ရှိနေလေရာ ဝမ်လင်းရိမှာ ဤသို့
ဖုက သူ့ကိုဂရုမပြုလုပ်ပြနေခြင်းသည်ပင်လျှင် တစ်နည်း
ဖြင့် သူ့ကို အနှုနည်းဖြင့် စော်ကားနေသည်ဟု တွေးထင်
မိလေ၏။

သို့နှင့် ဝမ်လင်းရိသည် နောက်ထပ် အရက်လက်နှစ်လုံး
သောက်ကို ထပ်ထည့်ပြီး သောက်ချလိုက်ပြန်၏။

ထိုအခါ လူကြီးရဲ့ ရိဖုက....

'မင်းက တိမ်ညွှန့်စားတဲ့ငှက်ခါးကို အနှိုင်းဘိုက်ခိုက်လိုက်
သို့ ကျုပ်ကို တိုက်ခိုက်လို့ ရမယ်ထင်လို့လား'

ဟု မေးလိုက်လေရာ ဝမ်လင်းရိနှင့်ရန်ဝေ အံ့သြသွား
သတော့၏။

ဝမ်လင်းရိက....

'သြော်....နေ့ဝင်ကြီးတဲ့ငှက်ခါးခဲ့လူဖြစ်နေမှကိုး'

ဟု ပြောလိုက်လေ၏။

ရိဖုက....

'မင်း အဆင်မှားသွားပြန်ပြီ၊ ကျုပ်ဟာ သူတို့နဲ့ တာ
ပတ်သက်စား၊ အခုလို ငှက်ခါးနဲ့မတ်သက်လို့ ပြောနိုင်တ

ဝမ်လင်းရိက....

'ပြဿနာရတဲ့အကြောင်းလေး တဆိတ်လောက် ပြောပြပါ
ဦး....

ဟု ထပ်ဆင့်မေးလိုက်သောအခါ ရဲ့ရိဖုဆိုသော့လူကြီး
က....

'လူတစ်ယောက်ပြဿနာတယ်ဆိုတာ ပြဿနာရာတစ်ခုကိုတွေ့လို့
ပေါ့ကွာ'

ဟု ပြောပြီး အရက်ခွက်ကို မော့သောက် ချလိုက်လေ
၏။

သူ၏ဝမ်းပိုက်ထဲသို့ကား အရက်များမှာ အတော်များများ
ရောက်နေပြီ ဖြစ်တန်ထူ၏။

ဝမ်လင်းရိသည် ရဲ့ရိဖုအဖြစ်ကားကို အတော်ကလေး
ဘဝင်မှကျ ဖြစ်သွား၏။

ထို့ကြောင့်လည်း အရက်အိုးထဲကအရက်ကို အရက်ခွက်ထဲ
လက်သုံးလုံ လောက်ငှဲ့တည့်ကာ ကုန်လုကုန်ခင် မော့သောက်
လိုက်လေ၏။

ဦးလေးကြီးရန်ဝေကမူ ဝမ်လင်းရိနှင့်ရဲ့ရိဖုအခြေအ
တဖြည်းဖြည်းပြင်းထန်စ ပြုလာသည်ကိုသိသည်နှင့် ဘာဆက်
လုပ်ရမည်မသိ ဖြစ်နေလေ၏။

ဝမ်လင်းရိကိုတားရအောင်ကလည်း သည်လူရွယ်မဟုတ်တ
ကိုတော့ဖြင့် လုပ်မည်မဟုတ်မှန်း သိနေသည်ဖြစ်၍ မစား
ကြည့်နေရလေ၏။

က စောစောက မင်းတို့တိုက်ခိုက်နေတဲ့ပွဲကို ကျုပ်တစ်နေရာက မြင်လိုက်ရလို့ ပြောနိုင်တာပါ'

ဟု ပြော၏။

ထိုအခါ ဝမ်လင်းရိက...

'ဒီလိုဆိုရင် နောင်ကြီးကလဲ သိုင်းပညာရှင်တစ်ဦးပဲပေါ့ နောင်ကြီး သိုင်းပညာရှင်ဆိုရင်တော့ တစ်ပွဲတစ်လမ်းလောက် စမ်းကြရင်မကောင်းဘူးလား'

ဟု မေးလိုက်လေ၏။

'တစ်ပွဲမဟုတ်ဘူး၊ နှစ်ပွဲလောက်စမ်းကြတာပေါ့'

ဟု ရဲ့ရိဖုကပြောပြီးနောက် တစ်ဖက်ဘေးစင်တစ်ခုပေါ် တွင် တင်ထားသော ညာဘက်ယွန်းသည့် ဆီမီးခွက်တစ်ခွက်ကို လှမ်းယူ၍ စားပွဲခုံအလယ်နေရာလွတ်တွင် ချလိုက်၏။

ထို့နောက် ကျောက်ခေတ်မီးခြစ်ဖြင့် မီးထွန်းညှိလိုက်လေ၏။

ဆီမီးခွက်မှာ မီးညွန့်တလူလူနှင့် တောက်လောင်နေလေပြီ တကား။

ဝမ်လင်းရိသည် ရဲ့ရိဖုလုပ်နေသည်ကို အစပိုင်းတွင် မသိဘေးသော်လည်း နောက်ပိုင်း ရိပ်စားလာမိ ပါလေတော့၏။

ရဲ့ရိဖုက သိုင်းပညာ၏ အဓိကကျနေသော အတွင်းအား ဖော်ပြပြိုင်ဆိုင်တော့မည်ဆိုတာ သိလိုက်လေ၏။

ဝမ်လင်းရိတွေးထင်သည့်အတိုင်းပင် ရဲ့ရိဖုက ခန္ဓာကိုယ် တည်ငြိမ်လျက်ထားရှိရာမှ လက်ဝါးကို ရှေ့သို့ဆန့်တန်း မီးညွန့်ကိုတစ်တောင်ခန့် အကွာအဝေးမှ အသာအယာ ပြလိုက်လေရာ မီးညွန့်မှာ ပါးစပ်ဖြင့်မှုတ်နေသည်အလား ခြားတစ်ဖက်သို့ တိမ်းညွန့်နေလေ၏။

ထိုမြင်ကွင်းကိုတွေ့ရသောအခါ ဘေးတွင်ရှိနေကြသော သောက်နေကြသူများမှာ ဝိုင်းအုံ၍ ကြည့်ရှုကြကုန်

ထိုအခါ ဝမ်လင်းရိကလည်း ရဲ့ရိဖုကဲ့သို့ ခန္ဓာကိုယ်မတ်မတ် လျက် ညာဘက်လက်ကိုထုတ်၍ လက်ဝါးဖြင့် မီးညွန့် တောင်အကွာမှ ဖိတွန်းလိုက်လေ၏။

မီးညွန့်သည် တစ်ဖက်သို့ ကွေးညွန့်လျက်ရှိရာမှ ချက်ချင်း မတ်သွားရုံမကဘဲ အထက်သို့ ရှည်မျောမျောပုံသဏ္ဌာန် တက်သွားလေတော့၏။

ဆီမီးခွက်မှမီးတောက်မှန်သမျှ သာမန် တောက်လောင်မြဲ အတိုင်းရှိရမည့်အစား အခုတော့ မီးတောက်မှာ မြေ ကောင် ပါးပျဉ်းထောင်နေသကဲ့သို့ဖြစ်ကာ တောက်

လောင်နေသဖြင့် တွေ့မြင်ကြရသူအားလုံး မျက်လုံးအပြူး
သား ပါးစပ်အဟောင်းသား ဖြစ်နေကြရ လေတော့
၏။

အချို့က်လည်း....

'အို ဟာ ဟင်'

စသည်ဖြင့် အာမေဋိတ်သံများ ပေါ်ထွက်၍ နေလေ
ဆိုင်းပညာရှင်နှစ်ဦးတို့၏ အတွင်းအားကား အလျဉ်မမြ
သေးသော်လည်း ဆီမီးခွက်မှဆီက ခန်းခြောက်သွားသ
မီးတောက်လည်း ဟုတ်ခနဲ ငြိမ်းသွားလေတော့၏။

သို့သော် ဆိုင်ရှင်လူကြီးက ဆီအပြည့်ပါရှိသော မီးခွ
သားဆီမီးခွက်အသစ်တစ်ခွက်ကို အစားထိုးချပေးလိုက်လေ

ဆိုင်းပညာရှင်နှစ်ဦးတို့ကား လက်ဝါးများကို ဆက်လ
ကာမြကာလျက် အတွင်းအားအရှိန်ကို ထုတ်လွှတ် နေ
ပါ၏။ ထိုအခါ မီးညွှန့်သည် အထက်သို့ ရှည်မျောမျောတ
၍ တောက်လောင်နေရပြန်၏။

သို့သော် ဝမ်လင်းရိန္ဒင့်ရဲ့ ရိုဖုတို့သည် အချင်းချင်းလေ
ဖြင့် မိမိတို့၏အတွင်းအား ဆိုင်းဗဟုသုတကို သိရသည်
တစ်ပြိုင်တည်း ရှုပ်နှောက်လိုက်ပါလေတော့၏။

ထို့နောက် ဝိုင်းကြည့်နေသူများ ရှေ့မသွားမီဝမ်လင်း
လူကြီးရဲ့ ရိုဖုအား....

'နောင်ကြီးရဲ့ အတွင်းအား သိုင်းပညာဟာ ကျုပ်ထက်
သာပါတယ် ခင်ဗျာ' ဟု ပြောလိုက်လေသည်။ ရဲ့ရိုဖုသည်
ကျေနပ်စွာ ပြုံးပြလိုက်လေ၏။ ပြီးလျှင် အရက်ကို အတူတကွ
အမျော်တစ်ပါး စားသောက်နေကြလေတော့သည်။

အခန်း [၁၂]

'လမ်းမှာ ကျုပ်ကိုလိုက်ရှာတဲ့ ငှက်ခါးဟာ တိန်ယုမိန်ရဲ့ လူတွေလို့ ကျုပ်ဆင်မိတာပဲ' ဟု ဝမ်လင်းရိက ပြောလိုက်သောအခါ ရဲ့ရိဖုလူကြီးက....

'မင်းအထင်ဟာ အမှန်ပဲဟေ့' ဟု ပြော၏။

ယခုအခါတွင်မူ ခရီးတစ်ထောက် နားနေသည့် အခိုက် ဝမ်လင်းရိနှင့် ရဲ့ရိဖုတို့ စကားလက်ဆုံကျနေမိခြင်း ဖြစ်၏။

ဝမ်လင်းရိက ဆက်၍....

'သူတို့နဲ့နေခင်ကြီးရော တိုက်ခိုက်ခဲ့ဖူးပါသလား ခင်ဗျာ' ဟု မေးသည်။

ထိုအခါ ရဲ့ရိဖုက၊

'ငှက်ခါးက ကျုပ် အသည်းနုတ်ယူချင်နေတာကလား၊ တိုက်တော့ မတိုက်ရဲဘူး၊ တိုက်ခဲ့ရင်လဲ သူ့အသည်းအနုတ်ခံရတော့မှာ မဟုတ်လား' ဟုပြော၏။

သူ့ကို ကြည့်ရသည်မှာ တိန်ယုမိန်ဘက်တော်သားများကို သူ့ဝဂရမစိုက်သည့်အလားရှိ၏။ ဝမ်လင်းရိက ရဲ့ရိဖု၏စကားကို သဘောကျသွားသည့်ဟန်ဖြင့် ပခုံးနှစ်ဖက်ကိုတွန့်၍ ပြုံးလိုက်လေသည်။ ပြီးလျှင်....

'တိန်ယုမိန် ဘက်တော်သားတွေနဲ့ အခုလို မသင့်ဖြစ်ရတာကို နောင်ကြီးက မမှုသလိုပဲနော်' ဟု ပြော၏။

ရဲ့ရိဖုက ကိုက်ထားသော သစ်ရွက်စိမ်း ကိုက်ဖဲ့နေရာမှ....

'မှုစရာမလိုပါဘူး ညီမောင်ရာ၊ မှုရမယ့်လူက စီချန်မြို့စားမင်း တုချင်းပါ' ဟု ဖြည်းဖြည်းလေးလေး ပြောလေ၏။

တုချင်း ဟုသော အမည်ကိုကြားလိုက်ရသောအခါ ဝမ်လင်းရိမှာ အမျက်ဒေါသများကို တားဆီးမရ ဖြစ်သွားရပါသေတော့၏။ တတ်နိုင်လျှင် ထိုနာမည်များကို ဝမ်လင်းရိကြားချင်တော့ပြီတကား။

ဝမ်လင်းရိ၏ ရင်တွင်းခံစားချက်ကို ရဲ့ရိဖုက သိရှိသဘောပေါက်လိုက်သည် မှန့်သော်လည်း မသိလိုက်လေဟန် နေလိုက်လေ၏။ သို့သော်လည်း ရဲ့ရိဖု၏အသိစိတ်တွင်လည်း သူလည်း မိတ်ဆွေသို့သော ခံစားချက်အမှန် ရှိရပေလိမ့်မည်ဟု တွက်၏။

ဝမ်လင်းရိက ခပ်လှမ်းလှမ်းတွင် မောမောနှင့် သစ်ပင်မှီလျက် အိပ်မောကျနေသော ရန်ဝေကိုကြည့်ရင်း၊

'နယ်စားကြီး တိန့်ယုမိန့်နဲ့ပတ်သက်လို့ ဒီစကားတွေ ပြော
ရတာလဲ မကောင်းပါဘူး နောင်ကြီးရယ်'

ဟု ပြောလိုက်သောအခါ ရဲ့ရိဖုက....

'မှန်တာပေါ့ ညီမောင်ရာ၊ အမှန်ကတော့ မပြောချင်စရာ
တွေပဲပေါ့၊ ဒါတွေထားပါတော့၊ ဒါထက် ညီမောင်က ဘယ်
ကိုသွားမလို့လဲ'

ဟု မေးလိုက်လေရကား ဝမ်လင်းရိမှာ ရုတ်တရက် အမေး
ကို မည်သို့ဖြေရမည်မသိ ဖြစ်သွားလေသည်။

ထို့စဉ် ရဲ့ရိဖုကပင် ဆက်လက်၍....

'အေးလေ ကျုပ်ကအမှတ်မဲ့ မေးလိုက်မိတာပါ၊ ညီမောင်
အထွက် အနှောင့်အယှက် ဖြစ်မယ်ဆိုရင်လဲနေပါ ရပါတယ်'
ဟု ပြောလေ၏။

ဝမ်လင်းရိက ပြုံးရယ်လျက်၊

'သြော် နောင်ကြီးရယ်၊ ကျုပ်ကဘာလို့ မပြောနိုင်ရမှာ
လဲ ပြောနိုင်ပါဘယ်၊ကျုံလင်းမှာကျင်းပမယ့် သိုင်းပြိုင်ပွဲကို
သွားမလို့ပါ'ဟု ဖြေ၏။

အမှန်တော့ ဝမ်လင်းရိ၏ အဓိကမကျသော အကြောင်း
အချက်တစ်ခု ဖြစ်ပေ၏။ ဤသည်ကိုလည်း ရဲ့ရိဖုက ဆင်
မမေးဘဲ သိလိုက်ပါ၏။ သို့နှင့် ခေါင်းတညိတ်ညိတ် လုပ်ကာ
ပြုံးနေလေ၏။

'ဟုတ်ပေသားပဲ၊ မိတ်ဆွေတောင်း စားသောက်ဆိုင်မှာ
ကြေခြင်ဘာသွန်လွှာ လာချိတ်တာကိုတောင် ကျုပ်တို့ ရေ
လိုက်သေးတာပဲ မဟုတ်လား'ဟု ရဲ့ရိဖုက ပြောဆိုမှတ် ချက်

လေသည်။ ပြီး တစ်ဖန် 'ညီမောင့်သိုင်းပညာနဲ့ အောင်မြင်မှု
ရမှာပါ'ဟု ပြော၏။

ဝမ်လင်းရိက....

'ကျုပ်လဲ မျှော်လင့်မိတာပါပဲ၊ ဒါပေမယ့်လဲ ပညာရပ်
ဆိုတာ ဘယ်လိုပညာရပ်မဆို ကုန်ဆုံးတာရယ် မရှိလေတော့
ငါသာ တော်လှန်ချည်ရဲ့လို့ တွက်ထားလို့လဲ မရတူးလေ၊
ဒါကြောင့် လျှော့တွက်ထားပါတယ် ခင်ဗျာ'

ဟု ပြောလိုက်လေ၏။

ရဲ့ရိဖုက ခေါင်းကို ခါယမ်းရင်း။

'လျှော့တော့ မတွက်ပါနဲ့ ညီမောင်ရာ၊ ညီမောင်ရဲ့ သိုင်း
ပညာကိုလဲ ကျုပ်တွေ့မြင်လိုက်သားပဲ အမျှားကြီး မျှော်လင့်
လို့ရပါတယ်၊ ဒါထက် ညီမောင့် သိုင်းပညာကို သင်ပေး
လိုက်တဲ့ ဆရာကို ကျုပ်မသိရဘူးလား'

ဟု မေးလိုက်သောအခါတွင်အား ဝမ်လင်းရိက ထိုင်ရာမှ
ထရပ်လိုက်လေ၏။

ပြီးလျှင် ငှက်ခါးတို့ကို သူ ပြောခဲ့စဉ်က နဂါးငွေ့ စား
သမားဟု ပြောခဲ့မိပါသော်လည်း ရဲ့ရိဖုမှာ အဝေးက လှမ်း
ကြည့်နေသူဖြစ်၍ စကားသံကို မကြားလိုက်ခြင်း ဖြစ်မည်။
ထိုစကားကို ကြားလျှင် သူသည် မိမိအား မည်သည့် သိုင်း
ပညာရှင်၏တပည့် ဖြစ်မည်ကို သိနိုင်၍ မေးမည် မဟုတ်ဟု
ဝမ်လင်းရိ စဉ်းစားလိုက်မိလေ၏။

ထို့ကြောင့်။

ဝမ်လင်းရိက....

'ခွင့်လွှတ်စေချင်ပါတယ် နောင်ကြီးရယ်၊ တစ်ပည့်တစ်ယောက်ဟာ မိမိဆရာသမားတစ်ဦးရဲ့ အမည်ကို ထုတ်ဖော်ပြောဆိုပြီး ဂိုဏ်ယူရမှာပါ၊ ဒီလိုမဟုတ်လို့ ကျုပ်ကိုအပြစ်လို့ မယူဆစေလိုပါဘူး'

ဟု ပြောလျှင် ပြောချင်း ရဲ့ရိဖိုကပင်။

'အခါအခွင့် မကျသေးလို့ ပြောမပြတာ မဟုတ်လား၊ ဒါလဲ ကောင်းပါတယ်လေ'

ဟု ပြောကာ ထိုင်ရာမှ ရပ်လိုက်လေ၏။

ဝမ်လင်းရိုက....

'နောင်ကြီးရော အဲဒီသိုင်းပြိုင်ပွဲကို ရောက်ဦးမလား၊ ရောက်လာရင် ကောင်းမှာပဲ'

ဟု ပြောလေရာ ရဲ့ရိဖိုက....

'သတိတော့ ထားပြီးသွားနော်၊ သူတို့သိုင်းပြိုင်ပွဲကို လုပ်တာ ရိုးရိုးသားသားဆိုရင် ကောင်းပါတယ်၊ မရိုးသားရင် ညီမောင်အတွက် အန္တရာယ်ရှိနိုင်တယ်' ဟုပြော၏။

'ဟုတ်ကဲ့ အဲဒါဆိုတော့ အခြေအနေကို လေ့လာသုံးသပ်ရမှာပဲပေါ့ နောင်ကြီးရယ်၊ အခြေအနေတစ်ခုတို့ သတိထားကြည့်ရင် အမှန်ကိုမြင်သာပါတယ်'

'ညီမောင့် အတွေးအခေါ် မဆိုးဘူးဟေ့၊ ကဲ....ဟို ငှက်ခါးလူစုကြီး ပြန်လာနေရင် အလုပ်ရှုပ်နေဦးမယ်၊ ခရီးဆက်ကြစို့' ဟု ပြောလေ၏။

ထို့နောက်။

မြင်းများရှိရာနေရာသို့ တူရုပြု၍ လျှောက်သွားလေ၏။ ဦးလေးကြီး ရန်ဝေလည်း အခုမှ အိပ်ပျော်နေရာမှ လန့်နိုးကာ ဝမ်လင်းရှိအနီးသို့ ပြေးလာလေ၏။

အားလုံး မြင်းပေါ်သို့ ရောက်သောအခါရဲ့ရိဖိုက....

'တို့လမ်းရိုးအတိုင်း သွားလို့မဖြစ်တော့ဘူး၊ ငှက်ခါးတို့လူစုအခဲမကျေတဲ လိုက်လာကြမှာ သေချာတယ်၊ ဒီတော့လမ်းကြောင်း ပြောင်းလွဲသွားကြမယ်၊ မင်းတို့ရော ဘယ်လိုသဘောရသလဲ' ဟု မေး၏။

ဝမ်လင်းရိုက....

'နောင်ကြီးပေးတဲ့အကြံ ကောင်းပါတယ်'

ဟု ပြောပြီးနောက် ရဲ့ရိဖ နောက်က လိုက်ခဲ့ကြလေ၏။

ဝမ်လင်းရိုကမူ ရဲ့ရိဖိုအကြောင်း စဉ်းစားနေမိလေ၏။

'ဒီလူကြီးဟာ အခု နယ်စားကြီးတိန်ယူမိန်ရဲ့ ဘက်တော်သားတွေကို ဆန့်ကျင်နေတဲ့ လူတစ်ယောက်များလား'

'နေခုကပြီး သူဟာ ငါတင်သလိုလူဆိုးလူမိုက်တစ်ယောက်မဟုတ်တာ အမှန်ပဲ၊ ဒါဖြင့်ရင် သူဟာ ဘယ်သူလဲ ဘယ်ကသာပြီး သူဟာ ဘယ်ကိုသွားမလို့လဲ'

'မိတ်ဆွေသစ် စားသောက်ဆိုင်မှာ သူဖော်ထုတ်ပြလိုက်တဲ့ အတွင်းအား သိုင်းပညာအဆင့် သိုင်းကွက်ဟာ အတော့ကို 'အဆင့်မြင့်တဲ့ သိုင်းကွက်တစ်ကွက်ပဲ'

ဝမ်လင်းရိသည်ရဲ့ရိဖုအား ဖွင့်ဟထုတ်ဖော်၍ မပြော သော်လည်း အတွေးစိတ်ထဲတွင်မှု ပြော၍နေလေ၏။

ထို့နောက်။

ဝမ်လင်းရိက ရဲ့ရိဖုကို အသေအချာ လေ့လာ အကဲခတ်နေမိပြန်၏။

သူ၏ တောင့်တင်း ကြံ့ခိုင်သော ကိုယ်လုံး ကိုယ်ထည်မှာ အသေအချာ ကြည့်မိလေလေ။

ရာဇမာန် ပါလှသော ယောကျ်ားကောင်းတို့၏ ကိုယ်လုံး အချိုးအဆက်များ ဖြစ်နေကြောင်း သတိပြုမိ၏။

ပြီး....

ယခု သူ ဝတ်စားထားသောဖိုးယို့ဖားယား ကျေးတော သား အဝတ်အစားများနှင့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတို့ ထောင်ထောင် ကြောင်ကြောင်ကြားကြားအားလုံးကို ဖယ်ထုတ်ကြရမည်ဆိုလျှင်ကား အလွန်ဥပဓိရှပ် ခန့်ညားသော လူတစ်ဦး အမှန်ဖြစ်လာလိမ့်မည်ဟု ဝမ်လင်းရိ သတိပြု လိုက်မိလေ၏။

ကွင်းစပ်တစ်ခုကို ဖြတ်ကျော်လာသောအခါ အရှေ့ဘက်က လေများ တဟူးဟူး တိုးတိုက်လာလေ၏။

ဝမ်လင်းရိကား အတွေးများကို ဆက်လက် ဖြန့်ချ လိုက်မိလေရကား အတွေးများက ကျိုလင်းပြည်နယ်ကြီး၏ အခြေအနေကို တွေးတောစဉ်းစားနေလေ၏။

ကျိုလင်းပြည်နယ်၏ အုပ်ချုပ်ရေးမှာ တည်ငြိမ်မှု မရရှိသေးဘဲ တောပုန်းဓားပြ သူခိုးများ စခန်းထကာ ဟိုနေရာ တစ်မျိုး သည်နေရာကတစ်ဖုံ ဖြစ်နေ၏။

ဤသည်မှာနယ်စားကြီး တိန်ဟန်ချန်ကွယ်လွန်ပြီး အရိုက်အရာကိုခံယူလာသော တိန်ယုမိန်၏ မနိုင်မနင်း ဖြစ်မှုပေါ်တွင် မူတည်နေသည် မဟုတ်ပါလား။

ဤနေရာတွင် စိုးရိမ်စရာ ကောင်းသော အချက်မှာ တိန်ယုမိန်အပေါ်တွင် ညီဝမ်းကွဲ တော်စပ်သူ တုချင်း၏ ဩဇာသွမ်းမိုးမှုပင် ဖြစ်ပေ၏။

ဤအခြေအနေကို မင်းသားကြီးတိန်ရှေဟုန် သိထားသည့်အတွက် တော်သေးသည်ဟု ဆိုရပေလိမ့်မည်။ မည်သို့ဆိုစေ တိန်ယုမိန်ကတော့ သူ့အနီးကရန်သူကို မသိဘဲရှိလေ၏။

အကယ်၍ စီချန်မြို့စား တုချင်းက သစ္စာဖောက်ခဲ့မည် ဆိုလျှင် နယ်စားကြီးတိန်ယုမိန်နှင့်တကွ တုချင်း ယုံကြည်စိတ်ချခြင်းမရှိသော မိမိဖခင် နန်စီမြို့စား ဝမ်ပို့ကဲ့သို့သော မူးမတ်သေနာပတိများနှင့် မြို့စားအချို့ ကွက်မျက် သုတ်သင်ခြင်းကို ခံရမည်မဟုတ်ပါလား။ ထိုအခါ ဆုတ်သင်ခံရသူများ၏ အဆက်အနွယ်များ သည် မိမိကဲ့သို့ အာဏာစက် လွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေကြရဦးမည် ဖြစ်သည်။

ယခုပင်လျှင် ဝှက်ခါးတို့လို ဒုစရိုက် လောကသားတွေကို တုချင်းက ခေါ်ယူအသုံးချလာခဲ့ပြီဖြစ်၏။ မိမိလာသိုင်းပညာ

ရွှင်ဘဝကို မခံယူခဲ့လျှင် တွင်ချင်ယေ တောင်ကုန်းဘွဲ့ မိဘ
နှစ်ပါးမြေပုံကို ကန်တော့စည်ကတည်းကတောင်ကုန်းတွင် မိမိ
အတွက် မြေပုံတစ်ခုတိုးခဲ့ပေလိမ့်မည်။ ရန်ဝေ၏ မြေပုံကိုပင်
တွေ့နိုင်ပါဦးမည်။

'အင်း ဘာပဲပြောပြော ခုနေအခါမှာ မင်းသားကြီး
တိန်ရွှေဟုန်နှင့်သာတွေ့ရလျှင် ဘယ်လောက် ကောင်းလိုက်
မလဲ' ဟုလည်း ဝမ်းနည်းရိတွေးတော စဉ်းစားမိလေသည်။

မင်းသားကြီး တိန်ရွှေဟုန်ကား ၊တောင်ဘဲ့ ခုနစ်ထပ်
စခန်းတွင်ရှိကော့တဲ့ မွန်ဂိုများ၏ အကျဉ်းသမား ဘဝသို့
ကျရောက်ခဲ့သလိုလို တစ်ဖန် မင်းသားကြီးအား ထောက်ခံ
သော လျှို့ဝှက်သိုင်းဂိုဏ်းကြီး တစ်ခုနှင့်အတူ လက်တွဲကာ
အရေးတော်ပုံအစီအစဉ်များ ပြုလုပ်နေသလိုလိုဝမ်းနည်း ကြာ
သိထားရလေ၏။

တိန်ယုမိန်နှင့် တခြားဘက်ကတော့ မင်းသားကြီးတိန်ရွှေ
ဟုန်နှောက်သို့ အသံအမဲ ခြေရာခံကာ လိုက်နေကြ သည်ကို
သိရ၏။ ဤရာသီမျိုး၌ ခေးမဆိုင်းရဟူသော အိမ်နီးစပ်ခင်ပွန်
လည်း တိန်ယုမိန်နယ်စားကြီးရာ ထုတိုးပြန်ထားပြီး ဖြစ်ပါ၏။

သို့ဖြစ်လေရကား မင်းသားကြီး တိန်ရွှေဟုန်သည် အရေး
တော်ပုံကို လျှို့ဝှက် သိုင်းဂိုဏ်းကြီးမှ သိုင်းပညာ အကျော်
အမော်များဖြင့် အခြေခံကာ အတောင်အထသ်ဖော်မှုန်မယ်
ပါ၊ပေ။ ဤအချက်ကို တွေးမိသော တခွင်းသည် ပြည်နယ်
အတွင်းရှိ သိုင်းပညာ အကျော်အမော်များ လျှို့ဝှက် သိုင်

အင်းဘက် ပါသွားမည်စိုးရိမ်ပြီး သိုင်းပွဲငယ်ကို ကျင်းပပြု
ပေးရန် စီစဉ်လာခြင်းပင်။ သို့မှသာ သိုင်းပညာ အကျော်
အမော်များကို အချိန်မီဆွဲယူခေါ်ထားနိုင်မည်ဟု တွက်ချက်
ထားကြခြင်းပင်။ ဝမ်လင်းရိက သက်ပြင်းတစ်ချက် မှုတ်ထုတ်
သွင်းလိုက်လေသည်။

အခန်း [၁၃]

မည်သို့ဆိုစေ မိမိသိုင်းပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်မည် အရေးကိစ္စမှာကား မိမိ၏သီးခြား ရည်မှန်း လျာထားချက် ရှိနေသည်ဖြစ်၍ မိမိလိပ်ပြာ မိမိလုံ၏။

သို့နှင့် နှုတ်ခမ်းများကို တင်းတင်းစေ့ ထားလိုက်ကာ ခြေနင်းကွင်းဖြင့် မြင်း၏ဝမ်းဗိုက်ကို ဆောင့်ကာ မြင်းကို အရှိန်မြှင့်တင်လိုက်လေ၏။ ထို့အချိန်တွင် ရဲ့ရိဖုသည်လည်း သူ့အတွေးနှင့်သူ ရှေ့တွင်မြင်းကို ခပ်မှန်မှန်စီးကာ ဦးလေးကြီး ရန်ဝေကတော့ နောက်တွင်တလှုပ်လှုပ် လိုက်ပါလာခဲ့လေ၏။

သို့သော်လည်း ရဲ့ရိဖုကား အချိန်မရွေး တောပုန်းဓားပြများ အချိန်မရွေး ထွက်လာတိုက်ခိုက်နိုင်သော ဒေသ ပတ်ဝန်းကျင်ဖြစ်သည်နှင့် သတိရှိနေဟန် တူသည်။ တစ်မိုးချုပ်

တော့မည့်အချိန်သို့ ကျရောက်လာသော် အလယ်တောအုပ်တစ်ခုကို ပြန်လည်ဝင်လာကြ၏။ တောအုပ်မှာ ထူထပ်သိပ်သည်းသော တောအုပ်တစ်ခုဖြစ်၏။ တစ်နေရာသို့ အရောက်တွင် အဆောက်အအုံတစ်ခုကို ဘွားခနဲ တွေ့လာရလေ၏။ ရန်ဝေမှာ ခရီးပန်းလှမြီဖြစ်၍ အဆောက်အအုံကိုတွေ့မြင်ရရုံနှင့် မျက်နှာတစ်ခုလုံး ရွင်လန်းသွားလေတော့၏။

အဆောက်အအုံသည် ဝင်းခြံတစ်ခု အတွင်း၌ ရှိနေပြီး ဝင်းခြံအတွင်း၌အသီးပွင့်များဖြင့်ရှိ၏။လိမ္မော်သီး၊သစ်တော်သီးနှင့်ကျွဲကောသီးများမှာ ပဒေသာပင်များသဖွယ် တွဲလဲခိုလျက် အချို့လှုပ်ကာ အချို့မှာငြိမ်သက်စွာပင် ရှိနေ၏။ ရှဉ့်မြီးဖွားတို့မှာ ရှဉ့်နန်းတော်တမျ တစ်ကောင်နှင့် တစ်ကောင် ခုန်ပျံကျော်လွှားလျက် ရှိနေကြ၏။

သစ်ပင်များနောက်ဘက်တွင် တွေ့ရသောအဆောက်အအုံမှာ သုံးလုံးဖြစ်၏။ သို့သော် တစ်လုံးတွင်သာ လူသူရှိနိုင်ပြီး နှစ်လုံးမှာမူ လူသူမရှိနိုင်ပေ။ ထင်းများနှင့်အိမ်မွေးတိရစ္ဆာန်များထားသည့် အဆောက်အအုံဖြစ်နိုင်သည်။ လောလော ဆယ်တွေ့ရသည်မှာ မြင်းတစ်ကောင်ဖြစ်၏။

အဆောက်အအုံအနီးသို့ ရောက်သွာ သောအခါ မိမိတို့နောက်ကျောမှ အသံတစ်သံ ပေါ်ထွက် လာပါလေတော့၏။

'ခရီးသည်တွေ ထင်တယ်'

အသံလာရာ မိမိတို့နောက်ဘက်သို့ အားလုံးဆတ်ခနဲ လှည့်ကြည့်လိုက်ကြသောအခါ အညိုရောင် ခပ်မှိုင်းမှိုင်း လျော်တေသက်နှင်းကြီး ဝတ်ခြုံထားသော ရသေ့ကြီးတစ်ပါး ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

ရဲ့ရိဖုလူကြီးက မြင်းပေါ်က ဝုန်းခနဲ ခုန်ဆင်းလိုက်ပြီး ဦးညွှတ်ကာ....

'ဟုတ်ကဲ့....ခရီးသည်တွေပါ ဘုရား' ဟု ပြန်လျှောက်တင်လိုက်သည်။ ရသေ့ကြီးက ကောင်းကင်ကို မော့ကြည့်၏။ ပြီးလျှင်....

'ကောင်းအချိန်နှောင်းပြီ ထင်တယ်ကွယ်.'

ဟု ပြော၏။ ဝမ်လင်းရီက ဝင်၍....

'တပည့်တော်တို့လဲ အချိန်နှောင်းလာတာနဲ့ စခန်းချဖို့စိတ်ကူးနေတုန်း ရသေ့ကြီး ကျောင်းသင်ခန်း တွေ့လိုက်တာနဲ့ တစ်ညတည်းခိုခွင့် လျှောက်တင်ဖို့ရာ အခုလို လာခဲ့ရတာပါ ဘုရား'

ဟု လျှောက်တင်လိုက်လေ၏။

ရသေ့ကြီးသည် ဝမ်လင်းရီ၏ လျှောက်တင်သောစကား အဆုံးတွင် လူသုံးဦးအနက် ရဲ့ရိဖုနှင့် ဝမ်လင်းရီတို့ [illegible]

သား၏ မျက်နှာများကိုသာ အသေအချာ စူးစမ်းသော အကြည့်များဖြင့် အကဲခတ်ကြည့်ရှုပြီးသော် အတော်ပင် အံ့ဩသွားပါလေ၏။

ထိုသို့အံ့ဩသွားဟန်နှင့်ပင်။

'အရှင်နှစ်ပါး ဆုံစည်းလို့ လာကြပါလား၊ အင်း.... အတော် အံ့စရာပေပဲကိုး'

ဟု မိမိတို့အား ပြောသလိုလို သူ့ကိုယ်သူပဲ ပြန်ပြောနေသလို ထပြောနေလေ၏။

ရသေ့ကြီး၏ စကားကို ကြားလိုက်ကြသောအခါ ရဲ့ရိဖုက အမှုမဲ့ သဘော နေလိုက်သည် မှန်လင့်ကစား ဝမ်လင်းရီကမူ ဣန္ဒြေပျက်သွား၏။

သို့သော်...

ရသေ့ကြီးက သူ့စကားကို ပြန်မဆက်တော့ဘဲ။

'ကဲ....ကဲ....ကျောင်းပေါ်ကို တက်ကြ တက်ကြ'

ဟု ဖိတ်ခေါ်လိုက်လေ၏။

ထို့နောက်တော့ ရသေ့ကြီးမှာ ဤကျောက်စိမ်းတောင်

ဒေသတွင် သီတင်းသုံးခဲ့သည်မှာ ကြာပြီဖြစ်သောရသေ့ကြီး ဟိုကွမ်ယု ဖြစ်ကြောင်း သိရလေ၏။

ရသေ့ကြီး ဟိုကွမ်ယုသည် မြို့ပြလမ်းမများပေါ်တွင်တွေ့ရတတ်သော ပိန်ပိန်ရှည်ရှည် ရသေ့ကြီးမျိုးကားမဟုတ်ပေ။ အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၏။

ဆံပင်များကိုသာ ရိတ်ထားမည် ဆိုပါက ရှောင်လင်ကျောင်းက ဘုန်းကြီးတစ်ပါးနှင့် အလွန်တူပြီး ရှောင်လင်ဘုန်းကြီးတစ်ပါးဟုပင် ထင်ရမည်ဖြစ်ပေတော့၏။

ရသေ့ကြီး ဟိုကွမ်ယုက ငှက်ပျော်သီးသာ ကျွေးစရာရှိသည်ဟု ပြောကာ ငှက်ပျောသီး တစ်ခိုင်ကို ချကျွေး၏။ ခွက်ပျောသီးမှာကား ခုလိုတောင်ကုန်းတောင်ကြားတို့၌သာ တွေ့ရတတ်သော ရွှေနီရောင် ငှက်ပျောသီးများဖြစ်၏။

ဦးလေးကြီး ရန်ဗေမှာ ဆာဆာနှင့် စားလိုက်သည်မှာ သူ့ရှေ့တွင် အခွံများ ပုံ၍ သွားပါလေတော့၏။

ဝမ်လင်းရိသည် ရသေ့ကြီး ဟိုကွမ်ယုနှင့် ရဲ့ရိဖုတို့စကား လက်ဆုံကျနေသည့်အခိုက် ကျောင်းသင်ခန်း အတွင်းဘက်သို့ ဝင်ခဲ့မိလေရာ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် တအံ့တသြ ဖြစ်သွားရလေတော့၏။

ဝမ်လင်းရိ တွေ့မြင်လိုက်ရသော မြင်ကွင်းမှာကားအခြားမဟုတ်၊ နံရံများပေါ်တွင် တွေ့ရသော ဓားလှံ အဲမောင်း၊ ဒေင်း၊ ဒိုင်းလွှ၊ တစ်ဆစ်ချိုးတုတ်၊ နှစ်ဆစ်ချိုးတုတ်၊ လေးကိုင်းနှင့် အမည်မသိ လက်နက်ပုန်းများအပြင် ဒဏ်ကြေဆေးအမျိုးမျိုး၊ ပေပုရပိုက် အထုပ်များ၊ ဗျတ်စောင်း၊ တူရိယာအစရှိသော လက်နက်ဆေးဝါးနှင့် ပစ္စည်းကိရိယာများပင် ဖြစ်ပါ၏။

ဝမ်လင်းရိက ထိုမြင်ကွင်းကို ကြည့်ရင်း....

ရသေ့ကြီး ဟိုကွမ်ယုကား လောကုတ္တရာ စာပေကျမ်းဂန်များကို လေ့လာလျက် တရားဘာဝနာ စည်းဖြန်းလျက်ရှိသော ရဟန်းသံဃာမျိုး မဟုတ်မူဘဲ အထူးသဖြင့် လောကီပညာရပ်များ သင်ကြား လေ့ကျင့်ပေးနေသော ရှေးခေတ်သက်ကျန် လောကီပညာရပ်များ အရှင်တောပျော် ရသေ့ကြီးတစ်ပါးမှန်း သိလိုက်၏။

အမှန်တော့ ဝမ်လင်းရိ၏ ဆရာကြီး နဂါးငွေ့ဓားချင်းဟုန်သည်လည်း ရသေ့အသွင် မနေသည်က လွဲလျှင် ရသေ့ကြီး ဟိုကွမ်ယုနှင့် ခြားနားလှသည်မဟုတ်ပေ။

လောကီပညာများကိုလည်း မ တတ် မြောက် ထားလျှင် အဘက်ဘက်တွင် အသိပညာ၊ အတတ်ပညာနှိမ့်ချကာ အခန့်

မသင့်လျှင် လူလူချင်း စော်ကား မော်ကား လုပ်ခြင်းကို ခံရ တတ်သည်ဖြစ်၍ လောကီပညာကို သင်ကြားရလေ၏။

ဝမ်လင်းရိုမှာ အခုမှ ရသေ့ကြီး၏ ကိုယ်လက် လှုပ်ရှား ပုံကို ပြန်လည် သတိပြုလိုက်မိလေ၏။

သခမန် လူတစ်ယောက်၏ သွားလာ လှုပ်ရှားခြင်းမျိုး မဟုတ် ဘဲ သိုင်းသမားတစ်ယောက်၏ သွားလာလှုပ်ရှားခြင်း မျိုး ဖြစ်နေကြောင်း သိလာလေရတော့၏။

မျက်လုံးမှာကား ပို၍ထူးခြားနေ၏။

အကြောင်းမူကား ရသေ့ကြီးဟိုက္ခမ်ယု၏ မျက်လုံးအစုံ သည် တစ်ခါတစ်ခါ တစ်နေ့လုံးတည်း မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေအတိုင်း သူ၏အကြည့်များမှာ စူးရှတောက်ပ နွေးထွေးသောကြောင့် ဖြစ်ပေ၏။

'ကဲ...ယွဲ့သည်တွေလာကြ၊ အပေါ်ထပ်ကို တက်ကြရ အောင်'

ဟု ရသေ့ကြီး ဟိုက္ခမ်ယုက အဆိုပြု၍ အပေါ်ထပ်သို့ ဦးဆောင်တက်ခဲ့လေ၏။

အပေါ်ထပ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဘုရားစင်ကြီး

တစ်ဆောင်ကို ဂေါတမမြတ်စွာဘုရား ရှပ်ပွားတော်မုံတော် များနှင့် ဖူးတွေ့ရလေ၏။

ရဲရိုဖုရော ဝမ်လင်းရိုနှင့် ဦးလေးကြီးရန့်ဝေပါ ဘုရားစင် ရှေ့တွင်ထိုင်ကာ ဝတ်ဖြည့်ကြလေ၏။

ရသေ့ကြီး ဟိုက္ခမ်ယုက....

'ဒီမှာ အေး အေးဆေးဆေး အနားယူကြဦးပေါ့၊ စော သေးတယ်၊ အိပ်ရာတွေလာပေးလိမ့်မယ်၊ ဩော်...မင်းတို့ လို့တာရှိလဲ ပြောပေါ့၊ ဆရာသေးရင်လဲ တစ်ခုခုစားဖို့ စီစဉ် တာပေါ့'

ရသေ့ကြီးဟိုက္ခမ်ယုကမူ ဝမ်လင်းရိတို့ အားနာရလောက် အောင် စေတနာလည်းကောင်း၊ အစီအစဉ် ချပေးရုံတွင် လည်း အကွက်စေ့လှပါ၏။

ရသေ့ကြီးဟိုက္ခမ်ယု ကျောင်းဆောင် အောက်ထပ်ဘို့ ပြန်ဆင်းသွားပြီးနောက် တစ်အောင့်မျှ ကြာသောအခါ အသက် ၄၀ ကျော် လူကြီးတစ်ယောက်နှင့် အသက် ၂၀ ကျော်အရွယ် လူငယ်တို့ တက်လာကြလေ၏။

သူတို့နှစ်ယောက်စလုံး တောင်းတွေ့ မန်းတွေ့ကိုသယ်ယူ လာကြ၏။

ဝမ်လင်းရိက ဘာတွေများပါလိမ့်ဟု တွေးတောကာ ကြည့်လိုက်သောအခါ မည်သည့်အချိန်က ချက်ပြုတ်လိုက်သည်

မ့သီသော ထမင်းနှင့် အသားဟင်းအရည်ဟင်းများကို တွေ့ရှိရလေ၏။

လူကြီးက ထမင်းဟင်းများကို အမြင့်ခုံတန်းစားပွဲပေါ်တွင် တင်ပေး၏။

ပြီးလျှင်....

'ဆရာလေးတို့စားလိုက်ကြပါဦး၊ ခရီးရောက်ရောက်ချင်းမှကျွေးနိုင်တာကိုတော့ ခွင့်လွှတ်ပါ'

ဟု ပြောလေ၏။

ရဲ့ရိဖုက ဘာမျှပြန်မပြောပေ။ ပြုံး၍ ခေါင်းကိုသာညိတ်ပြလေ၏။

ဝမ်လင်းရိကမူ....

'ကျုပ်တို့က ခုလို ခရီးသွားနေတဲ့အချိန်မှာ ဖြစ်သလိုစားမြီး ဖြစ်သလိုနေတတ်ပါတယ်၊ ငှက်ပျောသီးနဲ့ လုံလောက်သားနဲ့ အခုလို တပင်တပမ်းချက်ရတယ်လို့ အားနာစရာကောင်းလိုက်တာ'

ဟု ပြောလိုက်လေ၏။

လူကြီးက အနီးရှိကွပ်ပျစ်ကြီးတစ်ခုပေါ်တွင် ဝါးဘိုးဝါးထက်ခြမ်းခွဲထားသော ဝါးခေါင်းအုံးသုံးခုကို ချထားပေးသဖြင့် ဝမ်လင်းရိ ကျေနပ်လိုက်ရလေ၏။

ရဲ့ရိဖုသည် ထမင်းစားပြီးကတည်းက အချိန်အတော်ကြာသည်အထိ ဘုရားဝတ်ပြုနေလေ၏။

ထို့နောက် သမာဓိထိုင်၏။

သမာဓိထိုင်ရသောအလုပ်မှာ သိုင်းသမားများအဖို့ မနက်တကြိမ် ညတစ်ကြိမ် သို့မဟုတ် မနက်ဖြစ်စေ ညဘက်ဖြစ်စေ ဤသို့သော သမာဓိလေ့ကျင့်ခန်းကို အပြဲလုပ်ရ၏။

ထို့ကြောင့် ဝမ်လင်းရိကလည်း သမာဓိကျင့်စဉ်ကို လေ့ကျင့်ရလေ၏။

ထို့နောက် ဝါးခြမ်းခေါင်းအုံးပေါ် ခေါင်းချမည်အလုပ်ရန်ဝေကမူ ကောင်းကောင်း ဟောက်သံပေးနေပြီဖြစ်၏။

ဝမ်လင်းရိက ရဲ့ရိဖုဘက်သို့လှည့်ကြည့်လိုက်ရင်း....

'နောင်ကြီးကိုမေးရဦးမယ်၊ နောင်ကြီး ဒီကို ရောက်ဖူးနေသလိုပဲနော်'

ဟု မေးလေ၏။

'အင်း....ဆိုပါတော့၊ ဘာဖြစ်လို့လဲ'

'ဩော်....ရသေ့ကြီး ဟိုကွမ်ယုဟာ ရသေ့ကြီးနဲ့မဆူဘဲ သိုင်းသမားကောင်းတစ်ယောက်နဲ့တူနေသလားလို့ပါ၊ ရသေ့

ကြီးယောင်ဆောင်နေတဲ့ သိုင်းဆရာကြီးများလားလို့ မေးချင်လို့ပါ'

ရဲ့ရိဖိုက ရယ်မောလိုက်ပြီးနောက်....

'ညီမောင်က လူတွေကိုစူးစမ်းလေ့လာတဲ့နေရာမှာ တော်သားပဲ၊ ဟုတ်တယ်လေ....ရသေ့ကြီးဟိုကွမ်ယုဟာ သိုင်းဆရာကြီးပဲပေါ့၊

'....ထူးခြားတာက သူတို့က သိုင်းလောကထဲကို ဘယ်တော့မှ မဝင်ဘူး၊ သူတို့ပညာသင်ပေးလိုက်တဲ့ တပည့်တွေပဲ သိုင်းလောကထဲကို ဝင်ကြတယ်'

ဟု ရှင်းပြလေ၏။

ထို့နောက် ရဲ့ရိဖိုကပင်....

'ညီမောင် မိဘတွေရှိသေးလား'

ဟု မေးပြန်ရာ ဝမ်လင်းရှိက....

'နောင်ကြီးက ရဲ့ရိဖုလို့ပြောထားလို့သာ ကျုပ်စိတ်ထဲဖြင့် မင်းသားကြီး တိန်ရှေဟုန်လို့တောင် ထင်နေမိတာ'

ဟု ပြောလိုက်သောအခါ ရဲ့ရိဖိုက....

'ညီမောင်ကတော့ ပြောရော့မယ်၊ ကဲကဲ....အိပ်တော့....ညဉ့်နက်လှပြီ၊ မနက်လဲခရီးဆက်ကြရဦးမယ် မဟုတ်လား'

ဟု ပြောလေ၏။

ထို့နောက် သူလည်း တခေါ်ခေါ် အသက်ရှူသွင်း မှုတ်ထုတ်သံများဖြင့် အိပ်မောကျသွားလေတော့၏။

ဝမ်လင်းရှိမှာကား တော်တော်နှင့် အိပ်၍မပျော်နိုင်ဘဲ ရှိ၏။

အိပ်ပျော်သွားတော့လည်း တစ်ရေးပင်မနိုးပေ။

'အသံ အသံ စကားတိုးတိုးပြောနေတဲ့ အသံကြားမိလို့' ဟု ပြောသဖြင့် အိပ်နေရာမှ ဖျတ်ခနဲ ထထိုင်လိုက်လေ၏။ ဘိုက်ဆိုင်သည်ဟုပဲ ဆိုရမည်လား မသိပေ။ ဦးလေးရန်ဝေနှင်းခင် ဝမ်လင်းရိသည် အိပ်မက်တစ်ခုကို မြင်မက်နေခဲ့ပါ၏။ အိပ်မက်တွင် သူ၏ဖခင်ကြီးနှင့်လူတစ်စု အလွန်အရေးကြီးသည့် ကိစ္စတစ်ခုအတွက် တိုင်ပင်ဆွေးနွေးနေကြလေ၏။

ဝမ်လင်းရိ၏ စိတ်၌ပင် မိမိ၏ဖခင်ကြီး ကွယ်လွန်အနှစ်စောက်ပြီဟုဆိုသည်မှာ မဟုတ်ပါလားဟုပင် တွေးလိုက်မိလေသည်။ ထိုအခိုက် ဦးလေးရန်ဝေက ယခုကဲ့သို့ လက်ကုတ်၍ နှိုးလိုက်ခြင်းပင်ဖြစ်၏။

ထို့ကြောင့် ဝမ်လင်းရိ၏နားထဲတွင် အိပ်မက်ထဲကစကားပြောနေကြသည့် အသံများကို ကြားနေရသလိုလို စိတ်ထဲသင်နေမိလေ၏။

သို့သော်လည်း အသံများသည် ဦးလေးရန်ဝေ ပြောသည့်အတိုင်း တကယ်ပဲ ကြားလိုက် မကြားလိုက် ဖြစ်နေပြန်၏။

ထိုအခါ ဝမ်လင်းရိ စိုးရိမ်သွားရပြန်ပါ၏။ ဤသို့စိုးရိမ်သည်မှာ ဒုခြားကြောင့် မဟုတ်ပေ။ သူနှင့်အတူ ခရီးအတူသာနေသောလူကြီး ရဲ့ရိုးသည်လည်း နယ်စားကြီး ကိန်ယုခန်နှင့် စီချန်မြို့စား တုချင်းတို့အလိုရှိနေသော လူတစ်ယောက်ဟုတ်ပါလား။

အိပ်ကောင်းကောင်းနှင့် အိပ်ပျော်နေသည့် အချိန် တစ်ချက်တစ်ယောက်က ဝမ်လင်းရိကို လက်ကုတ်နှိုးနေသဖြင့် ဝမ်လင်းရိ ရုတ်တရက်အိပ်ပျော်နေရာမှ နိုးလာ၏။ ပထမတော့ အိပ်မက်လိုလိုဖြစ်နေသည်ထင်၏။ သို့သော် မျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်လိုက်သောအခါ ဦးလေးကြီး ရန်ဝေက အနားသို့ တိုးကပ်ကာ နှိုးနေသောအဖြစ်ကို သဘိထားလိုက်မိ၏။

'ဝမ်လင်းရိ'

ရန်ဝေက အသံကိုအုပ်၍ ခေါ်လိုက်ခြင်း ဖြစ်သည်။ ဝမ်လင်းရိ ဝုန်းခနဲထကာ....

'ဘာလဲ ဦးလေးရန်ဝေ' ဟု မေးလိုက်မိ၏။ ဦးလေး ရန်ဝေက....

တန်တော့... ယခုတီးတိုး အသံများသည် နယ်စားကြီး၏ ဘက်တော်သားများပင် ဖြစ်ပေမည်။ သူတို့တွေ ဤနေရာသို့ လျှို့ဝှက်စွာ ဝင်ရောက်လာကြပြီး ရဲ့ရိဖုအား သတ်ဖြတ်ရန် တိုင်ပင်နေကြခြင်းပင် ဖြစ်ပေတော့မည်။

ဝမ်လင်းရိသည် ချက်ချင်းပင် ဦးလေးရန်ဝေအား....

'ဒီလိုဆိုရင် ရဲ့ရိဖုရော ဦးလေးရန်ဝေ'

ဟု မေးလိုက်ရင်း အကြည့်က ညာဘက် ကွပ်ပျစ်အစွန်းသို့ လှမ်းကြည့်လိုက်မိလေတော့သည်။ ထိုအခါတွင်မူ စိတ်ထဲအေး၍သွား၏။ အကြောင်းမူကား ရဲ့ရိဖုသည် ခရီးပန်းလာသည် နှင့် မောမောပန်းပန်း နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပါပေ။

ဦးလေးရန်ဝေက....

'ဟိုမှာလေ ဘာဖြစ်လို့လဲ၊ နှိုးလိုက်ရမလား'

ဟု အသံကိုအုပ်၍ မေး၏။ ဝမ်လင်းရိက ဦးလေးရန်ဝေ လက်ကို လှမ်းဆွဲထားလိုက်ပြီး....

'နေ နေ ဦးလေးရန်ဝေ အိပ်ပါရစေဦး၊ ဒီကိစ္စ ကျုပ်ပဲ သွားစုံစမ်းလိုက်ပါ့မယ်'

ပြီးလျှင် ဘေးတွင် အသင့်ဆောင်ထားသော ဓားကို ကောက်ကိုင်လိုက်လေ၏။

ဦးလေးရန်ဝေက၊

'သတိထားနော်' ဟု သတိပေး၏။ တီးတိုးစကားသံသည် စောစောကလောက် မကြားရတော့သော်လည်း မကြားတစ်ချက် ကြားတစ်ချက် ကြားနေရပါသေး၏။ အသံသည်

အဆောက်အအုံ၏အောက်မှ ဖြစ်နိုင်သည်။ ဝေးကွာလှသည် တော့ဖြင့် မဟုတ်ပေ။

သို့နှင့် ကွပ်ပျစ်ပေါ်မှဖင်ကိုရွှေ့ယူကာ အသာ ဆင်းလိုက်လေသည်။ ပြီးလျှင် ဓားကိုကျစ်ကျစ် ကိုင်လျက် ခြေသံလုံလုံ လျှောက်လာခဲ့လေသည်။ လှေကားထစ်မှ ဆက်လက် ဆင်းလာခဲ့သောအခါ ခန်းမဆောင်ထဲကို ရောက်လာခဲ့လေသည်။ ဝမ်လင်းရိက ခန်းမထဲမှ နေရာအနှံ့ကြည့်၏။ ညာဘက်အချိန်ဖြစ်သည်မှာ မှန်သော်လည်း သိုင်းသမား တစ်ယောက်၏ အတွင်းအားသိုင်းပညာဖြင့် ကြည့်လိုက်ခြင်းဖြစ်၏။

အခန်းဆောင်ထဲတွင်ကား မည်သည့်အရာမှ ပြောင်းလဲမှုရှိ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ ဝမ်လင်းရိသည် ခန်းမဆောင်တံခါးကို ဖွင့်လိုက်ပြီး အသာအယာလှမ်းကာ အဆောက်အအုံ အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ အပြင်ဘက်တွင် ညဏ်ပိုးမှားသံတို့သည်သာ လွှမ်းမိုးနေလေသည်။

ထို့နောက် ဝင်းခြံကြီးအတွင်းလိမ္မော်ပင်များ၊ သစ်တော်ပင်များနှင့် ကျွဲကောပင်များကြားသို့ လှစ်ခနဲ လှစ်ခနဲ ပြေးကာ သွားလာရှာဖွေလျက်ရှိ၏။

သို့သော်လည်း ရန်သူဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရပေ။

မြင်းခေါင်းထဲဘဲဇင်တာ၊ မြင်းတစ်ကောင် ထူပ်လူပ်ရှားရှ
ရှိနေသည်ကိုသာ တွေ့မြင်လိုက်ရလေ၏။

ထိုအခါ ဝမ်လင်းရိုးက....

'မဖြစ်သေးပါဘူး၊ အခုလို ကိုယ့်စိတ် ကိုယ့် သဘော
သွားလာနေတာ မကောင်းပါဘူး၊ နေ့ဘက် ဆိုရင်
အကြောင်းမဟုတ်ဘူး၊ အခုလိုညဘက်ဆိုတော့ ပိုလို့မကော
ဘူးပေါ့၊ ရသေ့ကြီး ဟိုကွမ်ယုသိသွားရင် ပိုဆိုးမယ်'
တွေးပြီး တာရာလမ်းအတိုင်း ပြန်လှည့်လိုက်လေ၏။

ထိုသို့ ပြန်လှည့်လိုက်ခါမှ ဝမ်လင်းရိုးရှေ့ မလှမ်းမက
မှောင်ရိပ်မှ ငင်းခြင်းဘဲဇင်ဘက်ဆီသို့ ရိပ်ခနဲ ပြေးထွက်သွ
သည်ကို မော်လင်းရိုးတွေ့မြင်လိုက်ရလေ၏။ ကောင်းလိုက်သ
ကိုယ်ဖော့မည်။ ပြေးဘွက်သွားသည်မှာ ကြောင်တော်ကော
၏ လျှင်မြန်ချက်သတ်မှုကြီးပင် ဖြစ်၏။

'ဝုန်'

'ဟူး....'

ဝမ်လင်းရိုးထည်လည်းအချိန်ကိုမဆိုင်းဘဲ အပ်မည်းသ
နောက်သို့ ထက်ပြပ်မကွာပြေးလိုက်သွားလေ၏။

အရိပ်မည်းသဏ္ဌာန်သည် တစ်နေရာသို့အရောက်တွင်နော

ချက် ပြန်လှည့်ကြည့်လိုက်လေရာ ဝမ်လင်းရိုးက အနီးဂို
ငင်တွင် ဖျတ်ခနဲဝင်ကပ်လိုက်ပြီး ကြည့်လိုက်လေ၏။

အရိပ်မှည်းသဏ္ဌာန် ဝတ်ရုံနက်နှင့်လူ၏မျက်နှာကို လုံစခန်
မြင်ခွင့်ရလိုက်၏။

သို့သူသည်ကား ယေခကျိုးမိန်းမ ခွဲခြားမရ ဖြစ်သွား

၏မျက်နှာမှာဖြူဝင်းပြီးသဏ္ဌာန်မှာ ခပ်နွဲ့နွဲ့ရှိနေသည်ကား
ဒီပါလေ။

နောက် ထိုသူသည် မြောင်ရိပ်များအတွင်းသို့ ဆတ်သတ်
ဝင်ပျောက်ကွယ်သွားကာမကြာမီ မြင်းခွာသံကိုဆက်လက်
ားလာရလေ၏။

ဝမ်လင်းရိသည် တွေ့မြင်လိုက်ရသော အဖြစ်အပျက်ကို
ားစားရခက်လှသဖြင့် သက်ပြင်းတစ်ချက်ကိုချကာ ပြန်လှည့်
လေတော့၏။

အပါထပ်သို့ပြန်ခဲ့ကာသောအခါ ကွမ်ယုပ်ကိုးပေါက်တို
းလေးရှန်စတစ်ယောက်တည်းသာ အိပ်ပျော်နေသည်ကို
ပြီး ရဲ့ရိုပ့ကိုမတွေ့ရသောအခါ ထိတ်ခနဲ ဖြစ်သွား

ခေါင်းရင်းဘက်က မြတင်းတံခါးအနီးသို့ သွားလျှော်
စစ်ဆေးကြည့်ပြန်တော့လည်း တံခါးချက်များမချာ
ထားသည်ကို တွေ့၏။

'ရှပ် ရှပ် ရှပ်'

ခြေဆံကိုကြား၍ နောက်ဘက် ပြန်လှည့်ကြည့်လိုက်သော
အခါတွင်ကား ရဲ့ရိဖုကို ဘွားခနဲ တွေ့လာရပြန်၏။

'ဟင်....နောင်ကြီး ဒုနက အိပ်ပျော်နေတယ် မဟုတ်လား'

ဟု မေးလိုက်လေ၏။

ရဲ့ရိဖုက....

'အေး....ဟုတ်တယ်လေ'

ဟု ဖြေ၏။

ဝမ်လင်းရိက....

'အခု ဘယ်ကပြန်လာတာလဲ'

ဟု စူးစမ်းသလိုအကြည့်နှင့် မေးလိုက်သောအခါ ရဲ့
ဖုက....

'စာစ်ရေးနိုးလို့ ရေထသောက်တာပါ'

ဟု ခပ်ပေါ့ပေါ့ပြောပြီး ကွပ်ပျစ်ပေါ်သို့ ပြန်တက်၍
အိပ်လေ၏။

သို့နောက် ရဲ့ရိဖုက.....

'မင်းရော အပေါ့အပါး သွားတာလား'

ဟု လှမ်းမေး၏။

ဝမ်လင်းရိက ပြတင်းပေါက်တံခါး ချက်ပြုတ်နေထည့်
ကြောင်းကို ဆက်မေးရလျှင်ကောင်းလေမလား တွေးလိုက်
သို့သော်လည်း မမေးဘဲနေလိုက်ချည်သာ သင့်မြတ်
အတင်နှင့် မြတင်းပေါက်တံခါးချက်ကို ပြန်ချလိုက်စဉ်
ဘော့ ရဲ့ရိဖုက....

'ပြတင်းပေါက်တံခါးကို ညီမျှောင်ဖွင့်ထားတာလား'

ဟု မေးလိုက်လေရာ ဝမ်လင်းရိ ပို၍ အံ့သြသွားလေ
သ၏။

'ဟုတ်ဘူး နောင်ကြီးရ'

'ဒါဆို ရန်ဝေတရေးနိုးထဖွင့်ပို့ရတယ်၊ အခုည နည်းနည်း
ချမ်းသလိုပဲ၊ ဖွင့်ချင်ဖွင့်ထားလိုက်ပါလား'

ဟု ပြောနေပြန်၏။

ဝမ်လင်းရိသည် ပြတင်းပေါက်တံခါးနှင့်ပတ်သက်၍ ဘာမျှ
မပြောတော့ဘဲ ပြတင်းပေါက်တံခါးကိုသာ ပြန်တွန်းဖွင့်
လေ၏။

အပြင်ဘက်မှ ညဏ်လေပြေလေညှင်းသည် ညမွေးပန်းရန်
များကို သယ်ဆောင်လာလေ၏။

ထို့နောက် ဝမ်လင်းရိလည်း စိတ်ကို လျှော့ချလိုက်ကာ
ကွပ်ပျစ်ပေါ်ပြန်တက်၍သူ့နေရာကွင်သူပြန်အိပ်လိုက်လေ
စိတ်ကို မည်သို့ပင် လျှော့ချပါသော်လည်း ရုတ်တရက် အိပ်
သေးဘဲ လူးလွန့်လှုပ်ရှား နေမိပါသေး၏။ အိပ်ပျော်သွား
ပြန်တော့လည်း အရုဏ်ဦးအချိန် အိပ်ရာနိုးနေကျမနိုးခဲ့
အချိန်လွန်မှနိုးလာသည့်တိုင် ဦးလေးရန်ဝေကလည်း
ပျော်နေဆဲ ရှိသည်။

ဝမ်လင်းရိသည် လက်နှစ်ဖက်ကို အထက်သို့မြှောက်
၍ အညောင်းဆန့်လိုက်စဉ် အကြည့်က ရဲ့ရိဖုဘက်သို့ အ
မထင်ရောက်သွား၏။ ရဲ့ရိဖုကားမရှိတော့ပြီ။

ဝမ်လင်းရိသည် ဦးလေးရန်ဝေကို လှုပ်နှိုးလိုက်ကာ

'ဦးလေးရန်ဝေ ရဲ့ရိဖုမရှိတော့ဘူး'

ဟု ပြောလိုက်လေရာ ဦးလေးရန့်ဝေက မျက်လုံးအ
လက်ဖမိုးနှင့်ပွတ်သပ်၍ ကြည့်လိုက်ပြီး....

'အေး....မရှိတော့ဘူး'

ဟု ပြော၏။

ဝမ်လင်းရိက....

'စိတ်ဝင်စားစရာပဲ ဦးလေးရန်ဝေ ရဲ့၊ ဒီ ပြတင်းပေါက်
ဘံခါးကိုတော့ ပထမ ဦးလေးရန်ဝေ ဖွင့်ထားတယ်လို့ထင်
နေတာ'

ဟု ပြောလျှင်ပြောချင်း ဦးလေးရန်ဝေက....

'ငါ ဒီပြတင်းပေါက်ကို မဖွင့်ပါဘူး'

ဟု ပြောလေ၏။

ဝမ်လင်းရိက....

'ဟုတ်ပါတယ်၊ ကျုပ်လဲ ဦးလေးရန်ဝေထဖွင့်တာမဖြစ်
နိုင်ဘူးလို့ ထင်သားပဲ၊ မဟုတ်ကာမှလွဲရော ညက ကျုပ်ကွေ
လိုက်တဲ့ လူတစ်ယောက်နဲ့ပတ်သက်တာပဲဖြစ်မယ်'

ဟု ပြောလေ၏။

ထိုအခါ ဦးလေးရန်ဝေက....

'လူတစ်ယောက်တွေ့တယ် ဟုတ်လား'

ဟု မေးလိုက်စဉ် ရသော့ကြီးကိုကွမ်ယု အပေါ်ထပ်သို့
တက်လာသဖြင့် စကားစများပြတ်တောက် သွားရလေတော့
၏။

'ဒကာတို့ နိုးနေကြပြီ၊ လာ အောက်မှာ မနက်ခင်း ခရီး မထွက်ခင် အဆာပြေစားသွားဖို့ ပြင်ဆင်ထားပြီးပြီထင်တယ်၊ စားလိုက်ကြဦးပေါ့'

ဟု ပြောပြီး ဘုရားစင်ဘက် ဆက်လျှောက် သွားလေ၏။

ရဲ့ရှိဖုအား မတွေ့ခြင်းနှင့်ပတ်သက်၍ကား ရသေ့ကြီး က တစ်လုံးတစ်ပါဒမျှ မပြောပေ။

ဝမ်လင်းရိသည် အောက်ထပ်သို့ ဆင်းလာရင်း ဦးလေးရန်ဝေအား လက်တို့၍....

'တစ်ခုခုတော့ တစ်ခုခုပဲ ရဲ့ရှိဖုရယ်၊ ရသေ့ကြီး ဟိုကွမ်ယုရယ်၊ ပြီးတော့ ညက ကျုပ်တွေ့လိုက်ရတဲ့ မိန်းမလား၊ ယောကျ်ားလားခွဲခွဲခြားခြားမသိလိုက်ရတဲ့လူရယ်၊ အကြောင်းတစ်စုံတစ်ခုနဲ့ ပတ်သက်နေနိုင်တယ်' ဟု ပြောလေသည်။

ဦးလေးရန်ဝေက....

'ဟုတ်တယ်၊ လျှို့ဝှက်ချက်တစ်ခုပဲ၊ တိုက်ရိုက် မပတ်သက်သေးဘူးဆိုရင်တော့လဲ အသာကြည့်နေလိုက်ဦးပေါ့' ဟု ပြောလိုက်လေသည်။ ထို့နောက် ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့ မျက်နှာသစ်နေစဉ် ရသေ့ကြီးဟိုကွမ်ယု၏ကျောင်းမှ ကပ္ပိယ

ကြီးဆွန်နှင့် လူရွယ်တန်မှင်းတို့ခေါ်ရာ ကျောင်းဆောင်သို့ ကိုက်သွားကာ အငွေ့တထောင်းထောင်းထနေသော ခေါက်ဆုပြုတ်ကို အဆာပြေ စားသောက်ကြရလေတော့၏။

ဆုး [၁၅]

ညက ဝင်းခြံတစ်ခုလုံး တိတ်ဆိတ်ပြိမ်သက်နေသောရသေ့ကြီး ဟိုကွမ်ယု၏ ကျောင်းဝင်း တစ်ခုလုံးသည် အခုတော့လည်း ကမ္ပဝိယများ ပညာသင်ကျောင်းသားများဖြင့် ရေခပ်သူရေခပ်၊ ထင်းခွဲသူခွဲ၊ ထမင်းဟင်းချက်သူချက်၊ တံမြက်လွှဲမြက်ရှင်း စသည်ဖြင့် ကိုယ့်အလုပ်နှင့်ကိုယ်လုပ်ကိုင်လျက် လှုပ်ရှားနေလေသည်။

ထိုအခါ ဝမ်လင်းရိက သူ နေထိုင်ပညာသင်ခဲ့သော ဆရာကြီးနဂါးငွေ့ ဓားချင်းဟုန်၏ ပညာသင်ကျောင်းကို သတိရကာ မျက်စိဆဲပြန်လည်မြင်ယောင်လာလေ၏။

ဝမ်လင်းရိနှင့် ဦးလေး ရန်ဝေတို့သည်လည်း ခေါက်ဆွဲပြုတ် စားသောက်ပြီးသည်နှင့် ပြန်လည်ထွက်လာကာ ရသေ့

ကြီးဟိုကွမ်ယုထံသို့ ပြန်တွေ့ကြလေ၏။ ယခုအချိန်အထိရဲ့ ရိဖု၏ အရိပ်အယောင်ကို မတွေ့ရသည်နှင့် ဝမ်လင်းရိက ရသေ့ကြီး ဟိုကွမ်ယုအား...

'တပည့်တော်တို့နဲ့ အတူလာခဲ့တဲ့ နောင်ကြီးရဲ့ရိဖုကိုတွေ့မိပါသလားဘုရား၊ တပည့်တော်တို့ဖြင့် ညကသာ တွေ့ရပြီး ခုမနက် အိပ်ရာကထကတည်းက ခုထိတစ်ခါမှ မတွေ့ရသေးဘူးဘုရား' ဟု လျှောက်တင်လိုက်လေသည်။

ထိုအခါတွင်ကား ရသေ့ကြီးဟိုကွမ်ယုက...

'ဩော် ဟုတ်ပေသားပဲ၊ ကျုပ်ပြောဖို့မေ့နေတာပါ၊ သူ အစောကြီး အိပ်ရာမှထလာပြီး သူ့မှာအရေးကြီးတဲ့ကိစ္စတစ်ခု ဆောင်ရွက်စရာရှိနေတာကြောင့် စောစောပဲ ခရီးဆက်ထွက်သွားတဲ့အကြောင်း ဒကာတို့အိပ်ရာကနိုးရင် ပြောလိုက်ပါလို့ မှာသွားတယ်' ဟု ပြော၏။

ရသေ့ကြီးဟိုကွမ်ယု ရှင်းပြလိုက်မှ အတွေးတစ်ခု ရှင်းသွားလေတော့၏။ သို့နှင့် ဝမ်လင်းရိသည် သက်ပြင်းတစ်ချက်ချကာ စိတ်ထဲမှ...

'သူလဲ သူ့အကြောင်းနဲ့သူ အရေးကြီးမယ်ဆိုတာ ဟုတ်မှာပါပဲလေ၊ ငါလဲ ငါ့အကြောင်း ငါ လာခဲ့ရတာပဲ ဟုတ်လား၊ ဒီနေရာမှာ သူဟာ နယ်စားကြီးတိန်ယုမိန်နဲ့ ဝီချန်မြို့စား တုချင်းတို့အရေးနဲ့ ပတ်သက်လို့ လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်

တစ်ယောက်ဖြစ်နိုင်တယ်လို့ ငါထင်တယ်၊ တစ်နေ့တော့ သိရမှာပေါ့လေ၊ သူလဲငါ့ကို အသိမပေးသင့်သေးလို့ မပေးတာဘဲပေါ့'ဟု တွေးနေလေ၏။

ဤသို့ တွေးနေရင်းက ဤနေရာသို့စပြီးရောက်ရောက်ချင်း ရသေ့ကြီး ဟိုကွမ်ယုက....

'အရှင်နှစ်ပါး ဆုံစည်းလို့ လာကြ ပါလား၊ အင်း.... အတော့်ကို အံ့ဩစရာပေပဲကိုး'

ဟူသော စကားတစ်ခွန်းကို ပြန်လည်သတိပြုလိုက်မိလေ၏။ ထိုစကား တစ်ခွန်းနှင့်ပတ်သက်၍ ရဲ့ရိဖုက မည်သို့သော မှတ်ချက်မျှမပေးခဲ့ပေ။ ရသေ့ကြီးဟိုကွမ်ယုကလည်း ထိုစကားကို ပြန်လည်ဆက်စပ် မပြောခဲ့တော့ပေ။

ထို့ကြောင့် ဝမ်လင်းရိကိုရော ရဲ့ရိဖုကိုပါ ရောက်ရှိလာကြလိမ့်မည်ဟု ရသေ့ကြီးဟိုကွမ်ယု ကြို့တစ်သိရှိထားဟန်တူ၏။

'ဒီအတိုင်းဆိုရင် ဒီရသေ့ကြီး ဟိုကွမ်ယုဟာ ငါနဲ့ ပတ်သက်ဆက်စပ်နေတဲ့ လျှို့ဝှက်ချက်တွေကိုလဲ သိနေမှာ ဖြစ်တယ်'ဟု ဝမ်လင်းရိ တွေးတောစဉ်းစားမိပြန်သည်။

ဤသို့သော အခြေအနေမှာ မိမိတို့အဖို့ဘေးအန္တရာယ် ကျရောက်နိုင်သည်ဟုလည်း တွေးယူခံစားနိုင်၏။ အကြောင်းမူကား မိမိတို့အသီးသီး မည်သူ တစ်ဦးတစ်ယောက်မျှ မှသိနိုင်

သော လျှို့ဝှက်ချက်နှင့်အတူ ခရီးတစ်ခုကို ထွက်လာကြခြင်းဖြစ်၏။ ထိုသို့သော လျှို့ဝှက်ချက်ကို ရသေ့ကြီး ဟိုကွမ်ယု အကြောင်း ကြို့တင်သိရှိနေရပါသနည်း။ သူသည် ဤလျှို့ဝှက်ချက်ကို သိရှိစရာ မလိုပေ။

ထို့ကြောင့် ရသေ့ကြီးဟိုကွမ်ယုသည် ရန်သူဘက်တော်သားမဟုတ်ဘဲ မိမိဘက်တော်သား ဖြစ်ဖို့သာ လိုအပ်ပါလေတော့၏။

အတန်ကြာ ငြိမ်သက်နေရာမှ ရသေ့ဟိုကွမ်ယုက....

'ကျုံလင်းကိုသွားမှာက နီးတဲ့လမ်းမသုံးဘဲ ဒီဝေးတဲ့လမ်းကို ဘာကြောင့် အသုံးပြုရတာလဲ' ဟု မေးလေ၏။ ဝမ်လင်းရိက....

'ပထမ ကျုံလင်းကိုအနီးဆုံးလမ်းက သွားမလို့ပါပဲဘုရား၊ လမ်းမှာ နောင်ကြီးရဲ့ရိဖုနဲ့တွေ့ပြီး သူက ဟိုလမ်းမှာ နယ်စားကြီးတိန်ယုမိန်နဲ့ တုချင်းတို့ဘက်တော်သားတွေ များလွန်းလို့ မသွားသင့်ဘူး ပြောတာနဲ့ သူနဲ့အတူ ဒီဘက်လမ်းကို ရွှေးပြီး လာခဲ့ကြရတာပဲဗျာ'ဟု ပြောလိုက်လေ၏။

ရသေ့ကြီးက....

'ကောင်းဘာပါပဲလေ....အချိန်မတန်ဘဲ ရန်သူနဲ့မတွေ့ကြတာ ကောင်းပါတယ်'ဟု ပြော၏။

ဝမ်းလင်းရိုက ရသေ့ကြီး ဟိုက္ခမ်ယုအား အကဲခတ်လိုက်လေ၏။ ထိုအခါမိမိအားဝင်အော့အန်ကြုံနှင့် လေ့လာထားချက်အရ ရသေ့ကြီး ဟိုက္ခမ်ယု၏ မျက်နှာပေါ်တွင် လျှို့ဝှက်ချက်တစ်ခုရှိနေပြီဆိုတာကိုတော့ဖြင့် ချက်ချင်း နားလည်လိုက်လေ၏။

'အခု ဟ ကိုခရီးဆက်မှာလဲ ကျုံလင်းကိုပဲလား' ဟု ရသေ့ကြီး ဟိုက္ခမ်ယုက မေးလာသောအခါ ဝမ်းလင်းရိုက....

'မှန်ပါဘုရား' ဟု ဖြေလိုက်လေ၏။

'ကိုဝှက်ရောက္ခယ်' ဟု မေးလိုက်သောမေးခွန်းကိုကား ဝမ်းလင်းရိုက ရင်ထဲတွင် တစ်ချက်ပြုံးလိုက်မိလေ၏

'လာလောဆယ်မှာတော့ သူရဲကောင်း ရွှေးချယ်မယ့်ပြိုင်ပွဲမှာ ယှဉ်ပြိုင်မယ်ဆိုတဲ့ အကြောင်းကိစ္စတစ်ခုပဲ ရှိပါတယ် ဘုရား'

'ငကောင်းပေသားပဲ၊ အေ အေး အလှည့်တစ်ခုကို လှည့်ဆော့မယ်ဆိုရင်တော့ ပေါ့ပေါ့တန်တန် ဘယ်တော့မှ မတွေးဘဲ၊ ဂိုယ် ရည်ရွယ်ချက်တစ်ခုကို တိတိကျကျချမှတ်ပြီးမှ လှုပ်ရတယ်၊ ယောကျ်ားကောင်း ယောကျ်ားမြတ် မှန်ရင်လဲ ကိုယ် ရဲ့ရွယ်ချက်ကို တိတိကျကျချမှတ်ပြီးမှ လှုပ်ကြတာ ချည်းပါပဲကွယ်'

ရသေ့ကြီး ဟိုက္ခမ်ယုပြောနေသော စကားကိုကား မှတ်သားရမည်သာဖြစ်၏။

သူပြောနေသော စကားများ၏ အယူအဆ အဓိပ္ပာယ်ဘေးများမှာ မိမိ၏ ကန့်ကွယ်လှည့်ဆရာကြီးတစ်ဆူဖြစ်သော နဂါးငွေ့ခေး မွန်းဟုန်၏ အယူအဆသဘောမျိုးကိုက်ညီနေသောကြောင့်ပါပေ။

သို့နောက် ရသေ့ကြီး ဟိုက္ခမ်ယုက တစ်စုံတစ်ခုသော အကြောင်းကို သတိရလိုက်ဟန်ဖြင့်....

'ဒါထက် မင်း ကျုံလင်းမှာ အသိမိတ်ဆွေများကော ရှိခဲ့လား' ဟု မေးလေ၏။

ထိုစကားကိုမူ တစ်ချိန်လုံးငြိမ်နေသော ဦးလေးရန်ဝေက ဝင်ဖြေလိုက်လေ၏။

'တပည့်တော်တို့မှာ လောလောဆယ် အသိမိတ်ဆွေရယ်လို့ ရှိသေးပါဘူး ဘုရား၊ ဟိုရောက်မှ ကြုံသလို မိုးစင်ကြည့်ကြလေးလို့ပါ'

ထိုစကားကို ဝမ်းလင်းရိုက....

'ဟုတ်ခါတယ်ဘုရား တပည့်တော် ကျုံလင်းက ထွက်လာဘို့ကလေ့ကျင့်ထားတာ မှတ်မိမှာမဟုတ်ဘူးလေ၊ ကွေ့မျိုးတွေကလဲ တကွဲတပြားဖြစ်ခဲ့ဖြစ်နေမှာမဟုတ်လား' ဟု ထောက်ခံပြော၏။

ရသေ့ကြီး ဟိုက္ခမ်ယုက သက်ပြင်းတစ်ခုကို ခပ်ပြင်းပြင်းချကာ....

'အင်းပေါ့လေ၊ အခြေအနေဆိုတာ ကြိုပြီးပြောလ
ရဒကာင်းတာမှ မဟုတ်တာပဲလား တစ်ခုတော့ရှိတယ်ကွယ်
ဟု ပြော၏။

'အမိန့်ရှိပါဘုရား...'

'ကျုံ့ယင်းရောက်လို့ အကြောင်းရှိရင် အကူအညီ တ
လိုအပ်တဲ့အခါမျိုးပေါ့ကွယ် ကျုံ့လင်းမြို့ရဲ့ အရှေ့တံခ
နားမှာ ပန်းဘဲဆရာကြီး ကျောက်ခဲ့ ရှိတယ် သူ့ဆီ
သွားပြီး ကျုပ်ကလွှတ်လိုက်တဲ့ ကျုပ်လူပါလို့ဆာ ပြော
မင်းတို့ လိုအပ်တဲ့အကူအညီကို သူပေးလိမ့်မယ်' ဟု ရသေ့ကြီး
ဟိုက္ခမ်ယု ပြောလေ၏။

ထိုအခါ ဦးလေး ရန်ဝေက...

'ကျေးဇူးကြီးလှပါတယ်ဘုရား၊ ဒီလို ခရီး တစ် ထောင်
နားခိုလှုခွင့် ပေးရုံမကဘူး ထမင်းဟင်းတွေ ချက်ပြုတ်ပေး
တာ၊ ခရီးဆက်ရမယ့် အတွက်လဲ လိုအပ်သမျှ အတွက် ကြိုတ
ပြင်ဆင်မှု လုပ်ပေးတဲ့အတွက် တပည့်တော်တို့မှာ မဖော်ပြ
နိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား'
ဟု လျှောက်ထားလေ၏။

ရသေ့ကြီး ဟိုက္ခမ်ယုသည် ခေါင်းဘည်တ်ညိတ် လုပ်နေ
ရာမှ...

'ကျုံ့လင်းကို ဒီကအတော်ကိုလှမ်းသေးတာမဟုတ်လား

းတို့မြင်းတွေကြည့်ရဘာကလဲ အတော်ကို ခရီးပမ်းလာပုံ
ယ်၊ ဒီတော့ အဲဒီမြင်းနှစ်ကောင်ကိုထားခဲ့ပြီး ဒီမှာရှိတဲ့
းတွေထဲက မြင်းကောင်းမြင်းသန့်နှစ်ကောင် စီးသွားကြ
ပေါ့ကွယ်' ဟု ပြောပြန်ရာ ဝမ်လင်းရိတို့မှာ ရသေ့ကြီး
ဟိုက္ခမ်ယုအား ကျေးဇူးစကားများ ပြောကြရပြန်၏။
နောက် ရသေ့ကြီး ဟိုက္ခမ်ယုအား ဝတ်ပြုကြလေ၏၊

ရသေ့ကြီး ဟိုက္ခမ်ယုက ဝမ်လင်းရိနှင့် ရန်ဝေတို့အား
ကြီးစွာဖြင့်ပင်ကြည့်နေလေ၏။ ဝမ်လင်းရိတို့နှစ်ယောက်
ဝင်းပေါ်မှ ဆင်းလာကြသော အခါတွင်ကား မြင်း
ာင်း မြင်းသန့်ကြီးနှစ်ကောင်မှာ လှေကားရှေ့တွင်
သင့်ရောက်ရှိနေလေ၏။ တစ်ကောင်မှာ နက်ပြာရောင်
ပြီး တစ်ကောင်မှာ အုန်းခွံရောင်ဖြစ်၏။

ထိုအခါမျိုး ရောက်ပြန်တော့လည်း ဤနေရာ ဤစခန်း
က်လာသည်အထိ မိမိတို့နှင့်အတူ ပင်ပင်ပမ်းပမ်း လာခဲ့
ာ မြင်းကြီးနှစ်ကောင်ရှိနေမည့် မြင်းဇောင်းအတွင်းသို့
လင်းရိက လှမ်းမျှော်ကြည့်လိုက်ပါသေး၏။

အုန်းခွံရောင် မြင်းကြီးသည် နှာတံရှူးရှူးမှုတ်ကာ ရှေ့
ာ မြေကို ခေါက်နေလေ၏။ ဝမ်လင်းရိက 'ဒီမြင်း
ာ သခင်ကိုရွေးမယ့်ပုံပဲ၊ ဦးလေးရန်ဝေရေ၊ ဒီတော့
ငါ့စီးပါ့မယ်'

မျှားကို ဖြတ်ကျော်လျက် ပြင်းများကို ခုခံလေးစားကာ ကျက်ကျ
ဖြင့် စိုင်းနေကြပါ၏။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် ချုံနွယ်ပိတ်ပေါင်း
များ ပိတ်ဆို့နေလေ၏။ ကောင်းကင်ပြင် မျက်ဝကျွတ်ကြီး
မှာကား တက်သစ်စနေခြည်များ ဖြာယှက်ကာ ပြုံးလင်း
လက်နေလေ၏။ တစ်နေ့ဆုံ ရောက်သောအခါ ယောင်္ကျား
စိတ်ဖြင့် ဝမ်းလင်းရိုက မြင်းကို ဇက်သတ်ရပ်ကာ နောက်သို့
လှမ်းမျော်ကြည့်လိုက်လေ၏။

အရှိန်ဖြင့် ခိုင်းနေသောမြင်းကြီးမှာ ဟုံးခဲ့ခြင်းခံလိုက်ရ
ခြင်းကြောင့် လက်နှစ်ဖက် လေထဲ မြှောက်တက် လှုပ်ပြီး
ပတမ်းလျက်သား ဖြစ်သွားလေ၏။ ပြီးသူ့ကျေနပ်ဟန်
မတူ ဟည်လိုက်လေ၏။

'ဟီး ဟီး ဟီး'

လိုအခါ ဦးလေးရန်ဝေမှာလည်း သူ့ကြွက်ကြီးပွတ်
တိုးမိရှာ၌ ကြိုးကိုင်စားစား ဇောင်လိုက်ရလေ၏။ ဝမ်းလင်း
စားကောများကို ခေါင်းထဲထည့်ပေးလိုက်သော ရထားကြီး၏
ကျောင်းကြီးကား သေပိုင်းမှာလည်း လူကုန်ကြီးသာ ကြုံတွေ့
ပုံမျှားကြား ဘွဲ့မြန်မြန်ဝါးဝါး ဝေးကျန်ရစ်ပါလားဟု
သည်။

ဟုပြောကာ ပြုံးပါတက်မည်အလုပ် မြင်းကြီး
ပညာပြေးပေါ်။ သူ့ကျောပေါ်ရောက်လာသော ဝမ်းလ
ရိုက်ကို ခါလှုပ်ချလေ၏။ သို့သော် ဝမ်းလင်းရိုက မြင်း
များကိုပင်စီးရှိ ယဉ်ကျေးအောင်လုပ်ခဲ့သူ ဖြစ်နေ၍
မေါ်ထောက်ပြီး တဒဏ်နှင့် ပြင်းကြီး ငြိမ်သွားလေ၏။

ဦးလေး ရန်ဝေမှာ နက်ပြာထော ပြင်းကြီးပေါ်
မတက်ဝံ့ သးပေ ကြောက်နေပုံ ဖော်၏။ ဝမ်းလင်းရိုက

'ဦးလေး ရန်ဝေ အာမှုမကြောက်ဘဲ ခေါင်းကို တစ်
စ်ချက်လောက် ဖွတ်သပ်ပြောဆိုပြီးတက်ပါ ပြင်
ကတော့ ဘာမှ ခရီးအတွေ့အကြုံမယ် အချင်း
ဖြစ်ပြီးအကြောင်းပေါ့'

ဟု ဂျောလိုက်လေရာ ဦးလေးရန်ဝေက ရယ်မောက

'မင်းကလဲကွာ မဟုတ်ကဟုတ်က' ဟု ပြောပေ။ ဝမ်း
ရိုကတော့...

'ဦးလေးရဲ့ ကလဲလှုပ်ရမ်းကိုရှုပ်ခဲ့ရမယ်မဟုတ်ပါ
မမြဲသောအား ဟာသဖြစ်ဝါကိုင်းမှာရှိနေတဲ့ အပျိုတွေ
လက်ရွေး လုပ်ကြည့်ပေါ့' ဟု ပြောလေ၏။

အဲဒီတော့ကျော် ညီမဝိုးကြီ ဆိုင်းဝေနေသော ဇော

ဝမ်းလင်းရိုက မြင်းကို သွားရမည့်ခရီးတူရွှသို့ ပြန်လည် ပုံပေးလိုက်လေ၏။ ဦးလေး ရန်ဝေမှာကား အနောက်တွင် ထပ်ချုပ်မကွာကပ်ပါလာလေ၏။

'ဟေး ဟေး'

အခန်း [၁၉]

ခရီးလမ်းတစ်လျောက် လူနေရွာများနှင့် ဝေးလံထည့် နေရာများတွင်သာ စိုက်ခင်းများကိုမတွေ့ရဘဲ ကွင်းပြင်များ ဆိုလျှင် မြက်ရိုင်းပင်များ ချုံနွယ်စေးပျစ်များနှင့် တောအုပ် ဘောတန်းများကို ဖွေ့ရလေ၏။

စိုက်ခင်းများမှာကား လိမ္မော်၊ သစ်တော်စသော စိုက် ခင်းများကို အမျှားဆုံးတွေ့ရလေ၏။ လိမ္မော်စိုက်ခင်း ဖြစ် စေ၊ သင်တော်စိုက်ခင်း ဖြစ်စေ၊ စိုက်ခင်း အစောင့်တို့အား အသိပေးရင်း ခြံဝင်းအတွင်းသို့ဝင်ကာ လိမ္မော်သီး၊ သစ် တော်သီး ဆွတ်ခြွေရှိစားခဲ့ကြလေ၏။

စိုက်ခင်းများတွင် အမည်မသိငှက်ကလေးတွေ စိုးစီအော် မြည်ကာ တောင်ပံလှုပ်ခတ် ကူးလူးလာကာနေသည်။ ဝါးရုံ

ပါကာ နယ်စပ်ကြီးရဲ့ ဘုံပျံနှင်းပြာသဒ်တွေပဲပေါ့' ဟု ရေး။ ဝမ်းဝင်ရိုးလည်း ထိုနေရာသို့တစ်ချက်မျှငဲ့ကြည့်ကာ-

'ဟုတ်ပါရဲ့၊ ရွှေကိုသိမ်းသွားရတော့မယ် မထင်ဘူး၊ နယ်ကိုးကားလဲ နေ့ခြည်တော်မှာလို အဆောင်အယောင်တွေနဲ့ ကြာပဲနော် ဦးလေ ရန်ဝေ'

ဟု ပြောလိုက်လေရာ၊ ဦးလေးရန်ဝေက...

'ဟုတ်တယ်လေ၊ ဘုရင်မင်းမြတ် ကိုယ်တိုင်က မြောက်ထားတဲ့ သဘောပဲ၊ ကျောင်းကျိုး ဆိုးဗမ္ဘာတောရားခဲ့ အုပ်ခွပ်မှုပညာအရည်အချင်းတွေပဲ'

'ဦးဘက်က အဆောက်အအုံတွေကလေ ဘာတွေလဲ'

'ဟုတ်တယ် ဝမ်းလင်းရိုး၊ မင်း ယော်ယော်က ရောက်ဖူးတဲ့ နေကဒေသတော့သိုးဝါပဲ၊ ဩဇာ ခလိဆိုတော့လဲ သခင်ကြီး ပင်ပို့နဲ့ သခင်မ လင်းတို့ကိုလတိရလိုက်တာ လွန်ပါရော့'

ဦးလေးရန်ဝေစကားက မိတ်ဖျားအကြောင်းပါလာလေရာ ဝမ်းလင်းရိုးမှာ ဖျက်ခနဲ ညှိုးသွားရလေတော့၏။ နေကဗမ္ဘာတောက်ပကာ အပေါတ်က နွေးထွေးရာက ပူနွေးခြင်းပါ လာပါလေတော့၏။

အမှန်တော့လည်း မိမိတို့ သည် ရထေ့ကြီး ပို့ကုမ်ယူ

ထိမ်ဖျား ထိမ်းညှိတ်နေသော ကိုင်းဖျားတွင် အော်မြည်တတ် သောခြိုးကူသံကား ကြားရလေတော့သည်။

တောပန်းပွင့်များမှာ နေရာအနှံ့ ဖူးပွင့်လန်းဆန်းနေကြကုန်၏။

'အတော့်ကို သဘောတော်ပဲနော်'

ဟု ဝမ်းလင်းရိုးက မြင်းစီးလျက်က နောက်တွင် ကပ်လိုက်လာသော ဦးလေးရန်ဝေကို ပြုံးပြလိုက်မိသည်အထိ ဝမ်းလင်းရိုးမှာ လှုပ်ရော်လာလေ၏၊

ထို့နောက် မြင်းကိုရဖ်စေလျက် ကိုယ်ကိုတင်းကာ မြင်းလည်ဆံမွေးအပေါ် လက်နှစ်ဖက် ထောက်ရင်း ရှေ့တူရွှေ့လှမ်းမျှော်၍ ကြည့်လိုက်ပြန်လေ၏။

ရှေ့ကွင် မီးခိုးငွေ့ကလေးများတလူလူရှိနေသော လူနေရွာကလေးများကို တစ်စတစ်စ တွေ့လာရပြီဖြစ်၍ မိမိတို့ခရီးပန်းထိုင် ဖြစ်သော ကျုံကင်းမြို့သို့ ရောက်တော့မည် ဖြစ်ကြောင်း သိလိုက်ရပါ၏။

ဦးလေးရန်ဝေက ကုန်းပြင့်ပေါ်တက်ကာ....

'ဟိုမှာ ကျုံကင်းမြို့ပေါ့၊ တွေ့လား ချွန်ချွန် တွေတာ

ကျောင်းမှ စပြီးထွက်လာကတည်းက မုရပ်မနားဘဲ မြင်းတေ
ကို လမ်းကောင်းသည့်နေရာတွင် ဒုန်းစိုင်းကာ လမ်းမကောင်
သည့်နေရာတွင် ခပ်မှန်မှန်လာခဲ့ကြသည်/ မဟုတ်ပါလား။

ဦးလေးရန်ဝက လမ်းတွင် ထမင်းဆိုင်ကလေး တစ်ဆိုင်
တွေ့သည်နှင့် နားနေချင်သေး၏။ ဝမ်လင်းရိ မနား၍သာ
ကန်လန့်ကန့်လန့် ပါလာခဲ့ရခြင်းပင်၊ အခုတော့ ခရီးရောက်ခဲ့
ပါ၏။

မြင်းတွေမှာ မြင်းကောင်းမြင်းသန့်ကြီးများဖြစ်၍ တော်
ရော့သည်။ ဤသည်ပင်လျှင် ခေတ္တနားလိုက်လျှင် နားလိုက်
မှန်းသိသည်။ အပြီးတခါခါ နားတလှုပ်လှုပ်ရှိလေ၏။ အခုလို
မိမိမွေးရပ်မြေလည်းဖြစ်ပြီး ငယ်စဉ်တောင်ကျေးကလေးဘဝ
မိတမျှားနှင့် သိုက်သိုက်ဝန်းပန်း နေခဲ့သည်ဆိုသော အရပ်ဒေ
ဤဒေသကို ခုလိုလှမ်းမျော်၍ မြင်လိုက်ရသည်ပင်လျှင် ရင်ထဲ
မှာ တလှုပ်လှုပ် လှုပ်ရှားလာရပါလေတော့၏။

ကျုံကင်းမြို့ကား မည်သို့ဆို့စေ ယခုအခါတွင် မိမိဘဝကို
အဆုံးအဖြတ်ပေးမည့် ကိစ္စတစ်ရပ် ရှိနေချေပြီ။ သည်ကိစ္စက
ဆောင်ရွက်ရပေမည်။ ဆောင်ရွက်၍ မရတော့သော အခြေ
အနေတွင် ကျရောက်နေချေပြီတကား။

ဤနေရာတွင် မိမိဘက်က ဘဝကို အရင်းပြုရပေမည်။ ဘဝ
သည် မိမိ၏အရင်းအနှီးပင်ဖြစ်၏။ ဘဝဆိုသည်မှာ အလျော်

အစား ကြီးမားလှသော အလောင်းအစား ပွဲကြီး တစ်ရပ်
ဖြစ်သည်။

သည် အလောင်းအစားပွဲကြီးတွင် မိမိအနေနှင့် အမိအဖ
တွေ့ကို့ရောမိမိဘဝကိုပါ ရင်းထားရသည်ဖြစ်၍ အချုံးတော့
ဖြင့် မခံနိုင်ပေ။ မည်သည့်နည်းနှင့်မျှ အချုံးမခံနိုင်သော ပွဲ
တစ်ပွဲဟု ဝမ်လင်းရိသတ်မှတ်ထားလိုက်ပြီး ဖြစ်သည်။

ပြီးတော့ ဝမ်လင်းရိ၏ဘဝတွင် ဆရာကြီး နဂါ ငွေ့ခား
ချင်းဟုန်၏ကျေးဇူး မိမိအပေါ်တွင် ကြီးမားစွာရှိနေသည်ကို
လည်း မိမိဘဝတွင် ဘယ်သောအခါကာလသို့ ရောက်သည့်တိုင်
မေ့ရတော့မည် မဟုတ်ပေ။

လောကတွင် ဆရာဟူသောစကားလုံးကို ပေါ့ပေါ့သုံးစွဲ
ခဲ့သူများလည်း အနတ္တက္ကမ ရှိပေမည်။

ဝမ်လင်းရိကတော့ဖြင့် သည်ဆရာဟူသော စကားလုံးကို
ပေါ့ပေါ့မသုံး၊ အလေးအနက်သုံးရမည်ပင်။ ဆရာဟူသည်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာစသည်ဖြင့် အမျိုးမျိုးရှိနေ
လင့်ကစား ဆရာသည် ဆရာပင်ဖြစ်ပေသည်။

အချို့က ဆရာမှန်ပါလျက် ဆရာ့ဘဝ ဆရာ့အနေအစား
က နိမ့်ပါးနေမည်၊ နွမ်းပါးနေမည်ဆိုသည်နှင့် ထုတ်ဖော်
မပြောချင်ကြပေ။

ဘုရင်မင်းဘရားက လှံဝိဇ္ဇာကိုဆရာမေးစဉ်က လှံဝိဇ္ဇာက မိမိဆရာ ဗျိုင်းဖြစ်သည်ကို ထုတ်မပြောခဲ့ခြင့်းကြောင့် ပါးစပ်အာခေါင်အတွင်း လှံစိုက်၍သေခဲ့ဖူးသည့် အဖြစ်ကို ဝမ်လင်းရိသိထားရုံမက နားလည်သဘောပေါက်နေသည်။

ဆရာ၏ ဂုဏ်ကျေးဇူးကိုကန်းတက်သော လူမျိုးတော့ဖြင့် ဝမ်လင်းရိ မဖြစ်လိုပေ။

ဆရာကြီး နဂါးငွေ့ခားချင်းဟုန်ဆိုလျှင် မိမိဘဝတွင် ဆရာဆိုလည်းမှန်၍ မိဘဆိုပါကလည်း မမှားပေ။

အကြောင်းမူကား မိဘများကွယ်လွန်ခဲ့ပြီဆိုသောသတင်း သူ့ထံရောက်သည့်ဆိုကတည်းက ဆရာကြီးသည် မိမိ၏အသက် အန္တရာယ် ကာကွယ်မှုကိုပါ ပေးလာရပါလေတော့၏။

ရန်သူဆိုသည်မှာ ကျူပင်ခုတ်ကျူဝုပ်မထာ လိုလူများသာ ဖြစ်ကြသည် မဟုတ်ပါလား။

သည်အော့ တုချင်းလူများက ဆရာကြီးထံတွင် မိမိကို လာရောက်စုံစမ်းကြတော့သည်။

ဆရာကြီးက ဝမ်လင်းရိ ရှိတော့ဟု လီမ်ညာပြောလွှတ်လိုက်၏။

ဒို့ထက် ပိုကဲလာလျှင် မိမိပါတိုက်ပွဲဝင်တော့မည်ဟု ဆရာ ဆုံးဖြတ်ထားသည်ဟုဆိုခဲ့၏။

အတွေးစိတ်ကူးများပျံ့လွှင့်နေဆဲ။

ဦးလေးရန်ဝေက....

'ဝမ်လင်းရိရောက်ကျုံ့ကင်းမြို့ကို လှမ်းမြင်နေရသယ်ဆိုပေမယ် ခရိုးကန်းသေးတာမဟုတ်ဘူး၊ ဒီတော့ နားကြဦးမှထင်တယ်၊ မြင်းတွေလဲအတော်ပေါ်နေကြပြီ'

ဟု ပြောလေ၏။

ထိုအခါ ဝမ်လင်းရိက အတွေးစိတ်ကူးများကို အစသတ်ကာ....

'ကောင်းပါတယ် ဦးလေးရန်ဝေ၊ နားကြတာပေါ့၊ ဟို ရှေ့က လိမ္မော်ခြံစပ်မှာ နားကြမယ်နော်'

ဟု ပြောလိုက်လေ၏။

ထို့နောက် မြင်းများကို ဇက်ကြိုးဆ၍ရိုက်ကာ လိမ္မော်ခြံသို့ ဆောက်လာခဲ့ကြသည်။

လိမ္မော်ခြံစပ်တွင် မြင်းများပေါ်က ဆင်းကြသည်နှင့် လိမ္မော်ခြံစောင့် လူကြီးတစ်ယောက်နှင့်တွေ့လေရာ ဦးလေး

ရန်ဝေက အမှောပြေလိမ္မော်သီးစားလိုသဖြင့်အမှည့်သီးအချို
ရောင်းဖို့ပြော၏။

လူကြီးက လိမ္မော်သီးအမှည့်များ အလုံး ၂၀ လောက်
လာပေးသော်လည်း လိမ္မော်သီးများအတွက် အသပြာပေး
သည်ကိုမူ လက်မခံပေ။

'ခရီးသည်တွေကို ရေတိုက်တဲ့သဘောပေးရတာပါ၊ စား
သွားကြပါ'

ဟု ပြောလေ၏။

ဤဒေသတွင် ခြံစိုက်စားသူများမှာ များသောအားဖြင့်
ဤခြံမှလူကြီးကဲ့သို့ပင် ခရီးဝေးမှထွေက်ရှိလာကြသူများအား
သူတို့စိုက်ပျိုးထားသော လိမ္မော်သီးများကို အသပြာဖြင့်
ရောင်းလေ့ရောင်းထ မရှိကြပေ။

ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့နှစ်ယောက်သည် လိမ္မော်
သီးများကို လူရောမြင်းပါ စားလိုက်ကြလေ၏။

ထို့ကြောင့် ရေသောက်လိုက်ရသည်ထက်ပင် အဆာပြေ
ကာ လန်းဆန်းကြည်လင်သွားပါလေတော့သည်။

ထိုအခါကျပြန်တော့လည်း နှစ်ယောက်သား ခရီးမထွက်
ဖြစ်ဘဲ ဖြစ်ရပြန်သည်။

ထို့ကြောင့်လည်း ဝမ်လင်းရိက....

'ဦးလေးရန်ဝေ၊ မြင်းတွေကို ခဏလွှတ်ထားချင် လွှတ်
ထားလေ၊ အချိန်ရှိပါသေးတယ်၊ ဒီတစ်ခါ မြင်းတွေအစာ
မှ ကျုံကောင်းကို တစ်ခါတည်းစိုင်းကြတာမေါ့'

ဟု ပြောလိုက်လေ၏။

ဦးလေးရန်ဝေက...

'အေး...အေး'

ဟု ပြောပြီးနောက် မြင်းနှစ်ကောင် ဆွဲထွက် သွားလေ
သည်။

ဝမ်လင်းရိသည် လိမ္မော်ပင်တစ်ဝင်းအောက်တွင် ဝင်ထိုင်
နေလိုက်၏။

လိမ္မော်ပင်ဝိများမှာ ရှောက်ပင်ကြီးများနှင့် အလွန်တူ
ရှောက်ပင်ကဆူးရှိပြီး လိမ္မော်ပင်ကတော့ ဆူးမရှိပေ။
လိမ္မော်ပင်များကြားမှ ဖြတ်သန်းတိုးဝင်လာသော နွေလေ
သန်းထွေးလှပါ၏။

ထိုအချိန်၌ပင် ဝမ်လင်းရိက ဆရာကြီး နဂါးငွေ့ခေး
ဟုန်၏မျက်နှာကို ပြန်လည် မြင်ယောင်လာမိ ပြန်လေ

ဆရာကြီးသည် ထိုညက သမထစိတ်ကျင့်စဉ် လေ့ကျင့်ပုံ ပြီးသောအခါ ခွက်ချင်း ထပြန်ခြင်းမပြုဘဲ စကားဆန်း တစ်ခွန်း ပြောလေ၏။

'ဝမ်လင်းရိ လူလေး'

'ဟုတ်ကဲ့ဆရာကြီး တပည့်ရိပါတယ် အမိန့်ရှိပါဆရာကြီး' ထိုအခါ ဆရာကြီးက...

'တစ်ခါဟုတ်ပါဘူး ဝမ်လင်းရဲ့ ပေးဆုနောက်ပြန် အသက် နှစ်ဆယ်ပြည့်တဲ့အတွက် ပြောစရာရှိတဲ့စကားလေ့ ပြောချင် ပုံပါ'

ဟု ပြောသံလရာ ဝမ်လင်းရိမှာ အထူးပင် စိတ်ဝင်တစား ဖြစ်သွားမိပါလေတော့၏။ မိမိ အသက်နှစ်ဆယ်ပြည့်သော နေ့တွင် တခြားတစ်ပေးအပ်ညှိထိသော စကား အပြောက် မျှကို ကြားခဲ့ဖူးသည် မှန်သော်လည်း ဤကဲ့သို့ နှစ်ဆယ်ပြည့်သွားသည်ကိုမူ မိမိ ကိုယ်တိုင် မသိခဲ့၊ ယခုလို ဆရာကြီးက ပြောကြားလာရခြင်းဖြစ်သည်။

'ဆရာ မင်းကိစ္စနဲ့မှတ်ကြားစရာတွေကတော့အများကြီး ပေါ့ကွယ်၊ အငယ်ဆုံး အကောင်နဲ့ ပြောရရင်တော့ ခုနေ အချိန်မှာ မင်းရဲ့ စာတာစန်းလက်တွေကလဲ အလွန်ကောင်း နေတဲ့အချိန်ကာလ ဖြစ်လေတော့ မင်းလုပ်ချင်တဲ့အလုပ် တခု လုပ်လုပ် ပေါ့ ဖြစ်မယ့် အကြောင်းနဲ့မှာ ရှိနေတာ'

'ဟုတ်ကဲ့ ဒီလိုဆိုရင် ဝမ်းသာစရာပေါ့နော်'

'မင်းပေါ့ကွယ်၊ ဝမ်းသာစရာပဲပေါ့'

'ဒါပေမဲ့ အာလို့မေးရက်လဲ ဆရာကြီး'

ထိုညတစ်ညကိုလည်း ဝမ်လင်းရိအဝတွင် အမြဲရှိနေမည့် ညတစ်ညပင် ဖြစ်ပေ၏။

ထိုညတွင် လရောင်သည်လည်း မှုန်ပျပျသာနေလေ၏။

ကြယ်ပြောင်တို့ကား ကောင်းကင်တစ်ခွလုံး တစ်လက်လက် တောက်ပနေလေ၏။

ဆရာကြီးသည် တောင်ကုန်းတစ်ခုထိပ်တွင် တင်ပျဉ်ခွေ ထိုင်ကာ သမာဓိစိတ်ကျင့်ဝတ်ခုနှစ်ကို လေ့ကျင့်လျက်ရှိ၏။

ဆရာကြီး သမထလေ့ကျင့်မှု ပြီလုပ်သည့်အချိန် တိုင်းလိုပြီ ဝမ်လင်းရိကို သွားတပည့်တစ်ယောက်အနေဖြင့် ဝါဒသဝဏ် ဆွေးလေ့ရှိသည်။

တောင်မှုန်းကမ္ဘာဆိပ်တွင် ဆရာကြီးသမထတိုင်ကာ စိတ် လေ့ကျင့်မှု ပြီလုပ်ခန့်သည့်အခါ ဆရာကြီး၏ခန္ဓာကိုယ်ကြီး မှာ အသက်ဝင်ပင်မနေသည့်အလား ကည်ငြိမ် လှုပ်ရှား၏။

တေးသံကြည့်လျက် ငေးကြည့်နေမိကုတ်ခဲ့ လေလေးတွေ ထင်မှတ်ရလေ၏။

တစ်ခါတစ်ခါ ဆရာကြီးက ခန္ဓာကိုယ်အတွင်းက အပူဒဏ် အလွိုင်းများ ထန်မှန်းမသိ ပေါ်တက်နေသည်ဟုပင် နှုတ်ဆက် ပေ၏။

'မင်း စလုပ်ရမှာကတော့ ကျုံကင်းကို အရင်ဆုံး အရောက်သွားနိုင်ဖို့ပဲ ဟိုရောက်ရင် မင်းဘာတွေ ဆက်လုပ် ရမယ်ဆိုတာ ဆရာကြီး နောက်ကလူလွှတ်ပြောပါ့မယ်' ဟု ပြောလေ၏။

ထိုအခိုက် လိမ္မော်ခြံအတွင်းဘက် ဆီလောက်က ခေး ခတ်သံများကို ကြားသဖြင့် အတွေးစများ ရုတ်တရက် ပြတ်တောက်သွားလေ၏။

ခေးသံများကို ကြားလိုက်သဖြင့် စိတ်အနှောက်အယှက် ဖြစ်သော်လည်း ဤသို့သောနေရာမျိုးတွင် သိုင်းပညာ လာရောက်သင့်ကြားနေသည်ဟုပင် ဝမ်လင်းရီ တွေးထင်မိလေ၏။

'ချမ်....ချမ်....ချမ်'

'ဝှစ်....ထန်'

ခေးရိပ်တို့ကား အရိပ်ထက ပြေးလွှား လှုပ်ရှားနေပြီ။

ဝမ်လင်းရီသည် ဦးလေးရန်ဝေကို တောင်ကမူ အောက် သွင် ထားရစ်ခဲ့ပြီး တောင်ကမူထိပ်သို့ မြင်းမပါဘဲ လူချည်း ပြေးတက်ခဲ့လေ၏။

'ဟင့်....'

တွေ့ရသိုက်ရသော မြင်ကွင်းက ထူးခြားနေ၏။

မြင်းစီးသမားသည် တောင်စောင်း ကွေ့ပတ်လမ်း ဟိုမှာ ဘက်အကွယ်မှ ဘွားခနဲပေါ်ပေါက်လာသည်အထိ မြင်းကို ခွန်းစိုင်း၍ စီးလာလေ၏။

သူ၏ရှေ့ တူရူပြုနေသော ကွင်းပြင်အတွင်းရှိ လမ်း ကြားသို့ ရောက်လေသော် ချီးဝင်လိုက်လေ၏။ မြင်းစီးသူက ဘေးဖြင့် အရွယ်နှင့်မလိုက်အောင် ကျမ်းကျင်လှပါ၏။

သို့သော် မြင်းမှာ တစ်လှမ်းနှစ်လှမ်းမျှသာ ရောက်သေး၏။ ဒုန်းစိုင်းနေသော မြင်း၏ ရှေ့ခြေနှစ်ဖက်သည် တစ်စုံတစ်ခုကို တိုးတိုက်မိကာ ပူးသွားပါလေတော့၏။

ထိုအခါ မြင်းကြီးသည် ဟန်ချက်လုံးဝ ပျက်သွားပြီး ဖြစ်ချင်မြေပေါ်သို့ ကျမ်းထိုးမှောက်ခုံ လဲကျသွားပါတော့၏။

အရှိန်မှာ ဖြင်းသဖြင့် မြင်းသည်လည်း တလိမ့်ကောင်းကွေး လဲကျသွားရခြင်းကြောင့် မြင်းကြီးသည် ကြောက်လန့်တကြားဖြင့် ဟည်လိုက်လေ၏။

'ဟီး ဟီး ဟီး'

မြင်းကြီး ရှေ့သို့ ဟတ်ထိုး လဲကျသွားသော အချိန်တွင် မြင်း၏ကျောပေါ်တွင် ကပ်လျက်လိုက်ပါလာသော မြင်းစီးသမားမှာ ရှေ့ဘက်လေထဲသို့ မှောက်၍လွင့်စဉ် သွားလေတော့၏။

မြင်းစီးကျမ်းကျင်သူ မြင်းစီးသမားကောင်းတစ်ယောက် ဖြစ်ခဲ့၍သာလျှင် သူသည် သတိမလွတ်တဲ့ လေထဲသို့ မြောက်တက်သွားလင့်ကစား ဆောင်းထားသော ဝါးခမောက်လူနှင့် ကွဲကွာသွား၏။

သူသည် မြေကြီးပေါ်သို့ ကြောင်တစ်ကောင် ကူးသကဲ့သို့ ဘုတ်ခနဲ ကျရောက်သွားပါလေတော့၏။

ထိုသို့ မြေကြီးပေါ်သို့ ကျရောက်သွားလျှင် ရောက်သွားရုံး သူက လူးလဲထကာ ဘေးမတ်ဝန်းကျင် ကိုလေ့လာခဲတော်လိုက်၏။

ထိုအခါ အနီးသစ်ပင်မျှားပေါ်မှ ဝတ်စုံနက်ဓားသမားတစ်စုသည် လွှားခနဲ လွှားခနဲ ကျရောက်လာကာ မြင်းစီးသမားအား ဝိုင်းထားကြလေ၏။

သူသည် ဝါးခမောက်ကို ပြေးကောက်ယူပြီး ခေါင်းတွင် ပြန်ဆောင်း၏။ ပြီးလျှင် အခြေအနေကို ရိပ်စားမိသည်နှင့် သူများကို ရင်ဆိုင်လိုက်လေ၏။

'ဝှစ်'

'ချမ်း'

ဝါးခမောက်နှင့် ဓားသမားအား ရန်သူက ဓားကိုနှစ်ချက် ခတ်လိုက်လေ၏။

ရှောင်တိမ်းရန်ခြေထောက်အစုံကို သိုင်းကွက်အနေအထား သုံလိုက်၏။

'ချမ်း ရှမ်း'

ပြေးဝင်လာသော ဝတ်စုံနက် ဓားသမား တစ်စုံသည်

တကယ်တမ်း တေ တေ့ ဆိုင်ဆိုင် တိုက်ခိုက်ရမည်ဆိုသော အား
ရှေ့ သို့ဆက်လက်၍ တိုက်ခိုက်ရမည် ဖြစ်သော်လည်း လုံး
မထွက်ရဲတော့ဘဲ တန့်ရပ်သွားလေတော့၏။

ရန်သူတို့မှာ မနည်းလှပေ။ အားလုံးပေါင်းခုနစ်ယောက်
ရှိသည်။

ဝတ်စုံနက်လေးယောက်၊ ဝတ်စုံနက်ပြာက သုံးယောက်
သူတို့လက်ထဲတွင်လည်း လက်နက်ကစုံ၏။

ဝါးခမောက်နှင့် သိုင်းသမား တစ်ယောက်တည်းကို
များစုက ထွက်ပေါက်မပေးဘဲ ပိတ်ဆို့ထားလိုက်လေ၏။ ဒ
မြင်ကွင်းကို ဝမ်လင်းရီ လှမ်းမြင်နေရသော်လည်း အလွန်
ဝေးနေသေးသည်ဖြစ်၍ အရေးနိမ့်သွားနိုင်သည့် တစ်ယော
သမားဘက်က ကူညီဝင်ရောက် တိုက်ခိုက်လိုသော်လည်း ဘာ
မျှမတတ်သာသေးဘဲ ရှိနေ၏။

အမှန်စင်စစ်...

တွေ့မြင်လိုက်သော်လှုပ်ရှားမှုတွင် လူခုနစ်ယောက်အုပ်စု
ဝါးခမောက် မြင်းစီးသမား ခုလိုမြင်းပေါ်က လွှင့်စွဲကျ
သွားခဲ့အောင် လာလမ်းတွင် ကြိုးတစ်စဖြင့် တန်းထားပေး
တူသည်။

ကြိုးတန်းစွင့်မြင်းကြီး ခလုတ်တိုက်ပြီး ကျမ်းထိုးမှောက်
ကျသွားခြင်းပင် ဖြစ်ပေမည်။

တော့်ကို အကြံပက်စက်သော လူစုံပါကလား။

ဘာစုံနက်သိုင်းသမားများကား....

ဆိုးဝေးပြတွေပဲလား၊ တောပုန်း ဒုစရိုက်သမားတွေပဲ
ပုံစံကမူ ဓားပြတိုက်သည့်ပုံစံမျိုးမဟုတ်၊ ရန်ငြိုးထား
ဘဝင်စိမ်ပြီး တိုက်ခိုက်လာကြဟန် တူ၏။

ကောင်းပြီ။ ရန်သူတွေဘေးပတ်ပတ်လည် အဝိုင်းခံထား
ခပ်သွယ်သွယ် ခပ်နွဲ့နွဲ့ အသားဖြူဖြူ ခမောက်နှင့်
သမားကရော မည်သူနည်း။

မ်လင်းရီ စဉ်းစားသော်လည်း အတွေး စိတ်ကူးထဲတွင်
သည်မရှိဘဲ ရှုပ်မြဲရှုပ်နေပါ၏။

ါးခမောက် သိုင်းသမားက ခြေတောက် ခဲ၍ ရပ်လိုက်
စံကို ဝမ်လင်းရီ တွေ့မြင်လိုက်ရသောအခါ ညံ့တော့ဖြင့်
မည် မထင်ပေ။

ဦးအကျော်အမော် တစ်ဦးတစ်ယောက် မဟုတ်သည့်
အောင် သူ့ပုံစံကိုတွေ့မြင်ရသည်မှာ အားရ ကျေနပ်စရာ
ဲနေ၏။

ရန်သူ သိုင်းသမားခုနစ်ယောက်တွင် ခေါင်းဆောင် ဖြစ်ဟန်တူသော ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်က....

.....ဟု ပြောလိုက်လေ၏။

သူတို့ ဘာပြောလိုက်ကြောင်း အဝေးက သာ တွေ့မြင်နေသော ဝမ်လင့်ရီ လုံးဝမကြားသိရပေ။

ထိုစဉ်....

ဝါးခမောက် သိုင်းသမားမှာ အလွန်အမင်း ဒေါသထွက်ပြီး....

.....ဟု ပြန်ပြောလိုက်လေ၏။

ဤသို့ဖြင့်....

သူတို့၏ စကားပြောဆိုနေသည့် အကြောင်းအရာကို ဆက်လက်၍ အပြန်အလှန်မငြင်းဆန်တော့ဘဲ ဝဝဖိုင့်ဖိုင့် လူကြီးသ လက်ထဲကခေါင်းကိုမြှောက်၍ နောက်လိုက်များကို အချက်ပ လိုက်လေ၏။

ထိုအခါ....

နောက်လိုက်များကလည်း ချက်ချင်းပင် ဝါးခမော

သိုင်းသမား တစ်ယောက်တည်းကို ဝိုင်းဝန်းတိုက်ခိုက်ကြလေ တော့၏။

ခေါင်းဆောင် သိုင်းသမားက ဝင်မတိုက်ဘဲ ဘေးကရပ် ကြည့်နေသည်။

ဤတိုက်ပွဲကား.....

တစ်ယောက်နှင့် ခုနစ်ယောက် အကြိတ်အနယ် တိုက်ခိုက်သည့် တိုက်ပွဲတစ်ခု ဖြစ်သည်နှင့်အညီ မည်မျှလောက် ကြောက်မက်ဖွယ်ရာတွေ့ တွေ့ရပေတော့မည်။

ရှေးဦးစွာ သိုင်းသမား တစ်ယောက်က ဝါးခမောက် သိုင်းသမားကို ရှေ့တက်က ဝင်ရောက်တိုက်ခိုက်၏။

ထိုတစ်ယောက်တည်းသမား သိုင်းသမားသမားမှာ အမျာ နှင့်တစ်ယောက် ဖြစ်လင့်ကစား ကြောက်စိတ်ဟူ၍ မရှိ ကင်း သည်။

'ဟိတ် ယား'

ပထမဆုံးပြေးဝင်လာသော သိုင်းသမားသည် သူ၏ ခေါင်းကို ဝါးခမောက်သိုင်းသမားကို ခန္ဓာကိုယ်အထက်ပိုင်းသို့ ကန်လန့်ဖြတ် ဖြတ်ခုတ်ချလိုက်၏။

'ဝှစ် ဟူး'

သို့သော် ထိုဓားချက်ကို ဝါးခမောက် သိုင်းသမားက နောက်သို့ခုန်ရှောင်လိုက်ပြီး ရန်သူ၏မေးစေ့လောက် ဆီသို့ ခြေဖြင့်ကန်လိုက်လေ၏။

'အင့်'

ရန်သူသည် မေးစေ့တွင် သွေးများ ဖြာထွက် လျက် နောက်သို့ လန်သွားစဉ် နောက်မှ ထပ်ချပ်မကွာ ပြေးဝင်လာသော ရန်သူသိုင်းသမား၏ မိုးဓားကို လွတ်အောင် ရှောင်တိမ်းကာ ထိုမိုးဓားသမား ရန်သူ၏မျက်နှာကို လက်ဝါးစောင်းနှင့် ရိုက်ချလိုက်ပြန်၏။

'အင့်'

တတိယမြောက် ရန်သူကိုမူ ခြေဖြင့်ပင် ကန်ပေါက်ခဲ့ပြီး တိုက်ကွင်းအနေအထားကို ပြောင်းလိုက်လေတော့၏။

ဝတ်စုံနက် သိုင်းသမားအုပ်စုမှ ခေါင်းဆောင် ခေါင်းပေါင်းနီနှင့် သိုင်းသမားကြီးမှာ သူ့လူသိုင်းသမား သုံးယောက်အား ဝါးခမောက်သိုင်းသမားက တစ်ယောက်ပြီး တစ်ယောက် အကွက်စေ့ ဟန်ချက်ညီညီ တိုက်ခိုက်လိုက်သည်ကို တွေ့လိုက်ရသောအခါ အတော်လေး ဒေါသထွက်သွားပုံရ၏။

သို့နှင့် နောင်တွင် အရံသင့် ရပ်နေသော သိုင်းသမားများအား အော်ဟစ် အမိန့်ပေးလိုက်လေ၏။ ထိုသို့အော်ဟစ်လိုက်ရာတွင်....

'အသက်မသေစေနဲ့ အရှင်ဖမ်း' ဟူသော စကားသံကို ပစ်လင်းရိ ကြားလိုက်မိသဖြင့် တအံတသြ ဖြစ်သွားမိလေ၏။

ရန်သူ သိုင်းသမားတို့ကား ဝါးခမောက်သိုင်းသမားကို သဲကြီးမဲကြီး တိုက်ခိုက်ပါလေတော့၏။ သိုင်းသမားများအနေဖြင့် အနာကျတော့လည်း သဲကြီးမဲကြီး တိုက်ခိုက် လေလေ အလွဲလွဲအချော်ချော် ဖြစ်တတ်လေပင်ဖြစ်၏။

သို့နှင့် ဝတ်စုံနက်တို့သည် တစ်ကိုယ်တော် ဝါးခမောက်သိုင်းသမားအား တစ်ယောက်ဝင် တစ်ယောက်ထွက်တိုက်ခိုက်လိုက်ချေ၊ နှစ်ယောက်ပြုံ၊ သုံးယောက်ပြူး တိုက်ခိုက်လိုက်ချေ ရှိနေလေ၏။

ဝါးခမောက် သိုင်းသမားသည် လက်ရှိ အခြေအနေအထိ သူ့ဘက်တွင် ဟာကွက် မျော့ကွက်များ တစ်ခုမျှမရှိသေးပဲ ဝင်လာသမျှသော ရန်သူ သိုင်းသမားများကို သိုင်းကွက်များ အဆင့်ဆင့်ပြောင်းလဲကာ ဆီးကြိုတိုက်ခိုက်နေလေ၏။

'ဟီတ် ယား'

'ဝှစ် ဝှစ်'

'ယိစ် အား''

ယခုအချိန်အထိ ဝတ်စုံနက်သိုင်းသမားများကသာ လက်နက်၊တုတ် ဓား လက်နက်နှင့် လှံ တံ လက်နက်များကို အသုံးပြု၍ တိုက်ခိုက်ကြကုန်၏။

ဝါးပမောက် သိုင်းသမားမှာ လက်နက်မသုံး၊လက်နက်မဲ့ ခုခံတိုက်ခိုက်နေလေ၏။ ဤသို့ လက်နက်မဲ့ဖြင့် ခုခံတိုက်ခိုက်နေရသည်ကိုပဲ သူသည် အလွန်လက်တွေ့နေပုံရ၏။

ဝမ်လင်းရိမှာ တိုက်ပွဲကိုကြည့်ကောင်းနေသဖြင့် ဦးလေးရန်ဝေကိုပင် သတိမေ့လျော့နေလေ၏။ ဝါးခမောက်နှင့် သိုင်းသမားမှာ ရန်သူများအလယ်တွင် ကျားသစ်ပျို တစ်ကောင်နှင့်မခြား ခုံခံတိုက်ခိုက်လျက်ရှိလေ၏။

သူ၏လှုပ်ရှားမှုဟန်ပန်မှာ အကွက်ကျလွန်းသဖြင့် အလွန်ကြည့်ကောင်း၏။ အချို့သူများကို အမှတ်မထင်ပက်လိုက်၊ ခတ်လိုက်ပုံများမှာ အံ့မခန်း တိုက်ကွက်များ ဖြစ်နေသဖြင့် ဝမ်လင်းရိအဖို့ အတုယူစရာ သင်္ခန်းစာရယူစရာများပင် ဖြစ်နေလေ၏။

အဆုတ်၊ အတက်၊ အရှောင်အတိမ်း အပင့်အထိုးစသော သိုင်းကွက်များမှာ ဝမ်လင်းရိ၏ သိုင်းကွက်များနှင့် နှီးနွယ်နေသဖြင့် သူ့အားမိမိဆရာကြီးနှင့် ပတ်သက်မှုရှိနေ

ရော့သလားဟုပင် တွေးထင်မိလေ၏။ ဝမ်လင်းရိသည် တောင်ကုန်းကမူထက်တွင် မင်သက်မိနေသူပမာ တိုက်ပွဲကို အငေးသားစိုက်ကြည့်နေ၏။

အမှန်စင်စစ် ဤတိုက်ပွဲမျိုးတွင် တစ်ယောက်နှင့်အများ ဖြစ်နေသဖြင့် မိမိတို့၏သိုင်းဆရာကြီးများ၏ သွန်သင်သြဝါဒ ပေးထားချက်အရ ဒုက္ခတွေ့နေသော အားနည်းသူဘက်က ဝင်ရောက်ကူညီတိုက်ခိုက်ပေးရမည်သာဖြစ်သည်။

ထိုသူသည် ဓားပြသူခိုးဖြစ်နေပါလျှင် ဤသည်မှာ နောင်မှမေးမြန်းဖြေရှင်းရမည့် အပိုင်းဖြစ်၏။

တိုက်ပွဲတွင် တစ်ဖက်ရန်သူအုပ်စုမှ ခေါင်းဆောင် လုပ်သူပင်လျှင် ရပ်ကြည့်နေရသည်ကို အားမရထဲ ဝင်ရောက်တိုက်ခိုက်ပါလေတော့၏။

သို့သော်လည်း....

ဝါးခမောက် သိုင်းသမား၏ သိုင်းပညာစွမ်းရည်ကို မမိသည့်အတွက် မထူးခြားဘဲ ဖြစ်နေလေ၏။

ဝါးခမောက်သိုင်းသမား၏ မြင်းကြီးကား ရှန်းရင်းဆန်ခတ်ဖြစ်နေခြင်းကြောင့် ဟီး ဟီး ဟီ ဟူသော မြင်းဟီးသံကိုပြုကာ ထပြေး၏။

မြင်းကြီး ထပြေးသည်မှာ လန့်ပြေးသွားခြင်းဖြစ် ။ ထို့ကြောင့် ဝါးခမောက် သိုင်းသမားအဖို့ အလား အလာ မကောင်းပေ။

မြင်းမရှိတော့သည့်အတွက် ရန်သူများကို အနိုင်တိုက်ခိုက်လျှင် အနိုင်တိုက်၊ အနိုင်မတိုက်ခိုက်နိုင်လျှင်ကား ရန်သူ ပြုဆမျှခံရတော့မည့် အနေအထားတွင် ရှိ၏။

တစ်ယောက်နှင့်အများ တိုက်ပွဲတိုင်းတွင် ရုတ်တရက် လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းမျိုးသာ သင့်မြတ်၏။ ရေရှည်တိုက်ခိုက်ရပါမူ တစ်ယောက်သမားမှာ လက်ရည် ကျလာတတ်မြဲပင် မဟုတ်ပါလော။

ယခု သူ့အား ဝိုင်းဝန်းတိုက်ခိုက်နေသူ သိုင်းသမားများမှာ သူနှင့်တိုက်ခိုက်နေရှိသာ ညှံသည်ဟု ဆိုနိုင်သော်လည်း စင်စစ် သူတို့သည်လည်း အဆင့်မြင့်သိုင်းသမားများပင် ဖြစ်သည်။

'ဟာ မဖြစ်သေးပါဘူး၊ ငါက ဘာကြောင့် စောင့်ကြည့်နေရတာ၊ မြင်နေရတဲ့တိုက်ပွဲမှာ တစ်ယောက်ကို အများက ဝိုင်းပြီး အနိုင်ကျင့်နေကြတဲ့ သဘောပဲမဟုတ်လား' ဟူသော အသိ ခေါင်းထဲဝင်လာ၏။

'သူတို့ဟာ တောပုန်းခိုးပြတွေဖြစ်ဖို့များတယ်၊ ခရီးသည် တစ်ယောက်တည်းကို အပိုင်ဝင်တိုက်ကြတာဖြစ်မယ်၊ ငါဝင်မှ ဖြစ်မယ်၊ နို့မဟုတ်ရင် ဟိုမှာတစ်ယောက်တည်း သိုင်းသမား ကြောရင် လက်ရည်ကျပြီး ရှုံးနိမ့်သွားနိုင်တယ်၊ အခုတောင် သူ့လက်ရည်မှာ ကျချင်ချင် ဖြစ်နေပြီ'

သို့နှင့်....

ဝမ်လင်းရိုးသက်က ဓားရိုးပေါ်သို့ ရွှေ့လျား ရောက်ရှိသွားလေ၏။

ဦးလေးရန်ဝေသည်လည်း တောင်ကမူအောက်က စောင့်ရသည်ကို ငြီးငွေ့လာပုံရသည်။

တောင်ကုန်းကမူပေါ်သို့တက်ကာ သူလည်းတိုက်ပွဲကို တွေ့မြင်သွားပြီး တအံ့တသြ ဖြစ်နေပါတော့၏။

'ဟာ....ဟိုမှာ အကြီတ်အနယ် တိုက်ခိုက် နေကြပါလား' ဟု ဦးလေးရန်ဝေပြော၏။

ဝမ်လင်းရိုးသည် ဘာမျှ ပြန်မပြောတော့ဘဲ တောင်ကုန်းကမူပေါ်မှ ပြေးဆင်းသွားပါလေတော့၏။

ဝါးခမောက် သိုင်းသမားကား ဆက်လက်၍ တိုက်ခိုက်ကျက်ရှိ၏။

သူ၏ရိုက်ချက်ဖြင့် ဝတ်စုံနက် နှစ်ယောက်သည်ပင် လမ်းဘေးမြက်ခင်းပေါ် မှောက်လျက်သားတစ်ယောက်၊ ပက်လက်တစ်ယောက် လဲကျမေ့မျောနေပြီ ဖြစ်၏။

'ယား ရိုစ်'

'ဟိတ် ဟိုက်'

'ယား ဖြောင်း'

ဝတ်စုံနက်သိုင်းသမားများက သူတို့လူနှစ်ယောက် မှောက်သွားသည့်အတွက် မခံချင်စိတ်များ ဝင်လာဟန် တူသည်။ အရှင်ဖမ်းရမည်။ အသေမသတ်ရ ဟူသော ခေါင်းပေါင်းနှီ

သိုင်းသမား သဘိပေးချက်ကိုပင်မေ့ပြီး အပြင်းအထန် တိုက်ခိုက်လာပါလေတော့၏။

ရန်သူမှာ လက်ရှိငါးယောက်၊ ဒီဂဲခံပြီး ခုခံတိုက်ခိုက်နေသူမှာ တစ်ယောက်တည်း ဖြစ်လေရကား ရေရှည်ကျတော့လည်း လက်ပန်းကျလာ၏။

အတိမ်းအစောင်း အမှားအယွင်းဖြစ်ချင်လာ၏။ ထိုအခါ ဝတ်စုံနက်များက တိုက်ကွင်းကို ကျဉ်းသည်ထက် ကျဉ်းလာစေ၏။

'ဟီတ်'

'ယား'

ဤတစ်ကြိမ်တွင် ဝတ်စုံနက်သိုင်းသမား တစ်ဦးက ဝါးခမောက် သိုင်းသမားအနီးသို့ ခြေတစ်လှမ်း ခုန်ပျံဝင်လိုက်သည်။ လူချင်းပူး၍ သူ၏ခေါင်းကို ဝါးခမောက်ရင်ညွန့်သို့ အားပြုသံကြီးနှင့်အတူ စိုက်သွင်းလိုက်လေ၏။

'ဟီတ်'

ဝါးခမောက်သည်လည်း ရန်သူ၏ဦးတည်ချက်ကို ကြိုတင်သိရှိသည်နှင့် ခေါင်းဝင်လာရာ လမ်းကြောင်းကို ဖွင့်ပေးလိုက်သည်သဘောနှင့် ချိုင်းကိုဟ၍ပေးလိုက်လေ၏။

ဤတွင် အနီးသို့ကျ၍ ဝင်လာသော ရန်သူ၏ မျက်နှာကို လက်သီးများဖြင့် ကုတ်ဆဲချလိုက်ပြီး ကျန် လက်တစ်ဖက်ဖြင့် ပင့်တင် ရိုက်ချလိုက်လေတော့၏။

'အင့်'

'အား'

ရန်သူသည် နောက်မှပြေး ဝင်လာသော သူ၏လူများပေါ်သို့ လန့်အကျ အားလုံးတိုးတိုက်လဲပြိုသွားကြ၏။

ထိုစဉ်....

ဝါးခမောက် သိုင်းသမားသည် တစ်ဖက်မှ အပြိုင်ပြေး ဝင်လာသော ဝတ်စုံနက် သိုင်းသမားများကို တိမ်းရှောင်ရန် နောက်သို့ခုန်ဆုတ်လိုက်၏။

သို့သော်....

ခုန်ဆုတ်သည့်နေရာသို့အရောက် လဲနေသော သိုင်းသမား တစ်ယောက်က ပစ်သွင်းလိုက်သော မြားပျံ လက်နက်ပုန်းကို ရှောင်ရင်း လဲကျသွား၏။

'ဝုန်'

'ဝိုး'

'ဟိုက်'

'ဝုန်း'

ဝါးခမောက်သိုင်းသမားမှာ ဟင်းထိုး လဲကျသွားသည်ရှိရာ၊ မှောက်လျက်အနေအထားသို့ ကျရောက်ခြင်း ဖြစ်၏။ အခါအသင့်စောင့်ကြိုနေသော ရန်သူက ခုန်ဝင်၍ အလာခံမောက်သိုင်းသမားက ဖျတ်ခနဲ တစ်ပတ်လှည့် ကာလိုက်သည်။

သို့သော်လည်း....

ကျသွားသောဒဏ်ကြောင့် လိုအပ်သော အတိုင်းအတာသို့ ရောက်ဘဲဖြစ်နေသည်။

ပြေးဝင်လာသော ရန်သူသည်သူ၏ခေါင်းကို မိုးရွဲထားလိုက်သည်။

'ဟား ဟား ဟား'

'ဖြောင်း ဖြောင်း ဖြောင်း'

အခြေအနေတစ်ခုမှာ ရုတ်ခြည်း ပြောင်းလဲသွားပါလေသည်။

အကြောင်းမှာ ဝမ်လင်းရိသည် မြင်းကို ဒုန်းစိုင်း၍ ဝင်ရောက်ရင်း ဘေးပတ်ဝန်းကျင်မှ မလွတ်သော သစ်ကိုင်းခက်များကို အလျင်ဆုံးခုတ်ဖြတ်လာပြီး ဝတ်စုံနက် သိုင်းသမားများကို တရစပ်တိုက်ခိုက်ဝင်လာကြောင့်ပါပေ။

ထို့နောက် ဝမ်လင်းရိုက သူ့ဘေးတွင် ဝိုင်း၍ ထိုးခုတ်နေသော ရန်သူများကို တိုက်ခိုက်နေသည့်ကြားမှ ခေါင်းမြောင် တစ်လက်ကို ခေါင်းဖိုးထားသူ၏ လက်ကောက်ဝတ်သို့ ပစ်သွင်းလိုက်၏။

'အား'

ခေါင်းဖိုးထားသူ အောက်တွင်ရှိနေသော ဝါးခမောက်နှင့် သိုင်းသမားသည်လည်း အခါအခွင့်ကို အလွတ်မပေးထိုရန်သူ၏ ပိုက်ဆီသို့ ခြေဖြင့် ဆောင့်ကန်ထုတ်လိုက်လေ၏။

'အင့်'

ဝတ်စုံနက်သိုင်းသမားသည် 'အင့်' ဟု မချိမဆန့် အော်မြည်ကာ အနောက်သို့ လန်ကျသွားလေ၏။ အဖြစ်အပျက်များမှာ တစ်ခုနှင့်တစ်ခု အဆက်အစပ်မြန်လွန်းသဖြင့် မည်သို့ မည်ပုံ ဖြစ်ပျက်နေသည်ဟုပင် မဖော်ပြနိုင် လောက်အောင် ဖြစ်နေပါတော့၏။

တိုက်ပွဲကမူ ယခုမှ ပို၍ပြင်းထန်လာ၏။ ဝမ်လင်းကိုယ်တိုင် မြင်းပေါ်မှ ခုန်ဆင်းကာ ဝတ်စုံနက်သိုင်းသမားများကို ဝါးခမောက် သိုင်းသမား နားနေစေလိုသည့် သဘောနှင့် ချောင်းစပ်ဘက်သို့ များစွာ တိုက်ခိုက်နေ၏။

'ဖြောင်း ဖြောင်း'

'ယား....'

'ထန်း ချမ်း ချမ်း'

'ထန်း ချမ် ထန်'

ဝမ်လင်းရိ၏ တိုက်ကွက်များမှာ နဂါးငွေ့ခံး တိုက်ကွက်များမှ အရ၊ အတွဲအဖက် တိုက်ကွက်များ ဖြစ်သည်ပင်လျှင်၊ ဝတ်စုံနက်သိုင်းသမားများအဖွဲ့ မယုံနိုင်အောင် ဖြစ်နေသည်။

ထို့ကြောင့် ခေါင်းပေါင်းနီ သိုင်းသမားကြီးက သူ့လူများကို မသိမ့်သာ နောက်ဆုတ်စေ၏။

ဝမ်လင်းရိက နဂါးငွေ့ခံးကို အသုံးပြု၍ တိုက်ကွက်ငါးကွက် တိတိ အတွဲအဖက်များအဖြစ် ဖန်တီးကာ တိုက်ခိုက်နေ၏။ ခေးရိပ်များမှာ တဖိတ်ဖိတ်လက်ပနေ၏။

'ဝုန်း အား ချွမ်း'

'ထန် ချွင် ထန် ထန်'

'ဟိတ်'

'ယား'

'အား အမလေး....'

'အင့်....အင့်'

ဝမ်လင်းရိနှင့် တိုက်ခိုက်သော အကြိမ်တွင်မူ ဝတ်စုံနက် သိုင်းသမားများသည် ဝမ်လင်းရိ သိုင်းပညာကို မယှဉ်နိုင်သည်က တစ်ကြောင်း၊ စောစောက တစ်လျောက်လုံး အကြိတ်အနယ်တိုက်ခိုက်ထားရသဖြင့် ပန်းနေခြင်းကြောင့် တစ်ကြောင်း၊ မရှောင်နိုင် မတိမ်းနိုင်တော့ပဲ၊ လဲကြ ကွဲကြနှင့် သွေးများစွန်းထင်းလာပါလေတော့၏။

ခေါင်းပေါင်းနှီ သိုင်းသမားသည် အခုလို မိမိဘို့ တိုက်ခိုက် နေသည့် ပွဲတွင် မိမိနှင့်မပါဝင် မပတ်သက်ပါပဲလျက် ဝင်ရောက်ကူညီ တိုက်ခိုက်နေသည့်အတွက် လုံးဝမကျေမနပ် ဖြစ်ကာ နောက်ပိုင်း သူကိုယ်တိုင်ပင် ပါဝင်တိုက်ခိုက် ပြီး ပါလေတော့၏။

သို့သော် ဝမ်လင်းရိကမူ လုံးဝမမှုပေ။

'ဝှင်....'

'ဝှီး....'

'ဖျောက်'

'ဖြောင်း'

ခေါင်းပေါင်းနှီ ကိုင်စွဲအသုံးပြုနေသော ခေးအား ခေါင်းငွေ့ခေးကို အသုံးပြုလျက် ရိုက်ချိုးလေ၏။ ခေး တစ်ချောင်းကို တိုက်ခိုက်ရင်း ရိုက်ချိုးလိုက်နိုင်သော အစွမ်းသတ္တိကား သာမန်အဆင့်မဟုတ်တော့ကြောင်း ဖော်ပြလိုက်ရခြင်းပင် ဖြစ်၏။

ခေါင်းပေါင်းနှီ၏ ခေးကျိုးကိုင်ထားသောလက်သည်ပင် သံကျင်၍ သွား၏။ ဝမ်လင်းရိသည် တစ်ဆက်တည်း ခေါင်းပေါင်းနှီ သိုင်းသမားအား နောက်ပေါက်တစ်ချက် ခြေဖျားဖြင့် ခတ်ထုတ်လိုက်ရာ ခေါင်းပေါင်းနှီ၏ မျက်လုံးများမှာ ခဏခဏာ ညဉ့်အမှောင်အတိ ဖြစ်သွားလေတော့၏။ ထိုအခါ အရက်မူးသမားနှယ် ယိမ်းယိုင်လှုပ်ရှားလျက် ကိုယ့်လူ အချင်းချင်း တိုက်မိပြီး ချုံတောထဲ လဲကျသွားလေ၏။ ထိုစဉ် ဘက်စုံနက် သိုင်းသမား နှစ်ဦးကား ဝမ်လင်းရိအား အနောက်မှ ဖမ်းချုပ်လိုက်ပြန်ရာ သိုင်းသမားများ၏ စနစ်ကျသော ချုပ်နည်းဖြစ်သဖြင့် ဝမ်လင်းရိမှာ မလှုပ်သာတဲ့၌၏။

ထိုအခိုက် အခြားဝတ်စုံ နက်သိုင်းသမား တစ်ဦးက ရှေ့မှ ပြေးဝင်လာရာ ဝမ်လင်းရိသည် ချုပ်ထားသော သိုင်းသမားနှစ်ဦးကို အားပြုလျက် ခြေအစုံကို မြှောက်၍ ဝင်လာသူ ရင်ဘတ်ဆီသို့ ဆောင့်ကန်လိုက်လေ၏။

ထို့နောက်တွင် အားကိုအသုံးပြု၍ ကိုယ်ဖော့ပညာဖြင့်

အပေါ်သို့ မြောက်တက်သွားကာ ချုပ်ထားသော သိုင်းသမားနှစ်ဦးမှာ ယိမ်းထိုင်ပြိုလဲလျက် ကျန်ရစ်လေ၏။

ဝမ်လင်းရိသည် တစ်ပတ်ကျွမ်းပစ်၍ နောက်ဘက်တွင် ကြောင်တစ်ကောင်နှယ် ပေါ့ပါးစွာ ကျရောက်ပြီး သည့်နောက် အားယူ၍ထနေသော ဝါးခမောက်နှင့် သိုင်းသမားအား စွေ့ခနဲ ပွေ့ချီလျက် ထိုနောက်မှထွက်ခွာပြီး အရန်သင့်စောင့်နေသည့်ပမာ ရပ်နေသော မြင်းညိုကြီး ပေါ်သို့ ကိုယ်ဖော့အားကို အသုံးပြု၍ သိန်းစွန်ငှက်၏ဟန်ဖြင့် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

ထို နောက် ညာသံပေး၍ မြင်းကို စိုင်းခဲ့၏။

'ဟေး ဟေး'

မြင်းကို စိုင်းမြဲစိုင်းခဲ့လေ၏။

ဝမ်လင်းရိသည် ဝါးခမောက်နှင့်လူရွယ်ကို သူ၏ရင်ခွင်ကြား ပွေ့ဖက်ထားလျက် မြင်းကို စိုင်းခဲ့သည်ဖြစ်ရာ ထိုစဉ်အချိန်၌ပင် ထိုသူ၏ အတွေ့အထိက ဝမ်လင်းရိ၏ စိတ်အာရုံတွင် ထူးခြားသောခံစားမှုကို ဖြစ်စေသည်ဟုထင်၏။

ထိုအခါ ဝမ်လင်းရိပင်လျှင် သူ့ကိုသူ နားမလည်ဘဲ ဖြစ်သွားလေ၏။

'ဟိုက် ဘယ်လိုများပါလိမ့် ငါ ဘယ်လိုဖြစ်သွားပါလိမ့်' ဟုသော်လည်း တွေးတောစဉ်းစားချိန်ရေ မြင်းကို ဒလကြမ်းစိုင်းခဲ့လေ၏။

တောအုပ်ဖျားအတွင်း လမ်းကြောင်းအတိုင်း မသွားပဲ ဆေသူများ မျက်ခြည်ပြတ်စေခြင်းငှာ ကိုယ်ရောင်ဖျောက်၍ ဖြတ်လမ်းများကို အသုံးပြုကာလာခဲ့ပေ၏။

စမ်းချောင်းတစ်ခုကို ဖြတ်ကျော်လိုက်သောအခါ ရန်သူများနှင့် လုံးဝ ပေးကွာသွားပြီဖြစ်၏။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းမှ မြင်းခွာသံကို ကြားရသေရာ ဝါးခမောက်နှင့်လူရွယ်က ဝမ်လင်းရိအား

'ရန်သူတွေ ထင်တယ်'

ဟု ပြောလေရာ ထိုအသံသည်ပင် ဝမ်လင်းရိအား ထူးခြားမှုတစ်ခုကို ပေးလာပြန်လေ၏။

အကြောင်းမှုကား သူ၏အသံသည် အုပ်ဆိုင်းလျက် ကြည်သည် အေးမြနေသောကြောင့်တည်း။

ဝမ်လင်းရိက....

'ရန်သူမဟုတ်ပါဘူး ကျုပ်ဦးလေး ဖြစ်မှာပါ၊ ဟော့ဟိုမှာတွေ့တယ် မဟုတ်လား၊ ကျုပ်ဦးလေးပါ'

ဟု ပြောနေစဉ် ဦးလေးရန်ဝေသည် အနားကို ရောက်ရှိလာကာ မြင်းပေါ်မှ ခုန်ဆင်းလာလေ၏။

ဦးလေးရန်ဝေက....

'ငါ့တောင်ကုန်း ပေါ်က စောင့်ကြည့် နေတာ၊ ငါ့အကောင်တွေ လှည့်ပြန်သွားကြပါပြီ၊ မင်းတို့ကောဒဏ်ရာရဲ့ သေးလား' ဟု မေးလေ၏။

ထိုအခါ ဝမ်လင်းရိုက....

'ကျုပ်တော့ ပွန်းပဲ့သလောက်ပဲ၊ သူကတော့မသိဘူး'

ဟု ပြောကာ ဝါးခမောက်နှင့်လူရွယ်ကား လှည့်ကြည့်၏။ ဝါးခမောက်နှင့် လူရွယ်သည် သိုင်းကြိုးကို ဖြေ၍ နောက်ကျောဘက်လွှဲချလိုက်လေ၏။

ထိုအချိန်တွင် ဝမ်လင်းရိအား မြင်းညိုကြီးက ခေါင်းနှင့် တွန်းလိုက်သဖြင့် စိတ်အာရုံမှာ မြင်းများဆီသို့ ရောက်သွားလေ၏။

မြင်းနှစ်ကောင်က တောလမ်းကို ကဆုန်စိုင်းလာရသဖြင့် မောပန်းလာလေ၏။

ပါးစပ်နှင့် နှာခေါင်းတို့သည် ဖားဖိုကဲ့သို့ တရှူးရှူး တရွဲရွဲဖြစ်နေကြ၏။ ဝမ်လင်းရိက....

'မင်းတို့လဲ မောလှပြီ၊ ငါလဲ မင်းတို့လိုပါပဲ၊ ကဲ...လာ ခမ်းချောင်းထဲ ရေသွားသောက်ကြစို့'

ဟု ပြောပြောဆိုဆို စမ်းချောင်းဘက်သို့ ထွက်သွားလေသည်။

တောအုပ်ကလေးသည် ကျေးငှက်အော်မြည်သံ၊ သစ်ရွက်လေတိုးသံ၊ စမ်းရေစီးသံ စသော တောရိသဘာဝ အေးဂီတတို့ဖြင့် နောက်ခံပြုလျက် သဘာဝပန်းချီကားလေး တစ်ချပ်ဖြစ်နေပါသည်။

ယုန်ငယ်လေးနှစ်ကောင်သည် ချုံတစ်ခုတွင် ပုန်းကွယ်နေပါလျက် ဝမ်လင်းရိနှင့် မြင်းနှစ်ကောင်ဖြတ်လာသည့် အခိုက်သူတို့ကို အန္တရာယ်ပြုမည် ထင်နေသလားမသိ၊ ဝုန်းခနဲခုန်ပျံ ယှက်ပြေးသွားကြလေ၏။

ဝမ်လင်းရိသည် ယုန်ငယ်ကလေးများကို ကြည့်ကာ....

'မင်းတို့ အန္တရာယ် မပေးပါဘူးကွာ၊ ငါ့ မြင်းကြီးဟာ မောနေလို့ ရေလာတိုက်တာပါ' ဟု ပြောပြီး ဆက်လျှောက်သွား၏။

ချောင်းစပ်တွင် မြင်းနှစ်ကောင် ရေသောက်နေစဉ် သူကိုယ်တိုင်လည်း ရေသောက်ခြင်း၊ မျက်နှာသစ်ခြင်း၊ ဇက်ပိုးနှင့်ရင်ဘတ်ကို ရေပတ်ဆုတ်ခြင်းများ ပြုလုပ်ကြ၏။

ထို့နောက်....

'ဦးလေးရန်ဝေရေ၊ ချောင်းစပ်ကို မလာတော့ဘူးလား၊ ရေကအေးမြပါတယ်' ဟု လှမ်းအော် အသိပေးလေ၏။

ဦးလေးရန်ဝေ၏ ပြန်လှန်အော်ပြောသံကို ကြားလိုက်ရပါ၏။

'အေး အေး'

'လာမယ်ဗျာ ခဏ ခဏ၊ ဒီမှာဒက်ရာဆေးထည့်လို့ ပြီးပါပြီ၊ အဲဒီကပဲ စောင့်နေ၊ တို့လာခဲ့မယ်'

ဦးလေးရန်ဝေအသံကို ကြားလိုက်ရသဖြင့် ဝမ်လင်းရိသည် မြင်းများကို ရေထဲက ပြန်လှန်ဆွဲတင်ခြင်း မပြုသေးဘဲ ထားလိုက်ပြီး သူကမူ ချောင်းရေထဲမှ ကမ်းစပ်သို့ ပြန်တက်လာကာ သဲဖြူလွှတွင် ထိုင်ချလိုက်လေ၏။

သဲဖြူသောင်ခုံမှာ အပြန့်ကျယ်၏။ မိုးတွင်းအခါသမယ မို့ တောင်ကျရေများ စီးဆင်းတတ်သည်ဖြစ်ရာ ချောင်းမှာ သဘမန်ရိုးချောင်းကဲ့သို့ ကျဉ်းမြောင်းခြင်း မဲ့ရှိဘဲ ဒယ်အိုးပုံသဏ္ဌာန်အပြန့်ကျယ်၍ ရေစီးချောင်း တစ်ဖက်တစ်ချက် သဲသောင်များ ဖြစ်ထွန်းနေလေ၏။

ဝမ်လင်းရိသည် သဲပုင့်များကို ဆုပ်ကိုင် ဆော့ကစားနေရာမှ မောမောနှင့် ပက်လက်လှန်ချလိုက်၏။

မိုးကောင်းကင်တွင် တိမ်ရိပ်တိမ်လွှာများ ဆိုင်းထင်လျက်ရှိ၏။

ထို့စဉ်....

တောတိုး၍ လျှံဝင်လှမ်းလာသော အသံကိုကြား၍ ထိုအသံကြားသည့် နေရာသို့ ကြည့်လိုက်သော အခါ အသက် ခြောက်ဆယ်ဝန်းကျင်မျှသာ ရှိသေးသော ဖြူစင်သန့်စင်သည့် မိန်းကလေးတစ်ဦးကို ရုတ်ခြည်း မြင်လိုက်ရသည် ဖြစ်လေရာ၊ စုန်းခနဲထထိုင်လိုက်လေ၏။

ထို့နောက်....

မိန်းကလေးကို အသေအချာ စိုက်၍ ကြည့်နေလေ၏။

မိန်းကလေးသည် နက်မှောင်သော ဆံပင်ကို ဖားလျားခြုံလျက် မျက်လုံးများမှာ သူတော့ဖူးသော သမင်မလေး၏ မျက်လုံးမျာနှယ် ရွှန်းလဲ့ရီဝေတောက်ပနေလေ၏။

ကိုယ်လုံးကိုယ်ထည် အချိုးအဆစ်တို့သည်လည်း ကောင်းကင်ဘုံ နတ်မိမယ်တစ်ဦး၏ ရင်သွေးသမီးငယ် တစ်ပါးလေသား ထင်မှတ်စရာဟု ဝမ်လင်းရိ ခံစားမိ၏။

ဝတ်ထားသော အစိမ်းရောင်ကတ္တီပါအင်္ကျီတို့မှ လစ်ဟာသော ရင်သားတို့သည် ဖြူဝင်းမို့မောက်နေသည် ဖြစ်ရကား ဝမ်လင်းရိရင်မှာ ထလုပ်လုပ် ဖိုလာလေ၏။

'ဥစ္စာစောင့် တစ်ယောက်ပေပဲလား'

ဟု တွေးထင်ကာ ကြက်သီးဖျန်းခနဲ ထလာသည့် အခိုက် ထိုမိန်းကလေးနောက်မှ ဦးလေးရန်ဝေ ဘွားခနဲ ပေါ်ပေါက်လာကာ....

'ဝမ်လင်းရီ ဘယ်လိုဖြစ်နေတာလဲ' ဟု မေး၏။

ဝမ်လင်းရီက

'သူ....သူ ဘယ်သူလဲ'

ဟု မေးပြန်ရာ ဦးလေးရန်ဝေရော မိန်းကလေးပါပြုံးရယ်လိုက်ကြ၏။

ဦးလေး ရန်ဝေက....

'ခုနက ဝါးခမောက်နဲ့ သိုင်းသမား လေးလေ၊ သူက ယောက်ျားယောင် ဆောင်လာတာ'

ဟု ရှင်းလင်းပြောပြလိုက်လေတော့၏။

အမန်း [၁၉]

အချိန်မှာကား ညနေ နေဝင်ရီသရောအချိန်ဖြစ်၏။ ထို့ကြောင့်လည်း အရှေ့ဘက်ကောင်းကင်တစ်ခွင်တွင် မှိုင်းညိုကာ အနောက်မိုးကုတ်စက်ဝိုင်း၌သာ လိမ္မော်ရောင်များက အလင်းအား အကောင်းဆုံးအဖြစ် ကျန်ရှိနေပါတော့၏။ ထိုလိမ္မော်ရောင် အလင်းများကို နောက်ခံပြုလျက် တည်ရှိသော တောင်ကုန်းအထက်တွင်ကား မြင်းစီးသမားနှစ်ဦးသား တရွေ့ရွေ့ တဖြည်းဖြည်း လှုပ်ရှားနေသည်ကိုလည်း ဤညနေ နေဝင်ရီသရော အချိန် ဆည်းဆာပန်းချီကား၏ သက်ရှိများအဖြစ် တွေ့ရှိရမည်ဖြစ်ပေ၏။

ထိုမြင်းစီးသမား နှစ်ဦးတို့သည်ကား အခြားသူများ မဟုတ်ဘဲ ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့ပင် ဖြစ်ကြပါပေ၏။

သူတို့သည် ယောကျ်ားတစ်ယောက်အဖြစ် ဟန်ဆောင်ထားသော ဝေဝေရန်ဆိုသူ မိန်းမချောသိုင်းသမား လုံခင်ဖ်တစ်ဦးအား ရန်သူခုနစ်ယောက်က ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို တွေ့ရသည်နှင့် ဝမ်လင်းရိက မကောင်းသူပယ်ကောင်းသူကယ် စိတ်နှလုံးဖြင့် ဝေဝေရန်ဘက်က ကူညီတိုက်ခိုက်ခဲ့ပါ၏။

ထိုသို့ ကူညီတိုက်ခိုက်ခဲ့စဉ်ကတော့လည်း ဝမ်လင်းရိသည် ဝေဝရန်ကို ဝါးခမောက်နှင့် အပေါ်ဝတ်ရုံကိုသာ တွေ့မြင်ပြီး သိုင်းသမား လုလင်တစ်ဦးဟု တွေးထင်သတ်မှတ်ထားခဲ့မိလေ၏။

ဤအတွေးအမြင်မှာ တိုက်ပွဲပြီးဆုံး၍ ဝေဝေရန်ကို မြင်းဖြင့် ပွေ့ချီခေါ်လာခဲ့သည်အခါ ထိတွေ့ထိမှု ခံစားချက်ကြောင့် ဝမ်းလင်းရိရင်ထဲ လှုပ်ခတ်ခံစားရပါသေး၏။

သို့သော်လည်း ထိုခံစားမိသည့်အချက်ကို ဝမ်လင်းရိ အမှတ်မထားဘဲ မေ့မေ့ပျောက်ပျောက်ထားလိုက်မိ၏။

သို့သော်လည်း သဘာဝတရားကိုကား လိမ်လည် လှည့်စား၍ မရပေ။ အကြောင်းမူကား ဝမ်လင်းရိ ချောင်းစပ်

တွင် မြင်းနှစ်ကောင်ကို ရေတိုက်ရင်း သူကိုယ်တိုင်လည်း ခြေလက်သန့်စင် မျက်နှာသစ် ရေသောက်ခြင်း အမှုပြီး၍ သဲသောင်ခုံတွင် ရှိနေသည့်အခိုက် ဦးလေးရန်ဝေက ဝေဝေရန်ကို အလွန်ချောမောလှပသော မိန်းကလေးအဖြစ် ခေါ်ဆောင်ပွဲ ထုတ်လိုက်သောအခါ ဝမ်လင်းရိမှာ ရင်သပ်ရှုမောဖြစ်ခဲ့ရသည် မဟုတ်ပါလော။

သူမအား ဝေဝေရန်ဖြစ်ကြောင်း၊ ထိုနေရာအနီးရှိ ကျန်ကောင်းမြို့မှ တိမ္မော်ခြံစိုက်ခင်း သူကြွယ်ကြီး ဝေအောလျှန်၏ သမီးဖြစ်ကြောင်း သိရှိပြီးကာမှ ဝေဝေရန်ဆိတ်ဝေါ်နေသည်ကို ဝမ်လင်းရိက ငြင်းပယ်၍ အခုလို ခရီးဆက်ရသည် မဟုတ်ပါလော၊ ကျုံကင်းမြို့ကိုကား မြင်တွေ့နေရပါ၏။

သို့သော်မြစ်တစ်ခုက ကာဆီးနေပြန်ပါပကော။ ဤမြစ်ကို မြတ်ကျော်ရန်မှာ ကူးတို့လှေလိုဏ်။ လူက ကူးတို့လှေကို ဦး၍ မြင်းများကို မြစ်ရေတွင် ကူးခိုင်းရမည့် အခြေအနေမြစ်၏။

သို့သော်လည်း ဝမ်လင်းရိတို့ ရောက်ရှိလာသော အချိန်တွင် မြစ်ဆိပ်တွင် ကူးတို့လှေတို့ကား မရှိတော့ပြီ။

ထိုအခြေအနေမျိုး ကြုံသည်နှင့် ဦးလေးရန်ဝေက ဝမ်လင်းရိအား ပြုံး၍ကြည့်ကာ....

'ဟို မိန်းကလေး ဝေဝေရန်က အချိန်လဲမရှိတော့ဘူး၊ ကြားမှာ မြစ်ကလဲခြားနေတယ်၊ ဒါကြောင့် သူတို့မြို့ သူတို့အိမ်မှာ ဒီည လိုက်တည်းကြပါလားရှင်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ညစာလဲ ဧည့်ခံချင်လို့ပါ၊ အဖေကလဲမရှိင်းပါဘူး၊ ဟိုခမျာ ပြောနေပါလျက်နဲ့ မင်းက နေပါစေ၊ နေပါစေ ဆိုပြီး ယောကျ်ားမာနနဲ့ ဇွဲက်ဆွက်သာဘာကိုး၊ ခုတော့ ဘယ့်နှယ်ရှိစ၊ ဝမ်လင်းရိ'

ဟု မေးခွန်းထုတ်လိုက်လေတော့ရာ ဝမ်လင်းရိမှာ အပြစ်ရှိသူဖြစ်နေသည့်အလျောက် ဘာပြန်ပြောရမည်မသိတဲ၊ ပြုံးဖြဲဖြဲလုပ်၍သာ နေရပါလေတော့သတည်း။

ထို့နောက် ဝမ်လင်းရိက....

'ကျုပ်က သူ့အိမ်ကို အစကတော့ လိုက်သွားမလို့ပါပဲ၊ အဲဒီအချိန်မှာ ဦးလေးရန်ဝေက ကြက်ဘူရွေးက ဘော်တော်ရယ်၊ မယ်တော်က ခပ်ကဲကဲဖြစ်နေတာနဲ့ပဲ' ဟု ပြောပြီး စကားကို မဆက်ရသေးမီ....

ဦးလေး ရန်ဝေက....

'အမယ် မင်းက ကျုပ်ကို အပြစ်ဖို့နေပြန်ပါပကောလား ကျုပ်က၊ ကျုပ်အတွက် မဟုတ်ဘူးဆိုတာကိုရော မင်းစဉ်းစားမိမာပေါ့နော်၊ ဟဲ ဟဲ ဟဲ' ဟု ပြောလေ၏။

ဝမ်လင်းရိမှာ အခုမှ ဝေဝေရန် ဆိုသော မိန်းကလေးကို မျက်စိထဲ ပြန်လည်မြင်ယောင်လာကာ....

'ဟုတ်ပါရဲ့၊ ဒီမိန်းကလေးဟာ ကျုပ်တွေဖူး မြင်ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ အချောဆုံး အလှဆုံး မိန်းကလေးတစ်ယောက်လို့ ပြောလို့ရပါတယ်' ဟု ပြောလိုက်လေ၏။

ဦးလေး ရန်ဝေက....

'တော်ပြီလား' ဟု ထပ်မေး၏။

ဝမ်လင်းရိက....

'ဘာကိုတော်ခိုင်းနေပြန်တာလဲ ဦးလေး ရန်ဝေရဲ့' ဟု ပြန်မေးလေ၏။

ဦးလေး ရန်ဝေက ပြုံးကာ....

'ဝေဝေရန် အလှချီးကျူးခန်းကို ပြောတာပါ၊ စာဆိုတော် တစ်ယောက်လို၊ အလှဘွဲ့ကဗျာ လက်ာတွေများ ရွတ်ပြဦးမလားလို့ပါ' ဟု ဦးလေးရန်ဝေက ပျော်စေပြက်စေ ကလက်စေပြော၏။

ဝမ်လင်းရိသည် မြစ်ပြင်၏ ရေတသွင်သွင် စီးဆင်းနေသည့် မြင်ကွင်းကို ရပ်ကြည့်နေရာမှ ဘေးတွင်ယှဉ်ရပ်လျက်ရှိသော ဦးလေးရန်ဝေဘက်သို့ လှည့်ကြည့်လိုက်လေ၏။

ဦးလေးရန်ဝေ၏ ဝတ်စုံစများမှာ မြစ်ပြင်မှ တိုက်ခိုက်လာသော လေဖြင့် တဖျပ်ဖျပ် တလှပ်လှပ် လှုပ်ခတ်နေလေ၏။

ဝမ်လင်းရိက....

'ဟုတ်တယ် ဦးလေးရန်ဝေရဲ့ ကျုပ်ဖြင့် ဒီမိန်းကလေးကို မြင်လိုက်ရတာ တစ်မျိုးချည်းပဲ ဆွေမျိုးကိုပြန်တွေ့ရသလိုလို ခံစားရတယ်၊ အခုမှ တွေ့ရတဲ့ ခံစားမှုမျိုး မခံစားရဘူး' ဟု တလေးတနက်ပြောလေ၏။

ဦးလေးရန်ဝေက....

'မြင်လျှင်မြင်ချင်း စွဲလမ်းတပ်မက်တတ်တဲ့ စိတ်ခံစားမှု တစ်မျိုးပဲပေါ့၊ မင်းတို့လူငယ်တွေမှာ အများဆုံး ဖြစ်တတ်တာပေါ့' ဟု ပြောလေ၏။

ဝမ်လင်းရိက....

'ဦးလေးရန်ဝေ ငယ်ငယ်တုန်းကကျုပ် လိုခံစားရတာမျိုး ခံစားဖူးသလား ဦးလေးရန်ဝေ၊ ကျုပ်သိချင်လို့ မေးကြည့်တာပါ' ဟု မေးလျှင် ဦးလေးရန်ဝေက မြင်းများရှိတဲ့နေရာသို့ ပြန့်လှည့်လျှောက်လာရင်း....

'ဦးလေးရန်ဝေကတော့ မခံစားခဲ့ရဖူးလို့ ပြောရမှာပဲ၊ ဘာဖြစ်လို့လဲဆိုရင် လူတွေဟာ တစ်ယောက်ဘဝနဲ့ တစ်

ယောက်ဘဝ တူညီကြတာမဟုတ်ဘူးလေ၊ ဦးလေးရန်ဝေနဲ့ ဝမ်လင်းရိကိုပဲ ကြည့်ပါလား ဘယ်မှာတူလို့လဲ' ဟု ပြောပြ၏။

ဝမ်လင်းရိက....

'အင်းနော်၊ လူတွေဟာ ဘာကြောင့် ဘဝတွေ မတူကြသလဲ မသိဘူး၊ မိန်းကလေးတွေဟာလဲ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူးနော်....။

'တချို့က မလှဘူး၊ တချို့ကျတော့လှတယ်၊ လှတဲ့ မိန်းကလေးတွေကျတော့ ကုသိုလ်ကကောင်းတာပေါ့နော်၊ ဒီလိုဆိုရင် ဝေဝေရန်ဟာလဲ ကုသိုလ်ကံကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲနော်' ဟု ပြောနေလေ၏။

ညခင်းပိုင်းလေသည် ပို၍တိုက်ခတ်လာလေသည် ရှိလေရာအေး၍ပင်လာလေ၏။

ပတ်ဝန်းကျင်ကြီး တစ်ခုလုံးမှာလည်း အမှောင်တွေ အုပ်ဆိုင်းကာ ညအမှောင်ပိုင်းသို့ ရောက်ရှိတော့မည့် အခြေအနေတွင် ရှိနေလေ၏။

မြစ်ပြင်ကြီးသည်ပင်လျှင် စောစောက ငွေရောင် လှိုင်းဝယက်ဟွေ ဖွေးဖွေးလှုပ်နေပါလျက် ယခုမူ အမှောင်ရိပ်များ

ထိုးကျလာကာ မြေတစ်ကောင်၏ကျောပြင်ကြီးနှယ် ပြေး
ချောချော ဖြစ်လာပါတော့၏။

တော ရိပ် တောင်ရိပ်များ သည်လည်း ညအမှောင်ထု
မှုန်ဝါးစ ပြုလာလေ၏။

ထိုအခိုက် ဦးလေးရန်ဝေက....

'ဒီမိန်းကလေးကို ကြည့်ရတာ တို့မြေပြန့် အနွယ်ဝင်သ
ဖြစ်မယ် မထင်ဘူး'

ဟု ပြောလိုက်လေရာ ထိုစကားက ဝမ်လင်းရိ၏ အတွေး
များကို ထိုးဖောက်သွားပါလေတော့၏။

ညီနှင့် ဝမ်လင်းရိက....

'ဘာဖြစ်လို့လဲ'ဟု မေး၏။

ဦးလေးရန်ဝေက....

'သူ့အသားအရေကို ကြည့်လေ၊ ဖြူဝင်းနေတာက
မြေပြန့်ကလေးတွေ ဖြူဝင်းသလိုမှ မဟုတ်ဘဲ၊ သူက ပို
ရွှေ ရောင်သမ်းနေတယ် မဟုတ်လား'ဟု ပြော၏။

ဝမ်လင်းရိက....

'ယုတ်တယ်နော်၊ သူ့အသားအရောက ရွှေဝါရောင် သ
နေသလိုပဲ၊ ဦးလေးရန်ဝေက အတော် ကိုလေ့လာထားပ
တာပဲ၊ သြော် နောက်ပြီး စကားပြောတော့လဲ တစ်မျိ
နော်'ဟု ပြောလိုက်စဉ်မှာတော့....

'ဘယ်လိုများ ဖြစ်နေလို့လဲရှင်'

ခပ်ဝဲဝဲ စကားသံလေးကို ကြားလိုက်ရသည်ရှိရာ ဝမ်လင်း
ဦးလေးရန်ဝေတို့ ဖျတ်ခနဲလှည့်၍ ကြည့်လိုက်လေတော့
သည်။

ထိုအခါ လုံးဝမမျှော်လင့်သော ဝေဝေရန့်ကို တွေ့လာရ
၏။

ဝမ်လင်းရိက....

'ဟင်...ဝေဝေရန့်ပါလား၊ ဘယ်လို လုပ်ပြီး ဒီနေရာကို
က်နေတာလဲ'ဟု မေးလိုက်လေ၏။

ဝေဝေရန်က ရင်ညွန့်ပေါ်ဝဲဝိုက်၍ ကျလာသော ဆံကေ
ဆံမျှင်များကိုနောက်ကျောဘက် ရောက်သွားသည်အထိ
သပ်လိုက်ပြီး....

'အစ်ကိုဝမ်လင်းရိ၊ ဒီမြစ်ကို ဒီအချိန်မှာ သယ်နည်းနဲ့မှ
ကျော်လို့ မဖြစ်တော့ဘူးလို့ ကျနော်မတင်သို့၊ အဖေ့ကို
ပြုလိုက်တော့ အဖေကလဲ ဒီလိုဆို လိုက်သွားပါဦးလား၊
လေးဖောင်ကို ခေါ်သွားပေါ့ဆိုတာနဲ့ ကျနော် လိုက်လာ
ယ်ဗျာ ဦးလေးကျန်ဖောင်'

ဟု ပြော၍ နောက်ဘက် လှည့်ကြည့်လိုက်သော အခါ
လေးရန်ဝေအရှေ့ယ် လူကြီးစစ်ယောက် မြစ်ကမ်းအနီးတွင်
စောင့်နေသည်ကို တွေ့ရလေ၏။

ဦးလေးရန်ဝေက....

'တော်သေးတာပေါ့ တူမရယ်၊ တို့တွေကူးတို့လေ မရှိမှန်း သိကတည်းက ဘာလုပ်ရရင်ကောင်းမလဲ ပြောနေကြတာ'ဟု ပြောလိုက်ပြန်ရာ ဝေဝေရန်က ပြုံးရယ်ကာ....

'ဟုတ်ရဲ့လား ဦးလေးရန်ဝေရဲ့၊ ဟို ဝါးခမောက်နဲ့ ကောင်လေးအကြောင်းကိုများ ပြောနေကြသလားလို့'

ဟု ပြောပြီး ဝမ်လင်းရိဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်လေ၏။

ဝမ်လင်းရိမှာ ဝေဝေရန်ကို စူးစိုက်ကြည့်နေသူ ဖြစ်သော ရကား အလိုဝေဝေရန်က ဆတ်ခနဲ လှည့်ကြည့်လိုက်သော အခါ အကြည့်ချင်း ဆုံသွားကာ ရင်တွေခုန်၍ သွားရတော့သည်။

ဝမ်လင်းရိ ရင်ခုန်သွားရပြီဆိုတော့လည်း ဝေဝေရန်သည်လည်း ရင်မျှားတုန်သွားရပြန်ပါ၏။

ထို့ကြောင့်လည်း ပြောရမည့် စကားကိုပင် ဘာပြောရမည်မှသိဖြစ်ကာ....

'ကဲ....အစ်ကို သွားကြစို့'

ဟူသောစကားကို ပြောမိလျက်သာ ဖြစ်သွားလေသည်။ ထိုစကားတွင် အစ်ကိုနောက်က ဝမ်လင်းရိဟူသော အမည်ကို ဆက်မခေါ်တော့သည်ကိုကား ကာယကံရှင် ဝေဝေရန်ကိုယ်တိုင်သိလိုက်သလို ဝမ်လင်းရိသည်လည်း နားလည် သဘော ပေါက်လိုက်ပါ၏။

ဦးလေးရန်ဝေကလည်း ဝမ်လင်းရိအား အဓိပ္ပာယ်ပါပါ တစ်ချက် ပြုံးပြလိုက်လေ၏။

ထို့နောက်တော့မြင်းစီးသမားလေးဦးတို့သည်အမှောင်ကို ဖြတ်ကာ ကျန်ကောင်းမြို့သို့ တရှေ့ရှေ့ သွားနေကြပါတော့သည်သာ။

ေတွ့ကတည်းက ကျုပ်စိတ်ထဲ တစ်မျိုးပဲလေ၊တစ်ခုခု ခံစားသလိုပဲ'ဟု ပြောလေ၏။

ဤတွင် ဝေဝေရန်က ဝမ်လင်းရိကို အသေအချာ စိုက်ကြည့်ပြီး အသံကလေးချိုလွင်လွင် ပေါ်ထွက်လာသည် အထိ ယ်ယောလိုက်ပါလေတော့၏။ ရယ်မောပြီးတော့မှ....

'အခုလို မိန်းကလေးတစ်ယောက်အနေနဲ့ တွေ့လာရတော့ ဟာ အစ်ကို့စိတ်ထဲ ဘယ်လိုဖြစ်သွားသေးလဲ၊ ခုလို မေးတာ ဦး:တယ်လို့ မထင်နဲ့နော်'ဟု မေးလေ၏။

'မထင်ပါဘူး၊ ပွင့်လင်း:တယ်လို့တောင် ယူဆရမှပေါ့၊ လို့ပွင့်လင်း:မှုဟာလဲ လို့အပ်နေတာပါပဲ'

'ကျွန်မက ပွင့်လင်း:မှုကို ကြိုက်လို့ပါ'

'ကောင်းပါတယ်၊မင်းကယောကျ်ားလေးအဝတ်အစား:နဲ့လဲ လိုက်တာပါပဲ၊ ဒါပေမယ့် မိန်းကလေး အဝတ်အစား:နဲ့ကျတော့ ပိုလှသလိုပဲ'

'ဟုတ်ရဲ့လား'

'ဟုတ်တာမှ သိပ်ဟုတ်တာပေါ့၊ ကျုပ်ကလဲ ပွင့်ပွင့်လင်းလင်းပဲနော် အမှန်ပြောရရင်။ ကျုပ်တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ မင်းဟာ အမှတ်တစ်ပါပဲ'

'အစ်ကိုကတော့ ကျွန်မကို အလွန်အကျွံ မြှောက်နေပြီ ထင်တယ်၊ ကျွန်မဟာ သာမန်မိန်းကလေးတစ်ယောက်ပါပဲ'

'ကျုပ်က မင်းကို ယောကျ်ားလေးတစ်ယောက်လို့ ထင်နေမိတာ၊ ဒါပေမယ့်'

ဟု ပြောလိုက်သော ဝမ်လင်းရိ စကား:အစမသတ်ဘဲ ဖြစ်နေသဖြင့် ဝေဝေရန်က ပါး:ချိုင့်ကလေးများ ပေါ်အောင် ပင် ပြုံးလိုက်ကာ....

'ဟုတ်ကဲ့၊ အစ်ကို့စကား:ကို ဆက်ပါဦး သိချင်လို့ပါ' ဟု မေးလိုက်လေ၏။

ထိုအခါ ဝမ်လင်းရိသည် ကိုင်ထား:သော ရေနွေးကြမ်း ပန်းကန်လုံးကို ကုပ်ပျစ်ပေါ်ပြန်ချပြီး....

'ဒါပေမယ့် ဆိုတာက ကျုပ် ဘာပြောရမှန်းမသိတဲ့ ဖြစ်သွား:လို့ပါ၊ ပြောချင်တာကတော့ ဒီလိုပါ၊ ကျုပ် မင်းကို

ထို့နောက် ဝေဝေရန့်က မျက်လွှာကလေးကို ချလိုက်လေ၏။ ထိုအခွိုန်တွင် ဝေဝေရန့်၏ ဖခင် သူကြွယ်ကြီး ဝေအောလျှန်နှင့် ဦးလေး ရန်ဝေတို့ ဧည့်ခန်းထဲတွင် စကားပြောနေကြရာမှ အပြင်သို့ထွက်လာကြလေ၏။

ဦးလေးရန်ဝေက....

'တူမ ဝေဝေရန့်က သိုင်းသမားမှာ အတော်ကို ထူးချွန်တဲ့ပဲနော်၊ တော်ရုံတန်ရုံ ယောကျ်ားတွေ တောင်လိုက်မီမယ် မထင်သူး'ဟု ပြောလိုက်လေရာ သူကြွယ်ကြီး ဝေအောလျှန်က....

'ဒီလို သိုင်းကျွမ်းတဲ့ မိန်းကလေးဖြစ်အောင် အတော်ကို သင်ပေးထားရတာပါ၊ သမီးကလဲ ဝါသနာအခံရှိလို့ ဆိုပါတော့လေ' ဟု ပြောလေ၏။

ဝမ်လင်းရိုက....

'သူ့ကို ရန်သူ ခုနစ်ယောက် ဝိုင်းတိုက်နေတုန်းက ကျုပ် တောင်ကုန်းပေါ်က မြင်ခဲ့ရတာပါ၊ သူ အသုံးပြုတဲ့ တိုက်ကွက်တွေက အတော်ကို အဆင့်မြင့်တာပါ၊ ဒါပေမယ့် ကြည့်နေရင်းပဲ အတွင်းအား သိုင်းပညာမှာ နည်းနည်းလေး လိုနေသေးတာ ဓတ္တလိုက်ရလို့ ရေရှည်စိတ်မချရမှန်း သိသိချင်း တောင်ကုန်းပေါ်က ကျုပ်ပြေးဆင်းသွားရတာပါခင်ဗျာ'ဟု ပြောလိုက်လေ၏။

ထိုစကားကို သူကြွယ်ကြီး ဝေအောလျှန်က လက်ခံသည့် သဘော ခေါင်းညိတ်ပြရင်း....

'တူမောင် ဝမ်လင်းရဲ့ ပြောတာ အမှန်ပါပဲ၊ အတွင်းအား သိုင်းပညာအနေနဲ့တော့ သမီးမှာ အပြည့်အဝမရှိသေးဘူးပေါ့၊ ဒါကလဲ သမီးက မိန်းကလေးဖြစ်နေတာဟာ အကြောင်းအချက်တစ်ခုပဲလို့ ထင်ပါတယ်။ အခုလို တူမောင် သမီးကိုကူညီတဲ့အတွက် ဦး အများကြီးကျေးဇူးအထူးပဲ တင်ပါတယ်'ဟု ပြောနေစဉ် ဝေဝေရန်ကပါ...

'ကျွန်မကလဲ အစ်ကိုကူညီလာတဲ့အတွက် ကျေးဇူးအထူး တင်ပါတယ် အစ်ကို'ဟု ပြုလေ၏။ သူကြွယ်ကြီး ဝေအောလျှန်က....

'ဩော်....ဒါထက် မင်းတို့ ထိခိုက်ထိမှန်ခဲ့တဲ့ ဒဏ်ရာတွေရော ဓဆးလိမ်းကြဦးနော်၊ ဂရုမစိုက်ရင် ယောင်ကိုင်းနေကြဦးမယ်'ဟု ပြောလိုက်လေရာ ဦးလေးရန်ဝေက....

'လိမ်းဆေး ကျွန်တော့်မှာလဲ ပါလာတာနဲ့ ဒီမရောက် ခင်ကတည်းက လိမ်းထားပြီးကြပါပြီ ဦး' ဟု ပြောပြလိုက်လေ၏။

ထို့နောက် လရောင်ရိပ်ဖြင့် လင်းဖြာနေသော ကွပ်ပျစ်ပေါ်တွင် အားလုံးဝင်ထိုင်လိုက်ကြလေ၏။

အားလုံး၏ အလယ်တွင် ရေနွေးကြမ်းနှင့် အစားအသောက် အချို့မုန့်မျာ့ တည်ခင်းထားလေ၏။

ဦးလေး ရန်ဝေက ရေနွေးကြမ်းကိုသောက်၍ အပြီး....

'ကျုပ် မရှင်းတာလေးတစ်ခုလောက် မေးစမ်းပါရစေ သူကြွယ်ကြီးခင်ဗျာ' ဟု စကားကို စလိုက်လေရာ သူကြွယ်ကြီး ဝေအောလျှန်က....

'မေးပါမေးပါ၊ အင်း ကျုပ်ကို ဦးလေးတစ်ယောက် အနေနဲ့ပဲ ဆက်ဆံကြတာပေါ့၊ အမှန်တော့ ကျုပ်ဟာ သူကြွယ်ကြီးတစ်ယောက်လဲမဟုတ်ရသေးပါဘူး' ဟု ပြော၏။

ဦးလေး ရန်ဝေက သူ့စကားကို ပြန်ဆက်လေ၏။

'ဟုတ်ကဲ့ဦး ကျုပ်မေးချင်တာက တစ်ခြားမဟုတ်ပါဘူး၊ တူမ ဝေဝေရန်ကို အခုလို လူတစ်စုက အသဲအမဲ တိုက်ခိုက်လာတာနဲ့ပတ်သက်လို့ နောက်ခံ အဲကြောင်းထူးမျာ့ရှိနေသလားလို့ပါ' ဟု ဦးလေးရန်ဝေ မေးလိုက်သော အခါ ဝေအောလျှန်ရော ဝေဝေရန်ပါ မျက်နှာမျာ့ သိသိသာသာ ညှိုးလျော့နွမ်းရသွားလေ၏။

သူကြွယ်ကြီး ဝေအောလျှန်က သက်ပြင်း တစ် ချက် ချလိုက်ကာ....

'နောက်ခံအကြောင်း ရှိနေတယ်ပဲ ပြောရတော့မှာပေါ့၊ ဟုတ်တယ် အဲဒီလူတွေဟာ တောပုန်းစားပြတွေလဲ မဟုတ်ပါဘူး၊ လူကြီးသူဆိုးတွေလဲ မဟုတ်ကြပါဘူး၊ သူတို့က သမီးလေးကို အရှင်ဖမ်းပြီး တစ်နေရာကိုခေါ်ဖို့ ကြိုးစားနေကြတဲ့ လူတွေပါပဲ'

ဟု ပြောလိုက်လေရာ ဝမ်လင်းရိန္ဒင်ဦးလေးရန်ဝေတို့ နှစ်ယောက်လုံး မတွေးတတ်တော့ဘဲ ဇဝေဇဝါဖြစ်သွားရလေတော့၏။

ဝမ်လင်းရိက အံ့သြစွာဖြင့်....

'အဲဒီလူတွေက ဝေဝေရန်ကို အရှင်ဖမ်းပြီး တစ်နေရာကို ခေါ်ဖို့ ကြိုးစားနေတယ်ဆိုတာက ဘယ်လို အကြောင်းမျာ့ ပါလဲဦးရယ်၊ ကျုပ်တို့ကိုသိခွင့်ပေးနိုင်မယ်ဆိုရင် သိပါရစေလား' ဟု မေးလိုက်သောအခါ သူကြွယ်ကြီး ဝေအောလျှန်က အဝေးကို မျှော်ငေးကြည့်နေသလို လုပ်ရင်း သက်ပြင်း တစ် ချက် ချလိုက်လေ၏။

ဝေဝေရန်သည်လည်း မျက်နှာမကောင်းဘဲ မျက်လွှာမျာ့ ချလျက် ငြိမ်နေလေ၏။

ဝမ်လင်းရိန္ဒင့် ဦးလေးရန်ဝေတို့မှာကား တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ သူကြွယ်ကြီး ဝေအောလျှန်

ထံမှ မည်သို့သောစကားကို ကြားရမလဲ မျှော်လင့်လျက်ရှိနေကြလေ၏။

သူကြွယ်ကြီး ဝေအောလျန်သည်ပြောရမည့်စကားအတွက် အတော်လေး အကြံရခက်နေဟန် တူ၏။

သက်ပြင်းကိုချ၏။ ပြီး ရေနွေးကြမ်းကို သောက်သည်။ အချိုမုန့်တစ်ခုကို ကောက်ယူစားလေသည်။

အတန်ကြာ ငြိမ်သက်သွားပြီးတော့မှ သူကြွယ်ကြီး ဝေအောလျန်က....

'ဒီအကြောင်းတွေကို တူမောင်ကို ဦးတို့ကအသိမပေးဘူးလို့တော့ မပြောလိုပါဘူးကွယ် ပြောပြရမှာပါပဲ၊ အင်း... အလောလောဆယ်တော့ အခုလောက်ပဲ သိထားတာပဲကောင်းမယ်လို့ ဦး ထင်တယ်လေ'

ဟု ပြောသဖြင့် ဝမ်လင်းရိနှင့် ဦးဇေးရန်ဝေတို့မှာ စိတ်ထဲတွင် ပို၍ပင် မချင့်မရဲဖြစ်ခဲ့ရလေတော့၏။

ဝေဝေရန်ကတော့ ဖခင်က ယုံကြည်မှုတစ်ခုကို အတိုင်းအတာတစ်ခုအထိ ကန့်သတ်လိုက်ခြင်းနှင့်ပတ်သက်၍ အတော်ကလေး အားတုံ့အားနာ ဖြစ်သွားဟန်တူ၏။

'ဒီကိစ္စက ကျွန်မတို့သားအဖနဲ့သာ လုံးလုံးပတ်သက်နေတဲ့အတွက် အဖေဟာ အစ်ကိုဘိုကို အခုလို ပြောရတာပါရှင်' ဟု ပြော၏။

ဝမ်လင်းရိက....

'ကျုပ်စကားလောကြီးသွားမိတဲ့အတွက် ဦးနဲ့ ဝေဝေရန်ကိုကို ကျုပ် တောင်းပန်ပါတယ်ခင်ဗျာ'

ဟု အလောတကြီး ဝင်ပြောလိုက်သော အခါတွင်ကား....

'အေးကွယ်၊ စကားဝိုင်းကလေး စိုပြည်လာခါမှ စိတ်မကောင်းစရာ ဖြစ်ကုန်ပြီ၊ ကဲ ကဲ ညဉ့်လဲ နက်လှပြီ ထင်ပါရဲ့ အိမ်ဝင်ကြစို့၊ အပြင်မှာ အေးလဲအေးလာပြီ'

ဟု ပြောကာ ဝေအောလျန်က ကွစ်ပျစ်ပေါ်မှ အလျင်ဆုံးဆင်းလိုက်လေသည်။

ဂိုအခါ ဝမ်လင်းရိတို့ ကျန်သူအားလုံးလည်း ကွပ်ပျစ်ပေါ်က ဆင်းလိုက်ကြလေတော့သည်။

အိပ်ခန်း နေရာချထားပေးသော အခန်းထဲသို့ ရောက်သောအခါ ဦးလေးရန်ဝေကလဲ

'အေးကွာ၊ သူတို့သားအဖရဲ့အကြောင်းက အတော်ကို စိတ်ဝင်စားစရာပဲနော်၊ ဝေဝေရန်ကို ဟိုလူတစ်ဦးက အရှင်ဖမ်းဖမ်းပြီးခေါ်ဖို့ကြိုးစားနေတယ်ဆိုတာဟာ သာမန်ဖြစ်ရိုးဖြစ်စဉ် ကြားရိုးကြားစဉ် အဖြစ်အပျက် အကြောင်းအရာမျိုး မဟုတ်တာကတော့ အမှန်ပဲ' ဟု ပြော၏။

ဝမ်လင်းရိကလည်း....

'ဟုတ်တယ်၊ အခုမှ ဆက်စပ်တွေးမိတာကလဲ ဝေဝေ
ကို သိုင်းပညာ သင်ပေးထားတယ်ဆိုတဲ့ အချက်ပါပဲ၊ အ
တော့ ဒီအချက်ကို အမှုမဲ့အမှတ်မဲ့ နေလိုက်မိတာ၊ အခု
ဝေဝေလျှင် သိုင်းပညာ အခုလောက်ကျွမ်းကျင်နေတယ်ဆို
ကိုက အကြောင်း တစ်ခုကြောင့်ဆိုတာ သိလာရတော့
ပါပဲ'

ဟု ဇေဖန်ပြောကြားလိုက်လေ၏။ ဦးလေးရန်ဝေ ခေါင်း
ခါယမ်းနေလေသည်။

ထို့နောက် အတွေးကိုယ်စီဖြင့် အိပ်ရာပေါ်လှဲအိပ်လိုက်ကြ
တော့၏။

မည်သို့ဆိုစေ....

ဝမ်လင်းရိုကတော့ အခုလို အလွန်ချောမော လှပသော
မိန်းကလေးနှင့်မှ ကျက်သို့သော စဉ်းစားစရာ၊ ကြောင်
လန့်တုန်လှုပ်စရာအကြောင်းတွေ ဘာကြောင့် သူတို့ကို တွေ့
ကပ်နေသလဲဆိုသော အချက်ကို အတွေး နယ်ချဲ့မိပြန်၍
အတွေးစများကသာ ချာချာလည်သွားလေ၏။

သူကြွယ်ကြီး ဝေအောလျန်မှာကား ဤဒေသတွင် လိမ္မော်
ခြံများဖြင့် အသက်မွေးဝမ်းကြောင်းပြုသူတစ်ဦး ဖြစ်ပါလျှင်
သူကရော ဘာကြောင့် သူ့ကိုသူကြွယ်ကြီးဟု မခေါ်ရန်ပိုင်
ပင်ခဲ့ရပါသနည်း။

ပြီးတော့ သည်သမီးလေးကို သိုင်းပညာတွေ သင်ပေးပြီး
တစ်ရံ ယောကျ်ားလေးလို ဘာကြောင့် ဝတ်စားဆင်
စေရတာလဲ။

ဒီနေ့လယ်က ဝေဝေရဲ့နံကို လာပြီးတိုက်ခိုက်တဲ့ အဖွဲဟာ
မြို့စားတုချင်း၏ ဘယ်တော်သားများနှင့်လည်း မတူပေ။
ကိုက ပုံစံတစ်မျိုး ဖြစ်နေတယ် မဟုတ်လား၊

ထို့နောက်တော့ ဝမ်လင်းရိုသည် လုံးဝ အိပ်မရတော့ဘဲ
နေရာမှ ထလိုက်လေသည်။ သူ့တေးတွင် ဦးလေးရန်ဝေ
မောကျနေ၏။

ဝမ်လင်းရိုသည် အိပ်ရာကုပ်ပျစ်ပေါ်မှ ဆင်းကာ ပြတင်း
ခါးကို ဖွင့်လိုက်ကာ ပတ်ဝန်းကျင်ကို ကြည့်နေမိ၏။

ထိုအခိုက်....

အိမ်အောက်ဘက်မှ ခြေသံကြား၍ ငုံးကြည့် လိုက်သော
ခါ ခြံစောင့်အဘိုးကြီးနှင့် လူရွယ်နှစ်ယောက် ရပ်စကား
ပြောနေကြသည်ကို တွေ့မြင်လိုက်ပါ၏။

'ဘကြီးတုန်းစီ အခုတစ်လော လူစိမ်းတွေ ကျုပ်တို့ခြံနား
လာလာပြီး ရစ်ဝဲနေကြတယ်လို့ သခင်ကြီး ပြောတယ်၊
ကြောင့် ခါတိုင်းညတွေထက် ပိုပြီး သတိထားပေးရမှယ်တဲ့
နော်....'

'အေးပါကွာ၊ စိတ်ချ စိတ်ချ'

'ဘကြီးတုန်းစီက ပြောလိုက်ရင် ဒီလိုချည်းပဲ၊ တော်တော်
ပြော ဟိုကလာမှ သတိမထားမိလို့ပါ မပြောနဲ့နော်'

'မပြောပါဘူးကွာ၊ ကဲ ကဲ....ခြံထဲကို ပတ်လိုက်ကြဦး'

ခြံစောင့်အဘိုးကြီးနှင့် လူရွယ်နှစ်ယောက် တိတ်တဆိတ် ပြောဆိုတိုင်ပင်ကြသည်ကို အမှတ်မထင် ကြားသိလိုက်ရခြင်း ဖြစ်သည်။

'ကြည့်စမ်း....ခြံစောင့် အလုပ်သမားတွေတောင် တေးအန္တရာယ်အကြောင်း ပြောနေကြပါလား'

ဟု တွေးပြီးနောက် ဝရန်တာထက်မှ အဝေးတစ်နေရာသို့ မျှော်ငေးတမ်းတနေပါ၏။

နှက်မိုးသောက်လာသောအခါတွင် သူကြွယ်ကြီးစအော က သိုင်းပညာနှင့်ပတ်သက်ပြီး စကားစပ်မိရာက 'အရိပ် ' သိုင်းကွက်ကို သမီးဝေဝေရန်အား သင်ပေးစေလို ကြောင်း ပြောလာသဖြင့် ဝမ်လင်းရိတို့မှာ ခရီးမဆက်ဖြစ်ဘဲ နေလိုက်ရလေ၏။

သည်သို့ဆိုစေ ဤအစီအစဉ်ကိုမူ ဝေဝေရန်၏မျက်နှာကလေး ကြည့်မှ ရှုမငြီးဖြစ်နေသော ဝမ်လင်းရိ အဖို့ကတော့ သင့်မိသောဆန္ဒ မမျှော်လင့်ဘဲကြည့်ရှုးရသလို ရှိခဲ့သည် ဆိုရမည်ဖြစ်၏။

သို့ကြောင့်လည်း ဦးလေးရန်ဝေက ဝေဝေရန်ကွယ်ရာ

တွင် ဝမ်လင်းရိအား အဓိပ္ပာယ်ရှိသောအပြုံးမျိုးဖြင့် [illegible] တတ်ပါ၏။

ဝေဝေရန်တို့အိမ်ကြီးကား သူကြွယ်ကြီးတစ်ဦး၏ [illegible] ဆိုသော်လည်း ခမ်းခမ်းနားနား ဆောက်လုပ်ထား [illegible] စံအိမ်မျိုးမဟုတ်ဘဲ သာမန် နေအိမ်တစ်အိမ်မျှသာ [illegible] ၏။

သို့သော်လည်း အစွန်ပိုင်းရှိ ကြီးမားကျယ်ဝန်း [illegible] ခြံကြီးတစ်ခုအတွင်းတွင် ဆောက်ထားခြင်းဖြစ်၏။

ခြံကျယ်သလောက် ခြံစည်းရိုးပတ်လည်တွင် လိမ္မော် [illegible] များ၊ သစ်တော် ပန်းသီးစသော သီးပင်များအပြင် [illegible] ရှူးပင်၊ ဝက်သစ်ချပင်ကြီးများကလည်း ကြိုကြား [illegible] ရောက်ကာ အုပ်အုပ်ဆိုင်းဆိုင်း ရှိလှပါ၏။

ဟိုအနောက်ဘက်တွင်လည်း သူကြွယ်ကြီးဝေအော [illegible] ပိုင်ဆိုင်သော လိမ္မော်ခြံ၊ ပန်းသီးခြံနှင့်စပျစ်နွယ်ခြံ [illegible] တွေ့မြင်နေရလေ၏။

ခြံကျယ်ကြီး၏အနောက်ဘက် ရှိုးချောင်းလေးတစ် [illegible] တွင်ကား မြင်းဇောင်းကြီးတစ်ခုရှိလေ၏။

မြင်းဇောင်းထဲတွင် မြင်းလေးငါးခြောက်ကောင် [illegible] ၏။

[illegible]ဝေဝေရန်၏ဖခင်ကြီး ဝေအောလျန်မှာကား မြင်းများ [illegible]ကာသူဖြစ်ကြောင်း ဤမြင်းဇောင်းကြီးက ဖော်ပြနေ [illegible]ရှိ၏။

[illegible]မီးဝေဝေရန်ကို အဆင့်မြင့်သိုင်းပညာ သင်ပေးထား [illegible]ဆိုသော သူ၏စကားအရ သူကိုယ်တိုင် အဆင့်မြင့် သိုင်း [illegible]ကို ကောင်းကောင်းစနစ်တကျ တတ်ကျွမ်းထားသူဖြစ် [illegible]မည်ဟူလည်း ဝမ်လင်းရိ တွက်ထားပြီးဖြစ်၏။

[illegible]မ်လင်းရိသည် တစ်ယောက်တည်း ခြံကျယ်ကြီးအနောက် [illegible]သို့ လျှောက်လာရင်း ရောက်တတ်ရာရာ တွေးတော [illegible]းလာခြင်း ဖြစ်ပေ၏။

[illegible]စ်နေရာသို့ရောက်သောအခါ လူရွယ် ၅ ယောက် သိုင်း [illegible] လေ့ကျင့်နေသည်ကို ခံတွင်လာရင်လေတော့၏။

သိုင်းလေ့ကျင့်နေသူ လူရွယ်ကလေးများက ဝမ်လင်းရိကို [illegible]ဘင်သိရှိထားပုံ ရှိ၏။

[illegible]ကွမြင်လိုက်သည်နှင့် အရိုအသေပေးကြလေ၏။ [illegible]မ်လင်းရိက သိချင်သောအကြောင်းကို မေးမြန်းလိုသည့် [illegible] သိုင်းလေ့ကျင့်နေသူ လူရွယ်ကလေးများမှ လူရွယ် [illegible]း တစ်ဦးအား....

'မင်းတို့သိုင်းကွက်တွေဟာ မုန်တိုင်းလေပြန်သိုင်းကွက် [illegible]ဘ်လား'

ဟု မေးလိုက်ရာ လူရွယ်က....

'ဟုတ်တယ်....အစ်ကို၊ ကျုပ်တို့ လေ့ကျင့်နေတာ ဘယ်လို သိနေသလဲ၊ ပြောပါဦး'

ဟု ပြန်မေးလေ၏။

ဝမ်လင်းရိက....

'ဒီအတိုင်းသာဆက်ကျင့်ပါ၊ နည်းမှန်စနစ်မှန် ဆိုတော့ ကျွမ်းကျင်မှုနဲ့ ပေါင်းဖက်လိုက်ရင် လိုအပ်တဲ့အတိုင်းအထာ တစ်ခုကို ရောက်ပြီပဲပေါ့'

ဟု ပြောလိုက်လေ၏။

သိုင်းလေ့ကျင့်နေသူ လူရွယ်ကလေးများ သည်လည်း ကျေနပ်နှစ်သိမ့်သွားပြီး သိုင်းပညာလေ့ကျင့်မှုကို ဆက်လက် လေ့ကျင့်နေကြပြန်၏။

'ဟိတ်'

'ယား'

'ယား'

သူတို့ထဲမှ လူရွယ်ကလေးတစ်ဦးမှာ ဝမ်လင်းရိအနီးတွင် ကျန်ရှိနေသည်နှင့် ဝမ်လင်းရိက....

'ဒါထက် ကျုပ်ညီမောင်ကို မေးကြည့်ရဦးမယ်၊ မင်းတို့ကို သူကြွယ်ကြီးဝေအောလျန်က ဒီသိုင်းပညာကို ဘယ်လိုရည်ရွယ်

ကန့် သင်ပေးနေတာလဲ၊ ကျုပ်ကို တစ်ဆိတ်လောက် ပြောပြ လား'

ဟု ပြောလိုက်လေ၏။

လူရွယ်ကလည်း ထိုအကြောင်းကို အတော်လေး ပြောပြ ပ်နေပုံ ရ၏။

ဝမ်လင်းရိ နှစ်ကြိမ်မမေးလိုက်ရပေ။

'အဲဒါက ဒီလိုအစ်ကိုရဲ့၊ ဟိုမြောက်ပိုင်း အရှေ့ဖျားမှာ ဘယ်လို့ပြောတဲ့နေရာမှာ ဓားနန်းရှင် အရှင်သခင်တစ်ပါးလဲ ဘယ်လို့ပြောတယ်၊ အဲဒီကလူတွေတာ သူကြွယ်ကြီး ဝေ အောလျန်တို့သားအဖနဲ့ ဘယ်လိုရန်ငြိုးရန်စတွေ ရှိသလဲတော့ ကျုပ်တို့လဲ အသေအချာမသိဘူး၊ အခုတစ်လော ကျုပ်တို့ မကြာခဏဆိုသလို လာပြီးတိုက်ခိုက်နေပါတယ်'

'ဟုတ်လား၊ အတော် စိတ်ဝင်စားစရာပါပဲလား'

'ဟုတ်တယ်....အစ်ကို၊ အခုဆိုရင် အဲဒီ ဓားနန်းရှင်က ဘတွေ ကျုပ်တို့ကိုလာလာတိုက်ခိုက်တာ သုံးလေးကြိမ်လောက် ပြီ'

ထိုအခါ ဝမ်လင်းရိက မိမိနှင့်မည်သို့မျှ မသက်ဆိုင်ပါပဲ ပျက် ဝေဝေရန်အတွက် စိုးရိမ်စိတ်ကလေး ဝင်သွားမိလေ ။

'ဒါကြောင့် သူကြွယ်ကြီးဝေအောလျန်ဟာ သခင်မလေး ဝေရန်ကို သိပ်ဝေးဝေးလံလံ သွားခိုင်းတာ မဟုတ်ဘူး၊ သွားရင်လဲ ယောကျ်ားပုံစံနဲ့သွားတတ်ပါတယ်၊ မနေ့က အစ်ကို

တို့နဲ့ တွေ့တဲ့တိုက်ပွဲမှာ သခင်မလေးဝေဝေရန် ယောကျ်ား လေးလို တော်ထားတယ်မဟုတ်လား'

'အေး... မဟုတ်တယ် ဟုတ်တယ်'

'အဲဒီလူတွေကတော့ ကျုပ်ပြောတဲ့ ဓားနန်းရှင်လွှတ်လိုက်တဲ့ လူတွေပါပဲ။ ဒီကို ဘယ်တော့ဝင်တိုက်မလဲ မသိဘူးခင်ဗျ၊ လာလာချောင်းမြောင်းတဲ့အလုပ်ကိုတော့ သူတို့ လုပ်နေကြပါတယ်'

'သြော်... ဒါကြောင့် မင်းတို့ကို သိုင်းပညာသင်ပေးထားတာကိုး'

'ဟုတ်ပါတယ်၊ ကျုပ်တို့ကလဲ သူကြွယ်ကြီး ဝေအောလျန်ရဲ့ ကျေးဇူးတွေအများကြီး ရှိတယ်မဟုတ်လား၊ အဲဒါကြောင့် ဒီကို လာတိုက်ခိုက်လို့ကတော့ အသက် ပေးပြီး ကာကွယ်တိုက်ခိုက်ကြမှာပါ'

ဟု ပြောနေလေ၏။

သို့သော်....

ထိုအချိန်တွင် ဝေဝေရန်အနီးသို့ရောက်လာသဖြင့် လူရွယ်ကလေးလည်း သူ့စကားကိုအစဖြတ်ပြီးလေ့ကျင့်ကွင်းအတွင်း သို့ ပြန်လည်ဝင်ရောက်ကာ သိုင်းပညာ လေ့ကျင့်မှုများ ဆက်လက် လေ့ကျင့်နေတော့လည်း ကြည့်၍ပင် ကောင်းလှပါ၏။

ဝေဝေရန်က ဝမ်လင်းရိအား....

'ကွာစန်းရှောင်က ဓားနန်းရှင်က လူတွေ အကြောင်းကို

ပြောနေတာ၊ ကျွန်မတစ်စွန်းတစ်စကြားလိုက်မိတယ် အစ်ကို၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ အစ်ကိုစိတ်ဝင်စားနေမှာပေါ့နော်'

ဟု ပြောရင်း ဝက်သစ်ချပင်အောက်ရှိ ခုံတန်းလျားဘက်သို့ လျှောက်သွားလေသည်။

ဝမ်လင်းရိသည်လည်း ဝေဝေရန် နောက်သို့ လျှောက်သွားရင်း....

'ကျုပ်အဖို့ကတော့ ဒီခရီးမှခ တစ်လျှောက်လုံး စိတ်ဝင်စားစရာတွေချည်းပဲ တွေ့ခဲ့ရပါတယ်ဗျာ'

ဟု ပြောကာ ပထမဆုံး ထူးဆန်းသော သိုင်းအကျော်အမော်ကြီး ရဲ့ရိဖုံနှင့် တွေ့ဆုံခဲ့သည့် အကြောင်း၊ တစ်ဖန် လျှို့ဝှက်မှုများဖြင့် ပြည့်နေသော ရသေ့ကြီးနှင့် ဆက်လက် တွေ့ရပြန်သည့် အကြောင်း။

ယခုလည်း ဝေဝေနှင့် ဆက်နွယ်ပတ်သက်လျက် ရှိသော ဓားနန်းရှင်က လူများ အကြောင်းကို သိရှိ ကြုံတွေ့နေရကြောင်း ပြောပြလိုက်လေ၏။

ထိုအခါ ဝေဝေရန်က....

'ဟုတ်ပါရဲ့နော်၊ အစ်ကိုပြောပြတာကို သိရရုံနဲ့ပဲကျွန်မဖြင့် အတော့်ကို စိတ်ဝင်စားနေရပါတယ်ရှင်၊ ကျွန်မတို့ နယ်စားကြီး အုပ်ချုပ်ရေးအောက်မှာလဲ ပြဿနာတွေက အတော်ကလေး ရှုပ်ထွေးနေတယ်မဟုတ်လား' ဟု ပြောလေ၏။

'ဟုတ်တယ်၊ ဒီကိစ္စတွေအားလုံး မီးမွှေးနေတာကတော့ စီချန်မြို့စား တုချင်းပဲဆိုပါတော့၊ အေးလေ ဒီအကြောင်းတွေကို ဝေဝေရန်လဲ သိတန်သလောက် သိပြီး ဖြစ်နေမှာပါ....'

ဟု ပြောလိုက်ပြီးနောက် ခုံဘန်းလျားကလေးပေါ်တွင် ဝင်ထိုင်လိုက်လေ၏။

ထို့နောက်....

ဝေဝေရန်ကို ကြည့်လိုက်လေ၏။ ဝေဝေရန်သည် လေပြည်ကလေး အသွေ့အနှေ့တွင် ဆံနွယ်စကလေးများ မျက်နှာပေါ်သို့ ဝဲကာခွဲကာနှင့် ချစ်စရာကလေး ဖြစ်၍ နေလေသည်။ သူမ၏မျက်လုံးကလေးများကမူ ရီဝေလျက် ဟိုအဝေးကို စိုက်ကြည့်နေလေ၏။ ထို့နောက် ဝမ်လင်းရိဘက်သို့ လှည့်ကြည့်ကာ....

'ခေးနုန်းရှင်ကလူတွေကို ကျွန်မတို့သားအဖက မကြောက်ပါဘူး၊ ဘယ်အချိန် ဘယ်ကလပဲ လာလာ၊ ရင်ဆိုင်တိုက်နေမှာပါ' ဟု ပြော၏။

ဝမ်လင်းရိက....

'ဒါပေမယ့် အဲဒီခေးနုန်းရှင်ကလူတွေရဲ့ အန္တရာယ်ကြီးကို ဒီအတိုင်း စောင့်ကြိုနေတာကတော့ သဘာဝမကျတူး ဝေဝေရန်' ဟု ပြောလေလျှင် ဝေဝေရန်က....

'ဘာဖြစ်လို့လဲ အစ်ကို' ဟု ကပျာကယာ ပြန်မေးလေ၏။

ဝမ်လင်းရိက....

'အန္တရာယ်ဆိုတာ ရှိနေတာထက် မရှိတာကပိုကောင်းတာပေါ့၊ ဒီအန္တရာယ်ကို ရှင်းပစ်တာဟာ ပိုမကောင်းဘူးလား' ဟု မေးလေ၏။ ဝေဝေရန်က ခုံတန်းလျားကလေးတွင် ဝင်ထိုင်လိုက်ကာ....

'ခေးနုန်းရှင်ရဲ့အန္တရာယ်ကို ရှင်းပစ်ရမယ် ဟုတ်လား အစ်ကို' ဟု ပြန်မေး၏။

ထိုအခါ ဝမ်လင်းရိသည်လည်း ထိုင်နေရာမှပြန်ထ၍ ဝေဝေရန်နှင့် မျက်နှာချင်းဆိုင်လိုက်ကာ....

'ခေးနုန်းရှင်ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ သူ့အရည်အချင်းက ဘယ်လောက်ရှိတာလဲ၊ အဲဒါတွေကို သိရှင်းတော့ ဒီအန္တရာယ်ကို ရှင်းပစ်ဖို့ဆိုတာ ဘာခက်မှာလဲ' ဟု ပြောလိုက်လေ၏။

ဝေဝေရန်က သက်ပြင်း တစ်ချက်ကို ချလိုက်သည်။ ပြီးလျှင်....

'ဒါတွေထားပါ အစ်ကိုရယ်၊ ဝေဝေရန်တို့ သားအဖရဲ့ ပြဿနာအပူတွေ အစ်ကို့ကိုမကူးစက်စေချင်ပါဘူး' ဟု ပြောလိုက်လေ၏။

'ကျုပ်ကတော့ ဝေဝေရန်အတွက် စိုးရိမ်နေမိတာ' အမှန်ပါပဲဗျာ၊ မနေ့က တွေ့လိုက်ရတဲ့လူတွေရဲ့ သိုင်းပညာ အဆင့်ကို ကျုပ်မှန်းဆလိုက်မိပါတယ်၊ သူတို့အသုံးပြုတဲ့ သိုင်းကွက်တွေဟာ အတော်အဆင့်မြင့်တယ်၊ သူတို့ မကျွမ်းကျင်သေးလို့

သာ အဲဒီလိုအဆင့်မြင့် သိုင်းပညာကိုထိထိရောက်ရောက် အသုံး မချနိုင်ကြတာပါ ဝေဝေရန်'

ဟု ဝမ်လင်းရိက ပြောလိုက်သောအချိန်တွင်ကား ဝေဝေရန် ငြိမ်သက်စွာဖြင့် နားထောင်နေလေသည်။

ဝမ်လင်းရိကပင် ဆက်လက်၍....

'ဒါပေမယ့် ကျုံကင်းကိုရောက်လို သိုင်းပြိုင်ပွဲအခြေအနေ စုံစမ်းပြီးရင် ပြိုင်ပွဲမစခင် ဒီကိုပြန်လာဦးမှာပါ'

ဟု ပြောလိုက်သောအခါ ဝေဝေရန်၏ မျက်နှာကလေး ဝင်းပလာကာ။

'အစ်ကိုက ပြန်လာဦးမယ်ဆိုတာ ကိစ္စက'ဟု ပြောလိုက်စဉ်မှာပဲ ဝမ်လင်းရိက....

'ဒြော် ကိစ္စကတော့ ဝေဝေရန်တို့သားအဖအတွက် စိတ်မချလို့ပါ၊ ဓားနန်းရှင်ကလူတွေ နောက်တစ်ကျော့ လာနေမှာစိုးရိမ်မိလို့ပါ'

ဟု ပြောလိုက်လေရကား ဝေဝေရန်မှာ ဝမ်လင်းရိက ဝေဝေရန်တို့သားအဖ ယူသုံးပင် သုံးလိုက်ငြားသော်လည်း အမှန်စင်စစ် မိမိအတွက် ဝမ်လင်းရိ စိတ်မချဖြစ်နေမှန်း သိနားလည်လိုက်ပါ၏။

ထို့ကြောင့်....

ဝေဝေရန်က စကားပြန်ပြောခြင်းထက် မော်၍ ကြည့်လိုက်သော အကြည့်ဖြင့်သာ အဖြေစကားကို ပေးလိုသဖြင့်

တစ်ချက်မော်၍ကြည့်ပြီး မျက်လွှာကလေးအစုံကိုချကာ မျက်နှာကလေးကိုလည်း ငုံ့ထားလိုက်ပါလေတော့၏။

ဝမ်လင်းရိကတော့ သည်လိုဝေဝေရန်၏ နွေးထွေးသော အလှအပကလေးကိုပဲ အငေးသား စိုက်လျက် ကြည့်နေမိ[illegible] ပါပကောလား။

[illegible] ပဝါ[illegible]

[illegible]ဝ၏။

[illegible]သူကြွယ်ကြီး

[illegible]ဝေဝေရန်တို့

[illegible]ဖြင့် ကြည့်

ချတ်ထားလိုက်ပြီး အခုလိုအတန်အသင့် ကိုယ်လက်လှုပ်ရှားသားသည်ဟု ဆိုသောအခါ ချွေးစက်လေးများ အပေါ်ပိုင်းခန္ဓာကိုယ် ကြွက်သားများတွင် အစိုပြန်နေသည်ကို တွေ့မြင်ရသူအဖို့ ကျေနပ်စရာ ဖြစ်နေပါတော့သည်။

ဝေဝေရန်ကမူ အစိမ်းရောင်ဝတ်စုံကိုဝတ်ကာ ပဝါအစိမ်းတစ်ထည်ဖြင့် ခါးတွင် စည်းနှောင်ထားလေ၏။

ခြံအလုပ်သမားများနှင့် ဦးလေးရန်ဝေက သူကြွယ်ကြီး ဝေအောလျန်အိမ်းတွင်ထိုင်ကာ ဝမ်လင်းရိနှင့်ဝေဝေရန်တို့ တိုက်ခိုက်မည့်တိုက်ပွဲအစကို မျော်လင့်ခြင်းကြီးစွာဖြင့် ကြည့်နေလေ၏။

ထိုအချိန်တွင် ဝမ်လင်းရိက ဝေဝေရန်အား....

'ကဲ....ပွဲစကြမယ် ဝေဝေရန်၊ အခု တိုက်ခိုက်မှာက ကျုပ် ဝေဝေရန်ကို သင်ပေးပြီးဖြစ်တဲ့ အရိပ်ပြေးသိုင်းကွက်ဖြစ်ပါတယ်၊ ဒီသိုင်းကွက်ကို တောင်ပိုင်းမှာ အရိပ်ဖျောက်သိုင်းကွက်အဖြစ်နဲ့ အသုံးပြုတာကို တွေ့ရပါတယ်၊ အခုတော့ အရိပ်ပြေးသိုင်းကွက်အနေနဲ့ပဲ တိုက်ခိုက်မယ်နော်၊

'....ဩော်....အရိပ်ပြေးသိုင်းကွက် အားလုံး အကွက်တစ်ရာကျော်ရှိတယ်၊ ဒါပေမယ့် ဒီမှာ အချိန်မရှိတို့ အရေးကြီးတဲ့ အကွက်သုံးဆယ်ကျော်ကိုပဲ ပြထားပါတယ်၊ ကဲ....စ'

ဟု ပြောပြီး ခေးကိုခွေ့ယမ်းလိုက်လေ၏။

'သူကြွယ်ကြီးဝေအောလျန်၏ အိမ်ခြံဝင်းကြီး၏ အနောက်ဘက် သိုင်းပညာလေ့ကျင့်ကွင်းတွင် ယခုအချိန် သိုင်းပညာပြိုင်ပွဲတစ်ရပ် ကျင်းပနေသည့်အလား စည်ကားလျက်နေလေသည်။

သို့သော်လည်း အပြင်လူသွေ့သည်ဆို၍ တစ်ဦးတစ်ယောက်မျှ မပါရှိပေ။

သူကြွယ်ကြီးဝေအောလျန်အပါအဝင်ခြံအလုပ်သမားများနှင့် ဝမ်လင်းရိ၊ ဦးလေးရန်ဝေတို့သာ ရှိ၏။

ဝမ်လင်းရိသည် ဘောင်းဘီရှည်ကို ဝတ်ထားသော်လည်း အင်္ကျီကိုကား ချွတ်ထားလေ၏။

ခါးတွင် ပဝါနီစကြိုးကို စည်းနှောင်ထားသည်။ အင်္ကျီကို

'ဝှစ် ဝှစ် ဝှစ်'

ဓားဖြင့်လေခွဲသံများက ပထမဆုံး ပေါ်ထွက်လာတော
၏။

'ဟိတ်'

'ဝှစ် ဝှစ် ဝှစ်'

ဝေဝေရန်ကလည်း အားကျမခံ အမီလိုက်၍ လေခွဲဓား
ချက်များကို လေထဲတွင် မြောက်ကာ မြောက်ကာ ခုန်ကာ
ခုန်ကာ အစွမ်းပြလိုက်လေ၏။

ထို့နောက် ဝမ်လင်းရိက....

'စပါပြီ....'

ဟု ပြောကာ ဝေဝေရန်အား စတင်ဝင်ရောက် တိုက်ခိုက်
ပါလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

ဝေဝေရန်သည် ဝမ်လင်းရိ၏မိုးဓား၊ ဝိုက်ဓား၊ ပင့်ဓား
ဆွဲဓား၊ ခတ်ဓား မည်သည့်ဓားချက်များပင်ဖြစ်စေ လွတ်
အောင် ရှောင်တိမ်းနေသည်မှာ အလွန် ကြည့်၍ကောင်း၏။

ဤသည်မှာလည်း အရိပ်ပြေးသိုင်းကွက်များကို အသုံးပြုရှိ
ရှောင်တိမ်းနေခြင်းဖြစ်ပြန်ရာ တစ်ခါတစ်ခါ ရှောင်တိမ်း
လိုက်သည်မှာ ခြေအစုံကိုပင် လုံးဝမရွှေ့မပြောင်းဘဲ ခါးကို
ဆုံချက်ထားကာ ကော့ကာ၊ ညွှတ်ကာ၊ တိမ်းကာ၊ ရှောင်

တိမ်းပြလိုက်သည်ရှိရာ ထိုသို့ ရှောင်တိမ်းခြင်းသည် ရန်သူ
ဓားချက်၏ သွားရာလမ်းကြောင်းနှင့် ပွတ်ကာသီကာ ရှောင်
တိမ်းရသဖြင့် မြင်တွေ့ရသူအဖို့ အသည်းဖိုစရာ အလွန်ကောင်း
လေ၏။

ကာယကံရှင်အတွက်အဖို့မှာလည်း အလွန်အမင်း အန္တရာယ်
ရှိ၏။

ရန်သူ၏ ဓားအသွားအလာကို အသေအချာကြည့်၍လည်း
ကောင်း၊ အသံ လေခွဲဓားသံကို နားစွင့်ပြီး အရှိန်ပြင်း
ပြန်ခြင်း ရှိမရှိ တွက်ချက်ယူရခြင်းတို့မှာ အလွန် အရေးကြီး
၏။

'ယား'

ရှောင်တိမ်းခြင်း အကွက် ကုန်သည်နှင့် ဝေဝေရန်က
အားပြုသံနှင့်အတူ ဝမ်လင်းရိကို ရန်သူအဖြစ် အမှတ်ပြုကာ
ထိုးဖောက်တိုက်ခိုက် ပါလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ထိုအခါ ဝမ်လင်းရိက ရှောင်ကာတိမ်းကာ ငုံ့ကာခုန်ကာ
နှင့် ဝေဝေရန်၏ဓားချက်များကို လွတ်အောင်ရှောင်ရင်း
နောက်သို့ ဆုတ်မှန်းမသိ ဆုတ်လာခဲ့လေ၏။

ဤအကြိမ်တွင် အတက်အဆုတ် သဘောမျှသာ ရှိသည်
ဓားဓားချင်းပင်လျှင် ထိခတ်မှု လုံးဝမရှိခဲ့ပေ။

တစ်နေရာသို့အရောက်တွင်ကား ဝေဝေရန်၏ဓားချက်
ဝမ်လင်းရိ၏ခေါင်းပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်
သွားလေရာ ဝမ်လင်းရိက သူ၏ဓားကို ကန့်လန့်ခံထားလိုက်
လေ၏။

'ထန်း'

ဝေဝေရန်သည် နောက်ထပ် တစ်ကြောပြန် မခုတ်တော့
ဘဲ....

'ယား'

ဟူသော အားပြုသံနှင့် နောက်သို့ တစ်ပတ်ကျွမ်းပစ်ကာ
အနောက်သို့ ရောက်ရှိသွားလေ၏။

ဝမ်လင်းရိက ဆက်လက်၍ တရကြမ်း ဝင်ရောက်တိုက်ခိုက်
၏။

'ချင် ချင် ချင်'

'ထန်း ချမ်း ထန်း'

'ချင် ချင် ဝှစ်'

ဓားသံများသည် ဆူဆူညံနေသော်လည်း ဓားများကိုကား
မမြင်ရတော့ပေ။

အရိပ်များပြေး၍ နေလေ၏။

အတွင်းအားသုံးထားသော ဓားချက်များကား ကောင်း
လိုက်ပါဘိတော့။

မြန်ဆန်လိုက်ပါဘိတော့။

ဘေးတွင် ကြည့်နေကြသူများအဖို့ မျက်လုံးအပြူးသား
ပါးစပ်အဟောင်းသားဖြစ်၍ နေပါလေတော့၏။

သူကြွယ်ကြီး ဝေအောလျန်သည် မိမိသမီး တစ်ရက်တာမျှ
သော သင်ကြားပြသမှုဖြင့် အခုလောက် ဓားသိုင်းကျွမ်းကျင်
မှုအဆင့် တိုးတက်သွားသည်ကို အံ့သြ၍မဆုံးတော့ပါပေ။

အမှန်တော့ ဤသည်မှာ သင်ကြာ ပြသသော သိုင်းဆရာ
များက ဤတိုက်နည်းတိုက်ကွက်၏ မမြင်သာသောလျှို့ဝှက်
ချက်၊ သော့ချက်ကို ဖော်ထုတ်ပြနိုင်ရေးသည် အဓိကပင်ဖြစ်
ကြောင်း သူကြွယ်ကြီးဝေအောလျန်လို သိုင်းပညာရှင်ကြီး
တစ်ဦးအဖို့ သိရှိနားလည်ထားပေသည်။

အချို့ဆိုလျှင် နှစ်လများစွာအထိ သိုင်းကွက်တစ်ကွက်၊
နှစ်ကွက်တည်းကိုပဲ အထပ်ထပ်အခါခါ လေ့ကျင့်နေပါလျက်
မည်သည့် တိုးတက်မှုမျိုးမှမရှိဘဲ ဖြစ်နေတတ်၏။

'ဟိတ်'

'ဝှစ် ဝှစ် ယား'

ဤတစ်ကြိမ်တွင်မူ သိုင်းသမားနှစ်ယောက်တို့သည် အမြင့်သို့ ခုန်ပျံတက်သွားလေ၏။

ဤတိုက်ကွက်သည် အကယ်၍ ဝေဝေရန်သာ တကယ့်ရန်သူ အစစ်နှင့် ရင်ဆိုင်ရပါမူ အမြင့်သို့အတက်တွင်တစ်ကြိမ်၊ အမြင့်မှ အဆင်းတွင်တစ်ကြိမ် ဓားချင်းယှဉ်ခုတ်ကာ အဆင်းတွင် ပွဲသိမ်းခုတ်ဓားချက်ကို ဖွင့်ထုတ်ရမည်ဖြစ်၏။

အခုတော့ နှစ်ယောက်စလုံးအမြင့်မှ ပြန်လည် ကျရောက်သည်နှင့် တစ်ယောက်တစ်နေရာ ပြန်ဖြစ်သွားလေ၏။

ထို့နောက် ဝမ်လင်းရိက တစ်ပတ်ကျော့ကာ....

'ယား'

ဟူသော အားပြုသံများကို ပေးကာ ဝေဝေရန်ကို ဝင်ရောက်တိုက်ခိုက်လေ၏။

ယခု ဝမ်လင်းရိ ကိုင်ဆောင်လျက်ရှိနေသော ဓားမှာ သူ၏ နဂါးငွေ့ဓား မဟုတ်ပေ။ သာမန် ဓားတစ်လက်သာ ဖြစ်သည်။

ဝေဝေရန်သည် တိုက်ကွင်းအတွင်း၌ပင် ခါးတွင်ပတ်ထားသော ပဝါစိမ်းကိုဖြေ၍ တယ်ဘက်လက်တွင် စည်းနှောင်လိုက်လေသည်။

ယခုအခါန်အထိ ကြည့်ရှုနေသူတွေ အားလုံး ဝေဝေရန် မည်သည့်ဓားပရိယာယ်ကို အသုံးပြုလိမ့်ဦးမည်မသိပေ။

'ယား'

ဝမ်လင်းရိ အရှိန်မြင့်တင်လိုက်သော အချိန်တွင်ကား....

'ဝှစ်'

'ဝှီး'

'ဖတ်'

အသံတို့သည်သာ ဆက်ကာဆက်ကာ ကြားလိုက်ရသည်။ ဓားတွေ မည်သို့ပြေးသွားနေသည်မှသိ။

တိုက်ခိုက်ခြင်း လှုပ်ရှားမှုများ ရုတ်တရက်ချက်ချင်းချည်း တိခနဲ ရပ်ဆိုင်းသွားပါလေတော့သည်။

ထိုအချိန်တွင် အစိမ်းရောင်ဝတ်စုံရှင်ကလေး ဝေဝေရန်က ဝမ်လင်းရိလက်ထဲကဓားကို ဆတ်ခနဲ ဖမ်းဆုပ်ထားလိုက်နိုင်မြီ ဖြစ်သောကြောင့်ပါပေ။

ဤတိုက်ကွက်တွင် ဝေဝေရန် ဝမ်လင်းရိ၏ဓားကို အမိအရ ဖမ်းဆုပ်လိုက်ပြီးလျှင်ပြီးချင်း ကိုင်ထားသော ဓားဖြင့် ဝမ်လင်းရိ၏ဓားကို ခုတ်ချိုးပစ်ရန်သာ ဖြစ်၏။ ထို့ကြောင့်လည်း သူက....

'ယား'

ဟု ထပ်မံအော်ဟစ်ကာ ဓားခုတ်ချိုးဟန် ပြုလုပ်ပြလိုက်လေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ကြည့်နေသူအားလုံးထံမှ လက်ခုပ်သံများဖြင့် ဩဘာပေးလိုက်ကြသည်။ ဝမ်လင်းရိနှင့်ဝေဝေရန်တို့မှာလည်း အလွန်

အတွဲညီလှသော သိုင်းပညာရှင် အတွဲတစ်တွဲအဖြစ် အများ၏ အသိအမှတ်ပြုခြင်းကို ခံလိုက်ရလေသည်။

သူတို့၏ခန္ဓာကိုယ်ပေါ်တွင် ချွေးစများ ပြိုက်ပြိုက်စီးကျလာလေ၏။

ဝေဝေရန်မှာကား အစိမ်းရောင်ဝတ်စုံတွင် ချွေးများစိုရွှဲလာပါလေတော့သည်။

သူတို့သည် တိုက်ကွက်ဟန်ကို ဖျက်သိမ်း လိုက်ပြီးနောက် တစ်ယောက်လက်ကို တစ်ယောက် လှမ်းယူ ဆုပ်ကိုင်လိုက်ကြလေသည်။

ထို့နောက် သူကြွယ်ကြီး ဝေအောလျန် ရှိရာဘက်သို့ လျှောက်လာကာ ဦးညွှတ်ကာ ရပ်လိုက်ကြလေ၏။

သို့သော်လည်း စကားကိုကား မပြောနိုင်သေးပေ။ တိုက်ခိုက်ထားရသဖြင့် မောဟိုက်နေသောကြောင့်ပါပေ။

သူဌေးကြီးဝေအောလျန်ကသမီးဖြစ်သူဝေဝေရန်အားပြုံးကြည့်ကာ....

'သမီးကတော့ အံ့ဩစရာကောင်းလောက်အောင်ကို တိုးတက်လာတာပါလားဟေ့၊ ကြည့်စမ်း တစ်ဖက်လူရဲ့ ဓားကို အမိအရ ဖမ်းဆုပ်နိုင်တယ်ဆိုတဲ့ အဆင့်ဟာ ဓားသမား တစ်ယောက်အဖို့ကတော့ ဝိဇ္ဇာအဆင့်ပါပဲ၊ ဒီလိုအဆင့်ကိုအရောက်ပို့ပေးခဲ့တဲ့ တူမောင်ရဲ့ သိုင်းပညာကိုလဲ ကျုပ် ချီးကျူးပါတယ်၊ ကျေးဇူးလဲတင်ပါတယ်' ဟု ပြောလေ၏။

ဝမ်လင်းရိက မောပန်းနေရာမှ....

'ဟုတ်ကဲ့၊ ကျုပ်သင်ပေးလို့ သူအခုလိုအဆင့်ကိုရောက်လာ

တယ်ဆိုပေမယ့် လဲ ခံယူသူ သူ့စိတ်ဇွဲနဲ့ သိနားလည်မှုအပေါ်မှာလဲ အများဆုံးတည်နေပါတယ် ဦး'

ဟု သူပြန်လည်ပြောကြားကာ ဝေဝေရန်ကို လှည့်ကြည့်လိုက်လေသည်။

ဝေဝေရန်မှာကား ခုထိမောပန်းသည်က တစ်ကြောင်း၊ ဝမ်းသာလှိုက်လှဲ ဖြစ်နေသည်က တစ်ကြောင်း တို့ကြောင့် စကားမပြောနိုင်သေးပေ။

ပြုံး၍သာ ဝမ်လင်းရိအား ပြန်လည်ကြည့်နေပါ၏။

ချီးကျူး စကားသံများကား.... ပြော မဆုံး ရှိလေပြီတကား။

အနှိုး [၂၃]

သူကြွယ်ကြီးဝေအောလျန်ထံတွင် ထစ်ညတာမျှသာ တည်း ခိုမည်အနေနှင့် ရောက်ခဲ့ကြသည် မှန်သော်လည်း အခုတော့ ဝမ်လင်းရိတို့သည် သီတင်းတစ်ပတ်ပင် ကြာသွားခဲ့လေ၏။

ထို့ကြောင့်....

ခရီးပန်းတိုင်သို့ရောက်ရန် အခိုကကျနေသည် ဖြစ်၍ သည် နေ့နံနက်ခင်းမှာတော့ဖြင့် ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့ ခရီးစတင်ထွက်ခဲ့ကြလေ၏။

သူကြွယ်ကြီး ဝေအောလျန်ကိုယ်တိုင် မြစ်ဆိပ်သို့ မလိုက်ပို့ သော်လည်း ဝေဝေရန်ကို ပို့စေခဲ့၏။

မြစ်ဆိပ်သို့ရောက်သောအခါ ဦးလေးကျန်ဖောင် နှင့် ခြံအလုပ်သမား သိုင်းသမားလူရွယ် ကွာစန်းတို့က ကူးတို့လှေ ငှားခြင်း၊ ပစ္စည်းများ လှေပေါ်တင်ပေးခြင်းကို လုပ်ပေး သည်။

ထို့နောက်....

ဝမ်လင်းရိနှင့် ဦးလေးရန်ဝေးတို့ လှေစီးရုံစီး၍ မြစ်ကို ကူးကြရန်ပြောပြီး သူတို့က လှေတစ်စီးဖြင့် မြင်းနှစ်ကောင် အား ရေကူး၍ မြစ်ကိုဖြတ်ကျော်စေ၏။

ဤသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ အတွေ့အကြုံ ရှိမှ ပြုလုပ်နိုင်သောအလုပ် ဖြစ်ပါ၏။

ထို့ကြောင့်လည်း ထိုကိစ္စကို သူကြွယ်ကြီး ဝေအောလျန် က မိမိတို့ကို ကူညီလုပ်ပေးရန် ဦးလေးကျန်ဖောင်နှင့် ကွာစန်း ကို အသေအချာ မှာကြားလိုက်ဟန်တူ၏။

ဝမ်လင်းရိက....

'နေပါစေ၊ ကျုပ်လဲ အတွေ့အကြုံ ရှိပါတယ်' ဟု ပြော သော်လည်း မရခဲ့ပေ။

ဝေဝေရန်သည်ပင် ဝမ်လင်းရိတို့ ကူးတို့လှေပေါ်သို့ တက် တော့မည့် အချိန်တွင် မျက်နှာကလေး ညိုကာ မျက်ရည်စ ကလေးများ ဝိုင်းလည်၍နေလေ၏။

ထို့ကြောင့် ဝမ်လင်းရိက ဦးလေးရန်ဝေအား....

'ဦးလေရန်ဝေ လှေပေါ်တက်နှင့်ပါ၊ ကျုပ်နောက်က လာခဲ့ပါ့မယ်' ဟု ပြောလိုက်ပြီးနောက် ဝေဝေရန် အနီးကို ကပ်သွားတာ....

'ဝေဝေရန်က ဝမ်းနည်းတတ်တယ်နဲ့တူတယ်။ ဒီလိုပဲပေါ့ ဝေဝေရန်ရယ်၊ လူတွေဟာ တွေ့လိုက်ကြ၊ ခွဲခွာလိုက်ကြနဲ့ သံသရာလည်နေကြတာပါ၊ နောက်ပြီး ကျုပ်က အခုမကြာမီ တစ်ခေါက်ပြန်လာဦးမှာပါ' ဟု ပြော၏။

ဝေဝေရန်က....

'ဘယ်လောက်ကြာမှာလဲ' ဟု မေးပြန်၏။

ဝမ်လင်းရိုက....

'အကြာဆုံး တစ်ပတ်ပေါ့ ဝေဝေရန်ရယ်၊ ဟိုမှာ သိုင်းပြိုင်ပဲအခြေအနေ ဘယ်လိုလဲဆိုတာ သိရရင်၊ ကျုပ်အဖို့ စိတ်အေးသွားရတာပါပဲ့ စိတ်ချပါဝေဝေရန့်ရယ်' ဟု ပြော လိုက်၏။

ဤတွင် ဝေဝေရန် ဘာမျှမပြောတော့ဘဲ ဝမ်လင်းရိ မျက်နှာကို မော်ၾကည့်ကာ ငိုင်နေလေ၏။

အမှန်တော့လည်း ဝေဝေရန်၏ အပျိုစင်ဘဝတွင်လည်း ဝမ်လင်းရိလို ယောကျ်ားပီသရုံမက အဘက်ဘက်တွင် ထူး ချွန်သော ယောကျ်ားမျိုးကို ဝမ်လင်းရိ တစ်ယောက်ကျမှ တွေ့ဖူးရသည် မှုတုတ်လား။

ဖခင်ကြီးကလည်း သမီးကလေးကို သာမန်ယောကျ်ား တွေက ကြည့်ကြသည်ပင်လျှင် အကြည့်မခံလိုပါလျက် စကား ပြောပြန်လျှင်လည်း စကားအပြောမခံချင်ပါလျက် ဝမ်လင်း နှင့် ကျတော့ ထူးထူးခြားခြား အတူသွားအတူနေ ရှိစေခဲ့ သည်။

ဖခင်ကြီးကိုယ်တိုင် ဝမ်လင်းရိလို ယောကျ်ားတစ်ယောက် ကိုသာ သမက်ရွေးချယ် တော်စပ်လိုကြောင်း သိသာထင် ရှားနေပါတော့၏။

ဝေဝေရန် အတွေးစိတ်ကူးမျှားဖြင့် ငေးငိုင်နေသည့် အခိုက် ဝမ်လင်းရိက ဝေဝေရန်၏ မွေးညင်းနုကလေးမျှား ပြည့် နုထွေးထွေး လက်ကလေးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်လေရာ အခုတော့မှ ဝမ်လင်းရိ ကိုင်လိုက်သည့် အထိအတွေ့ကို သိလိုက်ရသည်နှင့် တစ်ကိုယ်လုံး ဆတ်ခနဲ ပင် တုန်သွားလေ၏။

ကြည့်စမ်း၊ ယောကျ်ားမျှားနှင့် ရင်ပေါင်တန်းကာ ညှင်းသမား အကျော်အမော်မျှားဖြစ်ပါစေ၊ ဘာမထီ ဘာနည်စိတ်ဓာတ်မျိုးဖြင့် ဝုံဝုံစားစား တိုက်ခိုက်ခဲ့ဖူးသော ခဲ့ကလေးသည် ဝမ်လင်းရိလိုလူတစ်ယောက်က လက်အစုံကို ကိုင်လိုက်ရုံနှင့် တစ်ကိုယ်လုံး တုန်လှုပ်သွားပါပကောလား။

သို့သော်ငြားလည်း ဝေဝေရန်ကမူ သူမ၏ လက်ကလေး များကို ရုန်းဖယ်ခြင်းမပြုတော့ပါပေ။ ဝမ်လင်းရိကမူ....

'သွားတော့မယ်နော်' ဟု ပြောပြီး သူဆုင်ကိုင်ထား သော လက်ကလေး အစုံကို မလွှတ်ချင်ပါပဲ လျက် နှင့် မြစ်ဆိပ်ရေစပ်သို့ ဆင်းသွားလေ၏။ ထို့နောက် ထေ ပေါ်သို့ တက်လိုက်ပြီး မြစ်ကမ်းနဖူးတွင် ရပ်လျက် လက်ပြ နှုတ်ဆက် ကျန်ခဲ့သော ဝေဝေရန်အား ပြန်လည်၍ လက်ပြ နှုတ်ဆက်လိုက်လေ၏။

ဦးလေး ရန်ဝေမှာ အစပထမတော့ သူတို့ကလေးတွေ နှစ်ယောက် အခုလောက် စိတ်ခံစားမှု ရှိကြလိမ့်မည် မထင်ခဲ့ သည့်အတွက် ပျော်စေပျက်စေ ကလက်စေ နောက်ပြောင် ကျီစယ်လိုက်ဦးမည် စိတ်ကူးရှိခဲ့ပါ၏။

သို့သော်လည်း အခု သူတို့နှစ်ဦးစလုံး၏ အပြန်အလှန် သံယောဇဉ်ကြိုးကြီးမား ခိုင်နေခြင်းကို မျက်ဝါးထင် တွေ လိုက်ရသောအခါ မိမိကိုယ်တိုင်ပင်လျှင် တစိတ်တဒေသ ခံစားမိကာ ဘာမျှ ဝေဖန်စောကြောခြင်း မပြုမိတော့ ပါပေ။

လှေမှာ မြစ်လယ်ကို ကျော်လာသည်အထိ ဟိုမှာဘက် မြစ်ဆိပ် ကမ်းနဖူးတွင် ဝေဝေရန် ရပ်တည်လျက် အရိပ်မည်း ကလေးအဖြစ် မြင်နေရသောအခါ ဝမ်လင်းရိ ပို၍ စိတ် မကောင်း ဖြစ်ခဲ့ရပြန်၏။

ကူတို့ဆိပ်သို့ ရောက်လာသောအခါ ဦးလေးကျင်ဖောင်

နှင့် ကွာစန်းတို့က ဝမ်လင်းရီ၏ မြင်းနှစ်ကောင်ကို အသင့် ဆွဲကိုင်၍ စောင့်ဆိုင်းနေလေ၏။

ဝမ်လင်းရိက....

'ကျေးဇူးပါပဲ ဦးလေးကျင်ဖောင်' ဟု ပြောကာ မြင်း ဇက်ကြိုးများကို ဆွဲလိုက်လေ၏။

အိပ်ယာလိပ်များမှာ ဦးလေးကျင်ဖောင်တို့ ကူးတို့လှေ တွင် ပါလာခဲ့ပြီးဖြစ်၍ ယခုအခါ မြင်းများ၏ ကျောပေါ်သို့ ရောက်နေပြီဖြစ်၏။

ထို့နောက်တော့ ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့သည် ကျုံကင်းမြို့ကြီးဆီသို့ တူရှုပြုလျက် မြင်းများကို ဒုန်းစိုင်းလာ ခဲ့ကြလေ၏။

ကျုံကင်းမြို့ကြီးမှာ အဝေးကသာ တုံဆောင် ပြဆာဒ် ကွေ့ကို လှမ်းမြင်ရသည်။

ခရီးမနီးလှပေ။ နေမြင့်လာသည်အထိ ခရီးအကွာအဝေးမှ ရောက်လာသော မြစ်ဆိပ်နှင့်တွက်လျှင်ပင် တစ်ဝက်မျှသာ ရှိသေး၏။

ကိုအခါ ဝမ်းပိုက်ထဲ ဆာလောင်လာလေရကာ ဝမ်လင်း ရိက....

'ဦးလေး ရန်ဝေရေ ကျုပ်တို့ မနက်ကလဲ ဘာတစ်ခု စားခဲ့ကြသေးတာမဟုတ်တော့ ပိုက်ထဲဆာလာပြီ။ ရှေ့မှာ တွေ့တဲ့ စားသောက်ဆိုင် တစ်ဆိုင်ကို ဝင်ကြမှဖြစ်မယ်' ဟု ပြောလိုက်လေ၏။

ရှေ့ကို ဆက်၍ ဝေးဝေးမသွားလိုက်ရပေ။ လမ်းခဲ့တင်း သို့ရောက်လာသည်နှင့် စားသောက်ဆိုင်ကလေး နှစ်လုံးကို တွေ့ရလေ၏။

နှစ်ယောက်လုံး ဆာလောင်နေသည်နှင့် စားထောက်ဆိုင် နှစ်ဆိုင်ကို မရွေးနိုင်တော့ဘဲ၊ အနီးဆုံးဆိုင်ကိုသာ ဝင်ခဲ့ကြ လေ၏။

စားသောက်ဆိုင်မှာ ခရီးဝေးသွား လမ်းဘေးရှိ စား သောက်ဆိုင်များ ထုံးစံအတိုင်း အရက်သေစာကို ဦးစားပေး ရောင်းချသော စားသောက်ဆိုင်များသာ များလှပါ၏။ ဤစားသောက်ဆိုင်ကလေးမှာလည်း အရက် သေစာများ များကိုသာ ဦးစားပေး၍ ရောင်းချပုံရ၏။

ဆိုင်ခန်းထဲတွင် လူတစ်စုအရက်များသောက်ကာ သောင်း ကျန်းနေလေသည်။

မနက်ခင်း စားသောက်ခြင်းဖြစ်၍ ဆိုင်ခန်းထဲတွင် အရက် သေစာသောက်စားမည့်သူဆို၍ ထိုဆူညံဆူညံ အုပ်စုတလုံး၌ ဝမ်လင်းရိတို့နှစ်ယောက်သာ ရှိ၏။

ဝမ်လင်းရိက ဆူညံအုပ်စုနှင့် ခပ်လှမ်းလှမ်းနေရာရှိ စားပွဲ ကလေးတစ်လုံးတွင် နေရာယူလိုက်၏။

စားပွဲထိုးဟူ၍ သတ်သတ်မှတ်မှတ် မရှိပေ။ ကြွဆိုင်ရှိသူ မိသားစုအားလုံး ကြုံရာလူက ကြုံသလို လုပ်ကိုင်နေကြဟန် တူ၏။

ဆိုင်ရှင်လူကြီးက ဝမ်လင်းရိအား....

'အရက်သောက်ကြမှာလား'

ဟု စမေးလေ၏။ ထိုအခါ ဝမ်လင်းရိက....

'ပေးဗျာ၊ အရက်တစ်အိုးနဲ့ လိုက်ဖက်တဲ့ အမြည်းစားစရာ တစ်ခုပေါ့'

ဟု ပြောလိုက်လေ၏။ ဦးလေးရန်ဝေက ဆူညံဆူညံ အုပ်စုကို လှမ်းကြည့်နေရာမှ ဝမ်လင်းရိအား လက်တို့၍ ပြော လာ၏။

'ဝမ်လင်းရိ၊ ဟိုဆူညံဆူညံ အုပ်စုကို အသေအချာ ကြည့်စမ်း၊ ဝေဝေရန်ကို လာတိုက်ခိုက်တဲ့လူတွေနဲ့ တူသလားလို့ ဟူသောစကားကို ကြားလိုက်ရသဖြင့် ထိုလူအုပ်စုကို အသေ အချာ ပြန်ကြည့်မိလေ၏။

ဝမ်လင်းရိရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။ ဦးလေးရန်ဝေ မျက်စိကောင်းလှပါသေးသည်ဟု ဆိုရမည်ဖြစ်ပေ၏။ အတော်ကို တူညီနေသည်ကို တွေ့လိုက်ရလေ၏။

'ဟုတ်တယ်ဗျို့ သေချာတာပေါ့၊ သူတို့ကလဲ ကျုပ်တို့ကို သိနေပုံရတယ်၊ သတိတော့ထားရမှာပဲပေါ့ဗျာ'

'ဆိုင်ရှင်က အရက်အိုးတစ်အိုး၊ အရက်ခွက် နှစ်ခွက်နှင့် ဝက်သားအခေါက်ကင်သုတ်တစ်ပန်းကန် လာချသည်နှင့် တစ်ပြိုင်နက်တည်း ဆူညံဆူညံအုပ်စုမှ ခေါင်းဆောင် ဖြစ်ဟန်တူသော မျက်နှာပြဲပြဲလူကြီးတစ်ယောက် ဝမ်လင်းရိတို့စားပွဲရှေ့သို့ ရောက်ရှိလာကာ....

'ကျုပ်ညီကို ကျုပ် တွေ့ဖူးသလိုပဲ'

ဟု အရက်မူးနေသည့်အသံနှင့် ပြောလေ၏။ ဝမ်လင်းရိက....

'တွေ့ဖူးသလိုပဲလို့ ထင်ရင်လဲ ထင်တဲ့အတိုင်း ထားလိုက်ပေါ့ဗျာ'

ဟု ပြန်ပြောလိုက်လေ၏။ မျက်နှာပြဲပြဲလူကြီးက 'ဟင်း... ဟင်း' ဟု ရယ်မောကာ အရက်အိုးကို ကောက်ကိုင်၏။

'ဖြတ်'

ဝမ်လင်းရိက လက်မြန်သည်။ ထရပ်ကာ လူကြီး လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်လိုက်လေ၏။

ထို့နောက်....

'နေဦး'

ဟု ပြောကာ အရက်ခွက်နှစ်ခွက်တွင် အရက် တစ်ဝက်စီ ထည့်ပြီး တစ်ခွက်ကိုလူကြီးအားပေး၍ တစ်ခွက်ကို ဝမ်လင်းရိက ကိုင်လိုက်၏။ ပြီးလျှင်...

'ဒီအရက်ကိုသောက်ချင်ရင် ပြိုင်ပွဲလေးတစ်ခုတော့ လုပ်ဖို့ တာပေါ့၊ ကဲ မြောက်လိုက်ပါဦး' ဟု ပြောလိုက်၏။

မျက်နှာပြဲပြဲလူကြီးနှင့်ဝမ်လင်းရိတို့သည် အရက်ခွက်ချင်းကပ်လျက် တစ်ဖက်နှင့်တစ်ဖက် တွန်းတိုက်ကြပါလေတော့သည်။

ထိုအခါ သူတို့အနီးသို့အားလုံး ဆိုင်ရှင်လူကြီး အပါအဝင်ပြင်းအုံလာကြလေတော့၏။

ဤပြိုင်ပွဲမျိုးကား ကြုံတောင့်ကြုံခဲ့ ပြိုင်ပွဲမျိုး မဟုတ်ပါကား။

'ဟေး ဟေး ဟေး'

ဆူဆူညံညံအုပ်စုက ညာသံပေးကြလေ၏။

သို့သော်....

သူတို့လူ၏ အတွင်းအား လျော့နည်းနေသည်ကို သိလာရသောအခါ ငြိမ်ကျသွားလေ၏။

ထို့နောက်....

ဝမ်လင်းရိက အရက်ခွက်နှစ်ခွက်ကို သူတစ်ယောက်တည်း တစ်ခမ်းချင်းကပ်လျက်ဆိုင်၍ တွန်းပြလိုက်သော အခါတွင်ကား အရက်ခွက်အတွင်းရှိ အရက်များမှာ တဖြည်းဖြည်း ပွက်ကာ အငွေ့များထ၍ လာပါလေတော့၏။

'ဟာ'

'တင်'

'အို'

အားလုံး မျက်လုံးမျက်ဆံ ပြူးသွားကြပါလေတော့။ ထိုပြင်ပဲ ပြီးဆုံးသွားသောအခါ ဆူဆူညံညံ အုပ်စုဖွဲ့ မဆူညံနိုင်တော့ဘဲ အေးဆေးစွာ စားသောက်ဆိုင်ထဲမှ ပြန်လည် ထွက်ခွာသွားကြပါလေတော့၏။

'ဒီကောင်တွေဟာ ဓားနန်းရှင်ကလူတွေပဲ ဖြစ်လိမ့်မယ်၊ ကျုပ် သူတို့ကို ကောင်းကောင်း မှတ်မိဘယ်'

ဝမ်လင်းရှိက ဤသို့မှတ်ချက်ချလိုက်သောအခါ ဦးလေးခန်ဧကပါ....

'ဟုတ်တယ်၊ ငါလဲသူတို့ကိုမှတ်မိနေတို့ မြင်မြင်ချင်း သတိရလိုက်တာ၊ သူတို့ဝေဝေရန်တို့သားအဖကို အန္တရာယ်ပေးမလို့ ဆုက်လာကြတာလား မသိဘူး'ဟု ပြောလေ၏။

ထို့နောက်....

အရက်ခွက်ကိုယ်စီကိုင်ကာ အမြည်းဝက်ခေါက်ကင်သုပ်ကို ဝါးဖြင့် နို့က်စားနေကြ၏။အမှန်စင်စစ်ဘာ့အရက်ကို သောက်ချင်လှ၍ မဟုတ်ပေ။

အရက်သေစာကိုသာဦးစားပေးရောင်းသော စားသောက်ဆိုင်မျိုးဖြစ်နေ၍ လူမြင်ကောင်းရန် အရက်ကို သောက်ရခြင်း ဖြစ်၏။

သို့နှင့် အရက်တစ်အိုး မကုန်သေးမီဥပင် ထမင်း စားသောက်ရန် ထမင်းနှင့်ဟင်း မှာလိုက်လေ၏။ ထမင်း စားသောက်ရင်း ဝမ်လင်းရိက....

'ဦးလေးရန်ပြောတာ အများဆုံးဖြစ်နိုင်တယ်၊ သူတို့ ဝေဝေရန်တို့သားအဖကို အန္တရာယ်ပေးကြဖို့ ရောက်လာကြတာသဖြစ်နိုင်တယ်၊ ကျုပ်ဖြင့် သူတို့သားအဖအတွက် စိတ်ပူလိုက်တာ ဦးလေးရန်ရေ့ယ်၊ အကယ်လို့ များ သူ့အဖေပြောသလို ခားနန်းရှင်ကလူတွေ ဝေဝေရန်ကို ဖမ်းသွားရင်အခက်ပဲ'

ဟု ပြောပြီး ထမင်းကိုပင် ဆက်မစားတော့ဘဲလက်စသတ် သောကြောင့် ဦးလေးရန်ဝမ္မာလည်း ဘာလုပ်ဖေးရမည် မသိဖြစ်ကာ ဝမ်လင်းရိကိုကြည့်ကာ စိတ်မကောင်း ဖြစ်နေလေတော့၏။

ဝမ်လင်းရိက ဆက်လက်၍....

'ဦးလေးရန်ဝေ့ယ်၊ ကျုပ်တို့အခု ဘာ ဆက်လုပ်ရင် ကောင်းမလဲ၊ အကြံပေးစမ်းပါဦး၊ ကျုပ်တော့ ခေါင်းတောပူပြီး မစဉ်းစားတတ်အောင် ဖြစ်နေလို့ပါ' ဟု ပြောပြန်သော် ဦးလေးရန်ဝသည်လည်း ထမင်းစား လက်စသတ်လိုက်သေတော့၏။ ပြီးလျှင် သူက....

'တစ်ခုတော့ရှိတယ် ဝမ်လင်းရိ၊ မင်း အခုလာခဲ့တဲ့ ကိစ္စက တော်လဲ၊ ဘယ်သူကခိုင်းလိုက်တာလဲ ဆိုတာကို ပြန်စဉ်းစားဖို့လိုတယ်'

ဟု ပြောလေ၏။ ဦးလေးရန်ဝက ဤသို့သောစကားကို သိုက်သည်နှင့် ဝမ်လင်းရိ ချက်ချင်း သဘောပေါက်နားလည်လာတော့၏။

အမှန်ဆိုရသော် ဝမ်လင်းရိသည် ဤခရီး ဤလမ်းကို လာခဲ့သည်မှာ ဆရာကြီး နဂါးငွေ့ခား ချင်းဟုန်၏ ဘဝန်ပေးချက်အရ လာခဲ့ရခြင်းသာဖြစ်၏။

ကျုံကင်းမြို့ကြီးသို့ အရင်ဆုံး အရောက် သွားရန်သာ ဖြစ်၏။

သိုင်းပြိုင်ပွဲကျင် ပခဲ့သည်ရှိသော် ထို သိုင်းပြိုင်ပွဲကြီးတွင် ဝင်ယှဉ်ပြိုင် တိုက်ခိုက်ရန်သာဖြစ်၏။

ဤနေရာတွင် ဝေဝေရန်သည် လုံးဝ ပါဝင်ပတ်သက်သာနိုင်စကအကြောင်း လုံးဝမရှိပါပေ။

သို့ပါလျှင် ဝမ်လင်းရိက အခုလို ဝေဝေရန်တို့ သားအဖ အရေး အမှိကထားပြီး မျော်တွေးနေမည်ဆိုပါမူ ဝမ်လင်းရိ၏ အမှိကရည်ရွယ်ချက်များ သဲထဲရေသွန် အရာမတင် ဖြစ်ပေတော့မည်။

ထိုသို့တွေးမိသောအခါ ဝမ်လင်းရိုက လေပူသက်ပြင်းတစ်ချက်ကို မူတ်ထုတ်လိုက်လေ၏။

'ဟုတ်တော့ ဟုတ်ပါတယ် ဦးလေးရန်ဝေရာ၊ ကျုပ် ခရီးစဉ်၊ ကျုပ်ရည်ရွယ်ချက်တွေထဲမှာ ဝေဝေရန်က ပါဝင်ခဲ့တာ မဟုတ်ပါဘူး'

ဝမ်လင်းရိုက စိတ်ဖျက်အားငယ်လှစွာဖြင့် ပြောလိုက်လေ၏။

သူ့အဖြစ်ကို အသိဆုံးသောသူမှာလည်း ဦးလေးရန်ဝေသာလျှင် မဟုတ်ပါလား။

ခက်နေသည်မှာ ဝမ်လင်းရိမှာ ကြီးမားသောရည်ရွယ်ချက်တစ်ခုနှင့် လာခဲ့သော လူငယ်တစ်ယောက် ဖြစ်နေခြင်းပင်။

တစ်ဖက်ကပြန့်ကြဲလိုက် ပြန်တွေးလိုက် ပြန်တော့လည်း လူငယ်လူရွယ် အသဲနှလုံးသားတို့မှာ အချစ်အတွက်ထင်ပြီး ခံစားနေတတ်သောအခါ ထိုအကြောင်းတရားနှစ်ခုက တစ်ခုကိုတစ်ခု ဆန့်ကျင်ဘက်တွေဖြစ်လာသည် မဟုတ်ပါလား။

ဝမ်လင်းရိသည် သက်ပြင်းတစ်ချက် ချလိုက် ပြန်လေ၏။

'မင်းလဲ ဝယ်တော့တာမှမဟုတ်တာပဲကွယ်၊ ခုနေအခါမှာ တို့ပြည်နဲ့လူမျိုးအရေးကိုပဲ လူတိုင်းလူတိုင်း အဓိကထား ဆောင်ရွက်နေကြရတာ မဟုတ်လား၊ ဒီတော့ နှလုံးသားအရေးကို ဘေးဖယ်ထားသင့်တာကတော့ အမှန်ဆုံးပဲ'

ဦးလေးရန်ဝေစကားက ဝမ်လင်းရိကို သတိရစေသည်မှာ အမှန်ပင် ဖြစ်ပါ၏။

'သူတို့သားအဖအတွက် မင်းပူပန်မယ်ဆိုလဲ ပူပန်စရာပါပဲ သား၊ ဒါပေမယ့် သူတို့လဲလိုအပ်တဲ့ အစီအစဉ်တွေ ကြိုတင် ဆင်ခြင်ထားပြီပဲ၊ အခုလောက် စိုးရိမ်စရာမလိုပါဘူး၊ ဝေဝေကိုလဲ တစ်ကိုယ်ရေလုံခြုံရေးအတွက် အရိပ်ပြေးသိုင်းကွက်ဘောင် မင်းကိုယ်တိုင်သင်ပေးခဲ့တယ် မဟုတ်လား'

ဦးလေးရန်ဝေက အခုလိုဖြေပြီးပြောပေးတော့မှပဲ ဝမ်လင်းရိစိတ်ထဲ ပူလောင်နေသမျှ အေးမြရှိသွားရပါလေတော့သည်။

စားသောက်ဆိုင်က ဝမ်လင်းရိတို့အထွက်တွင်ကား သိုင်းသမား ခုနစ်ယောက် စာစ်ယောက်တစ်နေရာ ကြိုတင်စောင့်နေကြလေ၏။

ဝမ်လင်းရိက အသေအချာ ကြည့်လိုက်လေ၏။ အားလုံးကာ်နက်ပုံစံအမျိုးမျိုး ကိုင်ဆောင်ရှိ စောင့်နေ ကြလေသည်။

ရှေ့ဆုံးက မျက်နှာပြုပြုလူကြီးကား ဆောင်ခားအပြင်နက်ရောင်ကျဉ်ပတ်ကြိုးကြီးတစ်ချောင်းကို ကိုင်ထား၏။

ကျန် သိုင်းသမားခြောက်ယောက်တို့မှာကား ခား၊ ခားမာက်၊ လှံ၊ လေးမြားအစရှိသော လက်နက်များကိုကိုင်လျက် ကြကုန်၏။

ဝမ်လင်းရိက အခြေအနေကို ခန့်မှန်းမိလိုက်သည်နှင့် ဦးလေးရန်ဝေအား....

'ဦးလေးရန်ဝေ အပြင်ကိုထွက်လိုက်မလာနဲ့နော်၊ ကျုပ်ပြောတ်ရှင်းမယ်'

ဟု မြောပြီး ရန်သူသိုင်းသမားကြီးရှိရာသို့ ခပ်မှန်မှန်လျှောက်လာပြီး....

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလာ လုပ်နေကြတာလဲ'

ဟု မေး၏။

ခေါင်းဆောင်ဖြစ်ဟန်တူသော မျက်နှာပြုကြီးက ဝမ်လင်းရိ မေးသည်ကိုမဖြေဘဲ ဟားတိုက်ရယ်မောပါလေတော့၏။

သူက ဟားတိုက်ရယ်မောနေသောအခါ ကျန်လူအားလုံးကပါ လိုက်၍ရယ်လိုက်ကြပြန်၏။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

ရယ်၍အားရတော့မှ မျက်နှာပြုလူကြီးက လက်ထဲက ကျာပွတ်ကို ခွေလျက်ကိုင်ထားရာမှ ဖြန့်ချပြီး ဖြောင်းခနဲ ရိုက်ချပြလိုက်လေ၏။

'ဖြောင်း'

ကျာပွတ်ကြိုးကြီး၏ရိုက်ချက်မှာ ပြင်းလွန်းသဖြင့် မြေကြီးပေါ်တွင် လက်မောင်းအနက်ပမာဏအနက်ရှိ မြောင်းတစ်မြောင်း ဖြစ်သွားလေ၏။

ထို့ကြောင့်လည်း ဤကျာပွတ်ရိုက်ချက် တစ်ချက်ထိရုံနှင့် ရင်ထိလျှင်ရင်ကွဲ၍ ကျောထိလျှင် ကျောကွဲသွားနိုင်ပါ၏။

ထို့နောက် လေးကိုင်းသမားက ရှေ့သို့တစ်ပတ်ကျွမ်းပစ်၍ ထွက်လာပြီး လေးကိုင်းကိုမြားတစ်စင်းတပ်၍ ဆွဲတင်လိုက်ကာ အုန်းပင်ပေါ်သို့ချိန်ရွယ်၍ ပစ်လွှတ်လိုက်လေရာ မြားတံသည် ဝှစ်ခနဲ ရှန်းထွက်သွားကာ အလုံးနှစ်ဆယ်ခန့် အကြီးအသေးမြွတ်ခဲ၍သီးနေသော အုန်းသီးခိုင်ကို ထိမှန်သွားလျှင်သွားချင်း အုန်းသီးခိုင်တစ်ခိုင်လုံး ပြုတ်ကျလာပါလေတော့၏။

'ဝှစ်'

'ဒုတ်'

'ဝုန်း'

အုန်းသီးများကား မြေကြီးပေါ်သို့ ကျရောက်သွားသောအခါ တောင်တစ်လုံး မြောက်တစ်လုံး လွှင့်စဉ် သွားလေ၏။

ဝမ်လင်းရိက....

'ခင်ဗျားတို့ ကျုပ်ကို မျက်လှည့်ပြနေကြတာလား၊ ကျုပ်မှာ မျက်လှည့်ပွဲကြည့်နေဖို့အချိန်မရှိဘူး၊ ကျုပ်လမ်းက ဗယ်လိုက်ကြပါ'

ဟု ခပ်မာမာ ခပ်ထန်ထန် ပြောလိုက်လေ၏။

မျက်နှာပြုလူကြီးက....

'မင်းက တို့လို ခားနန်းရှင်ရဲ့ လူတွေကို မခန့်လေးမခန့် စားလုပ်တဲ့ သဘောပေါ့ဟုတ်လား၊ ခားနန်းရှင်ကို ယှဉ်ပြိုင်လိုတဲ့ အဓိမ္မာယ်ပေါ့' ဟု မေးပြန်၏။

ဝမ်လင်းရိုက တစ်ချက်ပြုံးလိုက်ကာ....

'ဩော်....လက်စသတ်တော့ ခင်ဗျားတို့က ခားနန်းရှင်က လူတွေပဲကိုး၊ ခုလိုတော့ တေ့ဆိုင်ဆိုင် ဘွေ့လာရဘဲ အခန့်သင့်လိုက်လေဗျာ' ဟု ပြော၍ ရှေ့တစ်လှမ်းကိုး ထွက်လာခဲ့လေ၏။

မျက်နှာမြှုလူကြီးက....

'မင်းက တို့ကို သိနေပါလား။ မင်းဘယ်သူလဲ ဘယ်ကလာတာလဲ' ဟု စိုးရိမ်တကြီးမေးလေ၏။

'ကျုပ်ဟာ နဂါးငွေ့ခားပါ၊ နဂါးငွေ့ခားဟာ မသိတဲ့အရပ်ကလာပြီး မသိတဲ့အရပ်ကို သွားနေတာ၊ သူ့ရဲ့

ဆင်ပုဇိကိုရော သိချင်သေးလား၊ မ ကောင်း သူကို ပယ်၊ ကောင်းသူကိုကယ်တဲ့'

'ဟား ဟား ဟား မင်းလို မလောက်လေးမလောက်စား ကောင်ဘလောင်လေးကများ နဂါးငွေ့ခားတဲ့၊ တစ်ချိန်က ခြင်းလောက်မှာ နာယကကြီးအဖြစ်နဲ့ ရှိခဲ့ဖူးတဲ့ နဂါးငွေ့ခားဆရာကြီးရဲ့ ဂုဏ်သိက္ခာကို မင်းက ဖျက်နေတာလား'

'ခင်ဗျားရဲ့ပါးစပ်ကို ခဏလောက် ပိတ်ထားလိုက်ရင် ကောင်းမယ်'

ထိုအခါ မျက်နှာပြုကြီးက....

'ခံးနန်းရှင်ကို မရှိသေ မလေးစားလုပ်တဲ့ သူငယ်ပစားတော့လား ကဲ....သေပေတော့' ဟု ပြောကာ လက်ဝဲက ကျောပွတ်ကြီးနှင့် လှမ်းရိုက်ချလိုက်လေ၏။

'ဖြောင်း'

ဝမ်လင်းရိုကား ပြေးဝင်ရိုက်ချလာသော ကျောပွတ်ကြီးကို လွှတ်အောင် ရှောင်လိုက်နိုင်ရုံမကဘဲ ကျောပွတ် အလယ်လောက်ဆို ခုန်ပျံဝင်ကာ ခုန်ပျံရင်း ရွတ်ခနဲ ထုတ်လိုက်သော နဂါးငွေ့ခားဖြင့် ကျောပွတ်ကို ထက်ပိုင်းတိတိ ဖြတ်ချလိုက်ပါလေတော့၏။

'ဟာ....'

အလွန်ထွေရခဲသော မြင်ကွင်းကို ထပ်တွေ့လိုက်ရသဖြင့် အားလုံးအံ့အား သင့်သွားကြလေ၏။

ထိုအခါကျာပွတ်သမား နောက်ဆုတ်သွားကာ လေးကိုင်းသမား-တစ်စခန်းထကာ ဝုန်းခနဲ ခုန်ပျ ၍ နောက်ကြောတွင် ပါလာသော မြားဘူးထဲရှိ မြားမျှားမှ မြားတစ်စင်းကို ထုတ်ကာ လေးကိုင်းတွင် မြားတစ်စင်းကို တပ်လျက် ဝမ်လင်းရိ၏ ရင်ဘတ်ဆီသို့ ပစ်လွှတ်လိုက်လေ၏။

'ဝှစ် ဝှီး'

သို့သော်လည်းအလွန်အံ့ဩဖွယ်သော မြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် အားလုံး ပါးစပ်တွင် အဟောင်းသား ဖြင်သွားရပြန်ပါ၏။

အကြောင်းမူကား ဝှစ်ကနဲပြေးထွက်ကာ ဂှီခနဲ ပြေးဝင်လာသော မျဉ်းဖြောင့်လမ်းကြောင်းပေါ်က မြားတံကို ဝမ်လင်းရိက ညာလက်ဖြင့် ဖမ်းဆုပ်လိုက်သောကြောင့်တည်း။

လေးကိုင်းသမားကား မကျေနပ်သေးပေ။ နောက်ထပ်အဆိပ်လူးမြား တစ်စင်းကို ဆွဲ၍ လေးကိုင်တွင် တပ်ဆင်ချိန်ရွယ်ကာ ထပ်မ ပစ်လွှတ်လိုက်ပြန်ပါ၏။

ပစ်မှတ်ကား မပြောင်းလဲပေ။ ပမ်လင်းရီ၏ အသည်းနှလုံးသို့ပင် ပစ်၏။

ဤတစ်ကြိမ်တွင်မူ ဝမ်လင်းရိက ဗယ်လက်ကို အသုံးပြု၍ မြားဘံကို အမီဖမ်းလိုက်ပြန်ပါ၏။

'ဟာ....အို....ဟယ်'

'ဟာ' ဟူသော အမေဝိုတ်အသံမှာ ဆူညံကာ ပေါ်ထွက်လာလေတော့၏။ ဝမ်လင်းရိက လက်ထဲ ရောက်ရှိနေသော မြားတံနှစ်ချောင်းကို စုံကိုင်၍ ချိုးပစ်လိုက်ပါတော့၏။

တယောအိုကြီး၏ ကြိုးတန်းများပေါ်တွင် မြင်းမြီးထိုးတံ
ည် ကြိုးတန်းများကို ကန့်လန့်ဖြတ်လျက် အထက်အောက်
ပြားလွှားရာမှ ရှေးဟောင်းတေးသီချင်းတစ်ပုဒ် ပျံ့လွင့်လာ
ာ၏။

တယောအိုကြီးကဲ့သို့ပင် တေးသီချင်းကလည်း ရှေးအတိတ်
ကာလ တေးသီချင်းအိုကြီး တစ်ပုဒ်ဖြစ်၏။ ထို့အပြင်
ယောကြီးမှာလည်း အိုမင်းလှချေပြီ။

ဇရာဒုဗ္ဗလ၏ အရေးအစင်းများက သူ၏ မျက်နှာပြင်တွင်
ိုးနေရာယူနေပြီ ဖြစ်သည်။

ထို့သော် သူ၏ရှေ့တွင် တေးသီချင်းသံစဉ် အနွဲ့အဖြော
အကွန့်အညွန့်များနှင့်အတူ လှပသော ကကြိုး ကကွက်တို
ဆက်စပ်ပေးနေသည့် ကချေသည်မလေးမှာကား နုနယ်ပ
လှပါ၏။

ထို့သို့ တေးဂီတ ဖျော်ဖြေရေးအဖွဲ့မှာကား လူစည်ကား
ရှာ ကျုံကင်းမြို့လယ် လမ်းဘေးတစ်နေရာတွင် ကပြဖျော်
လျက်ရှိသော တေးဂီတဖျော်ဖြေရေးအဖွဲ့ပင် ဖြစ်၏။

ပရီသတ်မှာ လမ်းဘေးမက လမ်းမဘက်သို့ပင် ရောက်
သဖြင့် ဖြတ်သန်းသွားလာလျက် ရှိသော မြင်းစီးသမား
မြင်းရထားများနှင့် မြင်းလှည်းများက ဤနေရာအ ရောက်
သတိထားကြရသော အနေအထားတွင် ရှိနေပါတော့၏

ဝမ်လင်းရိနှင့် ဦးလေးရန်ဝေတို့ ကတော့ မြစ်းများ
ကဆင်းရှိပင် ပရီသတ်ကြား တိုးဝှေ့ကြည့်နေသည်။ သည်
ပွဲမျိုးကို ဝမ်လင်းရီအဖို့ အသစ်အဆန်းတစ်ခု ဖြစ်နေသည်
ယ်စဉ်ဆောင်ကျေး ကလေးဘဝက ကျုံကင်းမြို့ကြီးတွင်
ခဲ့သည်လည်း မဟုတ်။

မိမိနေခဲ့ရသောမြို့မှာ နန်စီမြို့ဖြစ်သည်။ ထိုမြို့ကား တော
ဖြစ်သည်။ ဈေးနေ့ရှိသော နေ့ရက်မျိုးတွင်သာ မြို့လယ်
ဈေးလမ်းတစ်ဝိုက် သွားသွားလာလာ လှုပ်လှုပ်ရှားရှား
ကျန်နေ့ရက်များတွင်ကား ခပ်ခြောက်ခြောက်ပင်ရှိချေ၏

သည်မှာက မိမိတို့နန်စီမှာလိုမဟုတ် အတော့ကိုစည်ကား
သည်။

မြင်ကွင်းတစ်ခုလုံး သွားသွားလာလာ လှုပ်လှုပ်ရှားရှား
ရှည်းပင်။ ဈေးဆိုင်ကနားတွေကလည်း မျှားလှသည်။ ယာဉ်
တွေကလည်း သွားလိုက်ကြ၊ လာလိုက်ကြနှင့် ဂီတပွဲ၊ မျက်
ကွက်ပွဲ၊ သိုင်းကပွဲ မျိုးစုံသည်။

မည်သို့ပင် စည်ကားနေသည်ရှိစေ၊ မြင် စီးရဲမက်များဖြတ်
ကန်းလာသည့် အခါ အရိုအသေပေးကာ ဦးသုံတ်ကာ နှင့်
ဆောင်ပေးကြရသည်။

ဝမ်လင်းရိသည် ကချေသည်မကလေး ကကြိုးတစ်ကွက်ကန်
ကားတော့မည်ဖြစ်၍ လာရောက် ကောက်ခံသော ပွဲကြည့်ခ
အသူငွေကို ထည့်လိုက်သည်။

ဤသည်မှာ မိမိလည်း နောက်ပွဲစဉ်ကို မကြည့်တော့ဘဲ
ပြန်သည် ထွက်ခွာမည့်သဘောဖြစ်၏။

ဦးလေးရန်ဝေကမူ ငြိမ်ချက်သား ကောင်းနေသည်။ သူ
အခုလို ရှေးဟောင်း သီချင်းကြီးတွေကို ကြိုက်တတ်သ
ကတ်လား၊ သူကိုယ်တိုင် ဤကဲ့သို့ တယောကြီးမျိုးကို ထိုး၍
သူကိုယ်တိုင် သီဆိုခဲ့သော ရှေးဟောင်း တေးသီချင်း မျိုးကို
ဝမ်လင်းရိ ကြားခဲ့ရဖူး၏။

ထို့သော်လည်း သည်နေရာမှာကတော့ သွားစရာလာစ
ကာ ရှိနေသေးသည်ဖြစ်၍....

'ဦးလေးရန်ဝေ၊ သွားကြဦးစို့လေ'ဟု ပြောလိုက်ရ
တော့၏။

သည်တော့လည်း ဦးလေးရန်ဝေသည် မငြင်းရှာ၊ ခ
ချင်းပဲ လူတွေကြောက တိုးထွက်လာ၏။ သူ့ဘေးတွင် ဦ
သော ဝမ်လင်းရိပင် သူနှင့်အတူ လူကြားထဲက တိုးထွက်သ
ခဲ့သည်။ ပြီး မြင်းများထားရှိခဲ့သည့် သစ်ပင်အောက်ကိုလ
ကြသည်။

'တော်သေးတာပေါ့၊ မြင်းပေါ်က အိပ်ရာလိပ်တွေ
ဖြုတ်မသွားတာ'

ဟု ဝမ်လင်းရိက ပြောလိုက်သောအခါဦးလေးရန်ဝေက

'မြင်းစီးရဲမက်တွေ ရှိနေတာပဲ မလှုပ်ရဲပါဘူး'

ဟု ပြောရင်း မြင်းဇက်ကြိုးတွေကို သစ်ပင်ကိုင်း၌ ခ
ထားရာမှ ဖြည်နေသည်။

ပြီး သူက....

'တို့ ဘယ်ကိုအရင်သွားကြမလဲ ဝမ်လင်းရဲ'

ဟု မေး၏။ မှန်သည်။ ကျုံကင်းကိုရောက်လျှင် သူကြ
ကြီး ပန်ဟုန်မင်း၏ မြင်းဇောင်းတစ်ခုတွင် မြင်းထိန်းလုပ်ကိ
နေသူ ကျွမ်းအယ်ဖန်ထံ သွားရောက်ရန် အစီအစဉ်ရှိသည်
နောက်ပိုင်း ရဆေ့ကြီးနှင့်တွေ့ခါမှ အရှေ့ဘက် မြို့တော်

က ပန်းပဲဆရာကြီးနှင့်တွေ့ဖို့ အစီအစဉ်ကလည်း ရှိနေ
ည်။

ဆိုအစီအစဉ်နှစ်ခုမည်သည့်အစီအစဉ် စလုပ်မည်ကိုဦးလေး
ဝ မေးလိုက်ခြင်း ဖြစ်သည်။ ဝမ်လင်းရိက ကောင်းကင်
မှာ့ကြည့်လိုက်ပြီး....

'လောလောဆယ် မုနက်စာ စားကြရင် ကောင်းမယ်ထင်
ယ်'ဟု ပြော၏။

ဦးလေးရန်ဝေကပါ ဝမ်လင်းရိနည်းတူ ကောင်းကင်ကို
ကြည့်ပြီး....

'အေး ဟုတ်တယ်၊ အချိန်ကမနည်းတော့ဘူး၊ တော်တော်
တောင်မမီမြောက်မမီ ဖြစ်နေဦးမယ်၊ မုနက်စာ စား
ကြတာပေါ့ ကောင်းပါတယ်'

ဟု ပြော့သည်။

ဒို့နောက် မြင်းများစီး၍ ရှေ့ဘက် ဆက်လက်လာခဲ့ကြ
ည်။ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ချေပြီ။

'ဒိတ်တိုင်းကျ စားသောက်ဆိုင်'

ဆိုင်းဘုတ်ကို ဝမ်လင်းရိကမော့ကြည့်ပြီး ဦးလေးရန်ဝေ
ပြန်လှည့်၍ကြည့်ကာ....

'ဒီမှာပဲ ဝင်လိုက်ကြတာပေါ့'

ဟု ပြောလိုက်သည်။ ဦးလေးရန်ဝေက ခေါင်းညိတ်သည်။ ထို့နောက် မြင်းပေါ်ကဆင်းကြသည်။ မြင်းများကို မြင်းချည်တိုင်တွင် သွားချည်လိုက်သည်။

ဝမ်လင်းရိုက....

'ဦးလေးရန်ဝေ၊ အိပ်ရာလိပ်တွေကိုထားခဲ့လို့ရမလား'

ဟု မေး၏။

ဦးလေးရန်ဝေက....

'တို့ကကြာမှာဆိုတော့ ယူခဲ့ကြတာပို့ကောင်းမယ်'

ဟု ပြောသည်။

အိပ်ရာလိပ်ကိုယ်စီပို့ပြီး စားသောက်ဆိုင်တဝင်လာသည်နှင့် ဆိုင်တွင်ရှိနေကြသူအားလုံးက အဝေးက ညှို့သည်ဟု မှန်း သိလိုက်ကြသည်။

ဤစားသောက်ဆိုင်မှာ မြို့ကြီးတစ်မြို့က စားသောက်ဆိုင်ဖြစ်နေသည့်အလျောက် ဖောက်သည် ညှို့သည်တွေက နေ့စဉ် မထူးခြား။ ရှိသောစားပွဲထက်ဝက်လောက်တွင် စားသောက်နေကြသူတွေ ရှိသည်။

ဝမ်လင်းရိတို့က တောင်ဘက်ပြတင်းပေါက် နေရာနား စားပွဲတစ်လုံ တွင် နေရာယူလိုက်ကြသည်။

သည်မှာ စီတော်မောစရာက စားသောက်စရာမှာကြား၍ ညှို့ စားပွဲထိုးလူကြီးက....

'ကျုပ်တူတို့ကို ကြိတင်ဆတိပေးရဦးမယ်၊ နောက်စားပွဲက လာတွေဟာ နယ်စားကြီး တိန်ယုမိန်ရဲလူတွေဆိုတဲ့ အကြောင်း

ဟု ခပ်တိုးတိုးပြောသွားသော စကားဖြစ်သည်။

ဦးလေးရန်ဝေသည်ပင် မကြားလိုက်။ ပြောနေသည်ကို တော့ သိသည်။

သို့နှင့်....

'ဘာပြောသွားတာလဲ'

ဟု မေး၏။

ဝမ်လင်းရိက ပြန်ပြောပြလိုက်သောအခါ ဦးလေးရန်ဝေ ပြုံးသည်။

ပြီးခဲ့တာ့....

'တရားကျဖို့ကောင်းလိုက်တာ'

ဟု မှတ်ချက်ချ၏။

စားပွဲထိုးလူကြီး သတိပေးသွားသည်ကိုပဲ ကျေးဇူးတင်ရသည် ထင်၏။

မိမိတို့ စားသောက်နေသည့်အချိန် ခေါင်းတုံးပြောင်နှင့် လူမိုက်တစ်ယောက်က မိမိတို့စားပွဲရှိ ထိုင်ခုံအလွတ်တွင် 'ဝုန်း' ခနဲ ဝင်ထိုင်လိုက်ပြီး အရက်မှုးနေရာမှ....

'မင်းတို့ ခရီးသည်တွေမဟုတ်လား၊ ဘယ်က လာကြ ဘယ်ကို သွားမလို့လဲ'

ဟု လာမေးနေသည်။

ဝမ်လင်းရိ အတော်ကို သည်းခံနေသည်။

မိမိတို့ ဘယ်အရပ်ကလာသည်ဖြစ်စေ ဒင်းတို့နှင့်ဘာဆိုင်သည်မှတ်လို၊ ဘယ်ကိုသွားမည်ဆိုတာကရော ဒင်းနှင့် မည်သို့ပတ်သက်စရာရှိသလဲ။

ဦးလေးရန်ဝေက ဝမ်လင်းရိ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်သည်။

စားပွဲခုံအောက်မှ ဝမ်လင်းရိခြေထောက်ကို သိသိသာသာ နင်းလိုက်သည်။

သည်တော့ ဝမ်လင်းရိ ဘာပြန်ပြောရမည်မသိ ဖြစ်နေသည်။

'တူမောင်....ကျုပ်ပေးတာကိုကြားခဲ့လား၊ မကြားသေးရင် ကျုပ်ပြန်မေးမယ်၊ တူမောင်တို့ ခရီးသည်တွေ မဟုတ်လား၊ ဘယ်ကလာပြီး ဘယ်သွားမလို့လဲ'

ခေါင်းတုံးလူမိုက်က ထပ်မေးနေသည်။

ဝမ်လင်းရိက ခေါင်းတုံးလူမိုက် မိမိတို့အား အကဲစမ်းမှန်း သိလိုက်သည်။

သည်နေရာမှာ မိမိက ဇာတိသဖြင့် ပြန်လည်တုံ့ပြန်ပါက အချိန်ကုန်မည်။

ရှုံးလည်းမှကောင်း၊ အနိုင်ရတော့လည်း ကောင်းစရာ လမ်းမမြင်။

သို့နှင့် ဝမ်လင်းရိသည် ခေါင်းတုံးလူမိုက်ကို စိုက်ကြည့်နေရင်းမှ....

'ကျုပ်က ခင်ဗျားခေါင်းကို အခု ရိုက်ခဲ့လိုက်လို့ရတယ်၊ အချိန်မတန်သေးတဲ့ ခင်ဗျားခေါင်းကို ရိုက်ခဲ့လိုက်ရင် ခင်ဗျားခေါင်းကဲ့တာထက် ကျုပ်လုပ်ရမယ့် အလုပ်တွေမှာ အနှောင့်အယှက် ဖြစ်လာမှာအမှန်ပဲဗျို့'

ဟု တွေးတောစဉ်းစားနေစဉ် ဦးလေးရန်ဝေက ဝင်ထိန်းသည်။

'ဩော်....တို့က နန်စီမြို့ကပါကွယ်၊ ခရီးသည်တွေပါ၊ သူကြွယ်ကြီး ပန်းဟုန်မင်းရဲ့မြင်းဇောင်းမှာ မြင်းထိန်းအလုပ်လုပ်ဖို့ မြင်းထိန်းကျမ်းအယ်ဖန်ခေါ်ထားလို့ သူ့ဆီကို အခု သွားကြမှာပါ'

ဟု ပြောလိုက်၏။

သည်တော့ ခေါင်းကုံးက ဝမ်လင်းရိနှင့်ဦးလေးရန်ဝေကို အသေအချာ ကြည့်သည်။

သူလိုချင်သောအဖြေမှာ သည်အဖြေမဟုတ်။

'ခင်ဗျားနဲ့ဘာဆိုင်လို့လဲ'

ဆိုသော အဓမ္မစကားမျိုးဖြစ်သည်။

အခုတော့ ခေါင်းတုံးဘာဆက်ပြောရမည်မသိ ဖြစ်သွား၏။

သို့နှင့် ခေါင်းတုံးသည် မေးကိုအကြိမ်ကြိမ် ပွတ်နေလေ၏။

သည်နေရာတွင် ဝမ်လင်းရိုက မိမိသောက်မည့်အရက်ထည့်ပြီးသားအရက်ခွက်ကို ခေါင်းတုံးရှေ့သို့ ထိုးပေးလိုက်သည်။

ခေါင်းတုံးက မမျှော်လင့်သောအပြုအမူကို တွေ့လိုက်ရသဖြင့် အံ့သြသွားဟန်တူသည်။

'ငါဟဲ့ယောကျ်ား၊ ဘယ်လိုသတ္တဝါမျိုးမှ ငါ့ကို မယှဉ်ဝံ့ပါကလား၊ ငါဟာ တယ်ဟုတ်ပါလား'

အတွေးလည်း ဝင်သွားပုံရ၏။

ဝမ်လင်းရိုက...

'သောက်ပါ ဖိတ်ဖြစ်ဆွေဖြစ်ပေါ့'

ဟုပင် ပြောလိုက်သည်။

ခေါင်းတုံးက အရက်ခွက်ကို တမင် တွန်းတိုက်ပစ်လိုက်သည်။

အရက်ခွက်မှာ အရက်တွေမှောက်ပြီး လိမ့်သွား၏။

'ဝမ်ခွပ်'

အရက်ခွက်မှာ ကြမ်းပြင်ပေါ်တွင် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားခေါ်ပြီတကား။

ဦးလေးရန်ဝေက သူသောက်မည့်အရက်ခွက်ကို ခေါင်းတုံး၏ လက်ထဲသို့ အသေအချာ ထည့်ပေးလိုက်သောအခါတွင်ကား ခေါင်းတုံးမှာ နှောက်ထပ် မည်သည့် ပြဿနာကိုမျှ မဖန်တီးတော့ပြီ။

ဝမ်လင်းရိုကမူ ရင်ထဲက ပြုံးလိုက်မိပါလေတော့၏။

သိုင်းလောကတွင် ရုပ်လက္ခဏာကို တွေ့မြင်လိုက်ရုံနှင့် လူဆိုး လား လူကောင်းလား ခွဲခြားနားလည် နိုင်လောက်သော အာရုံမျိုး မိမိမျက်စိတွင် ရှိနေသည်ထင်၏။

သို့သော်လည်း သည်သိုင်းသမားကြီးက သစ်ပင်ပေါ်က ခုန်ပျံ ကျဆင်းလာပြီးနောက် မိမိအား မမေးမမြန်းနှင့် ဆောင်ခေါ်ကို ထုတ်ကာ တိုက်ခိုက်ရန် ဟန်ရေးပြင်နေ၏။

သည်တော့လည်း ဝမ်လင်းရိမှာ မပြေးသော်ကန်ဆုံရှိ တော့သည်။ ရန်ကိုရန်ချင်း မတုံ့နှင်းလိုသော်လည်း ဤနေရာ တွင် သူက မိမိအား အကြောင်းမဲ့ တိုက်ခိုက်အနိုင်ယူတော့ မည် မဟုတ်ပါလား။

ထို့ကြောင့် လက်ထဲက အိပ်ယာလိပ်ကို အရင်ခုံး အပြာ ရောင်ဝတ်စုံ သိုင်းသမားကြီးမျက်နှာသို့ အတွင်းအား ကို အသုံးပြုပြီး ပစ်သွင်းလိုက်သည်။

'ဗိုး ဟူး ဟူး ဟူး'

'ဖောင်း'

လေခွံသံတိုးတိုက်မိသည့်အသံကို အရင်ဆုံးကြားလိုက်ရ၏။ ယခုလို အတွင်းအားနှင့် ပစ်သွင်းလိုက်သော အရာကိုကား သာမန်သို့ သမားအဖို့ ရှောင်တိမ်းရန်မလွယ်။ အိပ်ရာလိပ် နှင့်သာ တပါတည်း ကျမ်းထိုးမှောက်ခုံ နောက်ဘက်သို့ လွှင့်စဉ်လဲကျသွားရန် အကြောင်းရှိ၏။

အခန်း [၂၆]

အရိပ်မည်းတစ်ခု ရှေ့တည့်တည့်က ဝိုးကနဲကျရောက်လာ သည်ဆိုသည်ကတည်းက ဝမ်လင်းရိက အနီးတွင်ရှိနေသော ဦးလေးရန်ဝေကို တစ်ဖက်သို့ တွန်းထုတ်လိုက်လေ၏။

'ဗိုး ဘုတ်'

အမြင့်မှကျရောက်လာသော အရိပ်မည်းကား စင်စစ် အရိပ်မည်းမဟုတ်။ ဝတ်စုံပြာ ဖားဖားကြီးကို ဝတ်ထား သော ကျားကျားယားယား သိုပ်းသမားကြီးတစ်ယောက် ဖြစ်နေသည်။

သူ့ကိုကြည့်ရသည်မှာ ခေါင်းတုံးပြောင် လူမိုက်ပုံမျိုး မဟုတ်။ သည်လောက်တော့ဖြင့် ဝမ်လင်းရီ သိနေသည်။

အခုတော့အပြာဆောင် သိုင်းသမားကြီးက ရှောင်တိမ်းခြင်း မပြုပဲပြေးဝင်လာသော အိပ်ဈာလိပ်က ပြန်လည်ရိုက်ထုတ်လိုက်လေ၏။ အံ့သြစရာ ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

အိပ်ဈာလိပ်သည် မိမိဘက်သို့ပင် ပြန်လည်မြောက်တက် လာနေပါမကောလား။

ဒုတိယအကြိမ် တန်ပြန်ရိုက်ချက် ဖြစ်သဖြင့် လွှင့်စဉ်လာသည့် အရိန်မှာ လျော့ကျသွားပြီဖြစ်သည်။ ဗမ်လင်းရိုက အားမာန်အယာ တိမ် ရှောင်လိုက်ရလေတော့သည်။

ဦးလေးရန်ဝသည် သစ်ပင်ကို အာကာအကွယ်ယူ၍ ရှာကြည့်နေမိလျက်သား ရှိ၏။ ဝင်ကူညီရလျှင် ကောင်းမလား မိမိစင်ကူညီတော့ရော ထူးခြားမည်လား။ ဗမ်လင်းရိုကိုကား ကူညီရန်မလို၊ သိုင်းသမားတစ်စု တစ်ဖွဲ့ လာရောက်တိုက်ခိုက်စေဦး သည်သိုင်းသမားမျိုးမှ မဟုတ်ပေပဲကလား။

ထို့ကြောင့်လည်း ဦးလေးရန်ဝက အခြေအနေကိုပဲ စောင့်ကြည့်နေလိုက်မိသည်။

ဤသို့ စောင့်ကြည့်နေသည့်အခိုက် တိုက်ပွဲအဖွင့်ကို အိပ်ဈာလိပ်ကြီး တို့ မှသည်မှ ပစ်သွင်းတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဒုတိယအကြိမ်မှာကတော့ အလှည့်ကျ သဘောအရလည်း အပြာသိုင်းသမားကြီးကသာ စတင်တိုက်ခိုက် ရတော့မည် ဖြစ်၍ အပြာသိုင်းသမားကြီးသည်၊

'ယား....'

ဟူသော အားမြှုသံနှင့်အတူ ဝမ်လင်းရိအား ပြေးဝင် တိုက်ခိုက်ပါလေတော့၏။

'ဝှစ် ဝှစ်'

'ဟူး ဟူး'

ခေးသံမှာ ခေးခေးခွင်းထိခတ်သံ မကုတ်တဲ့၊ ခေးတစ် စင်းတည်းက လေထုခွဲနေသော အသံသာ ပေါ်ထွက်လာ၏။ မှန်သည်။ တိုက်ကွက်တွင် အပြာ သိုင်းသမားကြီးက အား မာန်ဖြင့် ဝမ်လင်းရိကို အသဲအမဲ လိုက်လံထိုးခုတ် တိုက်ခိုက် နေခြင်းဖြစ်သည်။

ဝမ်လင်းရိက ခေးကို မထုတ်ဘဲ ရှောင်၍သာနေ၏။

'ဝှစ်'

'ဝှစ်'

အပေါ်ပိုင်းကို ဂိုက်၍ခုတ်သော်လည်းမရ၊ ဝမ်လင်းရိက ခန္ဓာကိုယ် အောက်ပိုင်းကို ကော့၍ရှောင်သည်။

အောက်ပိုင်းကို သိမ်းယူခုတ်သော အခါကျတော့လည်း အချည်းအနှီးပင်။ ဝမ်လင်းရိက ခြောက်ဘက်သွားခြင်းဖြင့် ခေးချက်ကို လွှတ်အောင်ရှောင်သည်။

ထို့နောက် ခေါင်ကုန်းဆင်ခြေလျောကို ပြေးတက်ခဲ့ သည်။ ဤသည်မှာ အပြာသိုင်းသမားကြီးကို မြှား၍ ခေါ် လာခြင်းဖြစ်သည်။

အောက်ဘက်မှာက လမ်းပေါ်မှာဖြစ်နေသည်။ အသွား အလာရှိနိုင်သည်။ တိုက်ကွင်းအနေအထားအရ ကျဉ်းနေသည်။

ဝမ်လင်းရိ တောင်ကုန်းထိပ်သို့ ရောက်သောအခါ အပြာသိုင်းသမားကြီးကို စောင့်ကြို၍ နေသည်။

အတွင်းအားကို စုစည်းလျက် ရန်သူ၏ သိုင်းကွက်ကို ချိန်ဆ စောင့်ဆိုင်းနေသည်။

အခုလို ခုခံနေသည်မှာ အကြောင်းမဲ့ မဟုတ်၊ ရန်သူ၏ သိုင်းပညာအဆင့်ကို သိလို၍ တမင်အချိန်ပေးလိုက်ခြင်းပင်။

သို့မှသာ သိုင်းသမားချင်း သူက မည်သည့် သိုင်းကွက်မျိုးကို သုံးသည်။ သူ၏ပျော့ကွက် မည်သည့်အချက် ဆိုတာကို ဝမ်လင်းရိသိရမည် မဟုတ်ပါလား။

ယခုတိုက်ခိုက်ခဲ့သမျှကို လေ့လာဆန်းစစ်လိုက်ပါမူ ရန်သူ အပြာ သိုင်းသမားကြီးသည် သိုင်းကွက်တစ်ကွက်ကို အခြေခံထား၍ တိုက်ခိုက်နေသည် မဟုတ်၊ ရောထွေးသိုင်းကွက်ကိုသာ အသုံးပြု၍ တိုက်ခိုက်နေ၏။

ဤသည်မှာလည်း အပြာသိုင်းသမားက သူ၏ သိုင်းကွက်ကို အတိအကျ ထုတ်မပြလိုသည့်သဘော ဖြစ်သည်။ လျင်လိုက်ပါပေ။

မည်သို့ဆိုစေ အဆင့်မြင့်သိုင်းသမား ဆိုတာကိုတော့ဖြင့် ဝမ်လင်းရိ သိလိုက်လေ၏။

အပြာသိုင်းသမားကြီးသည် တောင်ကုန်းပေါ်သို့ ကိုယ်ဖော့ပညာကို အသုံးပြု၍ လှစ်ခနဲ ခုန်ပျံတက်လိုက်လာလေ၏။ ဤအချက်တွင် မိမိက ကိုယ်ဖော့ပညာကို မသုံးဘဲ တက်ခဲ့သူ ဖြစ်၍ သိုင်းသမား တစ်ယောက်အနေနှင့် သူ့ထက် အဆင့်နိမ့်လို ဖြစ်သွားသည်ဟုဆိုရပေလိမ့်မည်။

အပြာ သိုင်းသမားကြီးက...

'ယား'

ဟု အော်ဟစ်ကာ မိုးတစ်ပြိုက် အသဲအမဲ ရှာချလိုက်သလို သိုင်းကွက်သုံးလေးမျိုးကို ရောထွေးအသုံးပြုလျက် ဝမ်လင်းရိ ဝင်ရောက် တိုက်ခိုက်ပါလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

'ဒီး ဟူး ဝှစ်'

ဓားပြေးသံ၊ လေခွဲသံတွေက ဝမ်လင်းရိနားတွင် ညံညံသွားလေတော့၏။

သည်မှာ ဝမ်လင်းရိက အပြာ သိုင်းသမားကြီး လက်ဖောင်းကို တစ်ချက်လက်စောင်းနှင့် ရိုက်သွင်းနိုင်ခဲ့သည်။

'ဖြောင်း'

အပြာသိုင်းသမားကြီး နောက်သို့ ဟန်ချက် ပျက်မတတ် ဖြစ်နဲ့သွားလေ၏။ မခံချင်စိတ်ဖြင့် ဝုန်းခနဲ ရှေ့သို့ခုန်အုပ်ကာ....

'ယား'

ဟု အော်ဟစ်ကာ တိုက်ခိုက်ပြန်ပါ၏။ သည်တစ်ကြိမ်တွင်
မူ ဝမ်လင်းရိက အပြာသိုင်းသမားကြီး၏ဗိုက်ကို ခြေဖြင့် ကန်
ထွင်းခွင့် ရလိုက်၏။

'ဝှစ် အင့်'

'ဦး ဘုတ်'

အပြာသိုင်းသမားကြီး အတော်လေး အထိနာသွားပါ
နောက်ဘက် တောင်ကုန်း ဆင်ခြေလျှောသို့ပင် ကျရောက်
သွား၏။ သို့သော်ရန်သူမှာတိုးလာလေ၏။ အပြာသိုင်းသမား
ကြီး ကျရောက်သွားသော နေရာတွင် အစါရောင် ဝတ်စုံ
ဝတ်ထားသော မိန်းကလေးသိုင်းသမားတစ်ယောက်ကို တွေ
လာရသောကြောင့်ပင် ဖြစ်၏။

သူမက အပြာသိုင်းသမားကြီးကို လက်တစ်ဖက်ကို ဆွဲ
လိုက်သည်။ သူမ၏အကြည့်ကမူ ဝမ်လင်းရိကိုသာ စူးစူးစိုက်
စိုက် ကြည့်နေသည်။

ထိုသို့ကြည့်နေရင်း တောင်ကုန်းပေါ်သို့ တစ်လှမ်းချင်း
တက်လာသည်။ သူမက ဆောင်ဓားကို မထုတ်သေးပေ။

တစ်နေရာသို့ အရောက်တွင် ရပ်လိုက်ကာ....

'ဒီမှာ....ရှင်တို့ဘယ်သူတွေလဲ၊ ဒီနေရာကို ဘာအကြောင်း
ရောက်လာကြတာလဲ' ဟု မေး၏။ ထိုအမေးစကားကို ကြား
လိုက်ရသောအခါ ဝမ်လင်းရိက စိတ်တိုင်းကျ စားသော
ဆိုင်တွင် တွေ့ခဲ့ရသော ခေါင်းတုံး လူမိုက်အမေးကို သတိ
လိုက်ပြီး တစ်ချက်ပြုံးလိုက်မိ၏။

ထိုအပြုံးကို မိန်းကလေး တွေ့မြင်သွားသည်နှင့်....

'ကျွန်မမေးနေတဲ့ အမေးမှာ ရှင့်အနေနဲ့ ပြုံးချင်စရာများ
ပါနေလို့လား' ဟု မေးနေ၏။

ထိုအချိန်တွင် ဝမ်လင်းရိ၏ နောက်တွင် ဦးလေးရန်ဝေ
ရောက်လာသလို မိန်းကလေး နောက်တွင်လည်း အပြာသိုင်း
သမားကြီး ရောက်ရှိလာ၏။

'ဩော် ဟုတ်ပါတယ်၊ မင်းမေးတဲ့ အမေးစကားမှာ ပြုံး
စရာမပါပါဘူး၊ ဒါပေမယ့် စောစောကပဲ စိတ်တိုင်းကျစား
သောက်ဆိုင်မှာ ခေါင်းတုံးလူမိုက်တစ်ယောက်က ကျုပ်တို့ကို
ဒီလိုပဲမေးခဲ့လို့ အခု မင်းကဒါကို ထပ်မေးနေတာနဲ့ ပြုံးမိတာ
ပါ၊ ကျုပ်အကြောင်းနဲ့ကျုပ်ပါ၊ ဒါနဲ့နေပါဦး၊ မင်းတို့က
ကျုပ်တို့ကို ဘာကြောင့်များ မမေးမမြန်းနဲ့ တိုက်ခိုက်ချင်ရ
တာလဲ'

ဟု မေးလိုက်သောအခါ မိန်းကလေးနှင့် အပြာသိုင်း
သမားကြီးတို့ ခေါင်းချင်း ဆိုင်သွားကြသည်။ ပြီး တီးတိုး
စကားပြောလိုက်ကြ၊ ဝမ်လင်းရိကို ကြည့်လိုက်ကြ လုပ်နေ
သည်။

ဦးလေးရန်ဝေက ဝင်၍....

'ခင်ဗျားတို့ ကျုပ်တို့ကို လူမှားနေပြီနဲ့ တူတယ်၊ ကျုပ်တို့
က ရသေ့ကြီးလွှတ်လိုက်တဲ့ လူတွေပါ'

ဟု ပြောလိုက်တော့မှ မိန်းကလေးနှင့် အပြာသိုင်းသမား
ကြီးမျက်နှာများတွင် ဒေါသရိပ်များ ရုတ်ခြည်း ပျောက်ရင်း
သွားကာ အပြုံးစများ သမ်းယှက်လာပါလေတော့သည်။

အပြားသိုင်းသမားကြီးလည်း ဆောင်ဓားကို ပြန်သိမ်းပြီး ရှေ့သို့လျှောက်လာကာ....

'အမလေး ညီမောင်ရာ....စောစောက ပြော ရော ပေါ့ ဝမ်လင်းရိန့် ဦးလေးရန်ဝေတို့ မဟုတ်လား' ဟုပြောကာ ဝမ်လင်းရိလက်မောင်းကို လာကိုင်လှုပ်၏။ ပြီးလျှင်....

'ကျုပ်က ကွမ်အဲဖန်ပါ၊ သူကတော့ ပန်းကမ်ပိုးလေ' ဟု ပြောကာ မိတ်ဆက်ပေး၏။

ခုမှ မိန်းကလေးကိုကြည့်ဖြစ်သည်။

သူမလည်း ဝတ်စုံပွကြီးကို ဝတ်ထား၍သာ။ မိန်းမချော်ကလေးတစ်ယောက် ဖြစ်နေပါပကောလား။

'ဦးလေးဖန်က မမေးမမြန်းဘဲ တိုက်ခိုက်လာလို့ ကျုပ်က ခုခံနေရတာပါ' ဟု ဝမ်လင်းရိက ပြောသောအခါ၊ ကွမ်အဲဖန်က ပြုံး၍....

'အေး ဟုတ်ပါတယ်၊ ဦးလေးဖန် အမှားပါ' ဟု ပြောလေရာ မိန်းကလေး ပန်းကမ်ပိုးက ဝင်၍....

'ဒီလိုပါ အစ်ကိုရယ်၊ ဒီနေရာကို နယ်စားကြီးလူ နှစ်ယောက်လာချောင်းနေတယ် ဆိုတဲ့သတင်း ရထားလို့၊ လူမှားသွားကြတာပါ၊ အမှန်တော့ အဲဒီလူနှစ်ယောက်ကို စောစောက ကျွန်မတို့က ရှင်းလိုက်ပြီးသားပါ၊ ဒီအကြောင်းကို ဦးလေးဖန်က မသိထားဘဲ၊ အချိတ်အဆက်လွဲပြီး ခုလို ဖြစ်သွားရတာပါ'

ဟု ပြောသဖြင့် ဤသို့ဖြစ်လာရသည်ကိုပဲ ကြည်နူးပြုံးပျော့်စရာကလေးအဖြစ် သဘောထားကာ အားလုံးရယ်မောလိုက်ကြလေ၏။

ဝမ်လင်းရိက....

'တော်သေးတာပေါ့ ညီမ ပိုးရောက်လာပေလို့'

ဟု ပြောလိုက်သောအခါတွင်မူ ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့ အကြည့်ချင်း ဆုံမိလိုက်ကြရပါတကား။

အခန်း [၂၇]

တစ်ဟုန်းဟုန်း တောက်လောင်နေသော မီးညွှန့်မီးဆွယ်များကြားမှ ပန်းဆီရောင် နီမြန်းလျက်ရှိသော သံတွေခဲအချောင်းတစ်ချောင်းကို သံညှပ်ဖြင့်ညှပ်၍ ဆွဲထုတ်လိုက်လေ၏။

သံညှပ်ကြီးကို ကိုင်ထားသူမှာ အားကောင်းမောင်းသန် လူကြီးတစ်ယောက် ဖြစ်နေ၏။

သူသည် မီးရဲနေသော သံတွေခဲချောင်းကို ပေပေါ်သို့တင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း အခြားအားကောင်းမောင်းသန် လူကြီးတစ်ယောက်က နှစ်ပိဿာခွဲ အလေးချိန်ရှိသော သံဘူကြီးဖြင့် ထုချလိုက်လေတော့၏။

ဤသို့ဖြင့်....

'ထန်'

'ထန်'

'ထန်'

ဟူသော ပေပေါ်တင်၍ ထုနှက်နေသည့် အသံသည် ပန်းဘဲဖိုတစ်ခုလုံးကို လွှမ်းခြုံလျက်ရှိ၏။

ဖားဖိုကြီးထဲက လေမှုတ်သံသည်လည်း ဖားဖိုဆွဲသမား လူရွယ် လှုပ်ရှားနေသမျှ အချိန်တိုင်းလိုလို ရှူးရှဲ ရှူးရှဲ အသံကိုပေးနေ၏။

ဝမ်လင်းရိနှင့် ဦးသေးရန်ဝေတို့ နှစ်ယောက်အား ပန်းကန်ပိုးက လိုက်ပြ၍ ပန်းဘဲဖိုအတွင်းက ပန်းဘဲလုပ်ငန်းများကို ကြည့်ရှုနေခြင်းပင်။

ဝမ်လင်းရိက....

'အခုလုပ်နေတဲ့ပစ္စည်းကဓားတွေမတုတ်လား၊ ပန်းကန်ပိုး' ဟု မေးလိုက်သောအခါ ပန်းကမ်ပိုးက ရုတ်တရက် အဖြေမပေးသေးဘဲ နောက်မှ မဖြေချင့်ဖြေချင်ပုံဖြင့်....

'အင်း....ဟုတ်ပါတယ်'

ဟု ပြောလိုက်လေ၏။

အမှန်တော့လည်း ဝမ်လင်းရိတို့က ပန်းဘဲဖိုထဲ ဝင်ကြည့်

ချင်သည် ပြောဆိုခွင့်တောင်းနေ၍သာ အခုလို ပန်းဘဲဖိုထဲ ဝင်ကြည့်ခွင့်ပေးလိုက်ရခြင်း ဖြစ်သည်။

ဤ ပန်းဘဲဖိုပိုင်ရှင် ဆရာကြီး၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ရန် မလွယ်ကူပေ။

ဆရာကြီး ကိုယ်တိုင်က သူ၏ပန်းဘဲဖိုထဲကို လူစိမ်း သူစိမ်းများ ဝင်သည်ကို သူခွင့်ပြုသူကလွဲ၍ ဝင်ခွင့်ပြုခဲသည်။

ပန်းကမ်ပိုးကမူ ပန်းဘဲဆရာကြီး၏ သမီးဆိုလျှင်လည်း မမှားသောလူ ဖြစ်နေသည်ကတစ်ကြောင်း၊ ဝမ်လင်းရီ ကိုလည်း ရသေ့ကြီး လူများမှန်း သိနေသည်ကတစ် ကြောင်း ထို့ကြောင့် ယခုလို ဝမ်လင်းရီ၏ ပန်းဘဲဖိုထဲ ဝင်ခွင့်တောင်း ခံခြင်းကို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ပြီးတော့....

လောလောဆယ် ဆရာကြီးကလည်း ဘယ်ကိုသွားနေသည် မသိဘဲ၊ နေအိမ်ပေါ်တွင် ဦးလေး ကွမ်အဲဖန်နှင့် စကားပြောနေသည့်အခိုက် ဦးလေးကွမ်အဲဖန်ကပါ ဝမ်လင်းရီ၏ ပန်းဘဲဖိုထဲ ဝင်ကြည့်ခွင့်တောင်းသည်ကို ခွင့်ပြုလိုက်သောကြောင့်ဖြစ်သည်။

ဝမ်လင်းရီ မေးလိုက်သောအမေးစကားကို ပန်ကမ်ပိုးက မဖြေချင့်ဖြေချင် ဖြေလိုက်ကြောင်း ဝမ်လင်းရီ ရိပ်စားလိုက်မိသည်။

မှန်သည်။ ဓား၊ လှံ၊ လေးကိုင်း အစရှိသော ပစ္စည်းများမှာ ယခုအခါတွင် လက်နက်ကောင်းများပင် မဟုတ်ပါလား၊ လက်နက်များထုတ်လုပ်နေသည့်သဘောကို ပန်းကမ်ပိုးတို့က ခံယူချင်ပုံမရပေ။ သို့နှင့် ဝမ်လင်းရိက....

'တောင်းပန်ပါတယ်၊ ပန်းကမ်ပိုးရယ် ကျုပ်က မမေးသင့် မမေးထိုက်တဲ့မေးခွန်းကို မေးလိုက်မိတာပါ' ဟု ဖြေသိမ့်စကား မြောကာမှ အခြေအနေမှာ ပိုဆိုးသွား၏။

ဦးလေးရန်လေလည်း အခြေအနေကို သဘောပေါက်လိုက်၏။

ပန်းကမ်ပိုးက....

'ဒီလိုလဲ မဟုတ်ပါဘူး အစ်ကိုရယ်၊ အစ်ကိုကျတော့လဲ တစ်မျိုးပေါ့၊ ကျွန်မကသာ အလေ့အကျင့်လို ဖြစ်နေလို့ပါ' ဟု ပြောလိုက်လေရာ ဝမ်လင်းရိက....

'ပန်းကမ်ပိုးက ဘာကိုဆိုလိုတာပါလဲ' ဟု မေးရလေတော့၏။

ထိုစဉ် အပြင်ဘက်သို့ ပြန်လှည့်ထွက်လာကြရင်း ပန်းကမ်ပိုးက... လေပူသက်ပြင်းကလေးကို မှုတ်လိုက်ကာ....

'ဒါထက် ကျွန်မတို့တွေဟာ၊ အရေးတော်ပုံ တစ်ရပ်ကို ဆင်နွဲနေတာကိုတော့ အစ်ကိုသိနေလောက် ပါပြီနော်' ဟု မေး၏။

အမှန်တော့လည်း၊ ပန်းကမ်ပိုး မေးလိုသော အရေးတော်ပုံတစ်ရပ်၊ လူတစ်စုက တိတ်တဆိတ် လုပ်ဆောင်လှုပ်ရှားနေကြသည်ကို ဝမ်လင်းရှိ ရိပ်စားမိထားသည်ကား အမှန်။ သို့သော် တိတိပပ၊ မည်သူမည်ဝါတွေပဲ ဆိုတာ ကိုကား ဝမ်လင်းရိမသိခဲ့၊ ဆရာကြီး နဂါးငွေ့ဓား ကိုယ်တိုင်ကလည်း ဤအရေးတော်ပုံကြီး ဆင်နွဲသည့်အခါ၊ မိမိ တတ်စွမ်းထားသော ပညာဖြင့် တစ်ဖက်တစ်လမ်းက တတတ်တအား ပါဝင်ကူညီ လုပ်ကိုင် တိုက်ပွဲဝင်ဖို့ကိုသာ မှာကြားလိုက်ခြင်းဖြစ်သည်။

မည်သို့ဆိုစေ၊ သည်နေရာမှာတော့ဖြင့် ဝမ်လင်းရိက ပန်းကမ်ပိုးကို....

'ဟုတ်ကဲ့ သိထားပါတယ်'

ဟုသာ ပြောလိုက်သည်။

သည်အကြောင်းကို တကယ် သိနေသည် ဟုလည်း သိရှိနားလည်နေသလို ရှိခဲ့သည်။

သို့နှင့် ပန်းပဲဆရာကြီးနေအိမ်ဘက်သို့ မကူးသေးဘဲ တစ်နေရာတွင်ရပ်၍ စကားပြောဖြစ်၏။

ပန်းကမ်ပိုးက....

'အခု လေးလောဆယ် နယ်စားကြီးနဲ့စီချန်မြို့စား တုချင်းတို့က လူအင်အားတွေကို တိုးပြီးဖွဲ့နေတော့ လက်နက်တွေလိုနေတယ် မဟုတ်လား၊ အဲ့ဒီလိုအချိန်မျိုးမှာ ကျွန်မတို့ကလဲ ရောင်တော်ပြန်နဲ့ ရောလွှတ်နေရတာပေါ့'

ဟု ပြော၏။

'ရောင်တော်ပြန်နဲ့ ရောလွှတ်တယ် ဆိုတော့ ဒီပန်းပဲဖို့မှာ လက်နက်ပစ္စည်း မလုပ်ရဘူးတဲ့လား'

ဝမ်လင်းရိ သဘောမပေါက် ဖြစ်သွားသည်ကား အမှန်။

'ဟုတ်တယ်လေ၊ မင်းသားကြီး တိန်ရှေဟုန်ရဲ့ စောပုန်းအဖွဲ့တွေလက်ထဲ လက်နက်တွေရောက်သွားမှာ စိုးလို့ပဲပေါ့ရှင်'

'ဩော် ဒီလိုဆို အခုလို ဓားတို့လှံတို့ကို ခိုးလုပ်နေရတဲ့ သဘောပဲပေါ့'

'အစ်ကိုကလဲ မေးမှမေးရက်ပလေရှင်'

ဟု ခပ်ညည်းညည်းကလေး ပြောလိုက်လေ၏။

သည်မိန်းကလေးက မိမိအား ဝေဝေရန်ကဲ့သို့ 'အစ်ကို' ဟု ခေါ်သည်ကိုကား ဝမ်လင်းရိ အတော်ကလေး သဘောကျနေသည်။ တစ်ခါတစ်ခါ သူမအနားတွင် ရှိနေရေဒ့သလားဟု ပင် အတွေးရောက်မိလေ၏။

သူမနှင့် နှိုင်းယှဉ်လိုက်ပါက ပန်းကန်ပိုးသည် သူမ၏အလှကိုတော့ဖြင့် လွယ်လွယ်နှင့် ကျော်မရဘဲရှိသည်။

သို့သော်လည်း သတ္တိရှိသည့်နေရာ၊ စကားပြောပြတ်သည့် အခြေအနေတွေကတော့ဖြင့် ဝေဝေရန်ထက် အများကြီးကွာသည်ဟု ဆိုနိုင်သည်။

နောက်တစ်ခု သူတို့နှစ်ယောက် ကွာခြားမှု ရှိသေးသည်။ ဝေဝေရန်ဆိုတာက မိန်းမချော့လေးတစ်ဦးသာ ဖြစ်၏။

ရှိးသားသည်။ ပုံ့ငင်းသည်လည်း မှန်သည်။

ပြီးတော့ သူတို့အတိတ်က အကြောင်းတစ်ခုကြောင့် လက်ရှိကာလတွင် လျှို့ဝှက်မှုလိုလို ဖြစ်နေသည်။ ဤသည့်ကိုလည်း တိုင်းပြည်နှင့်လူမျိုးအတွက် မဟုတ်နိုင်ဟု မိမိသဘောပေါက်နေသည်။

ပန်းကမ်ပိုးကျတော့ သူပြုမူလှုပ်ရှားနေသမျှ တိုင်းပြည်နှင့် လူမျိုးအတွက် ဖြစ်နေသည်ဟု...

'လာဟေ့ ပန်းကမ်ပိုး၊ ဧည့်သည်တွေကို ခေါ်ခဲ့ပါကွယ်'

ထိုအခိုက် ဦးလေးကျမ်အယ်ဖန်၏ ခေါ်သံကို ကြားလိုက်ရသဖြင့် အားလုံးပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

'အလို....ဘယ်လိုများပါလီမ့်'

ဟူသော အတွေးစိတ်ကူး ဝမ်လင်းရီ၏ အသီအာရုံတံခါးကို ရိုက်ဖျက်တွန်းဖွင့်လိုက်သလိုလည်း ဝမ်လင်းရီ ခံစားလိုက်ရသည်။

'ဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲ၊ သူဟာ ရသေ့ကြီးပဲ မဟုတ်လား၊ ကြည့်စမ်း....အခုတော့ သူက ရသေ့လို လျှော်တေသင်္ကန်းကိုမဝတ်တော့ဘဲ ကျေးတောသား အဝတ်အစားများကို ဝတ်စားထားပါကလား'

ထိုအခိုက် ပန်းကမ်ပိုးက....

'အစ်ကို ဘယ်လိုဖြစ်သွားတာလဲ'

ဟု ပြုံး၍ကြည့်ပြီး မေးသည်။ ဝမ်လင်းရီ ရုတ်တရက် ဘာပြောရမည်မသိ ဖြစ်နေသည်။

ဦးလေးရန်ဝေကို ကြည့်လိုက်ပြန်ဟော့လည်း သူ့မှာလည်း မိမိလိုပဲ ခံစားနေရပါကလားဟု အတွေး ရောက်ရသည့်အထိ သူလည်း ကျမ်းအယ်ဖန်အနီး ထောင်ထောင်မောင်း ရပ်လျက်ရှိသောရသေ့ကြီးနှင့် တထေရာတည်း ဖြစ်နေသော လူကြီးတစ်ယောက်က အငေးသားကြည့်နေပါ၏။

သည်တော့မှ ဝမ်လင်းရိက ပန်းကန်ပိုးအား....

'ဦးလေးကျမ်းအယ်ဖန်ဘေးမှာ ရပ်နေတာဘယ်သူလဲ' ဟု မေးဖြစ်တော့၏။

ထိုအခါ မိမိတို့၏အခြေအနေကို ကြိုသိနေဟန် တူသော ပန်းကန်ပိုးက အပြုံးကလေး မပျက်သေးဘဲ....

'အစ်ကို သိပ်အံ့ဩနေတယ်ထင်တယ်၊ လာလေ လာပါ၊ ဟိုရောက်တော့ ရှင်းသွားမှာပါ'

ဟု ပြောပြီး ဦးလေးကျမ်းအယ်ဖန်တို့ အနီးသို့ လျှောက်လာခဲ့ကြလေ၏။

ဦးလေးကျမ်းအယ်ဖန်က....

'တူမောင်ဝမ်လင်းရိရေ၊ ပန်းပဲဆရာကြီးဆိုတာ ဒီဦးကြီးပါပဲကွယ်' ဟု ပြော၏။

'ခင်ဗျား ပန်းပဲဆရာကြီးဟုတ်လား၊ ခင်ဗျား....'

'အဲဒါပဲ ကြည့်တော့ ဦးလေးကျမ်းအယ်ဖန်ရေ၊ သူ မေးနေတာလဲ ဒီအကြောင်းပါပဲ'

သည်တော့မှ ဆရာကြီးက ပြုံး၍ကြည့်ကာ....

'တူမောင်က ဦးကြီးကို ရသေ့ကြီးနဲ့ချပ်ချင်း တထောက်တည်းတူနေလို့ ရသေ့ကြီး ချပ်မြောင်းချပ်လို့ ကောင်းလှချည်လားလို့ ထင်နေတာ မဟုတ်လား၊ အင်းပေါ့လေ၊ ထင်ထင်ထင့်စရာပါပေပေါ့....။

'အမှန်ကတော့ ရသေ့ကြီးနဲ့ ဦးကြီးတို့ နှစ်ယောက်မှာ အလွန်တူတဲ့ အမြှာညီအစ်ကိုတွေပဲကွယ့်၊ တူတာမှ ရုပ်တင် မကသူး စိတ်ပါတူကြတာ၊ အခုလဲကြည့်လေ'

ဟု ပြောရင်းသူ့စကားကျ သွားမည်စိုး၍ တစ်နေရာတွင် ရပ်လိုက်၏။

နောက်မှ....

'လက်ရှိ လုပ်နေရတဲ့ အလုပ်တွေမှာ သူနဲ့ဦးကြီးတို့ နှစ်ယောက်ဟာ တစ်နေရာဆီမှာဆိုပေမယ့် အတူတူလိုလုပ်နေကြရတာပါပဲကွယ်'ဟု ပြောပြလေ၏။

ဆရာကြီး ရှင်းလင်းပြောပြတော့မှပဲ ဝမ်လင်းရိန္ဒဲ့ဦးလေးရန်ဝေတို့မှာ ဘာဝင်ကျသွားကြရလေတော့၏။

ထိုအခိုက် ကျမ်းအယ်ဖန်က ဆရာကြီးအား....

'ဒီလိုဆိုရင် ကျုပ်လဲသူကြွယ်ကြီး ပန်းဟုန်ဖင်း စံအိမ်ကို အမြန်ဆုံးပြန်မှ အရေးတော်ပုံအဆင့်မြေမယ်ဆရာကြီး'ဟုဝင် ပြောလိုက်လေရာ ဆရာကြီးက....

'ဟာ....ဟုတ်ပါရဲ့၊ အချိန်တောင် အတော်လေး လင့်နေပြီ၊ သွား သွား ကျန်တဲ့ကိစ္စအားလုံး အဆင်ပြေအောင် ကျုပ် စိုးဒီကလူတွေနဲ့ ဆောင်ရွက်သားလိုက်ပါမယ်၊ စိတ်ချပါ' ဟု ပြောလိုက်သည်။

ပန်းကမ်ပိုးကလည်း....

'လိုအပ်ခဲ့ရင် ကျွန်မလာပြောပါ့မယ်၊ ဟိုနှစ်ယောက် ရှင်းလင်းလိုက်တဲ့ ကိစ္စကိုလဲ ဦးလေးကျမ်းအယ်ဖန် မမေ့နဲ့ဦးနော့'ဟု ပြော၏။

ဦးလေးကျမ်းအယ်ဖန်က အားလုံးကို နှုတ်ဆက်ပြီးနောက် မြင်းစီး၍ ပြန်လည်ထွက်ခွာသွားလေတော့၏။

ဝမ်လင်းရိန္ဒင့် ဦးလေးရန်ဝေတို့မှာကား ဇဝေဇဝါ။

ပန်းကန်ပိုးကိုယ်တိုင်ကလည်း သည်ပဲကို လူနည်းနည်းနှင့် ခပ်ကျဲကျဲ ဝိုင်းစေချင်ပုံရသည်။

သို့တိုင်အောင် ဝမ်လင်းရိသည်ပင် သူတို့ ပြောကြ ဆိုကြ ဝေဖန်ကြသည်ကို နားထောင်ရုံအဆင့်သာ ရှိနေရဦးမည်သာ အခုတော့လေ အားလုံးထိုင်လိုက်သည့်အချိန်ကစပြီး ဆရာကြီး ဟိုကျောက်ကျ ိနှင့်ကွမ်အယ်ဖန်တို့က အကြောင်းအရာတစ်ခု ကို အကျိတ်အနယ် ဆွေးနွေးနေကြပြီ။

သဘောတူတာလည်းရှိသည်။ သဘောမတူတာလည်းရှိနေသည်။

အချို့အပိုင်းများကို အတိတ်လေးကို ညှိနှိုင်းစေ့စပ်နေရသည်။

တစ်ခါတစ်ခါငြင်းကြခုန်ကြရသေးသည်။

အခုမှသိရှိရသည်မှာ ဆရာကြီးဟိုကျောက်ကျ ိရော ကွမ်အယ်ဖန်ပါ စစ်ဆင်ရေးများတွင် အလွန် တတ်ကျွမ်းနားလည်ကြသူများဖြစ်နေကြောင်း ဝမ်လင်းရိသိခွင့်ကြုံလာရ၏။

ထိုသို့သိခွင့်ကြုံရသည်မှာ သေနင်္ဂဗျူဟာ နည်းပရိယာယ်များကို တင်ပြဆွေးနွေးနေကြသည်ကို ဝမ်လင်းရိတွေ့လာရသောကြောင့်ပင်။

အထူးတလည် ရည်မှန်းသည်ကတော့ သိုင်းပြိုင်ပွဲကြီးကျင်းပနေသည့်အချိန် အရေးတော်ပုံကို စတင်ရန်ပင် ဖြစ်သည်။

အခန်း [၂၀]

ပန်းကွက်များဖော်ထားသော ကျွန်းတံခါးချပ်ကြီးကို တွန်းဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်အတွင်းခန်းဆောင်အတွင်း စားပွဲခုံရှည်ကြီးရှေ့ရှိ ထိုင်ခုံများအနက် ထိပ်ဆုံးထိုင်ခုံတွင် ဆရာကြီး ဟိုကျောက်ကျ ိထိုင်လျက် ၎င်း၏ ညာဘက်ဘေး ထိုင်ခုံတွင် ဦးလေးကွမ်အယ်ဖန် ထိုင်နေကြသည်ကို ဝမ်လင်းရိ တွေ့မြင်လိုက်ရသည်။

တံခါးကိုဖွင့်လိုက်သူမှာ ပန်းကမ်ပိုးဖြစ်၍ ဝမ်လင်းရိက သူမ နောက်က ကပ်လိုက်လာခဲ့ရသည်။

သည် ဆွေးနွေးတိုင်ပင်ကြသည့်နေရာကိုကား ဦးလေး ရန်ဝေ ပါမလာခဲ့ပေ။

ဆရာကြီးဟိုကျောက်ကျိုက ကွမ်အယ်ဖန်အား....

'ကျုပ်တို့လူတွေ သိုင်းပြိုင်မဲ့ကြီးမှာ ဝင်ပြိုင်ကြမှာကို ဘူတို့ သိထားပြီလား'

ဟု မေးလေ၏။

ကွမ်အယ်ဖန်က....

'သိထားပြီလို့တော့ သက်ဆိုင်ရာအထောက်တော် တွေ့စုံစမ်းထောက်လှမ်းချက်အရ သိထားပါတယ်'

ဟု ဖြေ၏။

ဆရာကြီး ဟိုကျောက်ကျိုကတစ်ဖန်....

'ဒီကိစ္စတွေနဲ့ပတ်သက်လို့ သခင်ကြီးက ဘယ်လိုဆုံးဖြတ်သလဲ ကွမ်အယ်ဖန်'

ဟု မေးလိုက်လေရာ ကွမ်အယ်ဖန်က....

'လျှို့ဝှက်ချက်ကိုသိရတာနဲ့ သခင်ကြီးနဲ့ အရေးတော်ခေါင်းဆောင်တွေအားလုံး ချက်ချင်း ဆွေးနွေးတိုင်ပင်ပြီး ချက်ချင်းပဲ မူလအစီအစဉ်အတိုင်း ဆက်လုပ်ကြမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တယ်လို့ ကြားပြီးပြီ'

ဟု ပြော၏။

'အင်းပေါ့လေ....ဒါဟာလဲ သခင်ကြီးနဲ့ ခေါင်းဆောင်ပိုင်းရဲ့ အတွေးအခေါ်ရင့်ကျက်မှုအပိုင်းကို ဖော်ပြနေကာပါပဲ

အစီအစဉ်အသစ် ချမှတ်ရတာလွယ်သလောက် အချိတ်အဆက်တွေကတော့ လွဲမှားသွားတတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး၊ မူလအစီအစဉ်အတိုင်းပဲ ကျုပ်ဘို့ကလဲပဲ ကြိုက်နေတာမဟုတ်လား၊ ဘာပဲပြောပြော ဒီအချိန်မှာ အားလုံး သိုင်းပညာပြိုင်ပွဲကြီးမှာ လူတွေစုံနေမှာ သေချာတယ်၊

'....ဒီတော့ အကိုင်း အခက် အရွက်တွေကို အရင်ဆုံးဝုတ်ဖြတ်ရှင်းလင်း နိုင်ရာပေါ့'

'ကောင်းပါတယ်၊ ကျုပ်လဲ မူလအစီအစဉ်ကိုပဲ ကြိုက်ပါတယ်'

ဆရာကြီး ဟိုကျောက်ကျိုက ကွမ်အယ်ဖန်နှင့်စကားပြောနေရာမှ ဝမ်လင်းရိဘက်လှည့်ကြည့်လိုက်၏။

ထိုအခါ ဝမ်လင်းရိကလည်း ဆရာကြီးဟိုကျောက်ကျိုကို ပြန်လည် ကြည့်ရလေ၏။

ခန္ဓာကိုယ်၌ လုည့်ပတ်စီးဆင်းနေသော သွေးကြောတို့မှာ ပိုမိုနွေးထွေးကာ ပိုမိုချိပင် လှုပ်ရှားလာရပါလေတော့၏။

'ဝမ်လင်းရိနဲ့ပတ်သက်လို့ ကျုပ်တို့အဖွဲ့က လေ့လာသိရှိပြီးဖြစ်ပါတယ်၊ ဒါကိုတော့ ဝမ်လင်းရိ အလုံးစုံ သိပိမ့်မယ်မထင်ဘူး'

ဆရာကြီးဟိုကျောက်ကျ ်က သူ့စကားကို အလေးအနက် ပြောနေခြင်း ဖြစ်သည်။

ဝမ်လင်းရိမှာ ဆရာကြီးဟိုကျောက်ကျ ် စကားအဆုံး တွင်....

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ်နားလည်ပါဘယ်'

ဟု ပြောလိုက်၏။

သည်မှာ ဆရာကြီးဟိုကျောက်ကျ ်က ဝမ်လင်းရိကိုကြည့် ကာ....

'အခုလိုအချိန်မျိုးမှာ စာကယ့်ကို သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားကောင်းတွေ လိုအပ်လာပြီမဟုတ်လား၊ ဒါမှသူ့ နေရာနဲ့သူ တာဝန်အသီးသီးကိုထမ်းဆောင်ကြရင် ဘယ်လို အလုပ်မျိုးဖြစ်စေ အောင်မြင်မှာပဲ မဟုတ်လား'

ဟု ပြော၏။

ဝမ်လင်းရိက....

'ဟုတ်ကဲ့ပါ ဆရာကြီး'

ဟု စိတ်ဝင်စားစွာနားထောင်လျက်ရှိကြောင်း သက်သေ ပြသည့်သဘော အသံပြုလိုက်သည်။

ဆရာကြီး ဟိုကျောက်ကျ ်က....

'ဝမ်လင်းရိ ထမ်းဆောင်ရမယ့်တာဝန်ဟာ ထိပ်တန်း နေရာမှာ ရှိပါဘယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းပြိုင်ပဲ့ကြိုးမှာ အရေးကြီးတဲ့နေရာက ပါဝင်ဆောင်ရွက်ရမှာ ဖြစ်လို့ပဲပေါ့ ဘယ်'

ဟု ဆက်လက်ပြောနေလေရာ ဝမ်လင်းရိမှာ အနီးတွင် အခြားသူများပင်မရှိဘဲ မိမိနှင့် ဆရာကြီးဟိုကျောက်ကျ ်တို့ နှစ်ယောက်သာ ရှိနေသည်ဆို ခံစားနေရလေတော့၏။ သို့နှင့် သူက....

'ကျုပ် အခုလိုစကားမျိုးကြားရတဲ့အတွက် ဂုဏ်ယူပါတယ်၊ သိုင်းပြည်နဲ့လူမျိုးအတွက် ဆောင်ရွက်ရမှာဖြစ်လို့လဲ ပိုပြီး ဂုဏ်ယူမိဗျာတယ်၊ ပေးအပ်တဲ့တာဝန်ကို ကျုပ်အခုပင် သိပါရ စေ ဆရာကြီးခင်ဗျား'

ဟု ပြော၏။

သို့သော်လည်း ဆရာကြီးဟိုကျောက်ကျ ်က ဝမ်လင်းရိ၏ ဘက်ကြွမှုကိုကြည့်ကာ ကျေနပ်သည့်သဘော ခေါင်းတညိတ် ညိတ် လုပ်နေရာမှ....

'ပြောတာပေါ့ကွယ်၊ အချိန်ကျရောက်လာတဲ့ အခါမှာ ပြောမှာပါ၊ အခုတော့ အချိန်စောပါသေးတယ်'

ဟု ပြောလိုက်လေသည်။

'မည်သို့ဆိုစေ ဝမ်လင်းရိမှာကတော့ မိမိ၏ဆရာကြီး နဂ
ငွေ့ ခေး ချင်းဟုန်၏ အမှာစကားအတိုင်း တိုင်းပြည်တာ
ဝန်ကို တစ်တပ်တစ်အား မိမိကျရာနေရာက ပါဝင် ထင်
ဆောင်ရန် အခြေအနေလမ်းကြောင်းပေါ်သို့ ရောက်ရှိလာ
သည်ကိုပဲ ကျေနပ်လှုခချေပြီ။

ထို့ကြောင့် ပန်းကမ်ပိုး ကိုပင် လှည့်၍ကြည့်ဖြစ်သည်
ပန်းကမ်ပိုးကလည်း မိမိအား ကြွေဆိုသည့်အကြည့် မျက်လုံ
ရှဲကြီးများဖြင့် စိုက်၍ကြည့်နေရာမှ ပြုံးလာလေ၏။

ထိုအခိုက် ဆရာကြီး ကျောက်ချိ၏ တပည့်တစ်ဦး ရောက်ရှိ
လာကာ ဆရာကြီးအား အရိုအသေပေးလိုက်ပြီး....

'အထူးဧည့်သည်တွေ ရောက်လာကြပါပြီဆရာကြီး' ဟု
အသိပေး၏။

ထိုအခါ ဆရာကြီး ရုတ်တရက် တွေဝေသွားပါသေး
သည်။ နောက်မှ အားလုံးဘက်လှည့်ကာ....

'ကဲ..., အထူးဧည့်သည်တွေ ရောက်လာကြပြီ၊ ကျွန်တို့
သွားတွေ့ကြရအောင်' ဟု ပြောပြီး နေရာမှထလိုက်လေ၏။

ထို့နောက် အားလုံး ခန်းဆောင်ထဲက ထွက်လာကြလေ
သည်။ ဝမ်လင်းရိမှာက အထူးဧည့်သည်တော်များ ဆို၍သာ
ကြွေးလိုက်ရာ မည်သူမည်ဝါတွေ ဖြစ်မည်ကို ကြိုတင်မသိရ
သေးပေ။

အထူးဧည့်သည်တော်ဆိုသူ တို့ကိုကား ဝမ်လင်းရိ တွေ့
ချပြီ။ အလုပ်ရုံရှေ့တွင် တွေ့လိုက်ရခြင်းပင်။ အမျိုးသမီး
အစ်ဦး ဦးဆောင်လာသော လူတစ်စုဖြစ်သည်။ အားလုံး
၁၅ ဦး ပါရှိသည်။ သူတို့နောက်တွင် ဝန်တစ်မြင်းများ
ပါလည်း တွေ့လိုက်ရပါ၏။

ဆရာကြီး က အမျိုးသမီးအား....

'ဘယ်လိုကြောင့် ကိုယ်တိုင်လာရတာလဲ၊ သမီး ချိန်လင်း
ခုန် အကြောင်းစုံးများ ရှိသေးလို့လား' ဟု မေးလိုက်လေ
ချိန်လင်းရန်ဆိုသော အမျိုးသမီးက....

'သခင်ကြီးနဲ့ အစီအမံပါဆရာကြီး ဆောင်ရွက်ရတဲ့
ကိစ္စက အရေးကြီးလို့ စိတ်ချစေလိုတဲ့ သဘောပါပဲ' ဟု
ပြောပြ၍အပြီး အမျိုးသမီးက ဝမ်လင်းရိကို တစ်ချက်ဝေ့
ကြည့်လိုက်လေသည်။

ထိုအခါ ဝမ်လင်းရိကလည်း ပြန်လည်၍ အကြည့်
အကြည့်ချင်းဆုံသွားမိလေ၏။

'ဒီအမျိုးသမီးကို ငါတွေ့ဖူးပါတယ်၊ ဘယ်တုန်းက
တွေ့ဖူးခဲ့ပါလိမ့်ဟု တွေးနေစဉ်ဖျတ်ခနဲ အသိတစ်ခု ခေါင်းထဲ
ဝင်လာသည်။

ရသေ့ကြီး ကျောင်းတွင် ရဲရှဲနှင့်အတူ တစ်ညာ
တည်းခိုသည့်ည မှ လူပ်ရှားမှုများကို ပြန်လည်မြင်ယောင်

လာခြင်းပင်။ ထိုညက ဦးလေးရန်ဝေ လှုပ်နှိုး၍ အိပ်ရာမှ နိုးလာသောအခါ တီးတိုးစကားသံကို ကြားခဲ့သည်။

မည်သူ့ တီးတိုးစကားသံမျှားလည်း သိလိုဇောနှင့် ဝမ်လင်းရိ ကျောခိုးဝင်းအတွင်းသို့ ဇရာက်သည်အထိ လိုက်လံစုံစမ်းခဲ့သည်။ ထိုသို့လိုက်လံစုံစမ်းသည့်အတွက် အဖြေတစ်ခုတော့ဖြင့် ရလိုက်သည်။

ထွက်ပြေးသွားသော သိုင်းသမားတစ်ဦးကို တွေ့လိုက်ရသည့် အဖြေ ဖြစ်သည်။ ထိုသိုင်းသမား၏ မျက်နှာကို ထိုညက ဖျတ်ခနဲ တွေ့လိုက်ရပါ၏။

အခု ချိန်လင်းရ ဆိုသူသည်ကား ဝမ်လင်းရိ ရသေ့ကြီး ကျောင်းဝင်းတွင် ညအမှောင်ထုတွင် ဖျတ်ခနဲတွေ့ခဲ့ ရသော မျက်နှာ မဟုတ်ပါလား။

အခုတော့ သူကလည်း ဤအရေးတွင် အရေးပါသော တစ်ခန်း တစ်ကဏ္ဍက ပါဝင်လှုပ်ရှားနေသူ တစ်ယောက် ဖြစ်နေပါကလားဟု ဝမ်လင်းရိ တွေးလိုက်မိသည်။

ထို့နောက် ဆရာကြီးက သခင်ကြီးထံသို့ ပေးပို့ရမည့် စာ၊ လှံ၊ လေးမြား လက်နက်ပစ္စည်းမျှားကို အလုပ်ရုံထဲမှ ထုတ်ယူစေသည်။ တပည့်တွေအားလုံးလိုလို ဝိုင်းဝန်းလုပ်ကြရ၏။

ဆရာကြီးက ဝမ်လင်းရိအား....

'ကျုပ်ပစ္စည်းတွေ လက်ရာကောင်းရဲ့လား' ဟု မေး၏။

ဝမ်လင်းရိက စားလှံ လေးမြား လက်နက်ပစ္စည်းမျှားကို ကြည့်ရှုရင်း....

'ကျုပ် တွေ့ဖူးကိုင်ဖူးတဲ့ လက်နက်ပစ္စည်း တွေထက် ပြုလုပ်ထားတဲ့ သံဟာ အလွန်ကောင်းနေစာကို တွေ့ရပါတယ်'ဟု ပြောသောအခါ ဆရာကြီး ကျေနပ်နေလေသည်။

ထို့နောက်သူသည် မျက်နှာတစ်ချက် ပျက်သွားကာ....

'အင်း လယ်ယာစိုက်ပျိုးရေး လူသုံးပစ္စည်းတွေကိုသာ ထုတ်လုပ်ချင်ပါလျက်နဲ့ ခုလို လူတွေအသက်ကို နှုတ်ယူစေတဲ့ လက်နက်ပစ္စည်းတွေ ထုတ်လုပ်နေရတာကိုတော့စိတ်မကောင်း ဖြစ်မိတာ အမှန်ပါပဲ'ဟု ပြောလေ၏။

ထို့နောက်....

ချိန်လင်းရန်က အားလုံးကိုနှုတ်ဆက်၍ ပြန်သွားလေတော့၏။

သည်မှာ ပန်းကမ်ပိုးက ဝမ်လင်းရိ အနီးသို့ တိုးကပ်လာကာ....

'အစ်ကိုရိ ချိန်လင်းရန်ကို စိတ်ဝင်စားနေသလိုပဲနော်' ဟု စူးစမ်း၏။ သည်တော့ ဝမ်လင်းရိက ချိန်လင်းရန်ကို စိတ်ဝင်စားခဲ့ရသည့် အကြောင်းရင်းကို ရှင်းလင်းပြောပြလိုက်ရလေတော့၏။

ထိုအခါ ပန်းကမ်ပိုးက...

'ဩော်.... ဒါကြောင့်ကိုး' ဟု ပြောရှ် ပြုံးလိုက်လေရာ ဝမ်လင်းရိုက...

'တခြားကြောင့် မဟုတ်ပါဘူး ပန်းကမ်ပိုးရယ်' ဟု ဖြေကြားလိုက်ရပြန်ပါ၏။ ရင်ထဲမှာတော့ဖြင့် ဝေဒနာကလေးတွေ အစပြု မွေးဖွားနေပြီထင်၏။

ဝမ်လင်းရိသည် သက်ပြင်းကလေး တစ်ချက်ချလိုက်ရပြန်ပါ၏။

အခန်း [၂၉]

ကျွမ်းဘားအဖွဲ့၏ ညီညာလှပသော အခုန်အပျံတို့ကား လှိုင်းလုံးများနှယ် စိုးရွှံ့ထိတ်လန့်စရာများနှင့်အတူ ကြည့်ရှုသူပရိသတ်များအား ထူးခြားသောရသာတစ်မျိုးကိုပေးနေလေသည်။

တီးဝိုင်းအဖွဲ့က ကျွမ်းဘားသမားများ ခုန်လျှင် ခုန်သည့်အလျှောက် ကျွမ်းပစ်လျှင်လည်း ကျွမ်းပစ်သည့် အလျှောက် အုပ်စုံချင်း ကဟန်၊ နှစ်ဦးချင်းကဟန်၊ တစ်ဦးချင်း ကျွမ်းဘားစွမ်းရည်ပြအံ့မခန်းကွက်များ၊ကသည့်ကဟန်များအလိုက်လိုအပ်သော တီးလုံး တီးကွက်များကို တီးမှုတ် ပေးလျက်ရှိ၏။

ဤသို့ဖြင့် ဥယျာဉ်တော်ကြီး အတွင်းတွင် လူထုပရိသတ်ကြီးမှာ သောသောညံ လျက် တေးဂီတသံများအပြင် လက်ခုပ်သြဘာပေးသံ၊ နှုတ်ဖြင့်အော်ဟစ်အားပေးသံပါ ရောယှက်ဆူညံနေလေတော့၏။

ကျွမ်းဘားအဖွဲ့၊ အမျိုးသမီးကလေးများအဖွဲ့အတွင်း တွင်ပန်းကမ်ပိုးသည်လည်း ကျွမ်းဘားမယ်ကလေး တစ်ဦးအဖြစ် ပါဝင်နေပါ၏။

ထို့အတူ....

တီးဝိုင်းအဖွဲ့ထဲတွင်လည်း တယောထိုးသူအဖြစ် ဦးလေးရန်ဝေပါလာသလို၊ ဗုံတီးခတ်သူအဖြစ် ဝမ်လင်းရိ ပါလာပါသည်။

ဤသည်မှာ ဆရာကြီးနှင့်ကျွမ်းအယ်ဖန်တို့နှစ်ဦး၏ လျှို့ဝှက်အစီအစဉ်တစ်ခုဖြစ်သဖြင့် အခြားမည်သူမျှ မှသိရှိကြပေ။

အကြောင်းမူကား....

ဤနေ့ ဤရက်သည် ကျုံကင်းမြို့ကြီး၏ ဥယျာဉ်တော်ကြီး အတွင်းတွင် တိဗက်သိုင်းပညာရှင်များကို အထူးညှဉ်ခံကြိုဆိုသည့်ပွဲ ဖြစ်သောကြောင့်ပါပေ။

ထို့ကြောင့်လည်း....

ဆတ်မုတ်ထားသော နေရာထိုင်ခင်းများတွင် နယ်စားကြီး တိန်ယုမိန်နှင့် မြို့စားများက ကတ္တီပါထိုင်ခုံများတွင် ထိုင်၍ ကျွမ်းဘားပွဲကို ကြည့်ရှုနေကြ၏။

တစ်ဖက်တွင်ကား တိဗက်သိုင်းပညာရှင်များက သီးခြားနေရာထိုင်ခင်းဖြင့် ကြည့်ရှုနေကြလေ၏။ သူတို့သည်လည်း ကတ္တီပါထိုင်ခုံများတွင်ထိုင်၍ ကြည့်ရှုကြရပြီး အစားအသောက်များကို ငှင်းတို့ရှေ့ စားပွဲများပေါ်တွင် စားလိုရာစားနိုင်ရန် တည်ခင်းပေးထားလေ၏။

နောက်ဘက်တွင်ကား နယ်စားကြီး စံအိမ်တော် အမျိုးအဆွေများနှင့် အခြားဧည့်ပရိသတ်များ ကြည့်ရှုနေကြလေသည်။

ပွဲစဉ်များအတွင်း အစားအသောက် တည်ခင်းပေးသူ အမျိုးသား အမျိုးသမီးတို့သည်လည်း သူတို့အလုပ်နှင့် သူတို့ ကဘဝန်လစ်ဟင်းမှုမရှိစေရန် ပျားပန်းခတ် သွားလာလှုပ်ရှားကာ ဆောင်ရွက်နေကြရလေ၏။

ကျွမ်းအဖွဲ့၏ ကကွက်ပြကွက်များမှာ ဤအရပ်ဤဒေသက လူများအဖို့ အထူးတလည် ဆန်းကြယ်လှသည် မဟုတ်သော်လည်း တိဗက်သိုင်းသမားများအမြင်တွင်ကား အသစ်အဆန်းများ ဖြစ်နေသည်ထင်၏။ စိတ်ဝင်တစား ကြည့်နေကြလေသည်။

တိဗက်သိုင်းသမားများကို ဦးဆောင်လာသူ သိုင်းဆရာကြီးမှာ ထန်ဆန်းမားဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ထန်ဆန်းမားသည် ဆံပင်ရှည်ကြီးကို မထုံးဘဲသဘာဝအတိုင်း နောက်ကျောတွင် ဖားလျားချထားသည်။

မျက်နှာတစ်ပြင်လုံး မျက်စိနှစ်ပေါက်၊ နှာခေါင်းနှင့် ပါး စပ်ပေါက်လောက်သာ မြင်သာသည်။

ဖြူဖွေးသော အမွေးအမျှင်များ ဖုံးအုပ်နေသကဲ့သို့ မျက်ခုံးမွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများက ထူထပ်စွာ ဖုံးအုပ်နေလေ၏။

ဝတ်စုံမှာ အဝါရောင် ဖြစ်ပြီး ခြုံထည်မှာကား အစိမ်းရောင်ဖြစ်သည်။

ထို့ကြောင့်....

အဝါနှင့်အစိမ်းရောင် ဖက်ဖူးရောင် သမ်းနေပါတော့၏။ တိဗက်သိုင်းသမားများကို ဖိတ်ခေါ်ခဲ့သည်မှာ စီချန်ပို့စ်မင်းတုချင်း၏ အစီအမံဖြစ်သည်။

သူက နယ်စားကြီး တိန်ယုမိန်အား မိမိတို့နယ် အတွင်း မိမိတို့ကြိုက်နှစ်သက်သောသိုင်းပညာရှင်များ ရှာဖွေစုဆောင်းခဲ့ကြသည့်တိုင်အောင် အခြေခံသိုင်းသင်တန်းများ ပေးသည်ဟုဆိုကာ တိန်ယုမိန်အား တင်ပြခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့်လည်း....

မင်းသားကြီး တိန်ရှေဟုန်အဖွဲ့က တိဗက်သိုင်းသမား များ ဖိတ်ခေါ်၍ သိုင်းသင်တန်းပေးမည့် အချက်ကို သိရှိနိုင်သမျှ သိထားရန် လိုနေသည်။

သို့နှင့် သူကြွယ်ကြီးပန်းဟုန်ဖင်းစံအိမ်တွင်မြင်းထိန်းသမားကြီးအဖြစ်ရပ်ဖျက်ကာ နေထိုင်လုပ်နေသူ ကျမ်းအယ်ဖန်နှင့် ဆရာကြီးတို့က ကြိုတင်စီမံချက်များချကာ စုံစမ်းမှုများ ပြုလုပ်နေရ၏။

ပန်းကမ်ပိုးမှာ ကျမ်းဘား အဖွဲ့သားများနှင့် အချိန်ယူလေ့ကျင့်ခဲ့သော်လည်း တစ်ခါတစ်ခါ ကျမ်းဘားသမားစစ်စစ်ကြီးတွေလို ကျမ်းကျမ်းကျင်ကျင် မလုပ်နိုင်ခဲ့ပေ။ ဤသည်ကိုပဲ ကျမ်းဘားအဖွဲ့ ခေါင်းဆောင်က ကျမ်း၏။ ဂူပ် မပျက်ရလေအောင် ထိန်းမတ်ပေးသွား၏။

စုပေါင်း ကျမ်းဘားပြကွက်များ အပြီး တစ်ကိုယ်တော် ကျမ်းဘားစွမ်းရည်ပြ ပြကွက်များကို ဆက်ပြ၏။ ထိုအခါ ပန်းကမ်ပိုးက ဆရာဟုတ်စင်းအား....

'တော်ပါသေးရဲ့ဆရာရယ်၊ ပြကွက်နှစ်ကွက်နဲ့ ရှစ်မျှ ဆရာက ကျန်မ ပျော့ကွက်ဟာကွက်ကို သိပြီး ထိန်းပေးလိုက်လို့၊ ဆရာသာမထိန်းပေးရင် ကျွန်မ မလွယ်ဘူး' ဟုပြော၍....

'ကျေးဇူးတင်လိုက်တာ ဆရာရယ်'

ဟု ပြောလိုက်လေ၏။ ဆရာဟုတ်စင်းက သဘော ပြည့်ဝသူ ဖြစ်၏။

ဘယ်တော့မဆို ပြုံး၍သာနေတတ်သည်။ အခုလည်း ဆရာဟုတ်စင်းသည် ဖြုံးလျက်....

'ဆရာ့အနေနဲ့ ဒီလိုအဖြစ်မခံပါဘူး၊ ဘယ်သူ့ကိုမဆို ထိန်း
ပေးရမှာပါပဲ' ဟု ပြော၏။

အမှန်တော့ ထိုပြက္ခဒိန်များတွင် ပန်းကမ်ပိုး၏ ပိတ်အား
မှာ မိမိနေသော ပြက္ခဒိန်ထဲတွင်မရှိမှုဘဲ ရှေ့တွင် တွေ့မြင်နေ
ရသော တိဗက်သိုင်းပဘာရှင်ကြီး ထန်ဆန်းမားထံသို့ ရောက်
ရှိသွားသောကြောင့် ဖြစ်၏။

တိဗက်သိုင်းဆရာကြီး ထန်ဆန်းမားမှာ လားမား တင်
ယောက်တော့ မဟုတ်ပေ။

သို့သော်လည်း သူ့ကိုကြည့်ရသည်မှာ ကောက်ကျစ်စဉ်း
လဲတတ်သောလူမျိုး ဖြစ်ဟန်မတူပေ။

သူ၏ဥပဓိရုပ်မှာ အမွေးအမြှင်များ ဖုံးအုပ်နေလင့်ကစား
သူ၏ကိုယ်အမူအရာ နှုတ်အမူအရာများနှင့် မျက်လုံးများက
မှတ်ကျောက်အဖြစ် သူ့အကြောင်းကိုသူ ဖော်ပြနေသည်။

ဝမ်လင်းရိအဖို့မှာတော့ ပုံတီးရသူဖြစ်ခဲနသဖြင့် တီးကွက်
တိုင်း မိမိလည်း မနာတမ်းလိုက်တီးနေရသည် မဟုတ်ပေ။
ပုံတီးကွက်လွှတ်ရသော အစိတ်အပိုင်းများရှိသည်။ ထိုအခါမျိုး
တွင် ဝမ်လင်းရိက အလကားမနေ၊ လေ့လာစုံစမ်းမှုကို
လုပ်သည်။

တိဗက်သိုင်းသမားအုပ်စုနှင့် တီးဝိုင်းမှာ ဝေးလှသည်
မဟုတ်ပေ။

ထို့ကြောင့် တစ်ဖက်ဘေးသို့ စောင်းငဲ့ကြည့်ရှု အကဲခတ်
၏။

တိဘက်သိုင်းသမားများမှာ အားလုံး ၃၀ လောက်ရှိ
၏။

ယခု တွေ့ရသည်မှာလည်း အားလုံး အကုန်ဖြစ်နိုင်သည်။
ကြီးထန်ဆန်းမားမှာ တည်ကြည်ခန့်ညားသော သိုင်း
ကြီးတစ်ဦးပင် ဖြစ်သည်။

ဘာကြောင့် ယခုလို မှတော်မတာများလုပ်ကြွမည့် တိန်ယု
သိုလူများအား အကူအညီပေးလာသည်ကိုကား ဝမ်လင်းရိ
းစားတတ်ပဲ ဖြစ်နေသည်။

ဦးလေးရန်ဝေကလည်း ဓာယောကြီးကို ထိုးနေရင်းကပင်
ာက်သိုင်းသမားများကို တကြည့်တည်း ကြည့်နေလေ
၏။

သူကတော့ တိဘက်သိုင်းသမားတွေကို ဘယ်လိုနှစ်မိမည်
င်ပေ။

ကိုအချိန်တွင် လူတစ်ယောက်က တီးစိုင်းအဖွဲ့ကို ရပ်နား
ရန် လာပြောသဖြင့် ဘီးမှတ်နေရာမှ ဘီခနဲ ရပ်လိုက်ရ
၏။

ပရိသတ်ကြီးက မည်သို့သော ကျမ်းဘားပြကွက်တွေ မည်နည်းအတွေးနှင့် မျော်လင့်ချက်ဖြင့် မီးကိုရေနှင့်ဖြန်းသ ဘိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထို့နောက် စင်မြင့်ပေါ်သို့ လူကြီးတစ်ယောက် တက်လာ ကာ....

'ယခုအချိန်ကစပြီး တိဘက်သိုင်းဆရာကြီး ထန်ဆန်းလာ က နက်နဲသိမ်မွေ့လှတဲ့ သိုင်းပညာရပ်ရဲ့ လျှို့ဝှက်ချက်အင်္ဂါ ကို ဖော်ထုတ်ပြပါတော့မယ် ခင်ဗျား'

ဟု ပြောကာ စင်မြင့်နောက်ဘက်သို့ လှည့်ဝင်သွားသ ၏။

ထိုအခါ ပရိသတ်က လက်ခုပ်သံများ တီး၍ အားပေး ၏။

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သြဘာသံများမဆုံးမီ၌ပင် အသက် ၅၀ ကျော် လူကြီးပိုင်းရောက်နေပြီဖြစ်သော တိဘက်သိုင်းဆရာကြီး ထ ဆန်းမှာသည် သူထိုင်နေသည့်နေရာမှထကာ စင်မြင့်ပေါ် တက်လာလေသည်။

သူသည် စင်မြင့်ပေါ်သို့ရောက်သောအခါ ပရိသတ်

ကြုံးပြပြီး ဦးညွှတ်အရိုအသေပေးရုံမှတစ်ပါး အခြား အ ကာကိုမျှ မပြောပေ။

သူ၏ သိုင်းကွက်ကိုသာပြသရန် စတင် ပြင်ဆင်လေတော သည်။

ပထမဆုံး သူ၏ခါးတွင် ချိတ်လျက်ပါရှိသော ဆောင်ခေး ကို ရှမ်းခန် ဆွဲထုတ်သည်။

ခေါ်သည် အရှည်ကြီးမဟုတ်။ သာမန် မုတ်ဆိတ်ရှည် အရွယ် ပမာဏရှိ ခေးတစ်လက်ဖြစ်သည်။

'ဝွစ် ဝှစ် ဝှစ် ဝှစ်'

ခေးကိုညာလက်မှဘယ်လက်၊ ဘယ်လက်မှညာလက် တစ် လှည့်စီ ပြောင်းရွှေ့ရင်း ခေးစကြာသိုင်းကွက်ကို ပြသသည် မှာ အလွန်ပင် ကျမ်းကျင်လှ၏။

ခေးပြေးနေသည့်အသံကို ကြားနေရသည်။ တရိပ်ရိပ်ပြေး နေသော ခေးရိပ်ကိုသာတွေ့ရသည်။

ခေးကိုလုံးဝမတွေ့ရတော့ပေ။

ခေးစကြာပြကွက်ကို သိုင်းကွက်အနေဖြင့် ဆယ်ကွက်ထက် နှုန်း ပြသပြီးနောက် စင်အောက်ရှိ တပည့်သိုင်းသမားများ

ကို တိဘက်ဘာသာစကားဖြင့် လှမ်းအော်၍ ပြောလိုက်သည်နောက် တပည့်သိုင်းသမား ၅ ယောက် စုန်းခန့်ထပြီး စားပေါ်တွင် ချထားသောပန်းသီးများနှင့် ဆရာကြီး ထန်ဆန်းမားအား ပစ်မှတ်ထားပြီး ပစ်သင်းကြကုန်၏။

ဆရာကြီး ထန်ဆန်းမားက ဝင်လာသမျှ ပန်းသီးများအားလုံးကို တစ်လုံးမကျန် အလယ်တည့်တည့်က ခဲခြမ်းခွဲပစ်လိုက်လေသည်။

ပန်းသီးခြမ်းတို့သည် သူ့ဘေးပတ်ပတ်လည်၌ ဖွေးဖွေးလှုပ်သွားကြပါလေတော့၏။

ထိုအခါ ပရိသတ်က လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

တစ်ဖန် တိဘက်သိုင်းဆရာကြီးက သူ့တပည့်တစ်ဦးအားလှမ်း၍ ပြောလိုက်ပြန်သည်။

တိဘက်ဘာသာစကားမင် ဖြစ်သည်။

ထို့ကြောင့် သူဘာပြောလိုက်သည်ကိုမသိရ။

ထို့သို့မသိရသောကြောင့် ပိုပြီး စိတ်ဝင်စားနေကြရ၏အဖြေကား ပေါ်လာပါ၏။

တိဘက်သိုင်းသမားများထဲမှ လေးကိုင်း သိုင်းသမားက ရုတ်တရက်ထရပ်ကာ လေးကိုင်းတွင်မြားတပ်ကာ ဆရာကြီး ထန်ဆန်းမားအား ပစ်မှတ်သဘောထား၍ မြားကံကိုပစ်လွှတ်လိုက်လေ၏။

'ဂွင်'

'ဖလက်'

ဆရာကြီးထန်ဆန်းမားက သိုင်းလောကတွင် ကြုံတောင့်ကြုံခဲ့ မတွေ့ဖူးမမြင်ဖူးသော အလုပ်ဘစ်ခုကို လုပ်ပြလိုက်၏။

ထိုအလုပ်မှာ ပြေးဝင်လာသောမြား ကို အလယ်မှဆီးဖမ်းလိုက်ခြင်းပါပေ။

'ဟာ'

'ဟယ်'

'ဟင်'

'အို....ကြည့်စမ်း....တော်လိုက်တာ'

ပရိသတ်ထဲမှ အာမေဋိတ်သံများ ဟိုမှသည်မှ ပေါ်ထွက်လာပါလေတော့သည်။

အားလုံးလိုလို ဆရာကြီးထန်ဆန်းမားအား တအံ့တသြကြည့်၍ ရင်သပ်ရှုမောဖြစ်နေကြ၏။

ချီးကျူးစကားတွေ မြောရှိမှဆုံးနိုင်အောင် ပြောနေကြ၏။

ထိုသို့သော သိုင်းပညာဆင့်ကို မအံ့သြမချီးကျူးဘဲနသူကား ရှိ၏။

ထိုသူမှာ တီးဝိုင်းအဖွဲ့သားထဲဝှေက်နေသော ဝမ်လင်းရိပင် ဖြစ်ပါသည်။

ဝမ်လင်းရိက မသိမသာပြုံးသည်။

စိတ်ထဲတွင်လည်း....

ဒီပညာရပ်ကို ဆရာကြီးနဂါးငွေ့ဓားချင်းဟုန်က သင်ကြား ပြသပေးခဲ့ပြီပဲ၊ ဒီထက်ဆန်းပြားနက်နဲတဲ့ သိုင်းကွက်တွေကို တောင် သင်ပေးခဲ့ပြီးပြီပဲ၊ ငါ့အဖို့ကတော့ ဒီသိုင်းကွက်တွေ ဟာ အဆန်းတော့မဟုတ်ပါဘူး'

ဟု တွေးတောလိုက်မိပါသေးသည်။

ထို့အချိန်တွင် ဆရာကြီးထန်ဆန်းမှာ အား လက်ခုပ် လက်ဝါးများ မနားတမ်းတီး၍ ဩဘာပေးနေလေ၏။

'ဖြောင်း ဖြောင်း ဖြောင်း'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်လက်ဝါးများ တီးခတ်နေဆဲ ဝမ်လင်းရှိသည် ကမ်ပို့ မျက်နှာကို ဖျတ်ခနဲမြင်လိုက်သည်။ သူမ၏မျက်လုံး များတွင် အဓိပ္ပာယ် တစ်ခုခုဖော်ပြနေသလိုထင်လိုက်မိသည်။

သို့နှင့် ဝမ်လင်းရှိက ထိုင်နေရာမှ ဝုန်းခနဲထကာ ပန်း ကမ်ပို့ရှိနေသည့် နေရာသို့ အရောက်သွား၏။ ကိုယ့်အလုပ် ဘာဝန်နှင့် ကိုယ်ရှုပ်နေသော လူတွေကိုတော့ ရှောင်ရှဲ ဘိမ်းရသည်။

ဝမ်လင်းရိသည် ပန်းကမ်ပိုးရှေ့သို့ ရောက်သည်နှင့်

'ဘာဖြစ်လို့လဲ အကြောင်းထူးတယ် မဟုတ်လား' ဟု မေးလိုက်သည်။

အသံကို အုပ်၍ပြောလိုက်သည့်ဘိုင်အောင် ပန်းကန်ပိုးက မျက်ရိပ်ပြသည်။ ပြီး ဝမ်လင်းရိကို ဆွဲကိုင်၍ လူရှင်းသည့် နောက်ဘက်သို့ ခေါ်သွားလေ၏။

လူရှင်းသောနေရာသို့ ရောက်မှ ပန်းကမ်ပိုးက....

'ကျွန်မတို့ ဆတ်သားချဉ်ဖေး နောက်ကို တူချင်း လူငွေ နောက်ယောင်ခံလိုက်သွားလို့ ချဉ်ဖေးလဲ အနောက်ဘက် တောအုပ်ထဲကို ခေါ်သွားတယ်တဲ့ အစ်ကို' ဟု ပြောလေ၏။

ဝမ်လင်းရိက စိုးရိမ်တကြီးဖြင့်....

'ဟင်.... ဟုတ်လား ရှန်သူဘယ်နှစ်ယောက်လဲ'ဟု မေးရာ ပန်းကမ်ပိုးက....

'ဝါးယောက်လို့ ပြောတယ်' ဟု ပြော၏။

'ဒါဆိုရင် မဖြစ်ဘူး တို့လိုက်သွားမှ ဖြစ်မယ်' ဟု ဝမ်လင်းရိက ပြောသောအခါ ပန်းကမ်ပိုးက...

'ဒီအဝတ်အစားတွေနဲ့ ဖြစ်ပါ့မလား' ဟု မေး၏ ဝမ်လင်းရိက....

'လာပါ လမ်းမှာ အပေါ်အင်္ကျီတွေ ချွတ် လိုက် ရင် အောက်ခံ ဇတ်စုံပဲကျန်မှာပေါ့၊ တို့ကို မမှတ်မိနိုင်ပါဘူး၊ ရှန်ဖေးကို မိသွားလို့ ရှန်ဖေးအရေးနိမ့်သွားရင် မလွယ်ဘူး မီးခိုးကြွက် လျှာက် ဖြစ်ကုန်လိမ့်မယ်၊ ကဲ ပြောနေတာ ကြာပါတယ် လိုက်သွားကြမယ်'

ဟု ပြောပြီး မြင်းများထားရှိသည့် နေရာသို့ ပြေးထွက် လာကြသည်။

လောလောဆယ် မိမိတို့အား အစောင့်အကြပ်များ သတိထားမိမည်ကိုလည်း သတိထားရသေးသည်။ ထို့နောက် မြင်းများကိုစီး၍ ထွက်ခွာလာခဲ့ကြသည်။

မြို့အနောက် တောအုပ်ဘက်ကိုပဲ ဦးတည်၍လာခဲ့သည်။ အပေါ်အင်္ကျီများမှာ ကျမ်းဘားသမား ဝတ်စုံနှင့် တီးဂိုင်း သမားဝတ်စုံများ ဖြစ်နေ၍ မြင်းပေါ်မှာပဲ ချွတ်၍ လုံး ထွေးပြီး လမ်းဘေး တောချုံစေးပစ်များ နောက်ဘက်သို့ လွှင့်ပစ်ခဲ့ကြရသည်။

တစ်နေရာသို့ ရောက်သောအခါ ဝမ်လင်းရိက....

'ဟိုမှာတွေ့လား မြင်းခြံရာတွေ ဒီဘက်ကိုသွားကြတာ သေချာတယ်' ဟု ပြောလိုက်လေရာ ပန်းကမ်ပိုးက....

'ဟုတ်တယ်အစ်ကို မြင်းခွာရာတွေ သေချာတယ်' ဟု ပြောလိုက်စဉ်မှာပဲ တောအုပ်တစ်ဘက်မှ လူတစ်ယောက် အော်ဟစ်လိုက်သော အသံတစ်သံကို ကြားလိုက်ရသည်နှင့် ဝမ်လင်းရိ မြင်းပေါ်က ခုန်ချလိုက်သည်။ ပြီးလျှင် အသံကြားသည့် တောအုပ်ဘက်သို့ တောင်ကုန်းပေါ်မှ တက်ကြည့်ရန်သဘောနှင့် ပြေးတက်လာခဲ့သည်။

ပန်းကမ်ပိုး နောက်က ပါလာသလား၊ မပါလာသလား ဝမ်လင်းရိ သတိမထား၊ စိတ်အာရုံက ရှေ့သို့သာ ရောက်နေသည်။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ မြင်ကွင်းတစ်ခုက ဝမ်လင်းရိ ရင်ထဲကို နှင့်ခနဲဖြစ်သွားပါစေတော့၏။

တွေ့လိုက်ရသော မြင်ကွင်းမှာ ရှန်ဖေးအား သစ်ပင်တစ်ပင်တွင် ကပ်ချည်ထားပြီး ခေါင်းတုံးပြောင်တို့ အုပ်စုက ရိုက်နှက် စစ်ဆေးနေခြင်းဖြစ်သည်။

ရှန်ဖေးမှာ ဘယ်အချိန်လောက်က အဖမ်းခံထား ရပြီး ရိုက်နှက်သည်ကို မည်မျှခံထားရသည်မသိပေ၊ တစ်ကိုယ်လုံး သွေးများ ချင်းချင်းနီနေလေပြီ။ ခေါင်းကိုပင် မတ်မတ်မထားနိုင်တော့သော အခြေအနေသို့ ရောက်ရှိနေပါပကော။

'ဟင်....ရှန်ဖေးတော့ ဒုက္ခပါပဲ အစ်ကိုရယ်'

ပန်းကမ်ပိုး အသံကို ကြားလိုက်တော့မှ မိမိအနီးသို့ ပန်းကမ်ပိုး ရောက်ရှိလာသည်ကို ဝမ်လင်းရိ သိလိုက်ရလေသည်။

'တော်တော် ရက်စက်ယုတ်မာတဲ့ ကောင်တွေပဲ၊ ဒီကောင်တွေဟာ တုချိင်း လက်သပ်မွေးထားတဲ့ လက်ရွေးစင်လူမိုက်တွေ မဟုတ်လား၊ တွေ့ကြသေးတာပေါ့ကွာ' ဟု ပြောကာ ဝမ်လင်းရိက ထသွားမည်အပြု ပန်းကမ်ပိုးက....

'ကျွန်မလဲ လိုက်ခဲ့ပါမယ်၊ အစ်ကို' ဟုပြောကာ နောက်က ကပ်လိုက်သွားလေသည်။

ခေါင်းတုံးတို့အုပ်စုဆိုသော်လည်း ယခုအုပ်စုတွင် ခေါင်းတုံးသည်။ ခေါင်းဆောင်မဟုတ်ပေ။ ခေါင်းဆောင်မှာ မိန်းမလျာ သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူက အစိမ်းတစ်ဝက် အနက်တစ်ခြမ်း ဝတ်စုံကြီးကို ဝတ်ထားသည်။ ယောကျ်ားက မိန်းမစိတ် ပေါက်နေသော မိန်းမလျာတစ်ယောက်ဟု ဆိုသော်လည်း သူ့ကို အထင်သေး၍ မရပေ။

မိန်းမလျာ သိုင်းသမားများမှာ၊ ယောကျ်ား သိုင်းသမားများထက်ပင် ကြောက်စရာကောင်း၏။ အကြောင်းမူကား သူတို့သည် ယောကျ်ားစိတ်ရော၊ မိန်းမစိတ်ပါ ဒွန်တဲ့ပါရှိ

သူများဖြစ်သဖြင့် ကောက်ကျစ်စဉ်းလဲသည့် နေရာ၊ ဖြတ်ထိုး ဉာဏ်သုံးသည့် နေရာများတွင် ယောကျ်ားသိုင်းသမား များထက် အဆများစွာ သာလွန်နေတတ်၏။

ထို မိန်းမလျာ သိုင်းသမားအကြောင်းကို ပန်းကမ်ပိုး ကြားဖူးသည်။ တုခွင်း၏ ညာလက်ရုံးဟုပင်ပြောနိုင်သည်။

သူ့နာမည်မှာ မိန်းမလျာ ကော်ပျံ့ရှား ဖြစ်၏။ သူမတွင် ကြောက်စရာအကောင်းဆုံးမှာ အဆိပ်အပ် လက်နက်ပုန်း တိုက်ခိုက်နည်းဖြစ်သည်။

တောင်ကုန်းပေါ်က ဆင်းလာသော ဝမ်လင်းရိနှင့် ပန်း ကမ်ပိုးကို တွေ့လိုက်သောအခါ မိန်းမလျားကော်ပျံ့ရှားနှင့် ခေါင်းဆောင် သိုင်းသမားများ အတော် အံ့အားသင့်နေကြ၏။

ရန်သူမှန်လျှင် ခုလိုရင်ဆိုင်တွေ့ခဲ့သည်မဟုတ်လား၊ ပြီး တော့ သူတို့က ဝမ်လင်းရိကို ယခင်က ကျိန်းသေမြေတွင် တစ် ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ခြင်းကြောင့် စူးစမ်းသော မျက်လုံး များဖြင့် ကြည့်နေ၏။

ခေါင်းတုံးကမူ ဝမ်လင်းရိကို မှတ်မိသွားဟန်တူသည်။

'ဘယ်သူများလဲ ပက်စပ်တော့ စိတ်တိုင်းကျ စား သောက်ဆိုင်မှာ တွေ့ခဲ့ရတဲ့ မိုးကျရွေကို ကိုယ်တော်ချေ ကလေးကို' ဟု ခပ်ထေ့ထေ့ မြောလိုက်လေ၏။

ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့က လူချင်း ခပ်ခွာခွာအနေ အထားရပ်ကာ... ဝမ်လင်းရိက

'ကျုပ်တို့လူကို ဘာအကြောင်းနဲ့ ဖမ်းပြီး မတရားလုပ် တာလဲ အခုချက်ချင်း ကြိုးဖြေပြီး လွှတ်လိုက်ပါ'

ဟု ပြောလိုက်သည်။

မိန်းမလျာ ကော်ပျံ့ရှား က ဟားတိုက် ရယ်မောရင်း ရှေ့သို့ထွက်လာလေသည်။

'ဟား ဟား ဟား'

ဟု ရယ်မောရှု ကျေနပ်လောက်တော့မှ....

'ရယ်စရာကောင်းလိုက်တာ မင်းကဘယ်သူလဲ၊ ဒီရန်သူဟာ မင်းလူလို့ပြောရင် မင်းဟာလဲ ဘို့ခဲ့ရန်သူပဲ ဖြစ်နေတော့မှာ ပေါ့' ဟု ပြော၏။

ဝမ်လင်းရိက...

'ခင်ဗျားပြောနေတာတွေကို ကျုပ်က နားထောင်ဖို့လာ ကာမယာတ်ဘူး၊ ခင်ဗျားမေးတာကိုလဲ ကျုပ်ဖြေစရာမလိုဘူး ကျုပ်ပြောချင်တာက အခု ကျုပ်တို့လူကိုလွှတ်ပေးပါ ဒါပဲ'

ဟု ပြောပြန်၏။

ထိုအခါ မိန်းမလျာ ကော်ပျံ ရှားက ဝမ်လင်းရိုကို ကြည့်လိုက်ချေ၊ ရုန်ဖေးကို ကြည့်လိုက်ချေ၊ လုပ်နေသည်။ ထိုစဉ် သူသည် မည်သည့်စိတ်ကူး ရသည်မသိ။

'ဟင်း....ဟင်း၊ ကျုပ်လူကိုအခုလွှတ်ပေးပါတဲ့၊ လွှတ်ပေးဆိုတော့လဲ လွှတ်ပေးရတာပေါ့လေ' ဟု ပြောပြီး သူလူ့မျှားအား....

'ကဲ ဟော့ သူ့လူကို လွှတ်ပေးလိုက်ပါ'

ဟု ပြောလိုက်သည်။

သည်မှာ ခေါင်းတုံးက ယုန်ဖေးကို ကြိုးဖြေပေးလိုက်ပါသော်လည်း ယုန်ဖေးကား အဝတ်စတစ်စလို အောက်သို့လဲပြို ကျသွားပါလေတော့သည်။

မိန်းမသားတစ်ယောက်ဖြစ်သော ပန်းကမ်ပိုးမှာ ကြင်နာတတ်သော စိတ်ရင်းကလည်းရှိပြီး ယုန်ဖေးမှာ သူမ မောင်လေးတစ်ယောက်လို နေလာပြီး သံယောဇဉ် ရှိနေသဖြင့် ဘာကိုမျှ မစဉ်းစားတော့ဘဲ ပြေး၍ ထိုင်ချလိုက်ပြီး ပွေ့ချီစစ်ဆေးကြည့်လေ၏။

'ဟင်....ယုန်ဖေး အသက်မရှိတော့ပါလား'

ဟု ပန်းကမ်ပိုက ရေရွတ်လိုက်လေ၏။ သူမ ရေရွတ်လိုက်သည်မှာ ဝမ်လင်းရိအား တင်ပြပြောကြားလိုက်သည့်သဘောမျိုး ဖြစ်နေသည်။

ဝမ်လင်းရိ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ရုံမက အံကိုပါ ကြိတ်လိုက်၏။

'ဘောက်'

တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်ပြန်၏။ ဝမ်လင်းရိသည် ရှေ့သို့ ထွက်ရပ်လိုက်ကာ....

'ယုန်ဖေးကို မင်းတို့ဘာကြောင့် သတ်ပစ် လိုက်ရတာလဲ' ဟု မေးသည်။

မိန်းမလျာကြီး ကော်ပျံ ရှားက မျက်မှောင် ကြုတ်လိုက်ကာ....

'ကျုပ်တို့က သူ့ကို ကျုပ်တို့လူနှစ်ယောက် ပျောက်နေလို့ မေးတယ်၊ သူက မပြောဘူး၊ မပြောတော့လဲ မပြောတဲ့ အလျောက် ကျုပ်တို့ကလဲ ထုံးစံအတိုင်းပဲပေါ့'

ဟု ပြောလေ၏။

ဝမ်လင်းရိက....

'မင်းတို့လူနှစ်ယောက် ပျောက်နေတာနဲ့ ကျုပ်တို့နဲ့ ဘာဆိုင်နေလို့လဲ၊ ဘယ်လိုဆက်နွယ် ပတ်သက်နေလို့လဲ'

ဟု မေး၏။

ကော်ပျံရှာ က....

'နေစမ်းပါဦး မင်းက ဘယ်သူလဲ ဘယ်ကလဲ' ဟု မေး၏။

ဝမ်လင်းရိက....

'ကျုပ် ဘယ်နှစ်ခါပြောရမလဲ၊ ခင်ဗျားတို့မေးတာ ကို ဖြေဖို့လာဘာ မဟုတ်ဘူး၊ နှားထောင်စရာ မလိုဘူးဆိုဘာ ဟု ဖြေလိုက်လေရာ ခေါင်းတုံးက...

'ဆရာ.... ရှား စကားပြောရတာ မောပါတယ်ဗျာ၊ အပြတ်သဘင်းပစ်လိုက်စမ်းပါ၊ မျက်စိရှုပ်လွန်းလို့ ဒီငနဲကို ဟိုနေ့ကတည်းက ကြည့်မရတာ' ဟု ဇင်ပြောနေသ ဖြင့် ဝမ်လင်းရိက တစ်ချက်ပြုံးလိုက်လေသည်။

အမှန်ဘာ ခေါင်းတုံးသည် ဇီတ်ဘိုဇ်းကျ စားသောက် ဆိုင်တွင် သူခံခဲ့ရပြီး ကိုယ်လွတ်ထွက်ပြေးခဲ့ရသဖြင့် အငြိုး ထားကာ သူ အားကိုးနေရသော မိန်းမလျာ ကော်ပျံရှား နှင့် တေ မေးလိုက်ခြင်းပင် ဖြစ်သည်။

ဒါကို ဝမ်လင်းရိ နားလည်လိုက်သည်။ ထို့ကြောင့်လည်း ဝမ်လင်းရိက ခေါင်းတုံးကို လက်ညှိုးထိုးကာ....

'ခေါင်းတုံး မင်းပါးစပ်က မမှုတ်က မဟတ်ကတွေ လျှောက်ပြောမနေနဲ့၊ မင်း စကား ဘာသဘောနဲ့ ဘယ် အဓိပ္ပာယ် ရှောက်အောင် ပြောနေတယ်ဆိုတာ ကျုပ် အကုန် သိတယ်၊ မင်းထွက်ခဲ့'

ဟု ဝမ်လင်းရိက ပုံတောင်းလိုက်သောအခါ ခေါင်းတုံး လက်လုံးပြူးသွား၏။ ပါးကမ်ပိုးလည်း အခြေအနေတင်းမာ သော၍ ရုန်ဖေး ရုပ်အလောင်းအနီးမှ ထရပ်လိုက်လေသည်။

ခေါင်းတုံးမှာ သူမျော်လင့်သလို ဝမ်လင်းရိနှင့် မိန်းမ ကော်ပျံရှားတို့၏ ပုံမဟုတ်တဲ့ ဝမ်လင်းရိနှင့် မိမိမှု ပြဿနာဖြင့် တုန်လှုပ်ချောက်ချားသွားလေ၏။ ခဏမှ ရှေ့ သွက်ရလည်းခက် မဆုတ်လည်းခက် ဖြစ်နေသည်။

'ဘယ်လိုလဲသူရဲ့ကောင်းကတုံးကြီးက သူများကို မြောက် ပေးတဲ့နေရာမှာ တော်သလောက် ကိုယ်တိုင်တိုက်ဖို့ဝန်မို့ ကူတော့ အတော် ကိုလက်နှေးနေတာ ပဲကိုးဗျ' ဟု ဝမ်လင်းရိက မေးလိုက်သောအခါ ခေါင်းတုံး အက်တွေ့နေလေ၏။

မိန်းမလျာ ကော်ပျံရှား မှာလည်း ခေါင်းတုံးက ဒုံအား ချောက်တွန်းလိုက်သည်ကို ရိပ်မိသွားပြီး အင်တင် တင် ဖြစ်သွား၏။ ထို့ကြောင့် မိန်းမလျာ ကော်ပျံရှားက.... 'က.... ဗိုးခေါင်းတုံး ဒီလို မလောက်လေး မလောက် ပေးလေးက အကြိမ်ကြိမ် ပုံတောင်းနေတာကိုမျှား ဘာ ကြောင့် ဒီလောက်စဉ်းစားနေရတာလဲ' ဟု လှည့်၍ မေး လိုက်လေ၏။

သို့တိုင်အောင် ခေါင်းတုံးသည် မျက်နှာကို ပုတ်သိုးနေ ဆဲလေတော့၏။

အမှန်ထော့လည်း ဝမ်လင်းရိ၏ သိုင်းပညာ အဆင့်ကို ကား ကောင်းကောင်းသိထားပြီး ဓဟုတ်ပါလား။

သည်နေရာတွင် ခေါင်းတုံးမှာ ကိုယ့်အတက် ကိုယ်ချ
ခဲ့ခြင်းဖြစ်သည်။ထို့အပြင် ရှန်ဖေး ရင်ဘတ်ကို အတွင်းအား
သုံး၍ အဆမတန် ရိုက်လိုက်စဉ်က ရှန်ဖေး ပါးစပ်ထဲက
သွေးများ ပျို့အန်ထွက်ကျလာရာမှ....

'ကျုပ်ကို ခင်ဗျား ခုလိုရိုက်တဲ့အတွက် ခင်ဗျားကိုသ
ရိုက်မယ့်လူ ပေါ်လာဦးမှာ ပေါ့ဗျာ' ဟူသော စကားသံက
ကြားယောင်ပြီး တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲထလာ
လေတော့၏။

ဝမ်လင်းရီကလည်း....

'ကျုပ်တို့ လူကို သတ်လိုက်တာလဲ ခင်ဗျားပဲ ဖြစ်ပုံရ
တယ်၊ ဟုတ်သလား ကိုခေါင်းတုံး'ရဲ့' ဟူ မေးလိုက်ပြန်သ
ခေါင်းတုံးမှာ ဒုစရိုက်လောကသား ဘဝတစ်လျှောက်
သည်တစ်ကြိမ် အာတုန်လှုပ်ကြီး တုန်လှုပ်နေရပါလေတော့၏။

'ယား'

ညာခြေကို စောစီးလိုက်ပစ်သွင်းကာ ဝမ်လင်းရီကို
စတင်တိုက်ခိုက်ပါလေတော့သည်။

'ဖူး....'

ပြေးဝင်လာသော ခေါင်းတုံး၏ ခြေစောင်းကန်ချက်
သွားရာလမ်းကြောင်းမှ လွတ်သာရုံ ခန္ဓာကိုယ်ကို ညွတ်တိမ်း
ရှောင်လိုက်ပြီးနောက် ခန္ဓာကိုယ်ကိုတစ်ပတ်လှည့်၍ ဆုံမှတ်သို့

ပြန်အဆောက်တင် ရန်သူ၏နောက်ကျောကို လက်ဝါးစောင်းဖြင့် ဓားမကြီးနှင့် ခုတ်သို့ ခုတ်ချလိုက်လေ၏။

'အင့်...'

ခေါင်းတုံးသည် ခါးကေ့သွားကာ ပါးစပ်မှလည်း အလွန်ခံရခက်သော ညည်းတွားသံတစ်သံ ပေါ်ထွက်လာလေသည်။

ခေါင်းတုံးမှာ စစ်စစ် အတုင်းအား ကောင်းလှသော သိုင်းဆရာ အကျော်အမော် တစ်ဦးပင်ဖြစ်သည်။ ဤနှစ်တစ်ဝိုက်တွင် ခေါင်းတုံး သိုင်းသမားဟော သို့ဟုခေါ်ဝေါ်ယှဉ်ပိုင်သူ အလွန်ရှားသော သိုင်းသမားတစ်ဦးဖြစ်ခဲပသည်။

သို့သော်သည်း သူ့မှာက အားနည်းချက်ဒဏ် မျှားနေသည်။ လောလောဆယ် ရန်ဖေးကို မဟားသတ်ခဲ့သည်က တစ်ကြောင်း၊ ဝမ်လင်းရိ၏ သိုင်းပညာအဆင့်ကို ကြိုတင်သိရှိနေသည်ကတစ်ကြောင်း၊ ထို့ကြောင့် ထို့ကြောင့် အလိုသို့နေရင်း သတ္တိကြောင်နေမိခြင်း ဖြစ်သည်။

ခေါင်းတုံး သိုင်းသမားက သူ့လူထံမှ နှစ်ဆစ်ချိုးတုတ်တစ်စုံကို လှမ်းတောင်းသည်။ သူ့လူက ပစ်ပေးသည်။

သည်လိုပဲမျိုးတွင် စည်းစနစ်ခိုတာရှိလှသည် မဟုတ်။ အခြေအနေအရ တွေ့ကမှားသည်။ ခုလို လက်နက်မဲ့တိုက်ခိုက်

ခန့ရာမှ လက်နက်နှင့်တိုက်ခိုက်လာလျှင် တစ်ဖက်လူ ပြိုင်ဘက်ကျေနပ်ဖို့လိုသည်။

ဝမ်လင်းရိက ဘာမျှဆက်မပြော ပြုံး၍သာကြည့်နေလိုက်သည်။

'မင်းလက်နက်က စိတ်ချရရဲ့လား။ သံကွင်းဆက်တွေ ပြတ်သွက်ကုန် ဦးမယ်' ဟု ဝမ်လင်းရိက ပြောလိုက်လေသည်။

ခေါင်းတုံးသည် ဝမ်လင်းရိအား ဘာမျှဆက်မပြော ဖောဖော နှစ်ဆစ်ချိုး သံကွင်းဆက်ရှိရာ တုတ်တစ်စုံကိုသာ ဘယ် ညာကိုင်၍ တဝှီးဝှီး လှည့်ပတ်ဝေ့ယမ်း ကစားနေ၏။

'ဝှီး ဝှီး ဝှီး ဝှီး'

ကျွမ်းကျင်လှခြင်းကြောင့် အဆံ ကိုသာ ကြားရသည်။ ဘုတ်ချောင်းမျှားမှာ ခေါင်းတုံးသိုင်းသမား၏ တစ်ကိုယ်လုံးကို ပို ခြည်မျင်မျှားဖြင့် ရစ်ပတ်ဖွဲ့နှောင်ထား သကဲ့သို့ ရှိသည်။

မိန်းမလျာ ကော်ပျံရှားတို့သည် နောက်သို့ရှေ့၍ စိုက်ကွင်းအနေအထားကို ချဲ့လိုက်သည်။

ပန်းကမ်ပိုး မှာကတော့ သည်မှာဘက်တွင် တစ်ယောက်တည်း ရပ်နေသည်။

သူမမှာ မိန်းမလျာကော်ပျံရှား၏ လှုပ်ရှားမှုကို စောင့်ကြည့်နေရသည်။

လက်နက်ပုန်း တစ်ခုခု သူ့ထံမှထွက်မလာရန် အရေးကြီးသည်။

ခုထိတော့ ကော်ပျံရှား ရိုးရိုးသားသားပင် ရှိပါသေးသည်။ ဘယ်တော့ ဆန်းလာမည်မသိပေ။ ဆန်းလာလျှင်လည်း မိမိက ခုလိုရပ်နေစရာမလိုတော့ဟု တွက်ထားသည်။

'ဂျောက် ဂျောက်'

ဟူသော အသံနှစ်သံဆက်တိုက်ပေါ်ပေါက်လာပြီးနောက် ပစ်သွင်းလိုက်သော နှစ်ဆစ်ချိုးတုတ် ရိုက်ချက်မှာ ဝမ်လင်းရိ၏ ဦးနှောက်ကို ခွဲထုတ်လိုက်သည်မှာ အမှန်....

'ဟိုက်'

သေချာလှသော တိုက်ကွက်မှန်သော်လည်း ဝမ်လင်းရိ၏ တိမ်းရှောင်မှုကျွမ်းကျင်ခြင်းကြောင့် မသေချာမရေရာတော့ဘဲ လည်ထွက်သွားလေတော့၏။

သိုင်းသမားတစ်ယောက်အဖို့ မိမိပျိုးထားသော သိုင်းကွက်တစ်ကွက် ပျက်သွားခြင်းသည် ပျက်သွားရုံနှင့်မရပ်၊ ရန်သူ၏ အနိုင်တိုက်ကွက် တစ်ဆက်တည်းပါလာတတ်သည်။

အခုလည်း ခေါင်းတုံးမှာ မိမိ၏ နှစ်ဆစ်ချိုးတုတ်ချောင်း သေချာပေါက် ရိုက်ချက်လွဲချော်သွားသည်နှင့် ဝမ်လင်းရိက မိမိအတွင်းစည်းထဲ ခုန်ဝင်ရောက်ရှိလာပြီး ပြန်လည်၍ မျောက်တစ်ကောင်လိုခုန်အထွက်နှစ်ဆစ်ချိုးတုတ်ချောင်းတစ်ချောင်း ပါသွားလေတော့သည်။

'ဝှီး'

'ဝှီး'

'ဝှီး'

'ပှစ်'

'ဃား'

သည်တစ်ကြိမ်တွင်မူ ခေါင်းတုံးသိုင်းသမား လက်ထဲတွင် တုတ်တစ်ချောင်း။ ပြီးတော့ ဝမ်လင်းရိလက်ထဲတွင် တုတ်တစ်ချောင်း။

'ဖြောင်း ဖြောင်း ဖြောင်း'

'ချောက် ချောက် ချောက်'

အခုတော့ တုတ်တုတ်ချင်း အပြိုင်ကြဲကြရလေပြီ။

ဝမ်လင်းရိက ပန်းနွယ်အညွှန့်ထိုး သိုင်းကွက်ကို အသုံးပြု၍ တိုက်ခိုက်၏။

ပန်းနွယ်အညွှန့်ထိုးသိုင်းကွက်မှာ မိမိဘက်က တိုက်ကွက်တိုင်း တလူးလူးတလူလူ ရှိနေရမည်ဖြစ်သည်။

ခေါင်းတုံးက ဝမ်လင်းရိ၏ ပန်းနွယ်အညွှန့်ထိုးသိုင်းကွက်ကို ဂဏန်းရေဆန် သိုင်းကွက်ကိုအသုံးပြု၍ ချေဖျက်တိုက်ခိုက်သည်။

ခေါင်းတုံး၏ ဂဏန်းရေဆန်သိုင်းကွက်သည် ပန်းနွယ်အညွှန့်ထိုး သိုင်းကွက်ကို မကျော်နိုင်ဟုဆိုရမည်ဖြစ်သည်။

သိုင်းကွက်အကွက် ၂၀ အရောက်တွင် ခေါင်းတုံးလည်ပင်းကို ဝမ်လင်းရိက ချုပ်မိလျက်သား ဖြစ်သွားပါလေတော့သည်။

ခေါင်းတုံးမှာ လက်ထဲတွင် နှစ်ဆစ်ချိုးတုတ်တစ်ချောင်း သည်ပင်မရှိတော့ဘဲ လည်ပင်းမှာလည်း မလှုပ်နိုင်ဘဲဖြစ်နေသည်။

သည်လိုအချိန်မျိုးတွင် ခေါင်းတုံးဘက်က လူတွေ လှုပ်ရှားလာမှာ စိုးရိမ်နေချေပြီ။

ထို့ကြောင့်လည်း ပန်းကမ်ပိုးက....

'ကျန်တဲ့လူတွေငြိမ်ငြိမ်နေကြပါ၊ အရှုံးအနိုင်ကို သန်သန့်ရှင်းရှင်း ယူတာပဲကောင်းပါတယ်'

ဟု သတိပေးလိုက်လေရာ မိန်းမလျှာ ကော်ပျံရှား အခက်တွေ့သွား၏။

အမှန်မှာ ကော်ပျံရှားသည် ဝမ်လင်းရိ၏ လက်မောင်းတစ်ဖက်ကို အဆိပ်လူးအပ်ကလေးတစ်ချောင်းလောက် ပစ်သွင်းထားမည်ဟု စိတ်ကူးပြီးသားဖြစ်သည်။

သို့တိုင်အောင် မိန်းမလျှာကော်ပျံရှားက ပန်းကမ်ပိုး၏ အခြေအနေကို ကြည့်ဖြစ်သေးသည်။

ပန်းကမ်ပိုးကား အဝေးပစ်ဓားပျံ ဓားမြောင်တစ်ချောင်းကို မိမိအား ချိန်ရွယ်ထားသည် မဟုတ်လား။

ဝမ်လင်းရိက ခေါင်းတုံးလည်ပင်းကို နှစ်ဆစ်ချိုးသံကွင်းဆက် တုတ်ချောင်းကို အသုံးပြု၍ထားရာမှ...

'မင်း ယုန်ဖေးကိုသတ်တာ မဟုတ်လား'

ဟု မေးသည်။

'ဝူး ဝူး ဝူး'

ခေါင်းတုံးမှာ လည်ပင်းတွင် တစ်ဆို့ဆို့ဖြစ်ပြီး စကား မပြောနိုင်ပဲ-ရှိ၏။

'အ အ အ'

ဝမ်လင်းရိုက ခေါင်းတုံးစကားပြောစိမ့်ခြင်းငှာ တစ်ရစ်လျှောလိုက်သည်။

ကျိသို့သော အခြေအနေကို ခေါင်းတုံးက အသုံးချကာ....

'ဝုန်း'

'ဖြောင်း'

ခေါင်းတုံးသည် သိမ်းငှက်သုတ်ရှိခဲ့ သိုင်းကွက်ကိုအသုံးပြုကာ အားလုံးကို ရိုက်ခုတ် ခုန်ပျံထွက်သွားလေ၏။

ဝမ်လင်းရိမှာ နှစ်ဆစ်ချိုးသံကွင်းဆက် တုတ်ကိုင်လျက် သား နောက်သို့ လိုက်သွားလေ၏။

ဝမ်လင်းရိလိုက်သွားသည်ကို ပန်းကမ်ပိုး လှမ်းမြင်လိုက်သည်။

စိတ်ထဲ စိုးရိမ်စိတ် ချက်ချင်းဝင်လာသည်။

'အစ်ကို ထ ထ'

ခေါင်းတုံးက ဝမ်လင်းရိအား တိုက်ပွဲအဖွင့်ကအသုံးပြုသော ညာခြေစောင်း ပစ်သွင်းတိုက်ခိုက်နည်း၊ဂဏန်းသွားတိုက်ကွက်ကို အသုံးပြု၍ တိုက်ခိုက်လာခြင်းဖြစ်သည်။

သည်တစ်ကြိမ်မှာကတော့ ဝမ်လင်းရိက ရှောင်တိမ်းခြင်း မပြုဘဲ လက်ထဲ ကျန်ရှိနေသော တုတ်ချောင်းနှင့် ပစ်လွှတ်လိုက်၏။

'အား'

ခေါင်းတုံး၏ခြေသလုံးကို တည့်မတ်စွာ ထိသွားလေရာ ခေါင်းတုံးမှာ အားဟု ခွေးအော်ဝက်အော်အော်ကာ ညွတ်ခွေကျသွား ပါလေတော့၏။

သည်မှာ ဝမ်လင်းရိက ဝုန်းခနဲထကာ ခေါင်းတုံး၏ လည်ပင်းကို ခြေထောက်ဖြင့်လိုက်ပေါက်၏။

'ဖြောင်း ဖြောင်း ဖြောင်း'

ခေါင်းတုံးက တစ်ကွက်ချင်းလွှတ်အောင် မြေကြီးပေါ်တွင် လိမ့်၍လိမ့်၍ ရှောင်သွားလေသည်။

တစ်နေရာအရောက်တွင် ထရပ်နိုင်ခဲ့၏။ ထိုအခါ သိုင်းသမားနှစ်ယောက် တဖြောင်းဖြောင်းနှင့် သိုင်းကွက်များကို အသုံးပြု၍တိုက်ခိုက်လာလေ၏။

တစ်နေရာသို့ရောက်သောအခါ လက်လက်ချင်း ချိတ်ဆက်လျက်သား ဖြစ်နေပါတော့၏။ လှုပ်သော်လည်းမရ၊ ရုန်းသော်လည်းမရွေ့ဘဲ ဖြစ်နေ၏။ ထိုအခါ ဝမ်လင်းရိက အတွင်းအားကို စုစည်းပြီး ခေါင်းတုံး၏ နဖူးကို သူ၏ နဖူးဖြင့် ဝုန်းခနဲ ရိုက်ချလိုက်ပါလေတော့၏။

'အား....

ခေါင်းတုံးမှာ ဝမ်လင်းရိ၏ အတွင်းအားကို မမီသည့် အတွက် နဖူးအား အတိုက်ခံလိုက်ရသောအခါ ခံနိုင်ရည် စွမ်းအား လုံးဝမရှိတော့သည့်အတွက် မျက်လုံးများ ပြာဝေကာ နောက်ဘက်သို့ လန်ကျသွားပါလေတော့သည်။

ထို့နောက် မြေကြီးပေါ်တွင် မလှုပ်မယှက် ဖြစ်သွားပါပကောလား။

'ဟာ ခေါင်းတုံးသေပြီ ထင်တယ်'

ခေါင်းတုံး လူများထဲက တစ်ယောက်က ပြောပြော ဆိုဆို ခေါင်းတုံးကို ပြေးကြည့်သည်။

ထို့နောက် ခေါင်းတုံးအား စစ်ဆေးသူမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မိန်းမလျာ ကော်ပျံရှားက....

'ဘာဖြစ်တာလဲ' ဟု မေး၏။

'ခေါင်းတုံး ကြွသွားပြီ ဆရာရှာ' ဟု သူတို့လူ တစ်ယောက်က လှမ်းပြော၏။

မိန်းမလျာ ကော်ပျံရှား ငြိမ်သွားသည်။

ဝမ်လင်းရီအား မကြောက်သော်လည်း ဂရုထားရတော့ မည့်လူ တစ်ယောက်မှန်း သူသိလိုက်သည်။

မိန်းမလျာ ကော်ပျံရှားသည် ဝမ်လင်းရီအား တစ်ချက်ကြည့်လိုက်သည်။

ဝမ်လင်းရီမှာ ခေါင်းတုံးအား အကြိတ်အနယ် တိုက်ခိုက်ထားရခြင်းကြောင့် မောဟိုက်လျက်ရှိသည်။

ခုလိုအချိန်မျိုးတွင် မိန်းမလျာ ကော်ပျံရှား ဝင်တိုက်လျှင် ဝမ်လင်းရီ အနိုင်တိုက်ခိုက်နိုင်မည်ထင်သည်။

သို့သော် သေချာသည်မဟုတ်ဟုလည်း သူထင်သည်။

ဘာပဲပြောပြော ဝမ်လင်းရီအား အနိုင်တိုက်ခိုက်နိုင်ရန် အတွက်ပြန်လည်လေ့ကျင့်ရန်လိုနေသေးကြောင်း မိန်းမလျာ သိနားလည်သည်။ သို့နှင့်....

ခေါင်းတုံးကို သယ်ခဲ့ကြဟုပြောပြီး ရှေ့ကထွက်သွားလေတော့သည်။ တစ်နေရာသို့ ရောက်သောအခါ....

'ဩော်.... မင်းနာမည်က ဘယ်သူလဲကွ၊ မင်းနဲ့ထပ်တွေ့ချင်လို့ နာမည်တော့ ပြောစမ်းပါဦး၊ ကျုပ်ကတော့ ကော်ပျံရှား လို့ ခေါ်တယ် မှတ်ထားပေါ့ကွာ' ဟု ပြော၏။

ဝမ်လင်းရီက....

'ပန်းကမ်ပိုး ကျုပ်နာမည်ကိုမင်းသ ဘောပဲ ပြောချင်လဲ ပြောလိုက်ပေါ့၊ မပြောချင်လဲ မပြောနဲ့ပေါ့' ဟု ပြော၏။

ပန်းကမ်ပိုးက....

'သူက ထပ်တွေ့ချင်သေးတယ်ဆိုတော့ ပြောလိုက်ပါ့မယ်၊ ဒီမှာမိတ်ဆွေကြီး ကျွန်မအစ်ကိုကတော့ တစ်ခြားသူ မဟုတ်ပါဘူး နဂါးငွေ့ဓား ဟိပဲရှင်' ဟု ပြောလိုက်လေရကာ မိန်းမလျာမှာ....

'ဘာ နဂါးငွေ့ဓား ဟုတ်လား၊ ဩော်....ဩော် ဒါကြောင့်ကိုး၊ ဒါပေမယ့် နဂါးငွေ့ဓား အစစ်တော့ ဟုတ်မယ်မထင်ပါဘူးလေ' ဟု ပြောလေ၏။

ဝမ်လင်းရီက....

'ဒီမှာ မိတ်ဆွေကြီး၊ ကျုပ်ဟာ နဂါးငွေ့ဓား အစစ်ဟုတ်မဟုတ် ခင်ဗျားနဲ့ကျုပ် တွေ့ကြသေးတာပေါ့၊ ကျုပ်က အခုဘောင် တွေ့ချင်တာ ဘယ်လိုလဲ၊ ပွဲဆက်ကလေးပေါ့' ဟု ပြောလိုက်လေ၏။

မိန်းမလျာ ကား သူ့အကြောင်းကို သူသိသည်။ အဆင့်မြင့်သိုင်းသမားများ၏ အရည်အချင်း တစ်ခုဟု ဆိုရမည် ဖြစ်သည်။

မိမိသည် ယှဉ်ပြိုင်ရမည့် သိုင်းသမားလောက် သိုင်းပညာ အဆင့်မရှိမှန်း သိလျက် ဆက်လက်တိုက်ခိုက်လျှင် အလွန်အလွန် ကံကောင်းပါမှ အနိုင်တိုက်ခိုက်နိုင်မည် မဟုတ်ပါလား။

'မုဝ်း မောနေလို့ ကျုပ်က သွားလိုက်ရတာပါ'ဟု ပြောပြီးနောက်တွင် ထွက်ခွာသွားကြပါလေတော့၏။

ဝမ်လင်းရိန္ဒ်ပန်းကမ်ပိုးမှာ ခုမှ ရှုန်ဖေး အလောင်း အနီးသို့ ပြန်လည် လျှောက်လာကြလေ၏။

မြေပုံပေါ်ကို မြေစာခဲများဖို့ပေးပြီးသောအခါ ဝမ်လင်းရိုက ပေါက်တူးကို သူ၏မြင်းညိုကြီး ကုန်းနှီးတွေးတွင် ကပ်ချည်လိုက်သည်။

စောစောက အနီးဆုံးရှာသို့ သွားရောက် ငှားယူခဲ့သော ပေါက်တူးဖြစ်သဖြင့် ပြန်ပို့ပေးရမည်ဖြစ်သည်။

ဝမ်လင်းရိုက နောက်သို့ ပြန်လှည့်ကြည့်လိုက်သော အခါ ပန်းကမ်ပိုးမှာကား ရှုန်ဖေး၏ မြေပုံဘေးတွင် ရပ်တည်လျက် ရှိနေပါသေး၏။

သို့နှင့် ပြန်လျောက်သွားကာ....

'ပန်းကမ်ပိုးက ရှုန်ဖေးအပေါ်မှာ အတော်ကို သံယောဇဉ်ကြီးရှာတာပဲကိုး၊ ကျုပ်လဲ သူ့အတွက် စိတ်မကောင်းပါဘူး၊ ဒီလူငယ်လေးဟာ အတော်ကို တော်လှန်ရေးအသိစိတ်ဓာတ်ရှိတဲ့ လူငယ်လေးပါ။

'သူ့အသက်ကိုသာ အသေခံသွားတယ် ဘာကိုမေးလို့မှ မရခဲ့ဘူး ခွီးကျူးထိုက်ပါဘယ်' ဟု ပြော၏။

ပန်းကမ်ပိုးလာ တစ်ချက်ရှိုက်လိုက်ရာမှ....

'အာဇာနည် သူရဲကောင်းလေး တစ်ယောက်ပါ အစ်ကို ရယ်၊ ကျွန်မ အသည်းနာတာက သူတို့လူ နှစ်ယောက်ကို ကျွန်မတို့က ဖမ်းရုံဖမ်းထားလိုက်တာ မဟုတ်လား၊ ဒါကလဲ ကျွန်မတို့ကို လာစုံစမ်းတဲ့သဘောနဲ့ ဝင်လာလို့ ဖမ်းလိုက်ရတာပါ၊ ဦးလေး ကွမ်အဲဖန်တောင် အစ်ကိုတို့ကို လူမှားခဲ့သေးတယ် မဟုတ်လား' ဟု ပြောလေသည်။

သည်တော့ ဝမ်လင်းရိုက...

'ဟုတ်ပါတယ် ကျုပ်လဲ သိနေတဲ့ကိစ္စပဲ၊ ရှုန်ဖေးလဲ သိထားတာပါပဲ၊ ဒါဒပမယ် အထက်ကအမိန့်ကို သူနာခံသွားတာပါ၊ ကဲ.... ပန်းကမ်ပိုး သွားကြစို့နော် ဒီနားမှာ သူတို့ လူအင်အားပြည့်ပြီး နောက်တာကြာ မလာဘူးလို့ မပြောနိုင်ဘူး' ဟု ပြောတော့မှ ပန်းကမ်ပိုး ထိုင်ရာမှထလိုက်လေ၏။

မြင်းများကို စီးတော့မည် ဟန်ပြင်ကာမှ ပန်းကမ်ပိုးက....

'ဟင်....ဒုက္ခပဲအစ်ကို့ရေ၊ ကျွန်မမြင်း နောက်ခြေတစ်ဖက်ကဖြစ်သွားသလဲ မသိဘူး အထိကိုတောင် မခံနိုင်ဘူး' ဟု ပြောလေရာ ဝမ်လင်းရိကပါ ဝင်ရောက်စစ်ဆေးကြည့်၏။

'ဟုတ်တယ် အရိုးအက်သွားတဲ့ ပုံမျိုးပဲ၊ ဒီလိုဆိုရမယ် ထင်ဘူး အေးလေ၊ ပန်းကမ်ပိုးက ကျုပ်မြင်းနဲ့ လိုက်ခဲ့ဘာပေါ့၊ သူ့ကိုတော့ ဆွဲခဲ့ရမှာပဲပေါ့'

ဟု ဝမ်လင်းရိုက ပြောပြီးနောက် မြင်းပေါ်အရင်တက်သည်။

ပြီး ပန်းကမ်ပိုး ကိုယ်လုံးလေးကို ဆွဲမ၍ သူ့ရှေ့တွင် ထိုင်ပုလဲ့ထိုင်စေသည်။

ထိုအခါ ကိုယ်သင်းနံ့ကလေးများက ဝမ်လင်းရိအာရုံကို ဖိုလှိုက်စေပြန်ပါ၏။

ထို့အတူ ပန်းကမ်ပိုးမှာလည်း ယောကျ်ားပျိုတစ်ဦး၏ အထိအတွေ့များကြောင့် ရှေဘဝင်မှာ မကြုံစဖူး ထူးကဲသော ခံစားမှုဖြင့် တလှုပ်လှုပ် ခုန်လာပါလေတော့၏။

ထို့ကြောင့်လည်း ပေါက်တူးဒူးခဲ့သော ယာစောင့်တဲကလေးတွင် ပေါက်တူးဝင်ပေးခဲ့သည့်အထိ တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ ငြိမ်သက်စွာ ရှိခဲ့ကြပါ၏၊ စမ်းချောင်းကလေးတစ်ခုကို ရောက်လာတော့မှပဲ ဝမ်လင်းရိက....

'ကျုပ်တို့ ဒီမှာ ခဏနားကြရင်ကောင်းမလား မသိဘူး'

ဟု မယုတ်မလွန် ပြောလိုက်မိလေသည်။

ပန်းကမ်ပိုးက ဝမ်လင်းရိကို တစ်ချက် မော့ကြည့်ကာ

'ကောင်းပါတယ်'

ဟု ပြောလေ၏။

သို့နှင့် နှစ်ယောက်သား စမ်းချောင်းကလေးမှာ နားခြင်းကြသည်။

ဝမ်လင်းရိက ရေညှာတွင် မျက်နှာသစ်ခြင်း၊ ရေသောက်ခြင်း လုပ်နေသလို ပန်းကမ်ပိုးကလည်း ရေစုန်တက်တွင် မျက်နှာသစ်ခြင်း၊ ရေသောက်ခြင်း ပြုလုပ်ကြသည်။

ဤသို့သောအလုပ်မျိုးမှာ ဟိုတုန်းကလည်း အမြဲလိုလို ကြုံဆုံတွေ့ရမြဲ အလုပ်မျိုးဖြစ်ပါလျက် သည်တစ်ခါကျတော့ နှစ်ဦးသား၏ရင်မှာ ဝေဒနာတစ်မျိုး ခံစားလာရသလို ထင်နေမိသည်။

ဝမ်လင်းရိက ရေထဲကအရင်တက်လာပြီး သစ်ပင်တစ်ပင်ရင်းတွင် ထိုင်လိုက်သည်။

ပြီး....

ပန်းကမ်ပိုးကို ငေးကြည့်နေလေသည်။

ဝမ်လင်းရိစိတ်ထဲတွင်ကား ဝေဝေဝဲဝဲကို သတိရလာသည်။

အခု မိမိနှင့်အတူရှိနေသော ပန်းကမ်ပိုးသာ ဝေဝေဝဲဝဲဖြစ်လိုက်ချင်စမ်းပါတော့။

ဟု အတွေးရောက်နေမိသည်။

'ဩော်....ဝေဝေဝဲဝဲရယ်၊ မင်းကလေးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူးကွယ်၊

'....အခုတော့ ဒီမိန်းကလေး ပန်းကမ်ပိုးကိုမြင်တွေ့နေရတိုင်း ကျုပ်လေ မင်းကို အမြဲ သတိရနေမိပါတယ်ကွယ်'

ဟု စိတ်ထဲတွင် တိုးတိုးကလေး ပြောနေမိပါ၏။

ထိုစဉ်....

အနီးသို့ ပန်းကမ်ပိုးလာရောက်ထိုင်လိုက်သည်ကိုပင် သတိမထားလိုက်မိပေ။

ပန်းကမ်ပိုးက....

'အစ်ကို ဘယ်သူ့အကြောင်းကို တွေးနေတာလဲဟင်'

ဟု မေးလာလေ၏။

ဝမ်လင်းရိမှာ ရုတ်တရက် ဘာပြောရမည်မသိ ဖြစ်သွားပါတော့၏။

သည်မိန်းကလေး မိမိရင်ထဲကို ဖြတ်မြင်သွားလေပြီလား ဟုပင် တွေးလိုက်မိလေ၏။

'ကျုပ် ဘာတွေးနေတယ်ဆိုတာ မင်း သိမျှား နေလို့လား'

ဟု မေးလိုက်သောအခါ ပန်းကမ်ပိုးက....

တစ်ချက် လင်းခနဲ ပြုံးလိုက်ကာ....

'အစ်ကို ဝေဝေရန်ဆိုတဲ့မိန်းကလေးကို သကိရလို့ သူ့အကြောင်း တွေးနေတာမဟုတ်လား၊

'....ကျွန်မကတော့ ပုဇွန်လင်းတယ်နော်၊ သိပ် ပုဇွန်လင်းတော့လဲ ရှိုင်းတာပေါ့လေ'

ဟု ပြောလာသောကြောင့် ဝမ်လင်းရိမှာ တစ္ဆေအခြောက်ခံရသည့်အလား လန့်သွားရပါလေတော့၏။

ဝမ်လင်းရိက....

'မင်းက ဒီအကြောင်းကို ဦးလေးရန်ဝေဆီက သိခဲ့ပြီထင်တယ်'

ဟု မေး၏။

'ဟုတ်ပါတယ်'

'ဒီလိုဆိုရင် ပန်းကမ်ပိုး ကျုပ်ကို ဘယ်လို နားလည်ထားလဲဟင်'

'ကျွန်မ အစ်ကို့ကို ဘယ်လိုမှနားမလည်ဘူး၊ ကျွန်မကိုယ် ကျွန်မပဲ နားလည်ထားပါတယ်၊

'....အဲဒါကတော့ ကျွန်မ အစ်ကို့ကိုစုပြီး တွေ့ကတည်းက အစ်ကိုတစ်ယောက်လို သံယောဇဉ်ထားခဲ့မိတာယ် ဆိုတာပါဗျာ'

ထိုအခါ....

ဝမ်လင်းရိက....

'တော်ပါသေးရဲ့'

ဟု တွေးတော သက်မချလိုက်ရပါ၏။

'ဒါထက် ကျုပ်အကြောင်းတွေကိုသာ ပန်းကမ်ပိုးသိနေပြီး ပန်းကမ်ပိုးအကြောင်းကိုတော့ ကျုပ် အကုန်မသိရသေးဘူးနော်'

ဟု ပြောလိုက်လေရာ....

ပန်းကမ်ပိုးမှာ....

ထိုစကားကြောင့် ဟေ့သွားလေတော့၏။

အတန်ကြာမှ....

'ဆရာကြီး ဟိုကျောက်ကုန်ကရော ကျွန်မအကြောင်းကို ဘာတစ်ခွန်းမှ ပြောမထားဘူးလား'

ဟု မေးလေ၏။

ထိုအခါ....

သူမ မျက်နှာကလေးခိုးရှိုက်ကြည့်နေရာမှ ဝမ်းလင်းရိသည် မျက်နှာကိုလွှဲကာ တသွင်သွင်စီးဆင်းနေသော စမ်းရေစီးကြောင်းကလေးကို ငေးမောရှုကြည့်နေ လိုက်လေသည်။

'အစ်ကို ကျွန်မမေးတာ ကြားပါတယ်နော်'

'ညြော်....ပန်းကမ်ပိုးရယ်၊ ကျုပ် မှင်းပြောနေတဲ့စကား တွေကို အားလုံး ကြားပါတယ်၊

'....ကျုပ်အတွေးတွေ အဝေးရောက်နေတယ်ထင်လို့ မေးတာလား'

ဟု ပြန်မေးလိုက်တော့မှ....

ပန်းကမ်ပိုးက....

ပြုံးရယ်ကလေး ရယ်လိုက်လေသည်။

ဟိုနောက်....

ပန်းကမ်ပိုးက

'ဆရာကြီးဟိုကျောက်ကျ ိတို့ ကျွန်မအကြောင်းကို မပြော ပြတာ တခြား အရေးကြီးထဲ့အကြောင်းတွေ ရှိနေလို့လဲ ဖြစ်မှာပါ၊

'....ဒါမှမဟုတ်ရင်တော့ ကျွန်မဘဝနဲ့ပတ်သက်လို့ လျှို့ဝှက် ချက်တစ်ခုကို မှသိစေချင်လို့ဖြစ်မှာပေါ့လေ'

'လျှို့ဝှက်ချက် ဟုတ်လား ပန်းကမ်ပိုး၊ ဘာလျှို့ဝှက်ချက် ပါလဲ၊

'....ကျုပ် မသိရဘူးလား၊

'....ဝေဝေရန်နဲ့တွေ့တုန်းကလဲ ဒီလိုပဲ လျှို့ဝှက်ချက်နဲ့ ကြုံခဲ့ရဖူးတယ်'

'ဝေဝေရန်က သူ့လျှို့ဝှက်ချက်ကို အသိမပေးနိုင်ခဲ့ပေ မယ့် လဲ ကျွန်မကတော့ အစ်ကို့ကို တကယ့် ရဲဘော်ရဲဘက် တစ်ယောက်၊ အစ်ကိုတစ်ယောက်လို ခံစားနားလည်ထားတဲ့ အတွက် ကျွန်မနဲ့အစ်ကိုကြားမှာ ဘာ လျှို့ဝှက်ချက်မျိုးမှ မထားရှိချင်တာ အမှန်ပါပဲ'

ပန်းကမ်ပိုးက သူ့စကားကို စိတ်ဝင်တစားပြောနေသလို စင်းချောင်းကလေးကလည်း တလွင်လွင်မြည်သော ရေစီးသံ ကလေးကိုပေးကာ စီးဆင်းနေလေ၏။

ကျွေးဝှက်ကလေးတွေကတော့ သူတို့ကိုယ်ကိုမပြဘဲ ပုန်းလျှိုး ကွယ်လျှိုးနှင့် အော်မြည်သံပေးနေကြလေသည်။

အချိန်မှာ ညခင်းပိုင်းသို့ပင် ရောက်လာပြီဖြစ်၍ ပတ်ဝန်း

ကျင်မှာ အလင်းရောင်များ ဖျော့ပြေသွားကာ အအေးခဲဘက်က အရာရာကိုလွှမ်းမိုးလာပါလေတော့၏။

ပန်းကမ်ပိုးက ထိုင်ရာမှထကာ ရှေ့က လျှောက်လှမ်းသွားလေရာ ဝမ်လင်းရိကလည်း ထိုင်ရာမှထကာ မြင်းများကိုဆွဲ၍ ပန်းကမ်ပိုးနောက်သို့ လိုက်လာခဲ့လေ၏။

ဝမ်လင်းရိက....

'ပန်းကမ်ပိုး အကြောင်းကို ကျုပ်သိခွင့် မရှိတော့ဘူးလား ဗျာ'

ဟု ပြောလိုက်ပြန်ရာ ပန်းကမ်ပိုးက....

'ကျွန်မ အစ်ကို့ကို ပြောပြဆားမှာပါ၊ ဒီလိုပါအစ်ကိုတကယ်တော့ ကျွန်မဟာ ဆရာကြီး ဟိုကျောက်ချိုရဲ့ တူမလဲ မဟုတ်ဘူး၊ သမီးလဲမဟုတ်ပါဘူး တပည့်လေးတစ်ယောက်ပါပဲ'

ဟု ပြောလိုက်လေရာ ဝမ်လင်းရိက....

'ဒီလိုဆို မင်းမိဘတွေကရော ဟင်'

ဟု မေးလိုက်လေ၏။

'အင်း.... ကျွန်မမိဘများ အကြောင်း ပြောပြလိုက်ရင် အစ်ကို စိတ်မပြောင်းရဘူးနော်'

ဩော်.... ပန်းကမ်ပိုးဈေး....

'ပိုး လှိုပဲ ခေါ်ပါအစ်ကို'

'ဟုတ်တဲ့ ပိုးလို့ အစကတည်းက ခေါ်ချင်နေတာပါ၊ ကာယကံရှင်ကမကြိုက်မှာစိုးလို့ပါ ခုလိုသိရတော့ ကောင်းတာပေါ့ဗျာ ကဲ.... ပိုးရဲ့မိဘတွေအကြောင်းကို ပြောပါဦး'

'ကျုပ်ကင်မြို့က သူကြွယ်ကြီး ပန်းဟုန်ဖင်း ကိုတော့ အစ်ကိုသိမှာပေါ့နော်'

'ဒီလောက်ချမ်းသာကြွယ်ဝပြီး နယ်စားကြီး တိန်ယုမိန်တို့မြို့စား ကြီး တုချင်းတို့ ငွေကြေး အကူအညီ ယူနေရတယ်ဆိုတဲ့ သူကြွယ်ကြီးကို ကျုပ်မသိဘဲနေမှာလား ပိုးရယ်'

ကျွန်မရဲ့ ဖခင်ကြီးပါပဲ အစ်ကို'

'ဘာရယ်.... သူကြွယ်ကြီး ပန်းဟုန်မင်းရဲ့ သမီးဟာ ပိုးဟုတ်လား'

သည်စကားကို ကြားလာရတော့လည်း ဝမ်လင်းရိမှာ မအံ့သြစရာတဲ့ မနေနိုင်အောင် ဖြစ်လာပါတော့၏။

ကြည့်စမ်း အံ့သြခြင်းက ကြီးမားလေသောအခါ ရင်ထဲအသည်းထဲကပါ လှုပ်ရှားလာပါလေတော့ဘည်။

ပန်းကမ်ပိုးက....

'ဘာလဲအစ်ကို ဒီကောင်မလေး ဒီလောက် ချမ်းသာတဲ့ သူကြွယ်ကြီး တစ်ဦးရဲ့ သမီးပဲဆိုပြီး အပေါင်းအသင်း မလုပ်ချင်တော့ဘူး မဟုတ်လား'

ဟု မေးလေရာ ဝမ်လင်းရိက....

'ဩော်... ပိုရယ် ကျုပ်က မင်းကို အံ့သြနေတာပါ၊

အေးအေးဆေးဆေး ရွှေဘုံပေါ်မှာ နေနိုင်ပါလျက်နဲ့အခုလို ဘဝကြမ်း ခရောစီးလမ်းမှာ လျှောက်နေတာကို အံ့သြလွန်းလို့ပါ'

'ဒါကတော့ အစ်ကိုရယ် လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူးလေ၊ တူတာက ဘာလဲ သိလား၊ ခံစားချက်တွေကြောင့်ပါပဲ၊ အစ်ကိုလဲ အစ်ကို့မိဘတွေနဲ့ ပတ်သက်လို့ တိုင်းပြည်နဲ့လူမျိုးနဲ့ ပတ်သက်လို့ ခံစားခဲ့ရတာပဲမဟုတ်လား'

'ကျွန်မတို့သားအဖကလဲ နောင်တော် မင်းသားကြီးနဲ့ ပတ်သက်လို့ ခံစားချက်တွေနဲ့ အခုလိုဘဝမျိုး ဖန်တီးလိုက်ရတာပါ၊ ဒါဟာ ခံစားချက်တွေပဲလေ'

ထိုသို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ သည်မှာ ခရီးအကွာအဝေး မနည်းတော့ပြီ။ နေ ရောင် မှာ လည်း အနောက်မိုးကုတ် စက်ဝိုင်းတွင် ပန်းနုရောင်လေထုဖန်ကာ မှုန်ရီဝိုးတဝါးဖြစ်လာပါတော့၏။

'ပို့ အခုလို လှုပ်ရှားနေတာကို နယ်စားကြီး လူတွေ မရိပ်မိဘူးလား'

'မသိအောင်လို့ သမီးအတူတစ်ယောက် ထားခဲ့ပါတယ်၊ ကျွန်မရဲ့ ညီမဝမ်းကွဲပေါ့၊ ကျွန်မနဲ့ အတော်လေး ဆင်ပါတယ်၊ ဆွေမျိုးတွေကလဲလို့ သူစိမ်းတွေ မသိနိုင်ကြပါဘူး'

'ဩော်.... ဩော်'

'ကဲ.... အစ်ကိုရေ မြင်းပေါ်တင်ကြစို့၊ မိုးချုပ်သွားရင် သွားရလာရတာ မလွယ်ဘူး မြင်းကြီးကိုလဲ ညာပြီး ဆွဲခေါ်ရဦးမှာ မဟုတ်လား'

'ဟုတ်ပါတယ်....'

ထို့နောက် ဝမ်လင်းရိုက စောစောကလိုပဲ မြင်းပေါ်ကို အရင်တက်ပြီး ပန်းကမ်ပိုး၏ ကိုယ်လုံးကလေးကို ဆွဲမ၍ မြင်းပေါ် တင်ပုလဲတင်လိုက်သည်။

ပန်းကမ်ပိုး၏ ကိုယ်သင်းနံ့သာမက ဆံနွယ်ကလေး တွေကပါ ဝမ်လင်းရိုကို ကလူကျီစယ်ကြပါလေတော့တကား။

အခန်း [၃၃]

သတ္တဝါကြီးတစ်ကောင်၏ လျှာကြီးနှယ် ရဲရဲနီ၍ တောက်လောင်နေသော မီးတောက်မီးလျှံကို တွေ့လိုက်ရလေ၏။

ထို မီးတောက် မီးလျှံက ညအမှောင်ကို တွန်းလှန်ဖြိုဖျက်ထားလေရကား ပတ်ဝန်းကျင်တစ်ခုလုံး နီ၍ လင်းထိန်နေပါတော့၏။

ထို မီးတောက် မီးလျှံကြီး ဤမကြုံစဖူး တွေ့မြင်လိုက်ရသောအခါ ဝမ်လင်းရီရော ပန်းကမ်ပိုးပါ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

တွေ့မြင်ရသော နေရာမှာ အခြားနေရာမဟုတ်ပဲ ကျုံကင်းမြို့ အရှေ့တံခါးအနီး ဆရာကြီး၏ ပန်းဘဲဖို တည်ရှိရာနေရာ မဟုတ်ပါလား။

ဝမ်လင်းရီက အရှေ့အရပ်သို့ လှမ်းမျှော်၍ကြည့်ကာ....

'မီးလောင်နေတဲ့နေရာဟာ ဆရာကြီးရဲ့ ပန်းဘဲဖိုနေရာပဲ ဖြစ်နိုင်တယ် ပိုးရေ'

ဟု ပြောလိုက်လေ၏။

ဝမ်လင်းရီ စကားကြောင့် ပန်းကမ်ပိုးသည် မျက်လုံးကလေးတွေ အပြူးသား ပါးစပ်ကလေးဟလျက် သားနှင့် ထိတ်ထိတ်ပျာပျာ ဖြစ်လာပါတော့၏။

'မိန်းမလျာ လူစု လက်ချက်ထင်တယ် အစ်ကို၊ ဆရာကြီးတို့ ဘယ်လိုနေကြသလဲ မသိသူး၊ စိတ်ပူလို့လား အစ်ကိုရယ် အမြန်သွားကြစို့နော်၊ ခြေနာနေတဲ့မြင်းကို ခဏထားခဲ့ကြတာပေါ့'

ဟုပြောလေ၏။

ဝမ်လင်းရီက ပန်းကမ်ပိုးပြောသမျှကိုဘာတစ်ခုမျှ မငြင်းခေါင်းကိုသာ တွင်တွင်ညီတ်ပြနေ၏။

ထို့နောက် အောက်သို့ဆင်းကာ ခြေနာနေသောမြင်းကို လမ်းဘေး လုံခြုံမည့်နေရာတွင် ကြိုးချည်ထားမည်အပြု....

'ခလောက်ခွက် ခလောက်ခွပ်'

'ဟေး ဟေး ဟေး'

မြင်းစီးသမားတစ်စု မြင်းတွေကို ဒုန်းစိုင် လာသည်ကို အသံကြားရုံနှင့် သိလိုက်၏။

သည်တော့ ဝမ်လင်းရိုက ပြန်လှည့်ကာ....

'ပို့ ပို့ခဏဆင်းလိုက်ဦး လာလာ ဒီကို ရန်သူတွေလာ မသိဘူး'

ဟု လှမ်းပြောလိုက်သည်နှင့် ပန်းကမ်ပိုးကလည်း မြင်းကို ခွစီးကာ လမ်းတေားဆင်း၏။

မြင်းခွာသံများအနီးသို့ ရောက်လာပြီဖြစ်၍ ဝမ်လင်းရိ လည်း ခြေနာနေသောမြင်းကို မဆွဲဖြစ်တော့ပဲ လမ်းဘေး ပြေးဆင်းခဲ့ရလေတော့သည်။

မြင်းစီးသမားများဟု ထင်ရသော်လည်း အနီးသို့ ရောက် လာသောအခါ မြင်းစီးသမား သုံးဦးသာ ဖြစ်နေသည်။

သူတို့သည် ကုန်းတပ်လည်းဖြစ်ပြန်၊ မြင်းဘစ်ကောင် ကိုလည်း တွေ့သည်နှင့် ဆက်မသွားဘဲရပ်လိုက်ကြ၏။

သူတို့ထဲက တစ်ယောက်ကလည်းကျန်တစ်ယောက် အား....

'ပို့က်လုံ ကြည့်စမ်း ဒီမြင်းဟာ မမလေး ပို့ မြင်း မဟုတ်လား'

ဟူသော စကားသံ ပေါ်ထွက်လာလေသည်။

ပို့က်လုံဆို့သူက....

ဟူတ်တာပေါ့၊ မမလေးပို့းလဲ မတွေ့ပါလား ဘယ်လို တွေ့ ဖြစ်ကုန်ပြီလဲ မသိဘူး' ဟု ပြောလိုက်ပြန်၏။

ထိုစကားသံများကိုကြားတော့မှ ဝမ်လင်းရိနှင့် ပန်းကမ် ပို့းတို့လည်း မြင်းစီးသမား သုံးဦးကို မိမိတို့လူများ ဖြစ် နေကြောင်း သိသည်။

ထို့နောက် လမ်းဘေး ချုံကွယ် နောက်မှ မြင်းကြီး နှင့်အတူ ထွက်လာကြကာ....

'ဟိုက မြင်းခွာသံကြားတာနဲ့ ရန်သူအမှတ်နဲ့ လမ်းဘေး ဆင်းရှောင်နေကြတာ၊ မင်းတို့ အခု ဘယ်သွားကြမလို့လဲ၊ ဟိုမှာ မီးတွေလောင်နေတာကရော' ဟု ပို့က်လုံနှင့် ဝုန်းလီ တို့ကို ပြောဆိုမေးလိုက်လေ၏။

ပို့က်လုံးတို့ မျက်နှာများကို လရောင်တွင် တွေ့မြင်ရသည်။

အတော်ကို စိတ်ပျက်အားငယ်နေကြသည့် ပုံမျိုးဖြစ်နေ လေ၏။

သူတို့ကော ဘာတွေ ဖြစ်နေကြပြီလဲ။

ဝမ်လင်းရိရော ပန်းကန်ပိုးပါ သိချင်လှပြီ။

ပိုက်လုံက သူ့မြင်းကို ထိန်းထားရင်း....

'စီချမ်မြို့စား တုချင်းလူတွေ ပန်းဘဲဖိုကို တိတ်တဆိတ် မီးလာရှိုပြီး ဝိုင်းတိုက်ခိုက်ကြတာ၊ ဖမ်းထားတဲ့ သူတို့လူ နှစ်ယောက်လဲ လွတ်သွားပြီ' ဟု ပြောပြလေ၏။

ပန်းကမ်ပိုးက စိုးရိမ်တကြီးဖြင့်....

'ဆရာကြီးတို့ရော၊ အန္တရာယ် ကင်းရှင်းရဲ့လား၊ တို့လူ တွေရော'

ဟု မေးလိုက်ပြန်ရာ....

'ဆရာကြီး ကျုပ်တို့လူတွေက အနည်းအကျဉ်း ထိခိုက် ပန်းပဲ့တာလောက်ပါပဲ၊ ဘာမှမဖြစ်ကြပါဘူး၊ ပန်းဘဲ ဖိုကြီးတော့ မီးလောင်သွားတာပေါ့'

ဟု ဝမ်လင်းရိက ပြော၏။

တဖန် ပိုက်လုံက....

'အခု ဆရာကြီးနဲ့ ကျုပ်တို့အဖွဲ့တွေ ကျောက်ချပ်ကြီး စခန်းကို ရောက်နေကြပြီ၊ ကျုပ်တို့ အခုထွက်လာတာက မမလေး ပိုးတို့ကို လာရှာတာ၊ ဒီမှာတွေ့လို့ တော်သေး တာပေါ့'

ဟု ရှင်းလင်းပြောလေ၏။

သည်တော့မှ ဝမ်လင်းရှိလည်း....

'ကဲ....ဒါဖြင့် ဒီမှာ ကြာကြာနေလို့ မကောင်းဘူး၊ သွားကြစို့'

ပြောကာ ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့၏။

အနောက်တွင်ကား မီးများတောက်လောင်လျက်ပင်ရှိ၏။

သို့သော်လည်း စောစောပိုင်းကလို မီးတောက်မီးလျှံ များ တဟဲ့ဟဲ့ တောက်လောင်ခြင်း မဟုတ်တော့ပါ၊ ကြွင်း ကျန်သော လောင်စာအချို့သာ လောင်ကျွမ်းနေဟန်တူ၏။

တစ်ချက်တစ်ချက်၊ ဖြောင်း ဝုန်း ဟူသော အသံများကို ကြားရ၏။

ဝါးလုံးများ ထပေါက်သည့်အသံ ဖြစ်နိုင်ပါ၏။

အရှေ့မြို့တံခါးမှထွက်ပါမူ မြို့စောင့်ရဲမက်များနှင့်တိုးကာ ကေန်အမှန် တိုက်ခိုက်ရဦးမည်ဖြစ်၍ တောလမ်းဘက်က လှည့်၍ မြို့ပြင်ကို ထွက်ကြရလေသည်။

ထို့ကြောင့် တောလမ်းများကို အသုံးပြု၍ လာခဲ့ရ လေရာ မြင်းများကို အတော်ဂရုစိုက်၍ မောင်းနှင်ကြရ၏။

ဝမ်လင်းရိမှာ လမ်းကဆိုးသဖြင့် ပန်းကမ်ပိုး လိမ့်ကျ မှည်ကို စိုးရိမ်ပြီး လက်တစ်ဖက်က ပန်းကမ်ပိုး လက်မောင်းကို ကိုင်၍ ထိန်းထားရပြန်၏။

ပန်းကမ်ပိုးမှာ မြင်းလည်ဆံမွေးများကို အားပြု ထိန်းထားရာမှ တစ်ခါတစ်ရံ အဆင်းအတက် အနိမ့်အမြင့်များကို ဖြတ်ကျော်ရသည်ရှိရာ၊ ဝမ်လင်းရိကို မဖက်မဖြစ် ဖက်နေရပြန်၏။

ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့ အခြေအနေကို ပိုက်လုံတို့လည်း မမြင်မဟုတ်၊ မြင်၏။ လရောင်မှာညဉ့်နက်လေလေ သာလေလေ ဖြစ်နေသဖြင့် အရာရာကို မြင်သာထင်သာရှိနေလေ၏

သို့သော်လည်း ပန်းကမ်ပိုး၏မြင်း နောက်ခြေတစ်ဖက် နာသွားသဖြင့် စီး၍မရသည်မှာလည်း အမှန်ဖြစ်နေသဖြင့် သူတို့ကို မည်သို့မျှ မပြောသာဘဲရှိ၏။

မည်သို့ဆိုစေ အခုလိုအခြေအနေမျိုးကလည်း အားလုံး ရဲဘော် ရဲမက်များပင် မဟုတ်ပါလား။

သည်ကြားထဲက ကင်းလှည့်မြို့စောင့် ရဲမက်မြင်းစီးသမား ငါးဦးနှင့် တိုးနေသဖြင့် လမ်းကြောင်းလွဲ၍ လာကြရပြန်သည်။ အချိန်မှာ မကြာသင့်ပဲ ကြာသွားရလေ၏။

သို့နှင့် ကျောက်ချပ်ကြီး စခန်းသို့ နံနက်မိုးလင်းလုအချိန် အရုဏ်တက် မဘိုင်မီလောက် ရောက်ရှိသွားလေသည်။

ကျောက်ချပ်ကြီး စခန်းမှာ ယခင်ကတည်းက လိုလို မည်မည် ပြုလုပ်ထားသော စခန်းဖြစ်သဖြင့် လျှို့ဝှက်သော လျှို့ကြီးများ ဂူကြီးများ အသင့်ရှိနေသည်။

အဆောက်အအုံအချို့နှင့် ကင်းစခန်းများ ကိုလည်း အသင့်ပြုလုပ် ထားပြီးဖြစ်၏။

စခန်း၏ ရှေးဦး ကင်းစခန်းသို့ ရောက်သောအခါ....

'ဘယ်သူတွေလဲ ဟေ့'

ဟု မေးသည်ကို ပိုက်လုံက....

'ပိုက်လုံနဲ့ မမလေးပိုး အစ်ကိုကြီး ဝမ်လင်းရိတို့ပါ'

ဟု စကားဝှက်မသုံးဘဲ အရိုးခံအတိုင်း လှမ်းအော်ပြောသိုက်သည်။

ကင်းစခန်းထဲက....

'လာဟေ့ လာလာ'

ဟု လှမ်းခေါ်လေသည်။

အားလုံး ကင်းစခန်း ရောက်ကြသောအခါ ဆရာကြီး ရှိနေသည်ကို တွေ့သည် ဝမ်လင်းရိက....

'ဟင်း.... ဆရာကြီးလာ ဒီမှာ ရောက်နေတာပဲကိုး၊ ကျုပ်တို့ကို စိတ်မချလို့ လာကြိုနေတာမဟုတ်လား ဆရာကြီး'

ဟု မေးလိုက်လေရာ ဆရာကြီးက ဝမ်လင်းရိ ပြောသည်မှာ အမှန်ပင်ဖြစ်ကြောင်း ဥယျာဉ်တော်အတွင်း သူတို့ ဧည့်ခံပွဲ သွားရောက်စုံစမ်းသည့် ကိစ္စအတွက် အထူးပူပန်နေကြောင်း ပန်းဘဲဖိုကို သူတို့တွေ တိတ်တဆိတ် မီးရှို့ပြီး အလစ်ဝင် တိုက်ခိုက်သည်မှာ ဝမ်လင်းရိတို့ စုံစမ်းသည့်ကိစ္စ မအောင်မြင်သည့်အတွက် ပန်းဘဲဖိုကို မီးရှို့ပြီး တိုက်ခိုက်ကြခြင်း ဖြစ်သည်ဟု တွေးတောထင်ကြောင်း ပြော၏။

'ပတ်သက်နေတာကတော့ အမှန်ပါပဲ၊ အကြောင်းရင်းက ဆက်သားလေးယုန်ဖေးကို သူတို့ ဖမ်းစစ်တော့ ယုန်ဖေးက ဘာမှမပြောဘဲ အသက်ကိုပဲအလေခံလိုက်တယ်လေ၊

'....အဲဒီကိစ္စနဲ့ သူတို့ ကျုပ်တို့အုပ်စုကိုသိသွားပြီး အခုလို ဝင်ဖမ်းကြတာပါ'

ဝမ်လင်းရိက အခြေအနေမှန်ကို တင်ပြလိုက်သောအခါ ဆရာကြီး ဟိုကျောက်ကျိ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'ဟိုတစ်လောက တို့ဆီကိုလာစုံစမ်းတဲ့ လူနှစ်ယောက် ဖမ်းထားလိုက်တဲ့ကိစ္စက လာနွယ်နေတယ် မဟုတ်လား၊

'....အင်း ဒီအတိုင်းသာဆိုရင် ကွမ်အယ်ဖန် အတွက်တောင် စိုးရိမ်စရာဖြစ်နေပြီ'

သည်မှာ....

ဝမ်လင်းရိက....

'ဟုတ်တယ်၊ သူ့ကို ဆရာကြီးဆီကို အဝင်အထွက်များတယ်ဆိုပြီး အရေးယူမှာ တစ်ချက်ကိုပဲ စိုးရိမ်ရတာပါ'

'အင်း စောင့်တော့ကြည့်ရဦးမှာပေါ့လေ'

'ဦးလေးရန်ဝေတစ်ယောက်ကတော့ ဂီဘအဖွဲ့နဲ့ကျန်နေခဲ့ပါတယ်၊

'....ကျုပ်နဲ့ ပန်းကမ်ပိုး ယုန်ဖေးနောက်ကို သူတို့လူတွေ ဆက်ချပ်မကွာ လိုက်သွားတယ်ဆိုတဲ့ သတင်းကို ကြားလို့ ကျုပ်နဲ့ပန်းကမ်ပိုး အရေးတကြီးထွက်လာခဲ့တာ သူ ကျုပ်ကို မြင်တော့ မြင်ပါတယ်'

'တီးမှုတ်ဖျော်ဖြေနေတုန်း မဟုတ်လား၊

'....ရုတ်တရက် ထလိုက်လို့မှဖြစ်ဘူးလေ၊ နေပါစေ၊ သူ ဂီဘအဖွဲ့ထဲမှာပဲ ရှိနေလိမ့်မယ်၊ ဒါလဲ တစ်နည်းတော့ကောင်းတာပဲ'

ဟု ဆရာကြီး ဟိုကျောက်ကျိက ပြောလိုက်လေ၏။

'အခုလိုဆိုရင် ကျုပ်တို့ အရေးတော်ပုံဟာ အခါမတိုင်မီ ဖြစ်တော့မယ်ဆိုတဲ့ အခြေအနေမျိုးပေါ့နော် ဆရာကြီး'

ဝမ်လင်းရိုက မေး၏။

ဆရာကြီး ဟိုကျောက်ကျို့က....

'ဒီလိုလဲ မဟုတ်သေးဘူးတူမောင်ရဲ့၊ အရေးတော်ပုံတော့ တို့သတ်မှတ်ထားတဲ့အချိန်မှာပဲ လုပ်ဖို့ဆိုးဖြတ်ထားတယ်၊

'အခုလောလောဆယ် ရေခဲနှင်းတောင်က တို့ဆီကိုဆင်းလာမယ့် လေသိုင်းဝိဇ္ဇာ လိုက္ခုံးဟုန် အမြန်ဆုံး ရောက်ဖို့လိုနေတယ်၊

'မှတတ်သာရင် သူ့ကိုခေါ်သင့်လဲ သွားခေါ်ရမယ့် အခြေအနေမှာ ရှိနေတယ်တူမောင်ရဲ့'

ဟု ပြောလိုက်လေရာ ဝမ်လင်းရိမှာ စဉ်းစားမရဖြစ်သွား၏။

'ဘာဖြစ်လို့လဲ ဆရာကြီး'

ဟုပင် မေးလိုက်လေသည်။

ထိုအခါ....

ဆရာကြီး ဟိုကျောက်ကျို့က....

'တို့လူတွေမှာ လေသိုင်းကွက်တွေလိုအပ်နေတယ် ထင်လို့ပါ၊

'ဆရာကြီး လေသိုင်းဝိဇ္ဇာ လိုက္ခုံးဟုန်ရဲ့ လေသိုင်းကွက်တွေက အလွန်ကောင်းတာကလား၊ တူမောင်တွေရင် အုံသြသွားလိမ့်မယ်'

ဟု ပြော၏။

ထိုအခါ ဝမ်လင်းရိနှင့်ပန်းကမ်ပိုးတို့က နယ်စားကြီး တိန်ယုမိန် ဥယျာဉ်တော်ကြီးတွင်တွေ့ခဲ့ရသော တိဘက် သိုင်းသမားများ၏ သိုင်းပညာအဆင့် မည်မျှရှိကြောင်း ပြောပြ၏။

ဆရာကြီးဟိုကျောက်ကျို့က ပြုံးရယ်နေလေ၏။

အခန်း [၃၄]

အန်းကူကြီးထမင်းဆိုင်ကလေးမှာ လှေဆိပ်အတက်အဆင်းတွင် ရှိသဖြင့် ထမင်းစားသောက်သူများထက် ဝင်ရောက်နားနေသူနှင့် ဟိုအကြောင်းသည်အကြောင်း စကားပြောသူများက ပိုများ၏။

ထမင်းဆိုင်ရှင် အန်းကူကြီး ချုံးကျစ်ကိုယ်တိုင်က ဆိုင်လုပ်ငန်းကို ဇနီးနှင့်သားသမီးများကို လွှဲထားပြီးသူကိုယ်တိုင်က ထမင်းဆိုင်သို့ရောက်လာသမျှသော မိတ်ဟောင်းမိတ်သစ်ပုဏ္ဏားတိုင်လုပ်ကာ စကားလက်ဆုံပြော၍မကုန် ဖြစ်နေတတ်ပေသည်။

ထိုသို့မှမလုပ်ရလျှင် အန်းကူကြီးချုံးကျစ်က လှေဆိပ်သို့သွားကာ လှေသမားများ၏ဖဲဝိုင်းတွင် နေကုန်နေခန်းရောက်နေတတ်၏။

သူမို့ ဖဲဝိုင်းထိုင်ပြီဆိုလျှင် နိုင်သည်ဆိုသောအသံမှာ အလွန်ကြားရခဲသောစကားသံဖြစ်ပြီး ကုန်ပြန်ပြီ၊ သွားပြန်ပြီ၊ ဒီတစ်ချီတော့ မြောက်သွားတာပဲစသော စကားသံများကို သာ ကြားရမြဲဖြစ်သည်။

ထို့ကြောင့်....

ဇနီးဖြစ်သူကောအင်းက လှေဆိပ်ဖဲဝိုင်းသွားပြီး ငွေကုန်လူပန်းဖြစ်သည်နှင့် စာလျှင် ထမင်းဆိုင်မှ လာသမျှလူနှင့် စကားဖောင်ဖွဲ့နေသည်က ဧည့်ကြိုသဘောဖြစ်သည်ဟု သဘောပိုက်ကာ သူ့သဘောသူဆောင်စေခဲ့ခြင်း ဖြစ်သည်။

သည်ကနေ့တော့ဖြင့် နံနက်စာစားရန် အစောဆုံးရောက်လာသော အသားဖြူဖြူ ခါးကုန်းကုန်းလူကြီးတစ်ယောက်နှင့် အန်းကူကြီးချုံးကျစ် စကားတွေ ဖောင်ဖွဲ့၍ နေချေပြီ။

ခါးကုန်းကြီးကလည်း အသက် ၅၀ ကျော် အန်းကူကြီးချုံးကျစ်နှင့် သက်တူရွယ်တူလို ဖြစ်နေသဖြင့် စကားပြောရာတွင် အတော်လေး အပေးအယူမျှနေလေ၏။

အမှန်ကတော့ ခါးကုန်းကြီးမှာ အခြားသူမဟုတ်ဒေပ။

ရုပ်ဖျက်ထားသော ဝမ်လင်းရိဖြစ်သည်။

ကျောက်ချပ်ကြီးစခန်းသို့ ရောက်ရှိသွားပြီးသည့် နောက် ပိုင်း နယ်စားကြီး တိန်ယုမိန်နှင့် စီချမ်မြို့စား တုချင်းတို့မှ မည်သည့်အစီအစဉ်တွေကို ကျိတ်လုပ်နေကြသည်မှသိ ငြိမ်နေသည်။

ကျောက်ချပ်ကြီးစခန်းဘက်သို့ ဆရာကြီးဟိုကျောက်ကျိုဉီးဆောင်နေသော အရေးတော်ပုံအဖွဲ့များ ရှိနေသည်ကို သိကောင်းသိမှည် ဖြစ်သော်လည်း နယ်ကျမ်လာဘဲ ရှိနေသည်။

ဤသည်မှာ သွေးရိုးသားရိုးမဟုတ်ပေ။

အကြောင်းတစ်ခုကြောင့် ဖြစ်မည်ဟု ဆရာကြီး က ထင်နေသည်။

ပန်းကမ်ပိုးကတော့ သိုင်းပညာရှင် အကျော်အမော်တွေ စုံစည်းနေပြီအထင်နှင့် မလာဝံ့တာဖြစ်မည်ဟု မှတ်ချက်ချသည်။

မည်သို့ဆိုစေ ဆရာကြီးက ကျုံကင်းမြို့သို့ မိမိတို့လူတွေ အမြဲမပြတ် သွားရောက်ကြရမည့် အခြေအနေများကိုလေ့လာအကဲခတ်နေရမည်။

အမိန့်ရှိသည်နှင့် အဇ္ဈလိုက် အစုလိုက်ခွဲ၍ ကျုံကင်းမြို့ပေါ်သို့ တက်ရောက်ကြရသည်။

သည်လိုတက်ရောက်သည့် အခါ ပုံစံအမျိုးမျိုးနှင့် တက်ကြရသည်။

သည့်နေ့တော့ဖြင့် ဝမ်လင်းရိက ခါးကုန်းကုန်းလူကြီး တစ်ယောက်အဖြစ် ရုပ်ဖျက်၍လာခဲ့သည်။

ထို့အတူ ပန်းကမ်ပိုးကလည်း ပေပေတေတေ ကောင်လေးတစ်ယောက် ပုံစံဖြင့်လာခဲ့သည်။

သို့သော် အတူမလာခဲ့။ မြို့အဝင်မှာကတည်းက လမိုးခဲ့ခဲ့သည်။

ဝမ်လင်းရိက ဈေးတက်ကိုသွားမည်။

ပြီးတော့ နံနက်စာကို လေ့ဆိပ်က အန့်ကူကြီး ထမင်းဆိုင်တွင် ဝင်စားမည်။

ပန်းကမ်ပိုးက မြို့မြောက်ပိုင်း သူ့ဖခင် သူကြွယ်ကြီး ပန်းဟုန်ဖင်း စံအိမ်ကိုဝင်မည်။ ဖခင်ကြီး ပန်းဟုန်ဖင်းနှင့် တွေ့ခွင့်ကြုံလျှင် တွေ့မည်။

တွေ့ခွင့်မကြုံလျှင် မြင်းဇောင်းတွင် အလုပ်လုပ်နေသော

းလေးကွမ်အဲဖန်နှင့်တွေ့မည်။ ဤမျှဆိုလျှင် အခြေအနေ
အတော်အတန်ကို သိနိုင်လောက်သည်။

ထို့နောက် အန်းကူကြီး ထမင်းဆိုင်တွင် ဝမ်လင်းရိ
စ်ဖြစ်လဲ ခါးကုန်းကြီးသည် ထမင်းကို အချိန်ယူစား၊ ရင်း
အန်းကူကြီး ချုံကျစ်နှင့် စကားတွေပြောနေသည်။

'ကျုပ်က ဘာတွေညာတွေ စိတ်မဝင်စားဘူး၊ ကျုပ်တို့
ာမင်းဆိုင်ကလေး မှန်မှန်ရောင်းနေဖို့သာ စိတ်ဝင်စားတာပဲ
ါပေမယ့် ခုတလောတော့ဖြင့် ရောင်းဝယ်ရတာ မကောင်း
ကူးဗျာ၊ အခွန်အကောက်တွေက တယ်ပြီးကြီးသကိုး၊ ဒီအထဲ
သူမိုက်တွေက မိုက်ကြေးလာခဲ့ကြသေးတာ'

ဟု အန်းကူကြီး ချုံကျစ်က ခါးကုန်းကြီးကို ပြောပြနေ
းလေသည်။

ခါးကုန်းကြီးကမူ ခေါင်းညိတ်လိုက်ခြေ၊ ခေါင်းခါလိုက်
ချနှင့် ထမင်းပန်းကန်လုံးကို ကိုင်ကာ တူတစ်စုံဖြင့် စားနေ
းလေသည်။

ထို့နောက် ဝက်သားချဉ်ကို တူဖြင့်ထောက်၍ ညှပ်ယူ
ားရင်း....

'အဲဒီလူမိုက်တွေက ဘယ်လို မိုက်ကြေးခဲ့ကြတာလဲဗျ'

ဟု သွေးတိုးစမ်း၍ မေးလိုက်ရာ အန်းကူကြီး ချုံက....

'ဟာ....ဒီလူမိုက်တွေ မိုက်ကြေးခဲ့တာကတော့လား နည်း
မျိုးစုံပါပဲ၊ သူတို့ကို ထမင်းအလကား မကျွေးရင်ဖြစ်စေ၊
သူတို့ချောသလို ပုံစံနဲ့ ပိုက်ဆံတောင်းတဲ့ အချိန်မျိုး မပေးခဲ့ရင်
ဖြစ်စေ ဘာပြောကောင်းသလဲ ထမင်းဆိုင်ကို အနှောင့်
အယှက် ပေးတော့တာပဲ....။

'မကောင်းမှုလုပ်ရတာဆိုတာဟာ ဘာခက်တာမှတ်လို့ဗျာ၊
ဆိုင်ထဲလာပြီး ရန်ဖြစ်တော့ရော ကျုပ်တို့ခမျာ ပစ္စည်းတွေ
ဆုံးရှုံးရုံမကဘူး ဆိုင်နာမည်လဲ ပျက်ရသေးတာဗျ၊ အခုတော့
သူတို့လာရင် မြွောက်ပင့်ပေါင်းလိုက်၊ စားချင်တာ ကျွေးလိုက်
ပေါ့ ဟဲ ဟဲ ဟဲ'

ဟုပြောပြ၏။

ဝမ်လင်းရိက....

'အဲဒီ လူမိုက်တွေက ဘယ်သူတွေလဲ'

ဟု မေးနေဆဲ ဆိုင်ထဲသို့ လူကြီးတစ်ယောက် ခြေးတွေ
သံတွေနှင့် ဝင်လာသည်ကို တွေ့လိုက်ရ၏။

အန်းကူကြီးက အနီးမှထသွားကာ လူကြီး၏အထုပ်ကို
ကူဆွဲပေးလိုက်သည်။ ပြီး ဝမ်လင်းရိ အနီးတွင် နေရာချပေး
လေသည်။

အုန်းကူကြီးက....

'မိတ်ဆွေကြီးက ထမင်းစားမှာလား ခင်ဗျာ' ဟု မေးလေရာ လူကြီးက နဖူးရှိချွေးစေးများကို မျက်နှာသုတ်ပဝါဆုတ်ရှင်းမှ....

'စားမှယ် စားမယ်၊ ဘာဟင်းတွေရမလဲ'

ဟု မေး၏။ အုန်းကူကြီး ချုံကျစ်က ရနိုင်သော ဟင်းတွေကို အစဉ်အတိုင်းရွတ်ခွဲလိုက်ပြီးမှ မရှိတာကိုပြန်ပြော၏။

အုန်းကူကြီး ချုံကျစ် နည်းကို ဝမ်လင်းရိ သဘောကျနေသည်။

လူကြီးက သုံးထပ်သား ဝက်သားဟင်းနှင့် ထမင်းတစ်လုံးမှာလိုက်သဖြင့် အုန်းကူကြီး ချုံကျစ် သူကိုယ်တိုင် သွားရောက်စီစဉ်နေပါလေတော့သည်။

ဤသည်မှာ ဝမ်လင်းရိနှင့် စကားပြောခန်းရသည်မှာ အတော်လေး မောသွားသောကြောင့် ဖြစ်နိုင်သည်။

ထိုအချိန်တွင် ဝမ်လင်းရိက လူကြီးအား....

'ဦးလေးကျန်ဖောင်'

ဟု ခေါ်လိုက်လေရာ ဦးလေးကျန်ဖောင် ဆိုသော လူကြီးသည် ဝမ်လင်းရိ တစ်ဖြစ်လဲ ခါးကုန်းကြီးကို အသေအချာ စိုက်ကြည့်နေလေ၏။

သည် ခါးကုန်းကြီးကို တစ်ချိန်တစ်ခါမှ သိကျမ်းခဲ့ဖူးသော လူတစ်ယောက် ဖြစ်နေသဖြင့် သူ့အသိ မိတ်ဆွေထဲတွင် သည်ခါးကုန်းကြီးမှာ မည်သူဖြစ်ပါလိမ့်မည်ဟု တွေးတော စဉ်းစားနေလေ၏။

သည်တော့မှ ဝမ်လင်းရိက ပြုံးကာ....

'ကျုပ် ဟာ.... ဝမ်လင်းရိလေ ဦးလေး ကျန်ဖောင်ရဲ့၊ ကျုပ်လဲ ကျုပ်အကြောင်းနဲ့ကျုပ် ဖြစ်နေလို့ အခုလို ခါးကုန်းလူကြီးတစ်ယောက် ဟန်ဆောင်လာရတာပါ ဒါတွေထားပါဦး၊ ဦးကြီးဝေအောလျှန်တို့ သားအဖရော ဘယ်လို အခြေအနေ ရှိသလဲ'

ဟု မေးလိုက်လေသည်။

ဦးလေး ကျန်ဖောင်က....

'အမှန်အတိုင်း ပြောရရင်၊ ကျုပ် အခုထွက်လာတာက တူမောင်ကို လာရှာတာပဲကွယ်'

ဟု ပြောလိုက်လေရကား ဝမ်လင်းရိမှာ ဦးလေးကျန်ဖောင်၏ စကားကို ပို၍ စိတ်ဝင်စားလာတော့၏။

'ကျုပ်ကို လာရှာတာ ဟုတ်လား၊ သူတို့ဘေးဒုက္ခတွေနေကြပြီလား၊ ကျုပ်လဲ ထွက်သာထွက်လာရတာပါ စိတ်ချတာ

မဟုတ်ဘူး၊ လမ်းမှာလဲ ဟိုဓားနန်းရှင်ရဲ့ လူတွေနဲ့ တွေ့လိုက်ရတော့ ကျုပ်မှာ သူတို့သားအဖအတွက် ပိုလို့ စိတ်မချဖြစ်သွားရတာပေါ့'

ထိုအခိုက် ထမင်းဟင်းပန်းကန်များ လာချသည်။

လာချသူမှာ အန်းကူကြီး ချုံကျစ် မဟုတ်တော့ဘဲ သူ၏သမီး တစ်ယောက်ဖြစ်နေသည်။

ဧည့်သည် အချင်းချင်း စကားကောင်းနေကြသည်ကို တွေ့မြင်သွားပုံရသည်။

ဦးလေးကျန်ဖောင်သည် ထမင်းဟင်း ပန်းကန်များ လာချပေးသော မိန်းကလေး ပြန်လှည့်သွားသည်နှင့် သူ့စကားကို ပြန်ဆက်သည်။

'ဘေးဒုက္ခ တွေ့နေကြပြီရယ်တော့ မဟုတ်ဘူးကွယ့်၊ ဒါပေမယ့် ဘေးဒုက္ခ ကြုံနိုင်စရာတွေ ဖြစ်နေတယ်။

'အိမ်ဝင်းကြီးကို အသေအချာ အခိုင်အခန့် ကာရံထားပြီး အစောင့်တွေ ချထားတဲ့ကြားက ဓားနန်းရှင်ကလူတွေ လာချောင်းတာကို သခင်ကြီးရော သခင်မလေးပါ ကြိုသိနေကြကြရပြီလေ'

ထိုအခါ ဝမ်လင်းရိက....

'ဩော်.... ဒီအတွက် ကျုပ်ကို လာရှာတာ ပေါ့'

ဟု မေးလိုက်လေသည်။

'ဟုတ်တယ်၊ သခင်မလေး ဝေဝေရန်ကဆိုရင် တူမောင့်ကို အလွန်တွေ့ချင်နေရှာတာ၊ အဲဒါ ကျုပ်ကို မရရအောင် ခေါ်ခဲ့ပါဆိုလို့ မှာလိုက်တာ၊ မင်းတို့ချင်း သံယောဇဉ် ကြီးမားလွန်းလို့ထင်ပါရဲ့၊ အခုလို တွေ့ကြဖို့ဆိုတာ အတော့်ကို မလွယ်တာပါ'

ဟု ပြောလေ၏။

ဦးလေး ကျန်ဖောင်၏ စကားကို ကြားလိုက်ရသော ဝမ်လင်းရိမှာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားသည်။

ဝေဝေရန်၏ မျက်နှာလေး ညှိုးနွမ်းနေပုံကို မြင်ယောင်နေမိ၏။

ပြီး မိမိကိုယ်မိမိ ကွယ်လျှင် မေ့၍ တွေ့လျှင်ဝေအောင် လွမ်းတတ်သော လူမျိုးဖြစ်နေပြီလား အတွေးရောက်လိုက်မိလေသည်။

ထို့ကြောင့်လည်း ဝမ်လင်းရိက....

'ဟုတ်တယ်၊ ကျုပ်တို့မှာ အရေးကိစ္စတွေက ဦးလေး ကျန်ဖောင်တို့လဲ ကြားမီမှာပါ၊ အတော်လေးကို အရေးကကြီးဆောင်ရွက်နေကြရတာ၊ အခုလိုတွေ့ကြဖို့ဆိုတာတောင် အတော်ကြီး မလွယ်တော့တဲ့ ကိစ္စပါ'

ဟု ပြောရာ ဦးလေး ကျန်ဖောင်က ထမင်းစားခန်း ခေါင်းကိုသာ တွင်တွင်ညိတ်ပြနေလေတော့၏။

'အဲဒီတော့ ဒီလုပ်ပါ ဦးလေး ကျန်ဖောင်၊ အမြန်ဆုံးသာ လှည့်ပြန်ပေတော့၊ ဝေဝေရန်ကို ကျုပ်နဲ့တွေ့တဲ့အကြောင်း ပြောပြပါ အခြေအနေကိုရောပေါ့၊ ဒါပေမယ့် ကျုပ် ကနေ့မနက်ဖြန် ဝေဝေရန်ဆီကို အမြန်ဆုံးလာခဲ့မယ်လို့ပြော လိုက်ပါ၊ အကောင်းဆုံးကတော့ ခြံဝင်းအပြင်ကို လုံးဝမထွက် ပါနဲ့လို့သာ ပြောထားပါ'

ဟု ပြောနေဆဲ ပေပေတေကေ ကောင်လေးတစ်ယောက် ထမင်းဆိုင်ထဲဝင်လာပြီး အနီးတွင် ဝင်ထိုင်လိုက်သဖြင့် ဦးလေး ကျန်ဖောင် စကားစကို ဖြတ်လိုက်သည်။

ထို့နောက် ပိုက်ဆံကို ဝမ်လင်းရီစားထားသည့် အတွက် ပါ ရောချင်းပြီး ဦးလေးကျန်ဖောင်သည် ဝမ်လင်းရီကို မျက် ရိပ်ပြ၍ ခပ်သုတ်သုတ်ပြန်လည် ထွက်ခွာသွားလေ၏။

ဦးလေးကျန်ဖောင်သည် မြင်းလှည်းပါလာ သလားတော့ ဖြင့်မသိပေ။

သူ နေမှဝင်မီ အရောက်ပြန်ရမည့် မြို့မှာ ပန်စမ်းမြို့ ကလေးဖြစ်သည်။

အန်းကူကြီးက ပေးပေတေတေ ကောင်လေးကို အကဲခတ် နေသည်။

ထမင်း စားမှစား သူသိလိုဟန်တူသည်။

သို့သော်လည်း ပန်းကမ်ပိုး တစ်ဖြစ်လဲ ပေပေတေတေ ကောင်လေးမှာ ဖခင်ကြီး၏ စံအိမ်ကို ဝင်လာခဲ့သူဖြစ်သဖြင့် ဆာဆာနှင့် စားချင်တာတွေ အံကုန်စားခဲ့ပြီးဖြစ်သည်။

ပန်းသီးတစ်လုံး ပင်လျှင် အပြင်က ထပ်ဝတ်ထားသော ဖိုးရိုးဖားယား အင်္ကျီကြီး၏ အတွင်းအိတ်ကပ်ထဲ ပါလာသဖြင့် ထုတ်ကာ ဝမ်လင်းရီအား ပေးလိုက်သည်။

'ရော့စား.... ပိုလို့ ယူလာတာ မဟုတ်ဘူးနော်၊ အစ်ကို့ကို စားစေချင်လို့ ယူလာတာ'

ဟုသာ ပြောသည်။

ပန်းကမ်ပိုး မျက်လွှာကလေးချကာ ဆိုးတေကလေးပုံစံပင် ပျောက်နေပြီ။

ထိုအခါကျတော့လည်း ဝမ်လင်းရီ ချက်ချင်းပဲ သဘော ပေါက်လိုက်သည်။

ခက်ချေပြီ။ မိမိပြောလိုက်သော စကားတွေ ဝေဝေရန်နှင့်

ပတ်သက်သော အစီ အစဉ် တွေ။ ဒါတွေကို ပန်းကမ်ပိုး ကြားသိသွားသည် ဆိုသည်မှာ သူမမျက်နှာမှာ ဖော်ပြနေလေ၏။

သည်တစ်ကြိမ်တွင်မူ ဝမ်လင်းရှိ ခါးကုန်းကြီးသည် ပန်းကမ်ပိုး ဆိုးတေကလေးကို ထမင်းဆိုင်အပြင်သို့ ခေါ်ဆောင်သွားကာ လမ်းလျှောက်လာရင်း....

'ပိုး....'

ဟု ဝမ်လင်းရှိက ခေါ်သည်။ ပန်းကမ်ပိုးက မျက်နှာမလှည့်၊ မျက်လုံးကလေးတွေကသာ မျက်နက်ဆံကလေး နေရာရွှေ့ရုံလုပ်၍ မကြည့်ချင်ချင်၊ ကြည့်ချင်ချင် ကြည့်သည်။

'အစ်ကို ဝေဝေရန်ဆီကို သွားမလို့ပြောမှာပဲ မဟုတ်လား'

စကားကို ပန်းကမ်ပိုးက ပြန်ပြောလေ၏။

ဝမ်လင်းရှိ သက်ပြင်းတစ်ချက်ချ၏။

'သူတို့လဲ ရန်သူတွေ ဝိုင်းနေလို့ပါ'

'ကျွန်မ အစ်ကို့ကို မတားပါဘူး နော်....အစ်ကို့သဘော ဆန္ဒအကိုင်းပါ အစ်ကိုရယ်၊ တစ်ခုတော့ရှိတယ်လေ ဆရာကြီး စီစဉ်ညွှန်ကြားမှုအောက်မှာ နေ နေရတာဆိုတော့ အစ်ကို ဘာလုပ်လုပ် ဆရာကြီးကိုတော့ အသိပေးရမှာပဲလေ'

'အစ်ကို ဆရာကြီးသဘောမကျတဲ့အလုပ် သဘောမတူတဲ့အလုပ် ဘာတစ်ခုမှ မလုပ်ပါဘူး ပိုး'

'ကောင်းပါတယ် အစ်ကို သိပ်မကြာနဲ့နော်'

သည်တစ်ခါတော့ဖြင့် ပန်းကမ်ပိုးက ကလေးတစ်ယောက်လို မျှော်လင့်နိုးနှင့် ကြည့်နေလေ၏။

အခန်း [၃၅]

မြင်းခွာသံများက မြေနီလမ်းမပေါ်ကမြေနီဖုန်မှုန့်များကို အနောက်သို့ ယက်ထုတ်လျက်ရှိသည်။

ထိုအခါ မြေနီမှုန့် အလိပ်လိပ်တို့သည် လမ်းတစ်လျှောက် မီးခိုးငွေ့များ ထုတ်လွှတ်ခဲ့သည့်အလား ကြွင်းကျန်ရစ်စေ၏။

'မီး မီး မီး'

ပြေးနေသောမြင်းက ပြေးနေပါလျက် ဟည်သံကိုပေးသည်။ အခုလို အဝေးပြေးလမ်မတလျှောက် စိုင်းနေသည်ကိုပဲ သည်မြင်းညိုကြီး ပျော်နေသည်လား မသိပေ။

မြင်းညိုကြီး၏ ကျောပေါ်တွင် ခွလျက်သား ပါလာသော မြင်းစီးသမား ဝမ်လင်းရိမှာမူ ပျော်ဖို့နေနေသာသာ စုံးရိမ်စိတ်တွေနှင့် ရင်မှာ မောကြပ်နေလေသည်။

နံနက်ခင်း နေရောင်ခြည်က တစတစပြင်း၍ လာသော်လည်း ပူရမှန်းမသိ မောရမှန်းကိုလည်း ဝမ်လင်းရိ သတိမရတော့ပေ။

ဝေဝေရန်အား ပေးလိုက်မိသော သည်နေ့နံနက်ဆိုသော စကားအတိုင်း ဖြစ်မှလာဘဲ တစ်ရက်လုံးလုံးနောက်ကျခဲ့သည် မဟုတ်ပါလား။

ဤသို့ တစ်ရက်လုံးလုံး နောက်ကျခဲ့ရသည်မှာ ပန်းကမ်ပိုးကဖျက်ယဖျက် လုပ်နေခြင်းကြောင့် မဟုတ် မိမိကိုယ်တိုင်ကလည်း ထိုကနေ့ နံနက်ဖြန်ဆိုသော ကတိစကားကို အလေးမထားခဲ့သည်မဟုတ်ပေ။

ဦးလေးကျန်ဖောင်နှင့် တွေ့တော့ ညပိုင်းက ကျောက်ချပ်ကြီးစခန်းသို့ ပြန်ရောက်သောအခါ ဆရာကြီး မရှိခဲ့ပေ။

လက်ကျန် ဓား၊ လှံ လေး မြား လက်နက်များကို ယူဆောင်လျက် သခင်ကြီးထံ သွားသည်ဟု သိရသည်။

သခင်ကြီးဆိုသော အမည်နာမကိုကား ဝမ်လင်းရိသည် မိမိတို့၏ အရေးတော်ပုံ လုပ်ငန်းအား စီစဉ်ညွှန်ကြားနေသူ အဖြစ် သိရှိထားရုံမှတစ်ပါး အခြားဘာမျှမသိခဲ့ပါပေ။

ဘယ်အရပ်ဒေသတွင် ရှိနေသည်လည်း မသိခဲ့။ တစ်ခါ တစ်ခါတော့ဖြင့် သခင်ကြီးဟူသော ပုဂ္ဂိုလ်သည် မိမိတစ်ခါက ရသေ့ကြီး ကျောင်းသခင်နှင်းတွင် အခက်ကြုံခဲ့သော ရဲ့ရိဖူ ဆိုသော ပူဂ္ဂိုလ်ကြီး ပေပဲလားအတွေးရောက်ဖူးသည်။

အခုတော့လည်း ဝမ်လင်းရီမှာ ဘာလုပ်ရမည် မသိဖြစ်နေသည်။

သက်ပြင်းကိုအကြိမ်ကြိမ်ချကာ ထိုင်လိုက်ချေ ထလိုက်ချေ ခေါက်တုံ့ခေါက်ပြန်လျှောက်ချေ ဖြစ်နေသည်။

ဤအဖြစ်ကို မကြည့်လိုသူ မကြည့်ရက်သူက ပန်းကမ်ပိုး ဖြစ်သည်။

ထို့ကြောင့်....

ပန်းကန်ပိုးက....

'ကဲ အစ်ကို၊ အစ်ကို့ခရီးစဉ်ကို တစ်ရက်ပဲ နောက်ကျခဲ့ ပါသွားသာသွားပါတော့၊

'....ကျန်တဲ့အစိတ်အပိုင်း ကျွန်မအကုန်တာဝန်ယူ ထားလိုက် ပါ့မယ်၊

'....ဆရာကြီး ဟိုကျောက်ကျီက မကျေနပ်လို့ အပြစ်ဆိုခဲ့ မယ်ဆိုရင်လဲ ကျွန်မပဲ ခါးစည်းခံလိုက်ပါတော့မယ်'

ဟု ပြောလေသည်။

ပန်းကမ်ပိုးကို ဝမ်လင်းရိကျေးဇူးတင်၍ မဆုံးခဲ့ပါတော့ ပေ။

သူမသာ တာဝန်မယူခဲ့ဟုဆိုလျှင် ဝမ်လင်းရိသည် ဘာပဲ ပြောပြော ဆရာကြီးဟိုကျောက်ကျီ ပြန်လည် ရောက်သည် အထိ စောင့်ရတော့မည် မဟုတ်လား။

ရက်သတ္တတစ်ပတ်လောက်တော့ ကောင်းကောင်းကြာ သွားနိုင်သည်။

မြစ်ဆိပ်သို့ရောက်သောအခါ သည်မှာဘက်ကမ်းကို အသင့် လာကြိုနေသော ဦးလေးကျန်ဖောင်ကိုတွေ့တွေ့ချင်း ဝမ်းသာ အားရနှင့်....

'ဦးလေးကျန်ဖောင်ပါလား၊ နေ့တိုင်းများ လာကြိုနေ သလား မသိဘူး၊

'....ကျုပ်မှာလဲ မမျှော်လင့်တဲ့အကြောင်းကိစ္စ ရှတ်တရက် ပေါ်လာလို့ ကျုပ်ချိန်းလိုက်တဲ့ရက်ထက် တစ်ရက်နောက်ကျ သွားတယ်ဗျာ'

'....ဒီအတွက် ကျုပ် ဦးလေးကျန်ဖောင်တို့ကို တောင်းပန် ပါတယ်'

ဟု ပြောသော်လည်း ဦးလေးကျန်ဖောင်က မိမိစကားကို ပြန်လည်ပြောဆို ဆွေးနွေးခြင်းမပြုတဲ့ ငြိမ်နေသည်။

'အေး အေး'

'ဟုတ်တာပေါ့'

ဟူသော စကားလောက်သာ မိမိပြောသည့်စကားကို အသိအမှတ် ပြုလေသည်။

သို့နှင့်....

တစ်ဖက်ကမ်းသို့ ဖြတ်ကျော်သည်။

သည်တစ်ခါတော့ မြင်းညိုကြီးကို မြစ်ကိုကူးခိုင်းစရာမလို၊ ကူးတို့လှေကြီးတစ်စင်း ကူးတို့ကူးပေးနေသည့်အခိုက် ကြုံနေသည်။

တစ်ဖက်ကမ်းသို့ ရောက်သောအခါ ကွာစန်းဆိုသော သိုင်းသမားလူရွယ်ကလေးက မြင်းတွေနှင့် အသင့်ကြိုစောင့်နေသည်။

သူတို့နှစ်ယောက် အတူလာခဲ့ကြဟန်တူသည်။

ကွာစန်းမျက်နှာကို တွေ့ရပြန်တော့လည်း ဝမ်လင်းရိမှာ စိတ်ခက်တက်ကြွစရာ ဘာတစ်ခုမျှ မမြင်ပေ။

သည်အခြေတွင်မူ....

ဝမ်လင်းရိက မသိကျိုးကျွံ ဖြူနေလိုက်သည်။

ဘာပဲပြောပြော သူကြွယ်ကြီး ဝေအောလျန်နှင့်တွေ့လျှင် အကြောင်းစုံကို ဝမ်လင်းရိသိရှိရမည်။

ဝေဝေရန်နှင့်တွေ့ရမှာမူ ပိုပြီး ပြည့်ပြည့်စုံစုံ သိရလိမ့်မည်ဟု တွေးထားရာမှတစ်ဖန်....

'ဝေဝေရန် တစ်ခုခုဖြစ်နေပြီနဲ့တူတယ်'

'....ခေးနန်းရှင်ကလူတွေနဲ့တိုက်ခိုက်ရင်း ဒဏ်ရာအနာတရ ရခဲ့ပြီလား'

'....ဒါမှမဟုတ် ဝေဝေရန် ရန်သူ့လက်ချက်နှင့် သေသွားပြီလား၊

'....ရန်သူခေးနန်းရှင်ကလူတွေ ဝေဝေရန်ကို အရှင်ဖမ်းယူခေါ်ဆောင်ရန် ကြိုးစားနေသည့်အကြောင်းကိုလည်း ဝမ်လင်းရိ သိရှိထား၏။

'ဟုတ်ပြီ ဟုတ်ပြီ၊ ဝေဝေရန်မရှိတော့ဘူးထင်တယ်'

ဟု တွေးလိုက်မိသောအခါ ဝမ်လင်းရိရင်ထဲ ဗလောင်ဆူပွက်လာလေ၏။

သူကြွယ်ကြီး ဝေအောလျန်ကို ဝမ်လင်းရိတွေ့လာရသော နေရာမှာ စံအိမ်ခန်းဆောင်ထဲတွင်မဟုတ်။

ဥယျာဉ်ခြံထဲက ခုံတန်းလျားများ၌ပင် ဖြစ်သည်။

သူ့ကိုသာတွေ့သည်။

ဝေဝေရန်ကို အရိပ်အယောင်သော်မျှ မတွေ့။

ဝမ်လင်းရိရင်ထဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

မျက်လုံးအစုံက ဝေဝေရန်ကို တွေ့လိုတွေ့ငြား အိမ်ဘက်သို့ လှမ်းမျှော်ရှုကြည့်မိသေးသည်။

သူကြွယ်ကြီး ဝေအောလျန်က ဝမ်လင်းရိ မရောက်မီ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ဝမ်လင်းရိကိုတွေ့လိုက်သည်ပင် သူသည် တက်တက်ကြွကြွ မရှိပေ။

'ဩော်.... ဝမ်လင်းရိတောင် ရောက်လာမှကိုး'

ဟူသော စကားကိုပြောကာ ခုံတန်းလျားပြင် လက်ညှိုးညွှန်ပြလျက်....

'ထိုင် ဝမ်လင်းရိထိုင်'

ဟု ပြောလေ၏။

သည်လိုဆိုပြန်တော့လည်း ဝမ်လင်းရိရင်ထဲ ဝေဝေရွှန် အတွက် စိုးရိမ်ထိတ်လန့် နေခြင်းများ လျော့ပါးသွား သည်။

အလွန် ဆိုးဆိုးရွားရွား အခြေအနေမျိုး မဟုတ်တန်ရာဟု ဝမ်လင်းရိကဖြေသိမ့်ရင်း တွေးနေမိသည်။

'ဒါထက် ကျုံကင်းရောက်သွားတော့ ဘယ်မှာ သွား တည်း ခိုသလဲ၊ ကွမ်အယ်ဖန် ဟုတ်စ၊ အဲဒီ ပုဂ္ဂိုလ်ကိုရောတွေ့ခဲ့ လား'

ဟု သူကြွယ်ကြီးဝေအောလျှန်က မေးနေပြန်ရာ ဝမ်လင်းရိ မှာ စိတ်ကူးအတွေးကတစ်မျိုး၊ ပြောရဆိုရမည့်အကြောင်းက တစ်ဖုံ ဖြစ်နေသည်။

သို့သော်လည်း....

သူကြွယ်ကြီး သည်အကြောင်းတွေကို အကြောင်းမဲ့ မေးနေသည်တော့ ဟုတ်မည်မထင်။

မေးသင့်မေးထိုက်၍သာ မေးနေခြင်းဖြစ်မည်ဟု ဝမ်လင်းရိ အတွေးရောက်လိုက်မိလေသည်။

'ဟုတ်ကဲ့ ဟိုရောက်သွားစမှာတော့ ဘယ်သွားလို့ဘာသာ ရမှန်း မသိသေးဘူးပေါ့ ခင်ဗျာ၊

'....ဒါနဲ့ စနည်းနာတဲ့သဘောနဲ့ စားသောက်ဆိုင်တစ်ဆိုင် မှာ မနက်စာဝင်စားကြပါသေးတယ်'

ဟု ပြောဘောအခါ သူကြွယ်ကြီး ဝေအောလျှန်က....

'ဩော် ဩော် ဝမ်လင်းရိက ကျုံကင်းကို အရင်က မရောက်ဖူးဘူးထင်တယ်၊

'....ဒါပေမယ့် ရန်ဝေကတော့ ရောက်ဖူးမှာပါ'

ဟု စကားထောက်သည်။

သည်မှာ....

ဝမ်လင်းရိက....

'ကျုပ်က ဆရာကြီးနဂါးငွေ့ခံ၊ ချင်းဟုန်ဆီမှာ ကြီးပြင်း ရတာဆိုတော့ အရောက်အပေါက် မရှိသလောက်ပါပဲ၊

'....ဦးလေးရန်ဝေကတော့ ဦးကြီးထင်သလိုပဲ ရောက်ဖူး ပါတယ်၊

'....ဒါပေမယ့် သူ့မိတ်ဆွေဟောင်းတွေဆီကိုလဲ သူက သွားချင်ဟန် မတူဘူးလေ'

ဟု ပြော၏။

'ခုလိုအချိန်မျိုးမှာ မိတ်ဆွေဟောင်းတွေကို ရှောင်တာ မမှားပါဘူး၊ လူတွေဆိုတာက အမျိုးမျိုးဗလ၊ ဒါထက် အဲဒီစားသောက်ဆိုင်မှာ တုချင်းလူတွေနဲ့ တွေ့ခဲ့သေးတယ် မဟုတ်လား'

ဦးကြီး အဲဒီအကြောင်း ကြားသိထားပြီကိုး....

'အင်း.... ကျန်ဖောင် ပြန်ပြောလို့ သိခဲ့ရတာပါ'

'ကျုပ်သူတို့ကို လွန်လွန်ကျဲကျဲ မလုပ် လိုက်ပါ ဘူး၊ ကျုပ်တို့က ညည့်သည် သူတို့ကအိမ်ရှင် အနေအထားမှာ ရှိနေခဲ့တာမို့ပါ။ မကောင်းတဲ့ဘက်မှာ အကျင့်ပါနေတဲ့ လူတွေပဲပေါ့ ဦးကြီးရယ်၊ ကျုပ်မှာဖြင့် တော်တော်ဇလေးကို သည်းခံလိုက်ရတယ်'

'သည်းခံတာ ကောင်းပါတယ်ကွယ်၊ အတိုင်းအတာ တစ်ခုက ကျော်လာတော့လဲ တစ်မျိုးပေါ့'

ထို့သို့ ပြောပြီး သူကြွယ်ကြီး ဝေအောလျှန်က ဦးလေး ဖောင်ကို လှမ်းခေါ်ပြီး ဝမ်လင်းရိ ရောက်ရှိလာသည့် အတွက် နေရန်အခန်း၊ စားသောက်ရန် အစားအစာ စသည့် အစီအမံတို့ကို ညွှန်ကြားနေလေတည်။

ဦးလေးကျန်ဖောင်၊ ဟုတ်ကဲ့ပေါင်းများစွာ ရှိနေသည့် အခိုက် ဝမ်လင်းရိက ဝေဝေရန်ကိုပဲ လိုက်ရှာကြည့်နေသည်။

နောက်ဘက် သိုင်းလေ့ကျင့်ကွင်း ရောက်နေသည်ပဲလား စံအိမ်ကြီးပေါ်တွင် မိမိရောက်လာသည့်သတင်း ကြားသိသည့်

နှင့် အလှအပတွေ ခြယ်သနေသည်ပဲလား၊ အတွေး မျိုးကို ဝမ်လင်းရိ တွေးနေမိပြန်၏။

ထိုစဉ်....သူကြွယ်ကြီး ဝေအောလျှန်က ဝမ်လင်းရိဘက် ပြန်လှည့်ကာ....

'အင်း.... ဆက်စမ်းပါဦး၊ ဒါနဲ့ပဲ ကွမ်အဲဖန် ဆီကို ရောက်ကြရောလား'

ဟု မေးလိုက်လေရာ ဝမ်လင်းရိသည်ပင် ရုတ်တရက် ဘာ ပြန်ပြောရမည်မသိ ဖြစ်သွားရပါသေး၏။

အတွေးကို ပြန်လည် ဆက်စပ်တွေးတောမှ အဖြစ်အပျက် ဟောင်းပုံရိပ်များကို ပြန်လည်မြင်ယောင်လာသည်။

ဝမ်လင်းရိက....

'ဦးကြီးကျမ်းအဲနန်ဆီကို ရောက်တော့ရောက်ပါတယ်၊ ဒါ ပေမယ့် ဖြစ်ပုံက ဒီလိုပါ၊ စားသောက်ဆိုင်ကအထွက် ကျဲ ကင်းမြို့ အရှေ့တံခါးအနီးမှာ ရှိတယ်ဆိုတဲ့ ပန်းပဲဆရာကြီး ဆီကိုအသွား ဦးကြီး ကျမ်းအဲနန်းနဲ့ လမ်းမှာ တွေ့တာနဲ့ အတော်ဖြစ်သွားတာပေါ့'

ဟု ပြောလိုက်ရလေ၏။

သည်အချိန်ကျမှ သူကြွယ်ကြီးဝေအောလျှန်က ဝေဝေရန် အကြောင်းကို စတင်ပြောလာပါတော့၏။

ဝေဝေရန်၏အကြောင်းကို ကြားရပြန်တော့လည်း တွေးထင်ထားသည့် အတိုင်းပင် အခြေအနေတွေ အားလုံး စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည်။

ဝေဝေရေန် အကြောင်းကို သူကြွယ်ကြီး ဝေအောလျှန် ရှုတ်တရက်မပြောဘဲ ဝမ်းလင်းရိုကိုကာ ဖိမေးနေသည်မှာ အံမှန်တော့ သမီးအတွက် ပူဆွေးသောက ရောက်နေသော စိတ်ကို ငြိမ်အေးစေလို၍ မဟုတ်ပါလော။

အခုတော့....

ဖခင်ကြီးဝေအောလျှန်သည် သမီးဝေဝေရန် အကြောင်းကို အောက်ပါအတိုင်း ပြောပြပါ့လတော့၏။ ။

(ပဒုမ္မိုးပ ပြီ)

မောင်နှင်းဆွေ